Sabbath School Lesson

**မြန်မာလူကြီးတန်း**

**၁ ကောရိန္သုဩဝါဒစာ နှင့် ၂ ကောရိန္သုဩဝါဒစာ**

ကို

အဒီနစ်လ်တန် တီ. ဒီ အဂွားယား

မှ ရေးသားသည်

**ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ**
**၂၀၂၆ ခုနှစ်**

(ပထမအကြိမ်)

Sabbath School Lesson

**မြန်မာလူကြီးတန်း**

ထုတ်ဝေသူ
ဦးဖိုးဖိုးလှ (၀၀၅၉၅)
ဥက္ကဋ္ဌ

ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းတော်
၆၈၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးမောရစ်ချစ် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အုပ်ရေ - ၅၀၀၀

ဓမ္မဒါန
(ပထမအကြိမ်)

၁။ ကောရိန်သု၌ပေါလု၏အမှုတော် . . . . . . . . . . . . . . . . . ၈
၂။ ကပ်တိုင်တော်၏သတင်းစကား . . . . . . . . . . . . . . . . . . ၂၀
၃။ ခရစ်တော်၌စည်းလုံးခြင်း . . . . . . . . . . . . . . . . . . . . ၃၃
၄။ အသင်းတော်ထဲ၌အပြစ် . . . . . . . . . . . . . . . . . . . . . ၄၅
၅။ အရာခပ်သိမ်းဘုရားဘုန်းတော်အတွက်သာ . . . . . . . . . . ၅၈
၆။ ဝိညာဉ်ရေးရာဆုကျေးဇူးများ . . . . . . . . . . . . . . . . . . ၇၁
၇။ မေတ္တာကိုဖော်ပြသောပုံရိပ် . . . . . . . . . . . . . . . . . . . ၈၄
၈။ ခရစ်တော်ထမြောက်ခြင်း၏တန်ခိုးတော် . . . . . . . . . . . . ၉၇
၉။ မေတ္တာဖြင့်ဆောင်ရသောအမှုတော် . . . . . . . . . . . . . . . ၁၁၀
၁၀။ စစ်မှန်သောခရစ်ယာန်အမှုတော် . . . . . . . . . . . . . . . . ၁၂၃
၁၁။ ဘဏ္ဍာစိုးအရာနှင့်သာသနာတော် . . . . . . . . . . . . . . . ၁၃၆
၁၂။ မိစ္ဆာပုရောဖက်များနှင့်ဆက်ဆံရာတွင် . . . . . . . . . . . . . ၁၅၀
၁၃။ ကျေးဇူးတော်၊ မေတ္တာနှင့် မိတ်သဟာယ . . . . . . . . . . . . ၁၆၃



**ခရစ်ယာန်ဘဝနှင့် သက်သေခံခြင်း၏အနှစ်သာရ**

စာရေးခြင်းသည် ရှေးအစဉ်အလာကတည်းကစ ရှိခဲ့သောအလေ့အထဖြစ်ပြီး ယနေ့ထိတိုင်အောင် မပျောက်ကွယ်သေးပါ။ စာရေးသည့်နည်းလမ်းကိုသာ ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ဟုတ်ပါသည်။ လူမှုမီဒီယာများသည် စက္ကူစာများကို အစားထိုးလာခဲ့ကြသည်။ သို့သော် ၎င်းတို့၏အနှစ်သာရတွင် အီးမေးလ်နှင့် အခြားအီလက်ထရွန်နစ်စာများသည်လည်း အချက်အလက်၊ ခံစားချက်များနှင့် အတွေးအခေါ်များကို ဖလှယ်ခြင်းဖြင့် ဆက်သွယ်မေးမြန်းနိုင်စွမ်းအတူတူပင် ရှိ၏။

လူတို့သည် အဘယ်ကြောင့် စာရေးကြသနည်း။ တစ်ခုသောအဖြေသည် ၎င်းတို့သည်ပြောစရာစကားရှိသောကြောင့်ဖြစ်သည်။ တမန်တော်ပေါလုသည်လည်း ထိုနည်းတူပင်ဖြစ်သည်။ သူသည် ပြောရမည့်စကားများစွာရှိသော်လည်း သူပြောပြလိုသူတို့နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံခွင့်မရှိခဲ့ပါ။ ထို့ကြောင့် သူသည် ကောရိန်သုမြို့သို့ ရေးသားပေးပို့သောစာများကဲ့သို့သောစာများကို ရေးသားပေးပို့ခဲ့သည်။ ထိုစာများတွင် ကျမ်းစာ၏အနက်ရှိုင်းဆုံးသမ္မာတရားများပါဝင်သည်။ ၎င်းတို့အထဲမှ မှတ်သားလောက်သောအရာများမှာ -

"ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာအသေခံတော်မူသောသခင်မှတစ်ပါး အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏" (၁ ကော၊ ၂း၂)။ "ငါတို့သခင်ယေရှုသည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏" (၂ ကော၊ ၈း၉)။ ထို့အပြင် ၁ ကော၊ ၁၃ တွင် ချစ်ခြင်းမေတ္တာအပေါ် ရေးသားထားသည့် အံ့ဖွယ်ကဗျာဆန်သောကျမ်းပိုဒ်ကိုလည်း ဖော်ပြထားသည်။

သို့သော် ကောရိန်သုသို့ ပေါလုရေးသားပေးပို့သောစာများကို ဖတ်ရှုသူတိုင်းသည် ရှုပ်ထွေးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထိုသို့ဖြစ်ရသည်

မှာလိင်ကိစ္စပျက်ပြားခြင်းသို့သော ယုံကြည်သူအသင်းတော်အတွင်း ပြဿနာများကြောင့်သာမက အသင်းသားများအတွင်း အုပ်စုကွဲပြားမှုများမှ ပေါ်ပေါက်လာသောအသေးအဖွဲငြင်းခုံမှုများကြောင့်လည်း ဖြစ်သည်။ သင့် အသင်းတော်တွင် ပြဿနာများရှိသည်ဟုထင်နေပါက ပေါလုအား ကောရိန်သုမြို့၌ ရင်ဆိုင်စေခဲ့သောအငြင်းအခုံများ ရှိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားပါ။

သို့မဟုတ်ပါက သင့်အသင်းတော်၏ ပြဿနာများသည် သင် ထင်မြင်ယူဆထားသည်ထက် သိသိသာသာသေးငယ်နေသည်ကို တွေ့ရမည်ဖြစ်ပြီး ကောရိန်သုမြို့ရှိ အခြေအနေများသည် ပိုဆိုးရွားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ကောရိန်သုမြို့ရှိပြဿနာများသည် စိတ်ရှုပ်ထွေးစေလှသော်လည်း ပေါလု၏စာတို့သည် ထိုပြဿနာများကြောင့် ကျွန်ုပ်တို့၏ အာရုံစိုက်မှုကို ဆွဲဆောင်နေခြင်းမဟုတ်ပါ။ ဆွဲဆောင်နေသည်မှာ ပေါလု၏ဖြေရှင်းနည်းသာလျှင် ဖြစ်သည်။ ယေရှုခရစ်၏ ဧဝံဂေလိတရားအလင်းအောက်တွင် အသင်းသားများအား ၎င်းတို့ကိုယ်တိုင် ၎င်းတို့အပြုအမူနှင့် ပတ်ဝန်းကျင်ယဉ်ကျေးမှုတို့ကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းနိုးဆော်ခြင်းဖြင့် သူသည် ကပ်တိုင်တော်၏ သတင်းကောင်းကို ချီးမြှောက်ထားသည်။ ပေါလုကိုယ်တိုင် အခြားနေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဧဝံဂေလိတရားအောက်တွင် နိမ့်ကျသောစံနှုန်းများကို "ကျိန်ခြင်းခံရသောအရာ" (ဂလာတိ၊ ၁း၈-၉) အဖြစ်မှတ်ယူရမည်ဆိုသည်။

ပေါလုခေတ်၏ ကောရိန်သုမြို့သည် ချမ်းသာကြွယ်ဝခြင်းနှင့် ကုန်သွယ်ရေးတိုးတက်မှုတို့ဖြင့် ထင်ရှားခဲ့ပြီး ပင်လယ်ဆိပ်ကမ်း၊ ဗိသုကာလက်ရာ၊ သင်္ဘောတည်ဆောက်ခြင်းနှင့် အိုးထိန်းလုပ်ငန်းများကြောင့်ဖြစ်သည်။ ထိုမြို့သည်အရေးပါသော ငွေကြေးစီးပွားရေး အချက်အခြာဖြစ်ခဲ့သည်။ သို့သော် လိင်ကိစ္စပျက်ပြားမှု၊ ဘာသာရေးရောထွေးမှုများနှင့် နတ်ဘုရားပေါင်းစုံအား ရည်စူးသော ဝတ်ပြုကျောင်းများအားဖြင့်လည်း ကျော်ကြားခဲ့သည်။ ဧကန်ပင်



ကောရိန်သုမြို့၏နေ့စဉ်ဘဝသည် ရုပ်တုကိုးကွယ်ခြင်းဖြင့် ထင်ရှားသည်။ ဤသမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ နောက်ခံအချက်အလက်များသည် ထိုမြို့ရှိ ခရစ်ယာန်များအပေါ် ပေါလု၏ အဓိကစိုးရိမ်မှုများနှင့် ၎င်းတို့အား သူပေးထားသောတိုက်တွန်းနိုးဆော်ချက်များကိုနားလည်ရန် ကူညီပေးသည်။

ယခုသုံးလပတ်အတွင်းတွင် ကျွန်ုပ်တို့သည် ကောရိန်သုထံသို့ ပေါလုရေးသားထားသော စာများကို လေ့လာသွားကြပါမည်။ ဓမ္မသစ်ကျမ်းပါ ထူးခြားသောထိုစာအုပ်နှစ်အုပ်တွင် တမန်တော်သည် ခရစ်ယာန်ဘဝနှင့် သက်သေခံခြင်း၏အနှစ်သာရအဖြစ် ဧဝံဂေလိတရားကို မိတ်ဆက်ပေးထားသည်။

၎င်းသည် အရာရာတိုင်းကိုဆုံးဖြတ်ရန် မှန်ဘီလူးသဖွယ်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သို့ ခရီးနှင်ရာတွင် မိမိတို့တစ်ဦးချင်းစီ သို့မဟုတ် အသင်းတော်တစ်ခုလုံးမှရင်ဆိုင်ရသော စိန်ခေါ်မှုများ မည်မျှပင်ရှိပါစေ၊ ခရစ်တော်အတွက် ကျွန်ုပ်၏လုပ်ဆောင်ချက်တွင် အခက်ခဲဆုံးသောပြဿနာအတွက်အဖြေသည် ကောရိန်သုလူတို့အတွက် အဖြေနှင့် ထပ်တူထပ်မျှပင်ဖြစ်သည်။ "ကပ်တိုင်တင်ခြင်း ခံတော်မူသော ယေရှုခရစ်" ပင် ဖြစ်သည် (၁ ကော၊ ၂း၂)။

ယေရှုသည် မကြာမီကြွလာတော့မည်။ ယခုအချိန်သည် ခရစ်တော်၌ပိုမိုစည်းလုံးရန်၊ ယခင်က မကြုံဖူးသော သန့်ရှင်းသောဝိညာဉ်တော်အား ပွင့်လင်းစွာလက်ခံရန်၊ ဝိညာဉ်ဆုကျေးဇူးများကို ကြိုးစားအားထုတ်အသုံးပြုရန်၊ ထမြောက်တော်မူသော မိမိတို့သခင်နှင့် ပိုမိုနက်ရှိုင်းသော ဆက်ဆံခြင်းရရှိရမည့်အချိန်ဖြစ်သည်။

ထို့အပြင် စစ်မှန်သောခရစ်ယာန်ဝန်ဆောင်မှုပြုရန်၊ ဘဏ္ဍာစိုးအရာနှင့် သာသနာပြုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ရန်၊ မိစ္ဆာဒိဋ္ဌိများအား ဝိညာဉ်ရေးတိုက်ပွဲဆင်နွှဲရန်၊ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် ညီညွတ်ခြင်းတို့တွင် ကြီးထွားရန်အချိန်လည်း ဖြစ်သည်။ ကပ်တိုင်သတင်းကောင်းကို ခိုင်မြဲစွာကိုင်စွဲကာ သစ္စာရှိရန်အချိန်တန်လာလေသည်။ ကောရိန်သုလူတို့အား ပေါလု

ပေးပို့သောစာများသည် ကျွန်ုပ်တို့အားလည်း ထိုသို့ပြုတတ်စေရန် သွန်သင်ထားပါသည်။

Adenilton T. de Aguiar PhD သည် ဘရာဇီးနိုင်ငံ Bahia ပြည်နယ်၊ Cachoeira မြို့၊ North East Adventist College တွင် -မွသစ်ကျမ်းအနက်ဖော်ဆိုခြင်း ပါမောက္ခအဖြစ် ၂၀၁၀ မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိသည်။



**သင်ခန်းစာ (၁)**

## ကောရိန်သုဌ်ပေါလု၏အမှုတော်

ဇွန်လ ၂၇ – ဇူလိုင်လ ၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇွန်လ ၂၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၁း၁။ ဂလာတိ၊ ၁း၁။ တမန်၊ ၁၇း၁၆-၃၄။ ၁ ကော၊ ၅း၉-၁၁။ တမန်၊ ၁၈း၄-၁၀။ ၂ ကော၊ ၂း၄။

**အလွတ်ကျမ်းချက်**

**"ညဥ့်အခါ သခင်ဘုရားသည် ပေါလုအား ဗျာဒိတ်ရူပါရုံကိုပြ၍ သင်သည် မကြောက်နှင့်။ တိတ်ဆိတ်စွာ မနေနှင့်။ ဟောပြောလော့။ ငါသည် သင်နှင့်အတူရှိ၏။ သင့်ကို ညှင်းဆဲခြင်းငှာ အဘယ်သူမျှ အနိုင်အထက် မပြုရ။ ဤမြို့၌ ငါ၏လူအများရှိကြသည်ဟု မိန့်တော်မူ၏" (တမန်၊ ၁၈း၉၊၁၀)။**

အင်္ဂလိပ်သာသနာပြုဆရာကြီး William Carey သည် လူနေစရိတ်အတွက် ဖိနပ်ချုပ်စားရာ သူ၏လုပ်ငန်းအမှန်အကန်သည် ဝိညာဉ်အောင်နိုင်ရေးပင်ဖြစ်သည် ဆို၏။

ထိုနည်းတူစွာ ပေါလုသည်လည်း အသက်မွေးဝမ်းကြောင်းအတွက် တဲချုပ်လုပ်ငန်းလုပ်ဆောင်၍ (တမန်၊ ၁၈း၁-၃) သူ၏ အမှန်အကန်လုပ်ငန်းသည် ခရစ်တော်အတွက် ဝိညာဉ်အောင်နိုင်ခြင်းပင်ဖြစ်သည်။ ယခုတစ်ပတ်တွင် ကောရိန်သုမြို့၏အသင်းဝင်များထံ သာသနာပြုလုပ်ငန်းကို တစေ့တစောင်းပင်ကြည့်ရပါမည်။ အလားတူစွာ အသင်းတော်သည် ပြဿနာပေါင်းသောင်းခြောက်ထောင်ပင်ရှိရာ နှစ်ပေါင်းနှစ်ထောင်ကျော်လွန်သော ယခုအသင်းတော်

၏ပြဿနာတွေနှင့် မတူညီတတ်ကြပါ။ ခရစ်ယာန်ဘာသာတွင် အတော်အတန်နေခဲ့ပြီးသောသူ၊ အသင်းတော်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူသည် ပြဿနာမကြုံရသော ခရစ်ယာန်ဂိုဏ်းတစ်ခုခုရှိပါ့မလားဟူ၏။ အဖြေကတော့ အထင်အရှား အသိသာကြီးပါ။

ပေါလုသည် ကောရိန်သုမြို့၌ စိန်ခေါ်မှုတွေကြုံခဲ့ရရာ အထူးသဖြင့် ကပ်တိုင်သတင်းကြောင့်ပင်ဖြစ်သည် (၁ ကော၊ ၂း၂)။ ဤသတင်းစကား၌ သစ္စာတည်ခြင်းသည် ယနေ့ခံစားရမည့် စိန်ခေါ်မှုအား ရင်ဆိုင်ရန်ပင်ဖြစ်လိမ့်မည်။ ယခုတစ်ပတ်မက ယခု သုံးလပတ်လုံးတွင် ၁ ကော နှင့် ၂ ကော တို့ကို မိမိတို့အသက်တာတွင် အသုံးပြုရန်ပင်ဖြစ်သည်။

**တနင်္ဂနွေနေ့** **ဇွန်လ ၂၈ ရက်**

**ပေါလု၊ ဘုရားရွေးကောက်သောယေရှု၏တမန်တော်**

ပေါလုသည် ကောရိန်သုလူတို့အား စာရေးသားပေးပို့ရာတွင် မိမိကိုယ်ကိုယ် "ဘုရားသခင်၏ အလိုတော်နှင့်အညီ" ယေရှု၏ တမန်တော်ဟု ကင်ပွန်းတပ်ဖော်ထုတ်၏ (၁ ကော၊ ၁း၁။ ၂ ကော၊ ၁း၁)။ သူ၏ ကိုယ်ရေးစာများကို ဖွင့်လှစ်ရာတွင် အနည်းငယ်သောခြွင်းချက်များမှလွဲ၍ အားလုံးနီးပါးကိုယေရှုနှင့်ဆိုင်သော အထောက်အထားအပေါ် သူ့ယုံကြည်ခြင်းသည် ခိုင်မာလှသဖြင့် ဤနည်းအတိုင်း စတင်လေ့ရှိ၏။

၁ ကော၊ ၁း၁ နှင့် ရောမ၊ ၁း၁ ကိုဖတ်ပါ။ မည်သည့်အခရာကျသော အချက်နှစ်ခုအား ပေါလု၏ သာသနာတွင် အလေးပေးထားသနည်း (ဂလာတိ၊ ၁း၁)

---

ပေါလုသည် သူ့အား တမန်တော်ဘဝသို့ခေါ်တော်မူခြင်းသည် ဘုရားအလိုတော်ပြည့်စုံခြင်းဟု ဆို၏။ ထိုခေါ်တော်မူခြင်းသည် လူအားဖြင့်မဟုတ်၊ ဘုရားထံတော်မှ ဖြစ်သည်ဆို၏ (ဂလာတိ၊ ၁း၁)။ ယေရမိနှင့် အလားတူ ပေါလုသည်လည်း အမိဝမ်းထဲမှ (ယေရမိ၊ ၁း၅) ဘုရားခေါ်တော်မူရာ ဘုရား၏ကျေးဇူးတော်သက်သက် (ဂလာတိ၊ ၁း၁၅) ဖြစ်၍ သူသည် သာသနာပလူတို့၌ ခရစ်တော်၏ဧဝံဂေလိတရားတော်ကို ကြွေးကြော်နိုင်ရန် ဖြစ်သည်ဆို၏။



ယေရှုသည် ထမြောက်၍ လူတို့ထံ မိမိကိုယ်ကိုယ်ဖော်ပြရာတွင်လည်း ပေါလုသည် မိမိကိုယ်တိုင်ပါဝင်ခဲ့သည်ကို ၁ ကော၊ ၁၅း၈ တွင်ဖော်ပြထားသည် (၁ ကော၊ ၁၅း၅-၇)။ နှစ်အတော်ကြာသောအခါ သူ၏ခေါ်တော်မူခြင်းသည် ယေရှုနှင့် ပက်ပင်းရင်ဆိုင်ရခြင်း၏ ရလ္လဒ်ဖြစ်သည်ဟုဆိုသည် (၁ ကော၊ ၁၅း၉-၁၁။ "ယေရှု၏တမန်တော်" ဟူသော ဘွဲ့နာမသည် သဘောတရားများစွာကို လွှမ်းခြုံထားသည်။ အဓိကအားဖြင့် ယေရှုမှစေလွှတ်သောသူဖြစ်ကြောင်း သိရှိစေသည်။ သို့ပါလျက် ပေါလုသည် ဤစကားစုကို မိမိသည် ခရစ်တော်၏ကျွန်ဖြစ်ကြောင်း ဖော်ညွှန်းရန်ပင်အသုံးပြုသည် (ရော၊ ၁း၁။ တိတု၊ ၁း၁။ ဂလာတိ၊ ၁း၁၀)။ ထို့ပြင် တရားဟောဆရာတစ်ဦးနှင့် ကျောင်းဆရာတစ်ဦးအဖြစ်ပင် (၁ တိ၊ ၂း၇။ ၂ တိ၊ ၁း၁၁) ဆိုသေး၏။ သူဟောပြောသည်ဖြစ်စေ၊ သွန်သင်သည်ဖြစ်စေ ယေရှုသာ အမြဲအဓိကဖြစ်သည်။ အတိုချုံးရသော်ပေါလုသည် ယေရှု၏တမန်တော်တစ်ပါးဖြစ်သည်။

ယေရှုသည် ပေါလုတမန်တော်ဘဝ၏ ဗဟိုဆုံချက်တင်မက၊ သူ့အသက်တာ၏ ဆုံချက်ပင်ဖြစ်၏။ ပေါလု၏ အတွေးနှင့် ခံစားချက်တို့တွင် ယေရှု၏ ကိန်းတော်မူခြင်းဖြင့် ပြည့်လျက်ရှိ၏။ ထိုသို့ ယေရှုဖြစ်သည်ကို ၁ ကော အဖွင့်နှင့် ကျေးဇူးတော်ချီးမွမ်းရာတွင် ကိုးပွိုင့်တွင် ကိုးကြိမ်ပင်ဆိုခဲ့သည်။ ပေါလုသည် ယေရှုကိုချစ်အားကြီးလွန်း၍ သူ့အကြောင်းတွေးတောပြောဆိုခြင်းတွင် မရပ်မနားနိုင်ပါ။ သူဂရုပြုသောသူတို့အား ယေရှုအကြောင်းမျှဝေ၍ ၎င်းတို့ဘဝ၏ ဆုံချက်လည်း ဖြစ်စေလိုသည်။ သူသည် တမန်တော်တစ်ဦးဖြစ်နေရာတွင် ၎င်းတို့သည်လည်း မိမိတို့၏ပမာဏအရ ယေရှုခေါ်တော်မူရာတွင် သစ္စာတည်သောနောက်လိုက်ဖြစ်စေလိုသည်။

ပေါလုအား တမန်တော်အဖြစ် ခေါ်တော်မူသည်။ သင့်အား မည်သို့ခေါ်တော်မူ၍ သင်မည်သို့သိရသနည်း။ သင့်အားခေါ်တော်မူသည်ဟု မယူဆခဲ့သော် ဘုရားနှင့်အတူ လျှောက်လှမ်းခြင်းတွင် မည်သည်က မှားနေသနည်း။

**တနင်္လာနေ့** **ဒွန်လ ၂၉ ရက်**

**အေသင်မှကောရိန်သုသို့**

တမန်၊ ၁၇း၁၆-၃၄ ကိုဖတ်ပါ။ ကောရိန်သုသို့မသွားမီ ပေါလုအဘယ်၌ရှိ၍ မည်သည်ကို လုပ်ကိုင်သနည်း။

---

တမန်၊ ၁၇း၁၆-၃၄ သည် ကောရိန်သုမသွားမီ ပေါလုသည် အေသင်လူတို့အား တရားဟောသည်ဆို၏။ ထိုစဉ်ခါတွင် အေသင်သို့လည်ပတ်ရန် အစီအစဉ်မဆွဲထားသော်လည်း ဗေရိလူတို့၏ ဆန့်ကျင်ခြင်းကို ရင်ဆိုင်လိုက်ရသဖြင့် မိတ်ဆွေအချို့တို့၏ အကူအညီဖြင့်ရောက်သွားခဲ့သည် (တမန်၊ ၁၇း၁၃-၁၅)။

တိမောသေနှင့် သိလတို့သည် ပေါလုနှင့်အတူ အမြန်ဆုံးသွားရတော့မည်ဖြစ်သဖြင့် အေသင်သို့ ပေါလုနှင့်အတူသွားသောသူတို့သည် ဗေရိသို့ပြန်လာကြ၏ (တမန်၊ ၁၇း၁၅)။ တမန်၊ ၁၇း၁၆-၃၄ သည် ၎င်းတို့အား ငံ့လင့်နေရင်း ပေါလုပြုသောအရာများအကြောင်းဖြစ်သည်။ တရားဇရပ်၊ လူစုဝေးရာဈေးနှင့် အာရီယိုပါးဂတ်စ်၌လည်းကောင်း ယေရှုအကြောင်း ဟောပြောလေ၏။ ယေရှုအကြောင်း ဟောပြောခြင်းကို မရပ်တန့်နိုင်သဖြင့် အခွင့်အရေးရသ၍ ဟောကြားလေတော့၏။

တမန်၊ ၁၈း၁-၁၁ ကိုဖတ်ပါ။ ကောရိန်သုသို့ရောက်သည်နှင့် ထိုမြို့တွင်နေနေသ၍ မည်သည့်အမှုကို ပြုသနည်း။

---

ပေါလုသည် ဒုတိယသာသနာခရီးစဉ်ကျမှ ကောရိန်သုသို့သွားလေ



သည်။ ပေါလုသည် တစ်နှစ်ခွဲတည်းခိုနေခဲ့ကြောင်း လုကာ ဆိုသည်။ ခါတိုင်းကဲ့သို့ ပေါလုသည် မိမိ၏သာသနာလှုပ်ရှားခြင်းကို တရားဇရပ်မှစတင်လေ၏ (တမန်၊ ၁၈း၄-၆)။ တမန်၊ ၁၇း၁-၂ တွင်လည်း မိမိထုံးစံရှိသည်အတိုင်းဟု ဆိုသည်။ ယေရှုသည် တပည့်တော်တို့အား မိန့်မှာထားသည်အတိုင်း (တမန်၊ ၁း၈)၊ ဂျူးလူများကို ဦးထိပ်တင်ခြင်းဗျူဟာကို သူလိုက်လျှောက်သည် (ရောမ၊ ၁း၁၆။ တမန်၊ ၁၃း၄၅)။

နောက်ဆုံးတွင် ကောရိန်သုမှ သိလနှင့် တိမောသေတို့သည် သူနှင့်ပေါင်းပါလာရာ “တရားဟောခြင်းအမှုကို ဆောင်ရွက်၍ ခရစ်တော်သည် ယေရှုဖြစ်ကြောင်း ဂျူးလူတို့ထံ သက်သေခံဟောပြောလေ၏” (တမန်၊ ၁၈း၅)။ ကောရိန်သု၌တည်းခိုနေစဉ်တွင် “ဘုရားသခင်၏နှုတ်ကပတ်တရားတော်” (တမန်၊ ၁၈း၁၁) ကိုဟောပြောခြင်းဖြင့် အလုပ်များနေလေသည်။ ဤအချက်နှင့်ပတ်သက်၍ ပေါလု၏ထင်ရှားသော မိန့်ခွန်းတစ်ခုသည် “လက်ဝါးကပ်တိုင်မှာအသေခံတော်မူသော ယေရှုခရစ်တော်မှတစ်ပါး” ထိုကောရိန်သုလူများ၌ “အဘယ်အရာကိုမျှ ငါမသိ” (၁ ကော၊ ၂း၂) ဟူ၏။

အေသင်နှင့် ကောရိန်သုတို့တွင် သာသနာခရီးစဉ်အတွင်း ပေါလု၏လှုပ်ရှားမှုများတွင် ဧဝံဂေလိတရားဟောပြောရန် အခွင့်အရေးရှိသမျှကို အသုံးပြုသည်ကိုမည်သို့တွေ့ရသနည်း။ သင်သည်လည်း ယေရှုကို သူတစ်ပါးတို့အားမျှဝေပေးနိုင်မည့် အခွင့်အလမ်းများကို ဆင်ခြင်ကြည့်ပါ။

**အင်္ဂါနေ့** **ဒွန်လ ၃၀ ရက်**

**ကောရိန်သုမြို့တော်**

တမန်၊ ၁၈း၁-၃။ ၁ ကော၊ ၅း၉-၁၁။ ၈း၄ ကိုဖတ်ပါ။ ကောရိန်သုမြို့၏ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးအကြောင်းကို မည်သို့ ကောက်ချက်ချနိုင်မည်နည်း။

---

ကောရိန်သုမြို့သည် ထိုခေတ်၏အရေးပါဗဟိုကျ၍ ကူးသန်းရောင်းဝယ်ရေးတွင် ဂုဏ်သတင်းကြီးမားသည်။ ဘီစီ ၁၄၆ ပြည့်နှစ်တွင် ရောမတို့၏ဖျက်ဆီးခြင်းခံရ၍ ဘီစီ ၄၄ ပြည့်နှစ်တွင် ရောမလက်အောက်ခံ ကိုလိုနီနိုင်ငံအဖြစ် Julius Caesar မှ ပြန်လည်တည်ဆောက်ခဲ့၏။ ဤသို့ဖြင့် -မွသစ်ကျမ်းတွင်ရောမ၏ ကောရိန်သုပေါ်လာရခြင်းဖြစ်၏။ ပေါလုခေတ်ခါတွင် ကောရိန်သုသည် အေသင်၏ပြိုင်ဘက်ကြီးဖြစ်ရာ ကဏ္ဍအသီးသီးတွင်ပင် သာလွန်နေပေသည်။ ကောရိန်သုသည် ကုန်စည်ကူးသန်းရာတွင် လွယ်ကူချောမွေ့စေသော အရေးပါသောဆိပ်ကမ်းနှစ်ခုပင် ပိုင်ဆိုင်ထားလေသည်။

ပထဝီမြေအနေအထား၏ အရေးပါအားသာခြင်းကြောင့် ကောရိန်သုမြို့ကိုမှ ပေါလုကရွေးချယ်ရခြင်းဖြစ်တန်ရာသည်။ "ထိုသို့ပင် ဧဝံဂေလိတရားပြန့်ပွားစေရန် အခွင့်ကောင်းတစ်ခုကို ဖြစ်ပေါ်လာသည်။ ကောရိန်သု၌ တည်ထောင်လိုက်သည်နှင့် ကမ္ဘာတစ်ဝှမ်းလုံးသို့ အလွယ်တကူဆက်သွယ်နိုင်တော့မည်ဖြစ်သည်" - Ellen G. White, Sketches From The Life of Paul, p. 99.

၎င်းမြို့တွင် ကူးသန်းရောင်းဝယ်ရေးရှင်သန်ခြင်းသည် ဧဝံဂေလိတရားကြွေးကြော်ရာ၌ ပေါလုသည်တဲရှင်ချုပ်လုပ်ရောင်းချခြင်းဖြင့် မိမိဘဝရပ်တည်နိုင်ခဲ့သည် (တမန်၊ ၁၈း၂-၃)။ ကြွယ်ဝသောမြို့ကြီးတွင် သာသနာပြုရသည်မှာလည်း စိန်ခေါ်မှုများနှင့် မကင်းလွတ်ကြောင်းရှင်းနေပါသည်။ ကောရိန်သုမြို့သည် များစွာသောကိုးကွယ်မှုဘာသာများဖြင့် ဝရုန်းသုန်းကားဖြစ်ခြင်းဖြင့် နာမည်တွင် (၁ ကော၊ ၈း၅) သည်မှာ နတ်ဘုရားများ အာပိုလို၊ အေသင်နာနှင့် ဧပဖြော့တိတ် တို့အပြင် အီဂျစ်လူတို့၏ဘုရားများ စာရာပစ်နှင့် အိုင်စစ်တို့အား ရည်ညွှန်းထားသော စေတီပုထိုးများကို တည်ထားကိုးကွယ်ကြသည်။

ဤဘာသာရေးအရှုပ်အထွေးကြားတွင်ပင် ကောရိန်သုမြို့သည် လိင်ပိုင်းဆိုင်ရာလော်လည်မှုဖြင့်ပင် အသိများနေသေးသည်။ စထာရာဘို (Strabo) အမည်ရှိ ဂရိပထဝီနှင့် သမိုင်းပညာရှင်သည် ကောရိန်သုမြို့၊ ဧပဖြော့တိတ်ဗိမာန်တွင် -မွပြည့်တန်ဆာပေါင်း ၁၀၀၀ ခန့်ရှိသည်ဆို၏။ ပညာရှင်များစွာတို့သည် ဤအချက်ကို သံသယဖြင့်မကြာခဏသုံးသပ်လေ့ရှိ၍ ကောရိန်သုမြို့အား အေသင်မြို့သားများ၏ ဝွါဖြန့်ချိမှုနှင့် ဆက်စပ်သည်ဖြစ်သော်လည်း ရှေးခေတ်ကမ္ဘာတွင် -မွပြည့်တန်ဆာလုပ်ငန်း (Ritual Prostitution) သည် သာမန်အဖြစ်အပျက်တစ်ခုဖြစ်ခဲ့သည်။ လိင်ကိစ္စယိုယွင်းခြင်းသည် ကောရိန်သု၌ပြဿနာတစ်ခုပင်ဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းနှင့် စာရိတ္တပျက်ပြားခြင်းသည် ၎င်းတို့၏ နေ့စဉ်အသက်တာ အစိတ်အပိုင်းသာဖြစ်၍ ၁ ကော နှင့် ၂ ကော တို့တွင် ထိုအဖြစ်အပျက်တို့ကို ရှင်းလင်းတင်ပြထားသည်။



ကောရိန်သု၌ သာသနာလုပ်ရှားမှုပြုရာတွင် ပေါလုသည် ရုပ်တုဆိုင်ရာနှင့် လူမှုလွတ်မြောက်ခြင်းတို့ဖြင့် စိန်ခေါ်မှုတွေ့ရင်ဆိုင်ရသည်။ ယနေ့ မည်သည့်ရိုးရာသည် ဧဝံဂေလိတရားဟောပြောရန် ခက်ခဲစေသနည်း။ ၎င်းတို့အား မည်သို့ကျော်လွှားရမည်နည်း။ ကောရိန်သုမြို့နှင့် ယနေ့မိမိတို့မြို့တို့သည် မည်သို့ခြားနားမှုရှိသနည်း။

**ဗုဒ္ဓဟူးနေ့** **ဇူလိုင်လ ၁ ရက်**

**"ဤမြို့၌အများရှိကြ၏"**

တမန်၊ ၁၈း၄-၈ ကိုဖတ်ပါ။ ပေါလုတရားဟောခြင်း၏ရလဒ် မည်သို့ရှိသနည်း။

---

ကောရိန်သုရှိ ဂျူးလူတို့ထဲတွင် ပေါလု၏လုပ်ဆောင်ခြင်းသည် ထင်သလောက်မအောင်မြင်ခဲ့ပါ။ ရန်လိုမှုနှင့် မုန်းတီးမှုတို့ကို သူရင်ဆိုင်ရသည်။ ကျမ်းစာတွင် "ယုဒလူတို့သည် ငြင်းခုံဆဲရေးကိုပြုကြသည်" (တမန်၊ ၁၈း၆) ဆို၏။ ဂရိဘာသာ (Blasphēmeō) ဆဲရေးပြုခြင်းသည် လူသားကိုသာ ရည်ရွယ်ထား၍ "အပြစ်ရှာကာ သွားပုပ်လေလွင့်" ပြောဆိုခြင်းဖြစ်သည်။ တစ်မျိုးအားဖြင့် သူတို့သည် ပေါလု၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်းဖြင့် သာသနာ့လုပ်ငန်းအောင်မြင်ခြင်းကို ဟန့်တားလိုကြသည်။

ကံကောင်းထောက်မစွာ ကောရိန်သုတရားဇရပ်၌ ပေါလု၏လုပ်ငန်းသည် အလဟဿမဖြစ်ခဲ့ပါ။ အဆုံးမှာတော့ ဘုရားသခင်သည် သာသနာတော်ကိုတာဝန်ခံ၏။ "ငါ၏နှုတ်ကပတ်စကားတို့သည် အကျိုးမရှိဘဲ ငါ့ထံသို့မပြန်ရ" (ဟေရှာယ၊ ၅၅း၁၁)။ ဂျူးလူတချို့တို့သည် ကရိပ္ပုအမည်ရှိသော တရားဇရပ်မှူးပြောင်းလဲလိမ့်မည်ဟု မမျှော်လင့်ကြပါ (တမန်၊ ၁၈း၈)။ ၎င်းတို့တင်မကဘဲ "ကောရိန်သု ပြည်သားအများတို့သည်လည်း ယုံကြည်၍ ဗတ္တိဇံကိုခံ" (တမန်၊ ၁၈း၈) ကြရာ ကရိပ္ပု၏သြဇာပင် ပါရှိတန်ရာသည်။

တမန်၊ ၁၈း၉-၁၀ ကိုဖတ်ပါ။ ကောရိန်သု၌ရင်ဆိုင်ရသော စိန်ခေါ်မှုများမှ ခံစားချက်တို့ကို မည်သို့ကောက်ချက်ချနိုင်မည်နည်း။ ဘုရားသခင်သည် သူ၏ကျွန်အား မည်သို့ခွန်အားပေးသနည်း။

-----------------------------------------------------------------

တရားဇရပ်မှ ပေါလုထွက်သွားသည်နှင့်အမျှ အားပေးထောက်မသော အတွေ့အကြုံတစ်ခုရရှိခဲ့၏။ ခရစ်တော်ကိုယ်တော်တိုင်သည် ညဥ့်အချိန်တွင် ရူပါရုံ၌ ဟေရှာယ၊ ၄၁း၁၀ ရှိ "မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏"ဟု ဆိုသည်။ ပေါလုသည် ကောရိန်သုတွင် "အားနည်းခြင်း၊ အလွန်တုန်လှုပ်ခြင်းနှင့်တကွ ငါရှိနေ၏" (၁ ကော၊ ၂း၃) ဟုဆို၏။ တင်းမာသောအတိုက်အခံကြောင့် ဗေရိမှအေသင်သို့ ထွက်ခွာခဲ့သည်။ ထိုအတိုက်အခံကြောင့်ပင် ကောရိန်သုမှ ထွက်ခွာခဲ့ပြီးခြင်း ဖြစ်တန်ရာသည်။ သို့သော် ယခုတစ်ကြိမ်တွင် ထိုသို့မဖြစ်ခဲ့ပါ။ ယေရှုသည်လည်း "ဤမြို့၌ ငါ၏လူအများရှိကြ၏" (တမန်၊ ၁၈း၁၀) ဟုမိန့်တော်မူ၏။ ပေါလုသည် ၎င်းတို့ထံသို့ ကယ်တင်ခြင်းသတင်းစကားကို ယူဆောင်သောကိရိယာပင်ဖြစ်ခဲ့သည်။

ဟေရှာယ၊ ၄၁း၁၀ ကိုဖတ်ပါ။ ဤစာပိုဒ်တွင် မည်သည့်အံ့ဖွယ်ကတိများပေးထားသနည်း။ သင့်နေ့စဉ်အသက်တာကို မည်သို့အကျိုးသက်ရောက်မှုရှိစေသနည်း။



**ကြာသပတေးနေ့** **ဇူလိုင်လ ၂ ရက်**

**ကောရိန်သုလူတို့အားပေါလုပေးစာများ**

၁ ကော၊ ၁း၁၁-၁၃။ ၄း၁၄။ ၅း၁၁။ ၇း၁။ ၁၄း၃၇၊၄၀။ ၂ ကော၊ ၁း၁၂။ ၂း၉။ ၁၁း၃။ ၁၃း၁၀ တို့ကိုဖတ်ပါ။ ဤကျမ်းချက်တို့အားဖြင့် ကောရိန်သုလူတို့ထံသို့ ပေါလုသည် စာရေးပေးပို့ရခြင်းအကြောင်းကို မည်သို့ဖော်ပြသနည်း။

-----------------------------------------------------------------

ပေါလုသည် ဧဖက်မြို့တွင်ရှိစဉ်ပင် ၁ ကော ကိုရေးသားပေးပို့သည် (၁ ကော၊ ၁၆း၅-၉)။ ကောရိန်သုတွင် အရာခပ်သိမ်းအခြေအနေမကောင်းကြောင်းကို ခလောဧ၏မိသားစုများလာရောက်၍ အကြောင်းကြားသွားသည် (၁ ကော၊ ၁း၁၁)။ ၁ ကော၊ ၁ မှ ၆ တွင် ပေါလုသည် ခလောဧမှ သယ်ဆောင်လာခဲ့သောပြဿနာများကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ထိုပြဿနာတို့တွင် ဂိုဏ်းကွဲခြင်း၊ လိင်မှုကျင့်ဝတ်ပျက်ပြားခြင်း၊ အမှုအခင်းဖြစ်ခြင်းနှင့် ပြည့်တန်ဆာပြုမှုတွေပါဝင်သည်။

ပေါလုသည် တိကျသောမေးခွန်းတစ်ခုကို စာဖြင့်လက်ခံရရှိခဲ့သည် (၁ ကော၊ ၇း၁)။ ပေါလု၏ တုန့်ပြန်ခြင်းသည် အခန်းကြီး ၇ မှစ၍ တောက်လျှောက်ပင်ဖြစ်သည်။ ထိုမေးခွန်းများမှာ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ ဗြဟ္မစာရိယကျင့်ခြင်း၊ ရုပ်တုများအား ဆက်ကပ်ထားသောအစာရေစာများ၊ ဝတ်ပြုခြင်းကျင့်စဉ်၊ ဝိညာဉ်ဆုများအသုံးချခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို နားလည်လွဲမှားခြင်း စသည်များ ဖြစ်ကြသည်။ ကောရိန်သုရှိ အသင်းတော်သည် ပြဿနာထူပြော၍ ရင့်ကျက်ခြင်းမရှိပါ။ သင့်ဌာနေအသင်းတော်သည်လည်း ပြဿနာများစွာပင်ရှိပေလိမ့်မည်။ သို့သော် ကောရိန်သုအသင်းတော်သည် လွန်စွာဆိုးရွားပေသည်။

ကောရိန်သုသို့ ပေါလု၏ပေးစာသည် ယခု မိမိတို့ခေတ်နှင့် ဆီလျော်လှ၏။ ယခု မိမိတို့အသင်းတော်များစွာတို့တွင် ထိုပြဿနာများကို အတိုင်း

အတာတစ်ခုဖြင့် ရင်ဆိုင်နေရသည် မဟုတ်လော။ ဤစာသည် မိမိတို့အတွက် ပြောစရာများစွာရှိသည်မဟုတ်လော။ ဤစာသည် "ပေါလုပေးစာများအားလုံးတို့မှ အကြွယ်ဝဆုံး၊ မှတ်သားစရာအကောင်းဆုံးနှင့် တန်ခိုးအပါဆုံး" စာပင်ဖြစ်သည် - Ellen G. White, The Acts of The Apostles, p. 301.

ပေါလုသည် ကောရိန်သုသို့ပေးစာ သုံးလေးခုပင်ရေးပေးပို့တန်ရာ၏ (၂ ကော၊ ၁၀း၉)။ ၁ ကော စာမပေးပို့မီ လက်ဦးစာတစ်စောင်ပေးပို့ခဲ့ရာ (၁ ကော၊ ၅း၉) ပျောက်သွားသည်ဆို၏။ ၂ ကော မတိုင်မီတွင်လည်း စာတစ်စောင်ပင် ရေးခဲ့သေးရာ "ပြင်းထန်သောစာ" (၂ ကော၊ ၂း၃၊၄၊၉။ ၂ ကော၊ ၇း၈) ဟုပညာရှင်များက ဆိုထားရာ ပျောက်သွားပြန်သည်ဆို၏။ တစ်ချို့သူတို့သည် ၁ ကော အားညွှန်းထားခြင်းဖြစ်နိုင်သည် သို့မဟုတ် ဤစာ၏ တစ်ပိုင်းတစ်စတို့သည် ၂ ကော တွင်ပါရှိသည်ဟု ဆိုကြသည်။

ကောရိန်သုလူတို့သည် ပတ်ဝန်းကျင်ရိုးရာများမှ ဩဇာလွှမ်းမိုးထားကြောင်း ၂ ကော ပေးစာတွင်သိရသည်။ ၎င်းတို့သည် တန်ခိုးအာဏာ၊ ကြွယ်ဝချမ်းသာခြင်းနှင့် ယနေ့မိမိတို့အသင်းတော်အား စိန်ခေါ်နေသောအရာများကို မြတ်နိုးတန်ဖိုးထားကြသည်။ အပြန်အလှန်အားဖြင့် ပေါလုသည် ခရစ်-ဗဟိုပြုယဉ်ကျေးမှုတစ်ခု၊ လောကကို ဧဝံဂေလိမှန်ဘီလူးကြီးဖြင့် ကြည့်တတ်ခြင်းကိုဖန်တီးရန် လမ်းစပြုသည်။ ယနေ့ မိမိတို့၏ကမ္ဘာကိုပင် ထိုဧဝံဂေလိမှန်ဘီလူးကြီးဖြင့် ကြည့်တတ်ခြင်းမည်မျှ အရေးပါမည်နည်း။

၂ ကော၊ ၂း၄ ကိုပြန်ဖတ်ပါ။ ပေါလုသည် ထိုလူတို့အား မည်မျှဂရုစိုက်သည်ဆိုသနည်း။ ယှဉ်ကြည့်ရာတွင် မိမိတို့နှလုံးသည် သူတစ်ပါးအား မည်မျှအေးမြစေနိုင်မည်နည်း။

**သောကြာနေ့** **ဇူလိုင်လ ၃ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, "Corinth", pp. 243-254, in The Acts of The Apostles.



"ကောရိန်သု၌ ဧဝံဂေလိတရားဟောပြောရာတွင် အေသင်၌ သူလိုက်လျှောက်ခဲ့သောလမ်းစဉ်နှင့် ခြားနားသောအခြားလမ်းစဉ်တစ်ခုကို လိုက်လျှောက်ခဲ့၏။ အသေးစိတ်ငြင်းခုံဆွေးနွေးခြင်းမျိုးကို ရှောင်ကြဉ်ရန်" လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ယေရှုခရစ်တော်မှတစ်ပါး" ထိုကောရိန်သုလူများ၌ "အဘယ်အရာကိုမျှမသိ" (၁ ကော၊ ၂း၂) ရန် စိတ်ပိုင်းဖြတ်ထားသည်။ - Ellen G. White, The Acts of The Apostles, p. 244.

ပေါလုသည် အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့သော်လည်း ထိုနေရာတွင် သူတွေ့ရှိရသောအရာများကို အခြေခံ၍ အသင်းတော်တည်ထောင်ရန်မှာ ပညာရှိရာကျမည်လောဟု သံသယပင်ဝင်လေသည်။ ကောရိန်သုမြို့သည် မေးခွန်းထုတ်စရာဖြစ်သောလုပ်ငန်းကွက်ဖြစ်သည်ဟု တွက်ဆကာ စွန့်ခွာရန်ပင်စိတ်ဆုံးဖြတ်ခဲ့၏။

ထိုမြို့အားစွန့်ခွာ၍ အလားအလာသာလွန်သော နယ်ပယ်သစ်တစ်ခုအား ချင့်ချိန်စဉ်းစားနေချိန်တွင် ညဉ့်အခါ ရူပါရုံတွင် ဘုရားသခင်သည် ပေါ်လာ၍ "မစိုးရိမ်နှင့်၊ ဟောပြောလော့။ ဤမြို့၌ ငါ၏လူအများရှိကြ၏" (တမန်၊ ၁၈း၁၀) ဟု မိန့်တော်မူ၏။ ဤသည်မှာ ကောရိန်သုတွင် ဆက်လက်ကျန်နေရန်အမိန့်တော်နှင့် ကြဲခဲ့သောမျိုးစေ့များတိုးပွားရန် ဘုရားကပင် တာဝန်ခံကြောင်း ပေါလုသဘောပေါက်သည်။ ယေရှုခရစ်တော်၏ အလံတော်အောက်တွင် ကြီးမားသောအသင်းတော်တစ်ခု၏ အမည်နာမသည် ထီးထီးမားမားရပ်တည်ခဲ့ရလေတော့သည်။ - Ellen G. White, Sketches from The Life of Paul, pp. 106, 107.

"ကောရိန်သုတွင် ပေါလုသည် တစ်နှစ်နှင့်ခြောက်လတိုင်တိုင် လုပ်ဆောင်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ ထိုမြို့ကြီးတွင် ပေါလု၏အားထုတ်မှုများသည် အတားအဆီးမဲ့စွာဖြင့် ကောရိန်သုမြို့ကိုပင် ဌာနချုပ်ပြုခဲ့လေသည်။ အသင်းတော်အချို့ကိုပင် ထပ်မံပျိုးထောင်ခဲ့သည်။ ပေါလုမရှိခြင်းကြောင့် သူစောင့်ရှောက်ခဲ့သော ယုံကြည်သူအသင်းတော်များတွင် ဖြစ်ပေါ်လာသည့်

လစ်လပ်မှုကို သူ၏ လေးနက်ထိရောက်သော ဩဝါဒစာများက တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးခဲ့သည်။ ထိုစာများကို ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ်လက်ခံကြပြီး ထိုဩဝါဒစာများကို အသင်းတော်များတွင် ဖတ်ကြားရသည်။" - Ellen G. White, Sketches from The Life of Paul, p. 109.

## ဆွေးနွေးရန်မေးခွန်းများ

**၁။ ပေါလုသည် ယေရှု၏တမန်တော်ဖြစ်သည်ဟု လက်ခံထားကြရာ ဘုရားသခင်၏ခေါ်တော်မူခြင်းဖြစ်သည်။ မိမိကိုယ်ကိုယ် မည်သူနှင့် မည်သည့်ခေါ်တော်မူခြင်းဖြစ်ကြောင်း သိရှိခြင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။**

**၂။ ပေါလုသည် ကောရိန်သုတွင် အမှုတော်ဆောင်ရခြင်းကို အရှုံးပေး၍ စွန့်ခွာရန် ခဏမျှလောက်ပင်ချင့်ချိန်ခဲ့ပြီးဖြစ်သည်။ မည်သည်က သူ့စိတ်ရင်းကိုပြောင်းလဲစေသနည်း။ မိမိတို့၏သာသနာလုပ်ငန်းတွင် အရှုံးပေးရန် ခံစားရချိန်တွင် ဤသည်မှ မည်သို့ကူညီသနည်း။ မိမိတို့သည် ထိုသို့ပြုရသော အချိန်ရှိနိုင်မည်နည်း။**

-၀-



**သင်ခန်းစာ (၂)**

# ကပ်တိုင်တော်၏သတင်းစကား

ဇူလိုင်လ ၄ – ဇူလိုင်လ ၁၀

## ဥပုသ်နေ့မွန်းလွဲပိုင်း — ဇူလိုင်လ ၄ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၁း၁၇-၃၁။ ကောလောသဲ၊ ၁း၂၀။ ၁ ပေ၊ ၂း၂၄။ တမန်၊ ၁၃း၁၆-၄၇။ ၁ ကော၊ ၂း၁-၅။

## အလွတ်ကျမ်းချက်

**"ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏" (၁ ကော၊ ၁း၁၈)။**

ဆီဆီရို (Cicero) အမည်ရှိ ရောမဘာသာမဲ့စာဆိုနှင့် ဟောပြောသူတစ်ဦးသည် ကပ်တိုင်တော်ကို ပြစ်ဒဏ်တစ်ခုအနေဖြင့် အသုံးပြုခြင်းအကြောင်း စိတ်ကူးဖြင့်ပင် မယူကြရန်သတိပေးခဲ့ဖူးသည်။ ဆီဆီရိုသည် ခရစ်မပေါ်မီ ရာစုနှစ်ဝက်ခန့်က ကွယ်လွန်ခဲ့ပြီးဖြစ်သော်လည်း သူ၏ထုတ်ဖော်ပြောကြားချက်ကြောင့်ပင် ရောမလူတို့သည် လက်ဝါးကပ်တိုင်ကို မည်မျှရွံမုန်းထားကြကြောင်းထင်ဟပ်နေသည်။ ထိုလက်ဝါးကပ်တိုင်ကို စဉ်းစားတွေးတောရန်ပင် မသင့်လျော်သည့်အထိ ဆိုးလွန်းလှခြင်းဖြစ်သည်။

တန်ပြန်၍ ပေါလုသည် "ကပ်တိုင်တော်တရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်" (၁ ကော၊ ၁း၁၈) ဆို၏။ ပေါလုအတွက် ကပ်တိုင်သည် ဘုရားသခင်နှင့်လူစပ်ကြား သင့်မြတ်စေခြင်း (ဧဖက်၊ ၂း၁၆။ ကောလောသဲ၊ ၁း၂၀)၊ ယေရှု၏အမွန်မြတ်ဆုံးသော နှိမ့်ချခြင်းလက္ခဏာ (ဖိလိပ္ပိ၊ ၂း၈)

နှင့် မိမိတို့၏ ရောမအကြွေးကို ဆပ်ပေးသောနေရာ (ကောလော၊ ၂း၁၄) ဖြစ်သည်။

လက်ဝါးကပ်တိုင်သည် ကောရိန်သု၏ပြဿနာများအပေါ် ပေါလု၏ အဖြေပင်ဖြစ်သည်။ ဝေးလံစွာသွားစရာမလိုဘဲ ၁ ကော တွင်ပင် ပေါလုမှ အလွန်ပူပန်စိုးရိမ်ခဲ့ရသောအဓိကပြဿနာတစ်ခုမှာ အသင်းတော်အတွင်း သင်းကွဲခြင်းဖြစ်သည်။

ပေါလုသည် အလွန်စိတ်ရှုပ်ထွေးခဲ့ရကြောင်း နှုတ်ဆက်စကားပြော အပြီး (၁ ကော၊ ၁း၁-၃) နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းကဏ္ဍအပြီး (၁ ကော၊ ၁း၄-၉) တွင် တစ်ပြိုင်နက် ဤကနဦး ခေါင်းစဉ်ဖြင့် စတင်လေတော့သည် (၁ ကော၊ ၁း၁၀-၁၇)။ ယခုတစ်ပတ်တွင် ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင် တရားတော်၏ တန်ခိုးကြီးမားခြင်းအား ကောရိန်သုလူတို့၏ ပြဿနာများတို့ ၏အဖြေဖြစ်ကြောင်းကို လေ့လာကြရပါမည်။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၅ ရက်**

**လက်ဝါးကပ်တိုင်၏ဧဝံဂေလိတရား**

လက်ဝါးကပ်တိုင်၏တရားတော်သည် မိမိတို့အပေါ် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည်ဟု ပေါလုဆိုသည်။ "ယေရှုခရစ်တည်းဟူသော လက်ဝါး ကပ်တိုင်မှာ အသေခံတော်မူသော" (၁ ကော၊ ၂း၂) သူသည် ပေါလုဟောပြော ခြင်း၏ ဗဟိုဆုံချက်ဖြစ်သည်မှာ အံ့အားသင့်စရာမဟုတ်ပါ။

၁ ကော၊ ၁း၁၇-၃၁ ကိုဖတ်ပါ။ မည်သည့်အရေးပါအရာကို ပေါလု ပြနေသနည်း။

---

၁ ကော၊ ၁း၁၈-၃၁ တွင် ပေါလုသည် လူသား၏မိုက်မဲခြင်းနှင့် ဘုရား သခင်၏ပညာကို နှိုင်းယှဉ်ပြထားသည်။ ကပ်တိုင်တော်သည် လူသား၏ အယုတ်ညံ့ဆုံးနှင့် ဘုရား၏အကောင်းမြတ်ဆုံးကိုပင် ယှဉ်နိုင်စွမ်းပကားရှိ၏။



၁ ကော တွင် ဤအပိုင်းကို ၁ ကော၊ ၁း၁၇ ၏အဆိုပြုချက်မှ မိတ်ဆက်ထား ပါသည်။ ခရစ်တော်၏ကပ်တိုင်တော်ကို အချည်းနှီးမဖြစ်စေခြင်းငှာ (၁ ကော၊ ၁း၁၇) ကပ်တိုင်၏တရားတော်အား ဟောပြောခြင်း၏ဗဟိုချက်မ ဖြစ်စေရ မည်ဆို၏ (၁ ကော၊ ၂း၂)။

ပေါလုသည် မိမိသည်ဗတ္တိဇံပေးရန် စေလွှတ်သည်မဟုတ်ဘဲ ကပ်တိုင် တရားတော်ဟောပြောရန်ဖြစ်သည် ဆို၏။ ဤအချက်သည် လေ့လာစူးစမ်း ခြင်းနှစ်ခုတောင်းဆိုသည်။ (၁) "စေလွှတ်သည်" ဟုအနက်ပြန်ထားသော ဂရိဝေါဟာရသည် Apostello ဖြစ်ရာ တမန်တော်အနက်ရှိသော Apostle ဖြစ် သည်။ သို့ဖြစ်၍ ပေါလု၏အခြေခံကျသော တမန်တော့်တာဝန်သည် ဧဝံဂေလိ တရားတော်ကြွေးကြော်ခြင်း ဖြစ်သည်။ (၂) ဗတ္တိဇံကိစ္စ ပေါလု၏မိန့်မှာချက် များသည် ဗတ္တိဇံအရေးမကြီးခြင်း (သို့) ဧဝံဂေလိတရားတော် ဟောကြား ခြင်းလောက် အရေးမကြီးဟု မဆိုလိုပါ။ ထို့အစား သူသည် ဗတ္တိဇံမင်္ဂလာ ခံယူသူတို့အား ဗတ္တိဇံပေးသူများသည် မည်သူဖြစ်သည်ကို အလွန်အရေးထား သူများအား ဆူပူပြောဆိုနေခြင်းသာဖြစ်သည်။ သူတို့ ဗတ္တိဇံခံယူထားကြသော တစ်ပါးတည်းသောယေရှုကို ဂရုမစိုက်ခြင်းဖြစ်သည်။

ပေါလုသည် "နှုတ်ပညာ" (၁ ကော၊ ၁း၁၇) ဟုဆိုရာတွင် အပြော ကောင်းခြင်း၌ အဆိုးတည်သည်ဟု မဆိုလိုပါ။ လူသားအတတ်ပညာသည် ကပ်တိုင်တရားတော်ကို မှေးမှိန်စေခြင်းမပြုရန်သာဆိုလိုသည်။ ဤဝါကျသည် ဂရိ-ရောမ ပေါင်းစပ်ခေတ်၏ စာပေအရေးအသားပညာကိုဆိုလိုသည်။ အေသင်တွင် ပေါလုသည် ဇာတ်လမ်း၊ သိပ္ပံပညာနှင့် ဒဿနိကဗေဒ တို့ကို အသုံးပြုခဲ့သော်လည်း အနည်းငယ်သာအောင်မြင်သည်။ ထို့ကြောင့် သူသည် သတိမမူမိ၊ အရေးမစိုက်သောသူများ၏ အာရုံကိုဖမ်းယူရန် အားထုတ်ရာတွင် ကောရိန်သုမြို့၌လုပ်ဆောင်ရာတွင် အခြားနည်းလမ်းတစ်ခု သုံးရန်ဆုံးဖြတ် ခဲ့သည်။ ရှုပ်ထွေးသော ချေပချက်နှင့် ဆွေးနွေးမှုများကို ရှောင်ရှားရန်နှင့် "လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ယေရှုခရစ်တော်မှ တစ်ပါး"

ထိုကောရိန်သုလူများ၌ "အဘယ်အရာကိုမျှ မသိ" (၁ ကော၊ ၂း၂) ဟုဆိုရန် စိတ်ပိုင်းဖြတ်ထားသည်။ - Ellen G. White, The Acts of The Apostles, p. 244.

ခက်ခဲနက်နဲလွန်းသော ဟောပြောချက်များသည် လက်ဝါးကပ်တိုင်တော်၏သတင်းစကားကို မည်သည့်နည်းလမ်းများဖြင့် မှေးမှိန်စေနိုင်သနည်း။ လက်ဝါးကပ်တိုင်တော်မှာ အသေခံသောယေရှုခရစ်တော်အား ကြွေးကြော်ခြင်းသည် အေသင်မှာ အသုံးပြုခဲ့သောအကျိုးအကြောင်းဆင်ခြင်မှု၊ သိပ္ပံပညာနှင့် ဒဿနိကဗ္ဗေဒပညာတို့ထက် အဘယ်ကြောင့်သာလွန်စွာ အသီး သီး သနည်း။ ဆင်ခြင်မှု၊ သိပ္ပံပညာ နှင့် ဒဿနိကဗ္ဗေဒပညာတို့သည် ဧဝံဂေလိတရားကြွေးကြော်ရာတွင် အောင်မြင်မှုပေးနိုင်မည့်အချိန်ရှိနိုင်မည်လော။

**တနင်္လာနေ့** **ဇူလိုင်လ ၆ ရက်**

**ဆုံးရှုံးခြင်းရောက်သူတို့၌မိုက်သောတရား**

လူသား၏မိုက်မဲခြင်းနှင့် ဘုရား၏ပညာကို နှိုင်းယှဉ်ရာတွင် ပေါလုသည် "ဆုံးရှုံးခြင်းသို့ရောက်သူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောအရာဖြစ်သည်" (၁ ကော၊ ၁း၁၈) ဟုဆို၏။ ဤသည်မှာ ၁ ကော၊ ၁း၁၈-၃၁ အတွင်း မိုက်မဲခြင်း/မိုက်သောအရာ ခြောက်ခုတို့တွင် ပထမမြောက်ဖြစ်သည်။

၁ ကော၊ ၁း၂၀၊၂၁၊၂၃၊၂၅၊၂၇ ကိုဖတ်ပါ။ ဆုံးရှုံးခြင်းသို့ရောက်သူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောအရာဖြစ်သည်ဟု ဆိုရာ၌ ပေါလု၏ဆိုလိုရင်းကို ဤအချက်သည် မည်သို့နားလည်စေသနည်း။

---------------------------------------------------------------

ဂရိဝေါဟာရတွင် မိုက်မဲခြင်းသည် (၁ ကော၊ ၁း၁၈) Mōria ဖြစ်သည်။ -မွသစ်ကျမ်းတွင် ဤဝေါဟာရသည် ၁ ကော၊ ၁း၁၈၊၂၁၊၂၃။ ၃း၁၉ တို့တွင် ငါးကြိမ်သာပါဝင်သည်။ ၎င်းနှင့် အခြားစုဖွဲ့တူသော ဝေါဟာရ တို့သည် -မွသစ်ကျမ်းတွင် မြောက်များစွာရှိပြီး ၎င်းတို့ထဲက တစ်ဝက်ခန့် တို့သည်



ပေါလု၏သြဝါဒစာများတွင် ပါရှိကြသည်။ -မွသစ်ကျမ်းတွင် စုဖွဲ့တူသော ဤဝေါဟာရမျိုးကို ၁ ကော ၌ အများအပြားတွေ့ရ၏။

၁ ကော၊ ၁း၁၈-၂၃ တွင် ပေါလုဆိုထားသော မိုက်မဲခြင်းသည် ဉာဏ်ရည်နိမ့်ကျခြင်းမက ကိုယ်ကျင့်တရားပျက်ပြားသော ပြုမူတွေးခေါ်ဝေဖန်ပိုင်းခြားသိမြင်နိုင်စွမ်း ကင်းမဲ့ခြင်းနှင့် ဘုရားသခင်ကို ပုန်ကန်ဖီဆန်ခြင်းတို့နှင့် သက်ဆိုင်သည်။ ထိုကြောင့်ပင် ဤအကြောင်းအရာကို ၁ ကော စာစောင်တစ်လျှောက်တွင် ဤမျှများပြားစွာရေးပေးပို့ရခြင်းဖြစ်သည်။

ဤမြို့တွင် ပေါလု၏အခြေအနေကို ကြည့်လိုက်ပါ။ အသိပညာနှင့်ယဉ်ကျေးမှုဆိုင်ရာ ဆန်းသစ်ခြင်းဖြင့် ကြွားဝါနေသောနေရာသို့ သူလာခဲ့ရပြီလေ။ ဤလိုနေရာမျိုးတွင် ဂါလိလဲလွှသေက ဂျူးတစ်ဦး၊ နာဇရက်မြို့သားယေရှု၊ ရောမလူတို့မှ ကပ်တိုင်တင်သတ်ရာ သေခြင်းမှရှင်ပြန်ထမြောက်သူ၊ ၎င်းတို့၏အပြစ်တင်မက တစ်လောကလုံး၏အပြစ်ကြွေးကို ဆပ်ပေးသူအကြောင်းကို ဟောပြောလေသည်။

ဒီကောင် အလေးအနက်ပြောတာလား။ သူဘယ်သူလဲ၊ နောက်ပြောင်နေတာလား။ ဤသည်မှာ နက်နဲသောအတွေးအခေါ် အယူအဆသစ်တစ်ခုတော့မဟုတ်တန်ဘူး။ ဒဿနိကဗ္ဗေကိရိယာများဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ စိတ်မနှံ့ဘဲ မဟုတ်တရုတ်တွေ လျှောက်ပြောနေတာ၊ ပညာတတ်ကောရိန်သုမြို့သားများမှ အလေးအနက်ထားနိုင်စရာမရှိပါဟု ဆိုကြသည်။ ပေါလု၏သတင်းစကားသည် နတ်ကိုးကွယ်သူများအတွက် မိုက်မဲသောအရာဖြစ်သည်နည်းတူ လက်ဝါးကပ်တိုင်သည် ဂျူးလူတို့အတွက် သာ၍ဆိုးလွန်း၏။ ရောမလူတို့မှ ကွပ်မျက်သည့်မေရှိယကို ဂျူးတို့မှ မျှော်လင့်နေရသလား။ ၎င်းမေရှိယသည် ရောမ၏ကပ်တိုင်တင်ခံရမည်မဟုတ်၊ ရောမကို ဖြုတ်ချရန်ပင်မျှော်လင့်ခဲ့ရသည် မဟုတ်လော။

ထိုသို့ပင် ပေါလုသည် ကောရိန်သု ရောက်စကပင် ဆန့်ကျင်ခြင်းကို ရင်ဆိုင်ခဲ့ရသည်။ သို့သော် ဂျူးနှင့် သာသနာပလူတို့အား ဧဝံဂေလိတရားတော်မှ အနိုင်ရခဲ့လေပြီ။

သတင်းကောင်းတစ်ခုတော့ ပါးလိုက်ပါမည်။ မည်သည့်ဆန့်ကျင်ခြင်း ကိုပင် ရင်ဆိုင်နေစေကာမူ ဘုရားသခင်၌ သမ္မာတရားကြားနာရန် ပွင့်လင်း သောလူအများရှိသည်ဟူ၏။ ၎င်းလူတို့သည် ကောရိန်သုကဲ့သို့ ဆိုးယုတ်သော မည်သည့်နေရာတွင်ပင်နေစေကာမူ ၎င်းတို့ထံလက်လှမ်းမီနိုင်ရန်၊ ဘုရားသခင် ၏အသုံးတော်ခံရန် ပြင်ဆင်ရမည်သာဖြစ်သည်။

**အင်္ဂါနေ့ ဇူလိုင်လ ၇ ရက်**

## ကယ်တင်ခြင်းသို့ရောက်သူတို့၌တန်ခိုးတော်

၁ ကော၊ ၁း၁၈ ၏သတင်းစကားသည် ရှင်းနေပါသည်။ ကပ်တိုင်၏ အနက်သည် ၎င်းအား ကြည့်ရှုနေသူ၏အမြင်အပေါ် မူတည်၏။ ဘုရားသခင် အား ပုန်ကန်နေသူတို့အား မိုက်မဲခြင်းနှင့် ကယ်တင်တော်မူခြင်းကို မျှော်နေ သူအား တန်ခိုးတော်ပင်ဖြစ်သည်။

ကောလောသဲ၊ ၁း၂၀ နှင့် ၁ ပေ၊ ၂း၂၄ ကိုဖတ်ပါ။ ယေရှုသည် ကျွန်ုပ်တို့အတွက် မည်သည်ကို ကပ်တိုင်ပေါ်တွင်ပြီးစီးခဲ့သနည်း။

---

မိမိတို့ မြင်တွေ့ခဲ့ပြီးသည်အတိုင်း ဧဝံဂေလိတရား ဟောပြောရာ၌ "ခရစ်တော်၏လက်ဝါးကပ်တိုင်ကို အချည်းနှီးမဖြစ်စေခြင်းငှာ နှုတ်ပညာကို" (၁ ကော၊ ၁း၁၇) ရှောင်ရှားရပါမည်။ ၁ ကော၊ ၁း၁၇ ၌ မိုက်မဲခြင်း၏ ဆန့်ကျင်ဘက်သည် ဘုရား၏တန်ခိုးတော်ဖြစ်၍ လူသား၏ပညာမဟုတ် (၁ ကော၊ ၁း၁၈) ကြောင်း နားလည်ရလွယ်ကူ၏။ ကပ်တိုင်သည် လူသား၏ ပညာနှင့် ဆန့်ကျင်နေသည်မှာ လူသား၏ပညာသည် အလွန်မိုက်မဲသည်ကို ဖော်ပြသည်။

၁ ကော၊ ၁း၁၈ တွင် ဂရိစာသားတို့သည် "ဆုံးရှုံးခြင်းသို့ရောက်သူ" တို့သည် မိမိတို့လုပ်ရပ်၏ ရလဒ်ကိုခံယူသည်ဆိုသည်။ ဂရိစာသားအရ "မိမိ ကိုယ်ကိုယ်ဖျက်ဆီးသောသူတို့အား လက်ဝါးကပ်တိုင်တရားသည် မိုက်မဲခြင်း



ဖြစ်သည်" ဟု ဆိုနိုင်သည်။ ဂရိကြိယာ Apollymi သည် "ပျက်စီးရန်၊ ဖျက်ဆီးရန်" (ယောဟန်၊ ၁၀း၁၀) ဟု အနက်ရှိ၏။ ၁ ကော၊ ၁း၁၉ တွင် Apollymi အား "ဖျက်ဆီးသည်" ဟု အနက်ပြန်ထားသည်။

ဤတွင် မည်သည်ဖြစ်ပျက်သနည်း။ အခန်းငယ် ၁၈ ရှိ ဤလူတို့၏ ပျက်စီးခြင်းအကြောင်းကို ပေါလုသည် ဟေရှာယ၊ ၂၉း၁၄ ကို ကိုးကား၍ ကျမ်းစာအထောက်အထားပေးခဲ့သည်။ အခန်းငယ် ၁၉ တွင် ပျက်စီးခြင်း၏ နောက်တွင်ရှိနေရာ ကနဦးဖော်ပြထားသော မိမိကိုယ်ကိုယ် ဖျက်ဆီးခြင်းမာန နှင့်ပင် ဆန့်ကျင်နေသယောင်ဖြစ်၏။ သို့သော် ဆန့်ကျင်နေခြင်း မရှိပါ။ ဆိုလိုရင်းမှာ မိမိကိုယ်ကိုယ် ဖျက်ဆီးနေသူတို့အား ထာဝရဘုရားသည် ဖျက်ဆီးလိမ့်မည်ဟူ၏။

ဖျက်ဆီးခံရသူတို့နှင့် ဆန့်ကျင်၍ "ကယ်တင်ခြင်းသို့ရောက်သော ငါတို့" (၁ ကော၊ ၁း၁၈) ဟူသော စကားစုသည် ကယ်တင်ခြင်းဟူသည် ဘုရားထံမှသာလာသည် ဟု ဖော်ပြသည်။ ပေါလုသည် "ကယ်တင်ခြင်းသို့ ရောက်သောငါတို့" ဟု ဆိုရာတွင် မိမိတို့ကိုယ်ကိုယ် ကယ်တင်သည်ဟု မဆိုပါ။ မိမိတို့ မတတ်နိုင်ပါ။ မိမိတို့၏ ကယ်တင်ခြင်းအရင်းအမြစ်သည် အပြင်၌ရှိသည်။ ပျက်စီးခြင်းသည် မိမိပြုသောအမှုပင်ဖြစ်ရာ ကယ်တင် ခြင်းသည် အပြစ်သားများအား ကျေးဇူးတော်ဖြင့်သာ ပေးသနားသော ဆုလာဘ်ဖြစ်သည်။ ယုံကြည်သူတို့ကို ဘုရားကယ်တော်မူသည်မှာ ၁ ကော၊ ၁း၂၁ တွင် ရှင်းလင်းပြတ်သားသည်။

ဤအခြေအနေတွင် မိုက်မဲခြင်းဟူသည် ခရစ်တော်၏ ကပ်တိုင်တော် အားဖြင့် ဘုရားသခင်မှပေးကမ်းတော်မူသောအရာကို ငြင်းပယ် (၁ ကော၊ ၁း၃၀)၍ မိမိကိုယ်ကိုယ် ဖျက်ဆီးသောသူဖြစ်သည်။

"အပြစ်တရား၏အခကား သေခြင်းဖြစ်၍ ဘုရားသခင်ပေးတော်မူ သော ဆုကျေးဇူးတော်သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက် ဖြစ်၏" (ရောမ၊ ၆း၂၃)။ ပေါလုသည် မိမိကပင် ၁ ကော၊ ၁း၁၈၊၁၉ တွင် အဆိုတင်ထားသည်ကို မည်ကဲ့သို့ပြန်အဆိုပြုသနည်း။

**ဗုဒ္ဓဟူးနေ့** **ဇူလိုင်လ ၈ ရက်**

## ကပ်တိုင်တင်ခံရသောမေရှိယ

"ယုဒလူတို့သည် နိမိတ်လက္ခဏာကိုတောင်း၍ ဟေလသလူတို့သည် ပညာကိုရှာတတ်၏" (၁ ကော၊ ၁း၂၂)။ ကပ်တိုင်တော်၊ ဘုရားသခင်၊ ကပ်တိုင်တင်ခံရသောမေရှိယသည် ဂျူးလူတို့၏မျှော်လင့်ရာ နိမိတ်လက္ခဏာမဟုတ်ပါ။ ဂရိလူတို့လိုချင်သော ပညာလည်းမဟုတ်ပါ။ လူအသီးသီးတို့၏ မျှော်မှန်းချက်နှင့် ဆန့်ကျင်နေလေ၏။

ကျွန်ုပ်တို့အားလုံးပြုရမည်မှာ ကပ်တိုင်တင်ခံရသောယေရှု ဟူသည့် အတွေးအခေါ်ကို တပည့်တော်တို့၏ တုန့်ပြန်သည့်နည်းကိုဖတ်ရှု၍ (မာကု၊ ၈း၃၁၊၃၂။ ၉း၃၀-၃၂။ ၁၀း၃၂-၃၄) ထိုအယူအဆအားလုံးတို့သည် အဘယ်မျှစိမ်းကား၍ အထူးသဖြင့် ဂျူးလူတို့အတွက် ရှုံ့ရှာဖွယ်ဖြစ်သည်ကို သိရှိရသည်။ ဆိုခဲ့ပြီးသည်အတိုင်း ဂျူးလူတို့သည် မေရှိယဟူသည် ရောမကိုအနိုင်ယူသိမ်းပိုက်ရန်ဖြစ်သော်လည်း ဖြစ်မလာဘဲ အနည်းဆုံး လောကစစ်တပ်၏ အောင်နိုင်ခြင်းကိုပင် ဖြစ်မလာပါ။

ရာစုနှစ်နှင့်ချီ၍ ကပ်တိုင်တော်သည် ခရစ်ယာန်အတွက်ယုံကြည်ခြင်း သင်္ကေတဖြစ်ခဲ့သည်။ ပထမရာစုလူတို့၏အသိစိတ်တွင် ကပ်တိုင်တင်သတ်ခြင်းခံရသော ဘုရားသခင်ဟူသည့် အယူအဆသည် မည်မျှယုံမှားဖွယ်ဖြစ်သည်ကို နှစ်ဆယ့်တစ်ရာစု စိတ်နေသဘောဖြင့် နားလည်ရန်ခက်ခဲသည်။ သို့သော် ဤသတင်းစကားသည် ထိတ်လန့်ဖွယ်ရာဖြစ်လွန်းသဖြင့် ၎င်းကိုမိမိတို့၏နက်ရှိုင်းသော အောက်မေ့ဆင်ခြင်စရာအဖြစ် မှတ်ယူသင့်သည်။

ကပ်တိုင်တင်ခံရသော မေရှိယအားဖြင့် ဘုရားသခင်သည် ကယ်တင်ခြင်းစီမံကိန်းကို အပြီးစီးဆောင်ရွက်ရန် အလိုရှိကြောင်း စကြဝဠာတစ်ခွင်လုံးသို့ ချပြခြင်းပင်ဖြစ်သည်။ ကပ်တိုင်၏ သဘောတရားနှင့် ကပ်တိုင်တွင် အသေခံသောကိုယ်တော်သည် လောကအပြစ်သား ကျွန်ုပ်တို့အား အံ့အားသင့်စေနိုင်သည်။ (အပြစ်မဲ့သောကောင်းကင်သားတို့သည် ယေရှုသခင်ကို ဝတ်ပြုကိုးကွယ်ကြသည်ကို တွေးတောပါ)။



တမန်တော်၊ ၁၃း၁၆-၄၇ (အထူးသဖြင့် ၂၆၊၃၈၊၄၇) ကိုဖတ်ပါ။ ကပ်တိုင်တော်၏အနက်ကို မည်သို့သွန်သင်ထားသနည်း။

---

ဧဝံဂေလိတရားကို ဟောပြောရန် ခရစ်တော်မှ မိမိအားစေလွှတ်သည်ဟု ပေါလုဆိုသည်။ ပေါလုသည်လည်း ကပ်တိုင်တင်ခံရသော မေရှိယကိုပင် ဟောပြောလေတော့၏ (၁ ကော၊ ၁း၂၃)။ ၎င်း၏ သဘောတရားကို ၁ ကော၊ ၂း၁-၅ တွင် ပြန်၍အစပြုထားသည်။ တမန်တော်သည် ခရစ်တော်ပေးသည့်တာဝန်၌ သစ္စာတည်၏။ ဧဝံဂေလိတရား ကြွေးကြော်ရာတွင် "ထူးမြတ်သောစကားနှင့် ထူးမြတ်သောပညာ" (၁ ကော၊ ၂း၁) တို့ကိုပြသမည့်အစား "ကပ်တိုင်တွင် အသေခံတော်မူသော ယေရှုခရစ်" (၁ ကော၊ ၂း၂) ကိုသာ ဆုံးချက်ထားသည်။ သူ့အပြောအဆိုနှင့် သတင်းစကားတို့သည် "လူ့ပညာနှင့်ယှဉ်သော ဖြားယောင်းသောစကားမဟုတ်။ ဝိညာဉ်တော်၏နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွ" (၁ ကော၊ ၂း၄) ဖြစ်၏။ အကြောင်းမှာ "ဘုရား၏ တန်ခိုးတော်" နှင့် "လူ၏ ပညာ" သည် ဆန့်ကျင်ဘက်ဖြစ်၏ (၁ ကော၊ ၂း၄၊၅)

ကပ်တိုင်တင်ခံရသော မေရှိယဟူသည် ဂျူးလူနှင့် ဂရိလူတို့၏ လုံးဝမမျှော်လင့်ခဲ့သောအရာဖြစ်သည်။ ဘုရား၏လုပ်ဆောင်ခြင်းသည် မည်သည့်အခါမျှ လူသား၏ မျှော်လင့်သည့်အတိုင်းမဖြစ်ပါ။ မိမိတို့ မျှော်လင့်သည့်အတိုင်း မဖြစ်သောအခါ အဘယ်ကြောင့် အထက်ပါအချက်ကို ဆုပ်ကိုင်သင့်သနည်း။

**ကြာသပတေးနေ့** **ဇူလိုင်လ ၉ ရက်**

## ခရစ်တော်၊ ဘုရား၏ပညာနှင့်တန်ခိုးတော်

၁ ကော၊ ၁း၁၉၊၂၀၊၃၀၊၃၁ တို့တွင် ပေါလုသည် ဘုရား၏ပညာနှင့် လူသား၏ပညာသည် လုံးဝပင်ခြားနားကြောင်း နှစ်ဦးနှစ်ဖက်တို့သည်

သီးသီးသန့်သန့်ပင်ဖြစ်ကြောင်း ဆိုထားသည်။ သတိပြုရမည်မှာ ပေါလုသည် ၎င်းပညာတို့အား မငြင်းဆိုဘဲ ဘုရားသခင်အား ယှဉ်ပြိုင်သောပညာမျိုးကိုသာ ငြင်းပယ်ခြင်းဖြစ်သည်။ လူသား၏ပညာသည် အပြစ်တွင်းမှ လူသားအား လွတ်စေရန် မတတ်စွမ်းပါ။ ခရစ်တော်တည်းဟူသော ဘုရားသခင်၏ပညာသည်သာ လုပ်ဆောင်နိုင်ပေသည်။ အောက်ပါဇယားကို ရှုပါလေ။

| | | |
|---|---|---|
| ကယ်တင်ခံရသော ငါတို့အား | ကပ်တိုင်တရားသည် ဘုရား၏တန်ခိုးတော် | ၁ ကော၊ ၁း၁၈ |
| ခေါ်တော်မူခြင်းခံရ သူတို့အား | ခရစ်တော်သည် ဘုရား၏ တန်ခိုးတော် | ၁ ကော၊ ၁း၂၄ |

၁ ကော၊ ၁း၁၈ နှင့် ၁ ကော၊ ၁း၂၄ တို့၌ ခရစ်တော်သည် ဘုရား၏ တန်ခိုးတော်ဖြစ်ကြောင်း လူသားများအား ၎င်းတို့၏အပြစ်မှကယ်တင်နိုင်သော တန်ခိုးတော်ရှိခြင်းဖြင့် ပြသသည်။ "ယုံကြည်သူတို့ကို ႀသေနာတော်မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှာ စေတနာတော်ရှိတော်မူသည်" (၁ ကော၊ ၁း၂၁။ "ကယ်တင်ခံရသောငါတို့" (၁ ကော၊ ၁း၁၈)၊ "ယုံကြည်သောသူတို့" (၁ ကော၊ ၁း၂၁) နှင့် "ခေါ်တော်မူခြင်းခံရသူတို့" (၁ ကော၊ ၁း၂၄) တို့သည် တစ်ဖွဲ့တည်းတွင်ပါဝင်ကြ၍ ကယ်တင်ခြင်းကို ယုံကြည်ခြင်းဖြင့် ကြုံတွေ့ရှင်သန်သူများဖြစ်ကြသည်။ "ဧဝံဂေလိတရားသည် ယုံကြည်သမျှသောသူတို့အား ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏" (ရောမ၊ ၁း၁၆)။

ခရစ်တော်သည် ဘုရားသခင်၏တန်ခိုးတော်သာမက ပညာပင်ဖြစ်၏။ အနက်ကား ခရစ်တော်အားဖြင့် ဘုရားသခင်သည် လူသား၏ပညာဖြင့် ဖြေရှင်းနိုင်စွမ်းမရှိသော ပြဿနာကို ခရစ်တော်အားဖြင့် ဖြေရှင်းပေးလိုက်ပါသည်။ ဤလောက၏ပညာသည် လူသားတို့အား ဘုရားသခင်ကို မသိကျွမ်း



စေနိုင်ပါ (၁ ကော၊ ၁း၂၁)။ ၎င်းအားလှန်လှောလိုက်ပါက ခရစ်တော်အားဖြင့်ကျွန်ုပ်သည် ကယ်တင်ခြင်းပညာရှင်များဖြစ်လာရ၏ (၂ တိ၊ ၃း၁၅)။

၁ ကော၊ ၁း၂၄-၂၉ ကိုဖတ်ပါ။ "မိုက်မဲခြင်း၊ အားနည်းသော၊ တန်ခိုးနှင့် ပညာရှိသော" စသည့်ဝေါဟာရများကို သတိပြုပါ။

---

၁ ကော၊ ၁း၂၄-၂၉ ဖတ်ရှုရာတွင် မိုက်သော၊ မိုက်မဲခြင်း၊ အားနည်းသော၊ အားနည်းခြင်း စသည့်ဝေါဟာရများကို ဂရုစိုက်ရပါမည်။ ဆိုလိုရင်းမှာ လူသားတို့၏ ပညာသည် ကပ်တိုင်တော်၏ သတင်းအား မိုက်မဲခြင်းနှင့် အားနည်းခြင်းဟုပင် တွေးတောဆင်ခြင်လိမ့်မည်။ သို့စေကာမူ "ဘုရားသခင်၏မိုက်မဲခြင်းအရာသည် လူတို့၏ပညာထက် သာ၍ပညာရှိ၏" (၁ ကော၊ ၁း၂၅)။ ဤသည် ဘုရားသခင်သည် အားနည်း၍မိုက်မဲသည်ဟု မဆိုလိုပါ။ ဘုရားသခင်၏ ပညာနှင့် တန်ခိုးတော်သည် လူသားတို့၏ အရာခပ်သိမ်းထက် သာလွန်ကြောင်းအနက်ရှိ၏။

၁ ကော၊ ၁း၂၆ တွင် "ခေါ်တော်မူသောသူတို့တွင် လောကီပညာရှိများမပါ။ ထင်ရှားသောလူကြီးများမပါ။ မင်းမျိုးမင်းနွယ်များမပါ" ဟူသော စကားစုများအား ဂရုပြုပါ။ ကျွန်ုပ်တို့အတွက် မည်သည့်သတင်းပါရှိသနည်း။

**သောကြာနေ့** **ဇူလိုင်လ ၁၀ ရက်**

**ထပ်မံစဉ်းစားရန်။ အီးဂျီဝှိုက်၊ ထာဝရလိုအင်သက်တော်စဉ် "ကရာနီ"၊ စာ၊ ၇၄၁-၇၅၇။**

"ယခုချိန် သက်ရှင်သောလူများစွာတို့၏စိတ်တွင် ကရာနီ၏ကပ်တိုင်တော်သည် ထွတ်မြတ်သော အောက်မေ့ဖွယ်များစွာတို့ဖြင့် ဝန်းရံလျက်ရှိ၏။ ထွတ်မြတ်သောအဖွဲ့အစည်းများတို့သည် ကပ်တိုင်တင်ခြင်း အခင်းအကျင်းနှင့် ပတ်သက်လေ့ရှိကြ၏။ သို့သော်လည်း ပေါလုခေတ်ခါတွင် ကပ်တိုင်ဟူသည် မနှစ်မြို့ဖွယ်နှင့် ထိတ်လန့်မုန်းတီးခြင်းအဖြစ် ခံစားကြရသည်။ ကပ်တိုင်

ပေါ်တွင် အသေခံသောသူတစ်ဦးအား လူသားတို့၏ကယ်တင်ရှင်အဖြစ် ချီးမြှောက်ရခြင်းသည် လှောင်ပြောင်ခြင်းနှင့် ဆန့်ကျင်ခြင်းတို့ကို ဖိတ်ခေါ်နေခြင်းသာ ဖြစ်လေ၏"

ပေါလုသည် သူ့သတင်းစကားကို ဂျူးလူနှင့် ကောရိန်သုမှ ဂရိလူတို့သည် မည်သို့အာရုံစူးစိုက်မှုရှိနိုင်မည်ကို သိရှိပြီးဖြစ်သည်။ သူကြွေးကြော်မည့်သတင်းစကားသည် ဂျူးကြားနာသူအများတို့အား ဒေါသထွက်စေမည်ဖြစ်သည်။ ဂရိလူတို့အား ခန့်မှန်းချက်အရ သူ့စကားတို့သည် အခြေအမြစ်မရှိသော မိုက်မဲခြင်းဖြစ်နိုင်သည်။ ကပ်တိုင်တော်သည် လူသားမျိုးနွယ်အား မြှင့်တင်ခြင်းနှင့် ကယ်တင်ခြင်းတို့ဖြင့် ဆက်နွယ်နေကြောင်း ခင်းကျင်းပြသခြင်းသည် သူ့အား ဉာဏ်ရည်နိမ့်ကျသူဟု ထင်မြင်နိုင်စရာရှိသည်။"

သို့တိုင်အောင် ကပ်တိုင်တော်သည် ပေါလုအတွက် အထွတ်မြတ်ဆုံးအာရုံစိုက်မှုဖြစ်သည်။ ကပ်တိုင်တင်သတ်ခြင်းခံရသော နာဇရက်မြို့သား၏နောက်လိုက်များကို ညှဉ်းပန်းနှိပ်စက်သောဘဝအဆင့်တွင် ဖမ်းဆီးခံခဲ့ရသည့်အချိန်မှစ၍ ကပ်တိုင်အား ဂုဏ်တင်ခြင်းကိုရပ်တန့်ခြင်းမရှိခဲ့ပါ။ ထိုစဉ်ခါတွင် သူသည် ယေရှု၏အသေခံခြင်း၊ မိမိအသက်တာတွင် အံ့ဖွယ်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်းဖြင့် သူ၏ရည်ရွယ်ချက်အားလုံးတို့ကို ကောင်းကင်နှင့်ညီညွတ်စေခြင်းဖြင့် အဆုံးမရှိသောဘုရားသခင်၏ မေတ္တာတော်ကို ဖော်ပြခြင်းခံခဲ့ရသည်။ အပြစ်သားတစ်ဦးသည် ဘုရားသခင်၏မေတ္တာတော်ကို သားတော်၏ဆက်ကပ်ခြင်း၌ မြင်တွေ့ခဲ့၍ ကောင်းကင်၏သြဇာ၌ ဆက်ကပ်သဖြင့် စိတ်နှလုံးပြောင်းလဲခြင်းရှိ၍ ခရစ်တော်သည် သူ၏ အရာခပ်သိမ်းဖြစ်စေသည်" - Ellen G. White, The Acts of The Apostles, pp. 245, 246.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ဂေသရှေမန်ဥယျာဉ်တွင် ယေရှုသည် "အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေသော" (မ၊ ၂၆း၃၉)။ ဤဆုတောင်းခြင်းသည်**



**ကပ်တိုင်ပေါ်တွင် ယေရှုပေးဆပ်ခဲ့သော ဈေးမတန်ဖိုးကြီးအကြောင်း မည်သို့ဖော်ပြသနည်း။**

**၂။ ပေါလုသည် "ဘုရားသခင်၏မိုက်မဲခြင်းအရာသည် လူသား၏ပညာထက်သာ၍ပညာရှိသည်" (၁ ကော၊ ၁း၂၅) ဟု ဆိုသည်။ ဘုရားသခင်၏ပညာသည် လူသားတို့၏ပညာနှင့် မည်သို့ခြားနားသနည်း။**

**၃။ ကပ်တိုင်တင်ခံသော ခရစ်တော်၏သတင်းစကားသည် ဂျူးလူတို့အတွက် ထိမိလဲစရာဖြစ်၍ ဂရိလူတို့အတွက် မိုက်မဲခြင်းဖြစ်၏။ ယနေ့ ကျွန်ုပ်တို့ဟောပြောသော မည်သည့်ကျမ်းစာအရေးကြီးအချက်များတို့သည် ခေတ်ပေါ်-မွေပရိတ်သတ်များအပေါ် အလားတူသောအကျိုးသက်ရောက်မှု ဖြစ်စေနိုင်မည်နည်း။**

**၄။ ပေါလုသည် "ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာကို မခံမယူ" (၁ ကော၊ ၂း၁၄) ဟု ဆိုသည်။ ၎င်းတို့၏စိတ်နှလုံးကို တို့ထိရန် ယေရှုအကြောင်းမည်ကဲ့သို့ ပြောပြရပါမည်နည်း။ မိမိတို့၏ အမူအရာများဖြင့်သာ ၎င်းတို့အား လက်လှမ်းမီနိုင်မည်လား။**

-၀-

## သင်ခန်းစာ (၃)
# ခရစ်တော်၌စည်းလုံးခြင်း
ဇူလိုင်လ ၁၁ – ဇူလိုင်လ ၁၇

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်လ ၁၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၁း၁၂-၁၇။ ရောမ၊ ၁း၂၉။ ၁ ကော၊ ၁း၁၀။ ၁ ကော၊ ၃း၁-၄။ ဖိလိပ္ပိ ၂း၅-၈။ ၂ ကော၊ ၁၀း၂၃-၂၈။ ကောလောသဲ၊ ၁း၂၄။

**အလွတ်ကျမ်းချက်**

**"ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ အချင်းချင်းမကွဲပြားဘဲ စိတ်သဘော တစ်သံတစ်သမတ်တည်း ရှိသည်နှင့် စေ့စပ်စုံလင်ကြမည်အကြောင်း ငါတို့သခင်ယေရှုခရစ်၏ နာမတော်ကိုအမှီပြု၍ သင်တို့ကို ငါနှိုးဆော်တောင်းပန်ပါ၏" (၁ ကော၊ ၁း၁၀)**

တောရိုင်းတိရစ္ဆာန်တို့သည် အုပ်လိုက်၊ အစုအဖွဲ့လိုက်ပင် အရွယ်အစားမျိုးစုံကျက်စားကြသည်ကို လေ့လာသူတို့သည် သိကြ၏။ တောခွေးများ၊ လင်းပိုင်များနှင့် ပုရွက်ဆိတ်များ၊ ဤသတ္တဝါတို့သည် ပူးကပ်စွာစုဖွဲ့နေကြ၏။ ချင်ပန်ဇီမျောက်ဝံတို့သည်လည်း တင်းကျပ်သော နှောင်ကြိုးများဖြင့် စုဖွဲ့နေကြရာ အနည်းဆုံး ၁၅ ကောင်မှ ၁၅၀ ကောင်အထိ စုဖွဲ့တတ်ကြသည်။ သို့တိုင်အောင် ၎င်းတို့၏ပေါင်းသင်းခြင်းသည် အမြဲမညီညွတ်ဘဲ ထိုမျောက်ဝံတို့သည် အချင်းချင်းတိုက်ခိုက်တတ်ကြသည်။

လူသားတို့သည်လည်း အလားတူပင်ဖြစ်ကြရာ စုဖွဲ့နေရုံတင်မက ၎င်းအဖွဲ့အတွင်း၌ပင် ရံဖန်ရံခါ တိုက်ခိုက်တတ်ကြသေး၏။ အသင်းတော်၌လည်းထိုသို့ပင်ဖြစ်ကြသည်။ ဩဇာတိက္ကမနှင့် ပြည့်စုံသောခေါင်းဆောင်များတို့သည် ဂိုဏ်းဖွဲ့ အုပ်စုဖွဲ့တတ်ကြသည်။ သာ၍ဆိုးသည်မှာ ထိုအစုအဖွဲ့တို့သည် ညီညွတ်မှုပင် မရှိကြပါ။

သင့်အသင်းတော်၌ ထိုသို့တွေ့မိဖူးပါသလား။

တွေ့မိဖူးသည်ရှိသော် ကောရိန်သုတွင် ပေါလုရင်ဆိုင်ရခဲ့ရသော ပြဿနာကဲ့သို့ သင်အကြုံတစ်ခုပင်ရပြီးလောက်၏။ ယခုတစ်ပတ်တွင် ၁ ကော၊ ၁-၄ တွင် အသင်းတော်အတွင်း အငြင်းပွားမှုများကို တမန်တော်ပေါလုသည် ဆွေးနွေးဖြေရှင်းပေး၍ ခရစ်တော်၌အောင်မြင်ခဲ့ခြင်းတို့ကို ကြည့်ရှုကြရပါမည်။



**တနင်္ဂနွေနေ့** **ဇူလိုင်လ ၁၂ ရက်**

**အသင်းတော်အတွင်းဂိုဏ်းကွဲပြဿနာများ**

"အချင်းချင်း မကွဲပြားဘဲ စိတ်သဘော တစ်သံတစ်သမတ်တည်း ရှိသည်နှင့် စေ့စပ်စုံလင်ကြမည့်အကြောင်း" (၁ ကော၊ ၁း၁၀) ဟု အနူးအညွတ်တောင်းဆိုနေခြင်းသည် ၁ ကော အခန်းကြီးလေးအထိတိုင် စိုးမိုးနေတော့သည်။ ပညာရှင်များစွာတို့က ဤဩဝါဒစာအားလုံးကို စည်းလုံးခြင်းနှင့် ချိတ်ဆက်ထားသည်ဟု ယူဆထားကြသည်။

၁ ကော၊ ၁း၁၂-၁၇ ကိုဖတ်ပါ။ နယ်ခေါင်းဆောင်တို့၏ သင်းဖွဲ့ဂိုဏ်းကွဲခြင်းသည် အခြေအမြစ်ဘာမျှမရှိကြောင်း ဤနေရာမှ မည်သို့သွန်သင်သနည်း။

---

ကောရိန်သုအသင်းတော်တွင် ယုံကြည်သူတို့သည် စည်းလုံးခြင်းကို လျစ်လျူရှုထားကြောင်း ပေါလုဆိုထားသည်။ ပေါလုသည် သင်းကွဲခြင်းအနက်ရှိ (Schisma) တည်းဟူသော ဂရိဝေါဟာ (၁ ကော၊ ၁း၁၀) နှင့် ရန်တွေ့ခြင်းအနက်ရှိ (Eris) (၁ ကော၊ ၁း၁၁) တို့ကိုပင် အသုံးပြုသည်။

-မှုသစ်ကျမ်းတွင် အုပ်စုကွဲခြင်းဖြစ်စေခြင်းကို ဖော်ပြရာတွင် နာမ်ဝေါဟာရ (Schisma)၊ ကြိယာအနေဖြင့် သင်းကွဲသည်ကို (Schiszo) ကိုပင်အသုံးပြုသည်။ အကုသိုလ်ဖြစ်နိုင်သောရန်တွေ့ခြင်း (Eris) ကို ခရစ်ယာန်များ မပြုလုပ်မည့်အကြောင်း မကြာခဏဖော်ပြထားသည်။

ရောမ၊ ၁း၂၉။ ၁၃း၁၃။ ၁ ကော၊ ၃း၃။ ၂ ကော၊ ၁၂း၂၀ နှင့် ဂလာတိ၊ ၅း၂၀ ကိုဖတ်ပါ။ (Eris) ရန်တွေ့ခြင်းနှင့် ဒွန်တွဲလာသော မည်သည့်အပြစ်များကိုပင် စီရီသနည်း။ မည်မျှလောက်ပင်ဆိုးရွားသည် ဆိုသနည်း။

---

ကောရိန်သုအသင်းတော်တွင် သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာရာအချင်းချင်းတရားစွဲဆိုရသည်ထိတိုင် ဖြစ်လာသည် (၁ ကော၊ ၆း၁-၃)။

အသင်းတော်ယုံကြည်သူများတို့သည် တရားစွဲဆိုနေကြရသဖြင့် ပေါလုသည် "သင်တို့ရှက်စေခြင်းငှာ ငါပြောဆို၏" (၁ ကော၊ ၆း၅) ဟု ဆိုသည်။ ကိုယ်တော့်ညစာကို သုံးဆောင်ကြရာတွင်ပင် ၎င်းတို့၏သင်းကွဲခြင်းများကို ဘေးဖယ်မထားကြဘဲနေကြသေးသည် (၁ ကော၊ ၁၁း၁၇-၂၂)။

ယုံကြည်သူများထဲတွင် စည်းလုံးခြင်းမရှိသည်မှာ အန္တရာယ်များလှသည်ဖြစ်၍ ပေါလုသည် လွန်စွာစိုးရိမ်သဖြင့် ကောရိန်သုလူတို့ထံ ပေးပို့သောဩဝါဒစာတွင် ကနဦးပြဿနာတစ်ခုအနေဖြင့် ပေးပို့ရခြင်းဖြစ်သည်။

၁ ကော၊ ၁း၁၂-၁၇ ကိုပြန်ဖတ်ပါ။ အသင်းတော်စည်းလုံးခြင်းတွင် သင်းကွဲခြင်းသည် မည်မျှပင်အန္တရာယ်များသည်ကို သုံးသပ်ပါ။ သင့်ဌာနေအသင်းတော်သည် ဤပြဿနာများကို ရှောင်ရှားရန်မည်သည်တို့ကို ပြုရမည်နည်း။



**တနင်္လာနေ့** **ဇူလိုင်လ ၁၃ ရက်**

**ယေရှုအားဗဟိုပြု၍**

၁ ကော၊ ၁း၁၀ ကိုဖတ်ပါ။ ပေါလုသည် "အချင်းချင်းမကွဲပြားဘဲ စိတ်တစ်သဘောတစ်သံတစ်သမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည့်အကြောင်း" ဟု ဆိုရာတွင် မည်သို့ဆိုလိုသည်ဟု သင်ထင်သနည်း။

---

ဤနေရာတွင် အုပ်စုဖွဲ့ခြင်းသည် တစ်စုံတစ်ဦး၏ ခရစ်တော်အပေါ်၌ သစ္စာခံခြင်းကို ငြင်းပယ်ခြင်းဖြစ်သည် (၁ ကော၊ ၁း၁၀)။ ဘုရားသခင်သည် "ယေရှုခရစ်တော်၌ဆက်ဆံခြင်း" ပြုရန်ခေါ်တော်မူ၏ (၁ ကော၊ ၁း၉)။ ကျွန်ုပ်တို့၏သခင်သည် ခရစ်တော်ဖြစ်၍ သူ၌သာဗဟိုပြုရပါမည်။ ဆွဲဆောင်မှုရှိသော ထိုမေးခွန်း "ခရစ်တော်သည် ကွဲပြားသလော။ ပေါလုသည် သင်တို့အတွက် ကပ်တိုင်တွင်အသေခံသလော။ သင်တို့သည် ပေါလု၏နာမဖြင့် ဗတ္တိဇံခံပြီးပြီလော" (၁ ကော၊ ၁း၁၃) ၏အဖြေသည် "မဟုတ်ပါ" ခရစ်တော်သည်မကွဲပြားပါ ဟူ၏။ ကျွန်ုပ်တို့အတွက် ကပ်တိုင်ပေါ်အသေခံသူသည် ခရစ်တော်ဖြစ်၏။ ကျွန်ုပ်တို့သည် "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၌" (မဿဲ၊ ၂၈း၁၉) ဗတ္တိဇံခံယူကြသည်။

ပေါလုကပင် "ငါတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်၍ အသီးသီးအင်္ဂါတော်ဖြစ်ကြသည်" (၁ ကော၊ ၁၂း၂၇)။ ကိုယ်ခန္ဓာသည် အစိတ်အပိုင်းများစွာရှိသည်နှင့်အညီ အသီးသီးတို့သည် ကိုယ်၏လုပ်ငန်းအသီးသီးကို ဆောင်ရွက်ပေးရာ ခန္ဓာတစ်ခုပင်ဖြစ်နေလေသည်။ ကိုယ်ခန္ဓာသည် ပုံမှန်လည်ပတ်နေသည်ဖြစ်၍ အစိတ်အပိုင်းတစ်ခုစီသည် မိမိကျရာတာဝန်ကိုပင် ထမ်းဆောင်နေကြသည်။ ဤဥပမာအားဖြင့် ပေါလုသည် တစ်မျိုးတစ်စားတည်းဖြစ်ခြင်းကို မတောင်းဆိုဘဲ တစ်ခုတည်းအဖြစ် စည်းလုံးခြင်းကိုသာ တောင်းဆိုသည်ကိုဖော်ပြသည်။ ဤထက်သာလွန်စွာ သူသည် မတူခြားနားခြင်းထဲ၌ပင် တစ်ခုတည်းအဖြစ်စည်းလုံးစေလိုသည်။

မည်သို့ဆိုစေ၊ အတွေးအခေါ်အကြံဉာဏ်အားလုံးတို့ကို ခရစ်တော်ငါတို့သခင်ထံ အပ်နှံရပါမည်။ ခရစ်တော်သည် ငါတို့သခင်ဖြစ်နေခြင်းသည် ပေါလုအတွက် အရေးကြီးသော နားခိုရာဖြစ်နေခဲ့ရာ ၁ ကော ၏အဖွင့်စကားအဖြစ် ၁း၂၊၇၊၈၊၉၊၁၀ တို့တွင် ပါရှိသည်။ သို့ဖြစ်၍ ပေါလုသည် လူသားခေါင်းဆောင်တို့၏ သင်းခွဲခြင်းတို့အား မဖြေရှင်းမီတွင် ယေရှုသည် ကျွန်ုပ်တို့အားလုံးတို့၏ သခင်ဖြစ်တော်မူသည်ကို အရင်ဦးဖော်ပြပေးသည်။ အသင်းတော်သည် လူသားခေါင်းဆောင်များ၌ တည်နေသည် မဟုတ်။ ခရစ်ယာန်တို့သည် ယေရှုအား ဗဟိုပြုသည်။

၁ ကော တွင် ယေရှုသည် သခင်ဖြစ်တော်မူခြင်းကို အလေးထားခြင်းသည် ပေါလု၏မိန့်ခွန်း "အချင်းချင်းမကွဲပြားဘဲ စိတ်သဘော တစ်သံတစ်သမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည့်အကြောင်း" (၁ ကော၊ ၁း၁၀) ကိုနားလည်နိုင်ရန် မစ ပေးသည်။ ဂရိဝေါဟာရတွင် "စည်းလုံးသည်" ဟု အနက်ဖွင့်ထားသည်မှာ (Katartizō) မှ ဆင်းသက်လာသည်ဖြစ်၍ သင့်လျော်သော အခြေအနေသို့ ပြန်လည်ပြုပြင်ခြင်းဖြစ်၏။ လူသား ခေါင်းဆောင်များသည် အသင်းတော်အတွင်းဆက်ဆံရေးကို သင့်လျော်သောအခြေအနေ တစ်ခုသို့ရောက်ရန် ပြုပြင်ရပေမည်။ ၎င်းသည် ခရစ်တော်၌ စည်းလုံးခြင်းဖြင့်သာ ဖြစ်စေနိုင်၍ အတ္တသေစေရန်လည်း တောင်းဆိုသည်။

လွန်ခဲ့သောဆယ်စုနှစ်အတွင်း အသင်းတော်သည် အဖွဲ့ငယ်ကို အရေးထားသည်။ သင်းကွဲခြင်းနှင့် အဖွဲ့ငယ်သည် မည်သို့ခြားနားသနည်း။ အဖွဲ့ငယ်သည်သင်းကွဲခြင်းမဖြစ်ရန် မည်သို့ဂရုပြုရမည်နည်း။

**အင်္ဂါနေ့** **ဇူလိုင်လ ၁၄ ရက်**

**ဉာဏ်ပညာနှင့်ရင့်ကျက်မှု**

သင်းကွဲခြင်းဟူသည် လူသားခေါင်းဆောင်တို့ကို အလွန်အကျွံအထင်ကြီးခြင်းကြောင့် ဖြစ်လာသည်များ၏။ ဤအရာသည် အသင်းတော်အတွင်း ယုံကြည်သူတို့၏ စည်းလုံးခြင်းနှင့် ဝိညာဉ်ကျန်းမာရေးအား အလွန်အန္တရာယ်ပြု၏။ ခရစ်ယာန်အမှုတော်အား ထင်ယောင်ထင်မှားဖြစ်ခြင်းသည် ထိုအသင်းတော် ခေါင်းဆောင်များကို အလွန်အကျွံ အရေးထားခြင်းဖြင့် ယုံကြည်သူများကို ထိခိုက်စေနိုင်သည်။ ထိုသို့ဖြင့် ယှဉ်ပြိုင်ခြင်းကိုဖြစ်ပေါ်စေ၍အသင်းတော်အား ခွဲခြမ်းတတ်သည်။ ခရစ်ယာန်ဖြစ်ရာတွင် လူသားခေါင်းဆောင်များကို ဗဟိုပြုမိပါက မိမိတို့အသက်တာတွင် ခရစ်တော်ကို သူ၏နေရာမှန်မှ ဖယ်ရှားခြင်းပင်ဖြစ်သည်။

၁ ကော၊ ၃း၁-၄ ကိုဖတ်ပါ။ ကောရိန်သုတို့၏ ဝိညာဉ်ရေးမရင့်ကျက်မှုကို ပေါလုသည် မည်သို့ဖော်ပြထားသနည်း။

---

ဝိညာဉ်ရေးရင့်ကျက်ခြင်းသည် ယုံကြည်သူများမှ ဘုရားသခင်၏ပညာကိုလက်ခံစေသည် (၁ ကော၊ ၂း၆၊၇) ဟု ပေါလုဆိုသည်။ ၎င်းသည်လည်း ဝိညာဉ်တော်နှင့်စပ်ဆိုင်သောအရာများ (၁ ကော၊ ၂း၁၃)၊ ၎င်းဝိညာဉ်သည် ယခုခေတ်ပေါ်ပညာ (၁ ကော၊ ၂း၆)၊ လူသား၏ပညာ (၁ ကော၊ ၂း၁၃) နှင့် နှိုင်းယှဉ်စေသည်။ ဘုရားသခင်၏ပညာကို ခရစ်တော်၏ကပ်တိုင်တော်မှဖော်ထုတ်ပြသသည် (၁ ကော၊ ၂း၁-၄)။ ထိုနည်းတူ ဘုရားသခင်၏ပညာသည် ခရစ်တော်၏ဆက်ကပ်ခြင်း၊ အသေခံခြင်းနှင့် ထမြောက်ခြင်းတို့ဖြင့် ဖော်ပြထား၏။ ထိုသို့ပင် စည်းလုံးခြင်းရှိရန် တိုးလျှိုးခြင်းကို အကျဉ်းမချုံးမီတွင် (၁ ကော၊ ၃း၁-၁၇) ပေါလုသည် စာဖတ်သူတို့သည်စစ်မှန်သော ပညာနှင့် ခရစ်တော်၌ရင့်ကျက်ခြင်းရှိစေလိုသည်။

ပညာရှိ၍ရင့်ကျက်သော ခရစ်ယာန်တို့သည် ဝိညာဉ်လူသားများ၊ ဇာတိပကတိလူမဟုတ်၊ သူငယ်ကလေးများကဲ့သို့ မဟုတ်ပါ (၁ ကော၊ ၃း၁)။ သူတို့သည် ဝိညာဉ်အရာများကို ဝိညာဉ်အရာများဖြင့် နှိုင်းယှဉ်၍ "ဝိညာဉ်အရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြားနိုင်သည်" (၁ ကော၊ ၂း၁၃-၁၄)။ ပညာရှိ၍ရင့်ကျက်သော ခရစ်ယာန်တို့သည် နို့မဟုတ်၊ ခဲဖွယ်စားဖွယ်တို့ကို

စားသုံးကြသည် (၁ ကော၊ ၃း၂)။ ဟေဗြဲ၊ ၅း၁၂)။

ယုံကြည်သူ "နို့ကိုသာ သုံးဆောင်သောသူမည်သည်ကား သူငယ်ဖြစ်သောကြောင့် ဖြောင့်မတ်ခြင်းတရား၌ လေ့လာခြင်း မရှိ။ ကောင်းကျိုးမကောင်းကျိုးကို ပိုင်းခြား၍ သိနိုင်သောဉာဏ်ပေးတတ်သော အကြားအမြင်အတွေ့အစမ်းများသောသူတည်းဟူသော စုံလင်သောအရွယ်ရှိသောသူတို့မူကား ကြေခဲ့သောအစာအဟာရကို သုံးဆောင်၏" (ဟေဗြဲ၊ ၅း၁၃၊၁၄)။ ပညာရှိ၍ရင့်ကျက်သော ခရစ်ယာန်တို့သည် လူကိုခွဲခြားခြင်းဖြင့် "ငါသည် ပေါလုတပည့်ဖြစ်၏ဟူ၍ လည်းကောင်း၊ ငါသည် အာပေါလုတပည့်ဖြစ်သည်ဟူ၍ လည်းကောင်း" မဆိုကြပါ (၁ ကော၊ ၃း၄)။ ဤသူတို့သည် "ဘုရားသခင်ထံ၌ အလုပ်လုပ်သူချင်းဖြစ်ကြ၏" (၁ ကော၊ ၃း၉)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လယ်၊ အဆောက်အဦ၊ ဗိမာန်တော်ဖြစ်ကြ၏ (၁ ကော၊ ၃း၉၊၁၆၊၁၇)။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဘုရားအပိုင်များ ဖြစ်ကြ၏ (၁ ကော၊ ၃း၁၀)။

သင် အလွန်အထင်အမြင်ကြီးသောသူတစ်ဦးကြောင့် စိတ်ပျက်ဖူးပါသလား။ ဤအတွေ့အကြုံရှိခဲ့သော် မည်သည့်သင်ခန်းစာရရှိသနည်း။

**ဗုဒ္ဓဟူးနေ့** **ဇူလိုင်လ ၁၅ ရက်**

**ခရစ်တော်ကဲ့သို့အစေခံဘဝ**

၁ ကော၊ ၄း၁၊၂ ကိုဖတ်ပါ။ တစ်စုံတစ်ဦးသည် လူသားခေါင်းဆောင်အပေါ် အမြင်မှန်ရှိနိုင်ရန် ဤနေရာတွင် မည်သို့သွန်သင်သနည်း။

---

၁ ကော၊ ၃း၁-၄ တွင် ပေါလုသည် သင်းကွဲခြင်းဟူသည် ဝိညာဉ်ရေးမကျင့်ကျက်မှု၏ရလဒ်ဖြစ်သည်ကို သဲလွန်စလေးဖော်ပြသွားသည်။ သို့စေကာမူ ဤခေါင်းစဉ်မစတင်မီတွင် "ငါတို့သည် ခရစ်တော်၏စိတ်ကို ခံရကြ၏" (၁ ကော၊ ၂း၁၆)။ ဤစာကြောင်းသည် ခရစ်တော်ကဲ့သို့ တွေးဆကျင့်ကြံခြင်း



ကိုဆိုတန်ရာသည်။ တစ်မျိုးပြောရသော် ယုံကြည်သူသည် ခရစ်တော်ကဲ့သို့ တွေးဆကျင့်ကြံရာတွင် "ခရစ်တော်၏စိတ်" ရှိသည်။

ဤစိတ်သဘောအား ဘဝအရာခပ်သိမ်းတွင်ကျင့်သုံးခြင်းသည် မလွယ်ကူပါ။ ဂရိ-ရောမခေတ်ကာလတွင် နိုင်ငံရေးသမားများ၊ ဒဿနိကပညာရှင်များ၊ အတွေးအခေါ်ရှင်များနှင့် ဘာသာရေးခေါင်းဆောင်များ ပြိုင်ဆိုင်နေခြင်းများပြားသည်။ ယဉ်ကျေးမှုဆိုင်ရာခွင့်ပြုချက်ရယူလိုခြင်းကြောင့် ကောရိန်သုအသင်းတော်သည် လောကစံနှုန်းများကို လိုက်လျှောက်စေသည်။ ယနေ့မိမိတို့အသင်းတော်၌လည်း အန္တရာယ်ရှိ၏။ ဖိလိပ္ပိ၊ ၂း၅-၈ ကိုဖတ်ပါ။ ဤကျမ်းချက်သည် "ခရစ်တော်၏စိတ်" (၁ ကော၊ ၂း၁၆)ကို နားလည်နိုင်ရန်မည်သို့ထောက်မသနည်း။

---

ကောရိန်သုကဲ့သို့ပင် ဖိလိပ္ပိ၌လည်း သင်းကွဲမှုများရှိခဲ့ (ဖိလိပ္ပိ၊ ၂း၁-၄) သော်လည်း အတိုင်းအတာနည်းသည်။ ဖိလိပ္ပိ၊ ၂း၁-၈ တွင် ခရစ်တော်ကဲ့သို့ အစေခံဘဝဖြင့် အတ္တနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့အား သေစေခြင်းကို တောင်းဆိုထား၍ ယေရှုကဲ့သို့ သူတစ်ပါးအား မိမိထက်အရေးပေးခြင်းတို့ကို ပြသင့်၏။

ခရစ်တော်ကဲ့သို့ အစေခံဘဝဟူသည် ပေါလုမှ "ခရစ်တော်၏အစေအပါး" (၁ ကော၊ ၄း၁) ဟုဆိုသည်။ သူတို့သည် ခရစ်တော်၏အထောက်အမ (သို့) လက်အောက်ငယ်သား ဟုဆိုနိုင်သည်။ လူသားတို့ခေါင်းဆောင်အပေါ်တွင် မှန်ကန်သောအမြင်သည် ခရစ်တော်၏ သရုပ်ပြခြင်းအပေါ်အခြေခံသောခေါင်းဆောင်မှုပင်ဖြစ်သည်။

အစေခံကျွန်များကို "ဘဏ္ဍာစိုးများ" (၁ ကော၊ ၄း၁၊၂)အဖြစ်ပင်ဖော်ပြသေးသည်။ ဘဏ္ဍာစိုးဟူသည် တစ်စုံတစ်ဦး၏ပိုင်ဆိုင်မှုများကို တာဝန်ခံထိန်းသိမ်းကွပ်ကဲသောသူဖြစ်သည်။ မိမိတို့တွင် မည်သည့်ပင်ရှိရှိ ၎င်းတို့အားလုံးကို ခရစ်တော်ကပင် ပိုင်ဆိုင်တော်မူ၏။

ဖိလိပ္ပိ၊ ၂း၅-၈ ကိုအာရုံစူးစိုက်ပါ။ ဘုရားသခင်၏ မိမိကိုယ်ကိုယ် ငြင်းပယ်သောမေတ္တာကို ကျွန်ုပ်တို့သည် မည်သို့ဆုပ်ကိုင်မည်နည်း။ ကျွန်ုပ်တို့သည်အတ္တကိုသေစေ၍ ဤမေတ္တာမျိုးကို မည်ကဲ့သို့ အတုယူနိုင်ပါမည်နည်း။

**ကြာသပတေးနေ့ ဇူလိုင်လ ၁၆ ရက်**

**ကပ်တိုင်ကိုရောင်ပြန်ဟပ်သောအသက်တာပုံစံ**

လူသားခေါင်းဆောင်တို့ဖြင့် သင်းကွဲခြင်းမပြုရန်ဟု ဆိုရာတွင် မိမိတို့၏ လူသားခေါင်းဆောင်များကို မထောက်ပံ့ရဟု မဆိုလိုပါ။ အသင်းတော်လုပ်ငန်း ဆောင်တာတွင် ဦးဆောင်နေသူတို့အား မိမိတို့မှအသိအမှတ်ပြုကြရမည်ဖြစ်သည်။ ဘုရားသည် မိမိအမှုတော်ကိုဆောင်ရွက်ရန် လူသားတို့ကိုပင် တာဝန်ပေးထားပါသည်။ အသင်းတော်ခေါင်းဆောင်များ၏ ဘဝနေထိုင်မှုပုံစံသည် လက်ဝါးကပ်တိုင်ပေါ်အနစ်နာခံမှုကို ထင်ဟပ်ပြနေပါက ၎င်းတို့၏ ဟောပြောချက်များကို နာယူလိုက်နာသင့်ပါသည်။

ဤသို့ဖြစ်ရခြင်းသည် ဘုရား၏နှုတ်ကပတ်တော်အား နာခံမည့်သူတို့အားလှည့်စားချိုးနှိမ်သော ထိန်းချုပ်မှုမှန်သမျှကို ပြောင်းပြန်လှန်နိုင်သော တန်ခိုးသည် ကပ်တိုင်၌သာလျှင်ရှိသောကြောင့်ဖြစ်သည်။ ခရစ်တော်နှင့်တူသော ခေါင်းဆောင်တို့သည် ၎င်းတို့၏အမှုတော်အောင်မြင်ခြင်းကို ဘုရားသခင်တစ်ပါးတည်းထံ၌သာ မှတ်ယူကြသည်။ လူသားဖြစ်တော်မူသော ယေရှုသည် မိမိအမှုတော်ကို လူ့လောက၌ဆောင်ရွက်ခဲ့စဉ်တွင် ဘုန်းတော်ကို ဘုရားသခင်ထံဆက်ကပ်ခဲ့သည် (ယော၊ ၁၇း၄)။

တည်ကြည်သောခရစ်ယာန်အမှုတော်ဟူသည် ကပ်တိုင်တော်၏တရားတော်ပေါ်တွင် အမြစ်တည်ရမည်ဟု ပေါလုဆိုသည်။ ကပ်တိုင်ဟူသည် ဘုရားသခင်၏ပညာနှင့် ကယ်တင်ခြင်းတန်ခိုးတော်ကို ခင်းကျင်းပြသခြင်းဖြစ်သည်။ ထိုနည်းတူ လူသားတို့၏ပညာသည် မိုက်မဲခြင်းသက်သက်ဖြစ်ကြောင်းလည်း ပြသနေ၏။ ၁ ကော၊ ၄း၁-၁၃ တွင် ကပ်တိုင်တရား၏ပုံပန်းကို ပေါလုမှ



ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ရှေးဦးစွာ သူသည် ခရစ်ယာန်ခေါင်းဆောင်မှုစံနှုန်းအား ဘုရားကပင် ချမှတ်ခဲ့သည်ဆို၏ (၁ ကော၊ ၄း၁-၅)။ ဒုတိယ္ယဒုက္ခဆင်းရဲခံခြင်းသည် စစ်မှန်သောခရစ်ယာန်အမှုတော်၏ ကုန်တံဆိပ်ဖြစ်သူဟု ဆိုပြန်၏ (၁ ကော၊ ၄း၉၊၁၁-၁၃)။ တ္တိယအချက်သည် ဆက်လက်ဖွံ့ဖြိုးစေသင့်သော အချက်ဖြစ်သည်။

၂ ကော၊ ၁၁း၂၃-၂၈ နှင့် ကောလောသဲ၊ ၁း၂၄ ကိုဖတ်ပါ။ ခရစ်တော်အတွက် ဒုက္ခဆင်းရဲခံခြင်းသည် မည်သည့်အနက်ရှိသည်ဟု သွန်သင်သနည်း။

---

ခရစ်ယာန်ခေါင်းဆောင်တို့သည် မိမိတို့ညီအစ်ကိုမောင်နှမတို့အတွက်ကြောင့် ဒုက္ခဆင်းရဲခံရန် လိုအပ်သောနေရာတွင် ၎င်းတို့၏အမှုတော်အတွက် အသေခံရန်ပင် အလိုရှိခြင်းဖြင့် ယေရှု၏ခြေရာကိုနင်းနေကြလေသည်။ ပေါလုသည် မိမိကိုယ်တိုင်နှင့် အာပေါလုတို့ကိုပင် “သတ်ဖို့ရန်ထားသောသူ” (၁ ကော၊ ၄း၉) ဟုပင် ရည်ညွှန်းကိုးကားထားသည်။ မိမိတို့သည် ယခုတိုင်အောင်ပင် “အစားအသောက်ငတ်မွတ်ခြင်း၊ အဝတ်နွမ်းပါးခြင်း၊ ရိုက်ပုတ်ညှင်းဆဲခြင်းနှင့် အိုးအိမ်မဲ့ခြင်း” (၁ ကော၊ ၄း၁၁) တို့ကိုခံရသည်ဆို၏။ ဆက်လက်၍ သူတို့သည် ကဲ့ရဲ့ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ သွားပုပ်လေလွင့်ပြောခြင်းနှင့် “ဤလောက၏အညစ်အကြေးကဲ့သို့ လည်းကောင်း၊ အရပ်ရပ်ထဲက လှည်းပစ်သောတန်မြက်ချေး၊ အမှိုက်ကဲ့သို့လည်းကောင်း ယခုတိုင်ဖြစ်ကြသည်” (၁ ကော၊ ၄း၁၂၊၁၃)ဆို၏။ ကောရိန်သုလူတို့အား “သင်တို့သည် ကြွယ်ဝကြ၏၊ ငွေရတ်တတ်ကြ၏၊ စိုးစံကြ၏၊ ပညာသတိရှိကြ၏” (၁ ကော၊ ၄း၈၊၁၀) ဟူ၍ ကမောက်ကမရည်ညွှန်း၏။ စစ်မှန်သော ခရစ်ယာန်ခေါင်းဆောင်မှုသည် သင်းကွဲခြင်းမပြုသဖြင့် မာန်မာနသည် နေရာရမည်မဟုတ်ကြောင်း ပေါလုထောက်ပြသည် (၁ ကော၊ ၄း၆)။

အသင်းတော်တွင် သင့်နေရာသည် မည်သည်ပင်ဖြစ်စေ၊ ခရစ်တော်အတွက် မည်မျှဒုက္ခဆင်းရဲခံခဲ့ရသနည်း။ သင့်အဖြေတွင် မည်သည့်သင်ခန်းစာရှိနိုင်မည်နည်း။

**သောကြာနေ့** **ဇူလိုင်လ ၁၇ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, The Acts of The Apostles, "The Training of The Twelve," p. 17-24.

ထာဝရဘုရား၏ မှန်ကန်သောတရားတော်ကို ယုံကြည်ခြင်း၌ ကျန်ကြွင်းသောလူတို့၏စည်းလုံးခြင်းသည် မိမိတို့တွင်ရှိသော အမှန်တရား၏ ခိုင်မာတန်ခိုးရှိသော ထင်မြင်ယူဆချက်ကို ပိုင်ဆိုင်ကြောင်းနှင့် ဘုရားသခင်၏အထူးရွေးကောက်တော်မူသော လူများဖြစ်ကြောင်း ထင်ရှားစေသည်။ ၎င်းတို့၏စည်းလုံးခြင်းသည် ရန်သူတို့၏ အစီအစဉ်များပျက်ပြားစေကာ မည်သည့်အခါမျှ မတည်ရှိစေရတော့ပါ။ ယနေ့သမ္မာတရားကို နှလုံးထဲမှ သက်ဝင်၍ အသက်တာ၌စံနမူနာပြသကာ ဘုရား၏လူတို့ကို စည်းလုံးစေ၍ တန်ခိုးပါသောဩဇာလွှမ်းခြင်းရှိရမည်" - Ellen G. White, Testimonies for The Church, vol. 1, p. 327.

အမှန်တရား၏စင်မြင့်ပေါ်တွင် စုံလင်သောစည်းလုံးခြင်းဖြင့် ရပ်တည်နေမည့်လူတို့ကို ဘုရားသခင်လမ်းပြပို့ဆောင်နေ၏။ ခရစ်တော်သည်လည်း လူ့လောကတွက် မိမိကိုယ်ကိုယ်စွန့်လွှတ်ရာတွင် "၎င်းတို့သည် တမူထူးသောလူမျိုး၊ ကောင်းမှုပြုလိုသောလူများ" ဖြစ်စေသည်။ ဤသန့်စင်ခြင်းလုပ်ငန်းသည် အသင်းတော်ထဲမှ မသမာသောအရာ၊ စိတ်ဝမ်းကွဲပြားခြင်းနှင့် ယှဉ်ပြိုင်ခြင်းမှန်သမျှကို သုတ်သင်ရှင်းလင်းရန် ပုံဖော်ထားသည်။ ၎င်းတို့သည် ဖြိုဖျက်သည်ထက် တည်ဆောက်ရန်၊ ၎င်းတို့ရှေ့တွင်ပေါ်လာသောအလုပ် မှန်သမျှကို အားအင်နှင့် လုပ်ဆောင်ကြလိမ့်မည်။

လူသားတို့သည်ယုံကြည်ခြင်း၌ စည်းလုံးခြင်းရှိရန် ဘုရားသခင်မှ ပုံဖော်ထားသည်။ ကပ်တိုင်မတင်မီလေးတွင် ခရစ်တော်၏ဆုတောင်းခြင်းသည် မိမိသည်ခမည်းတော်နှင့် တစ်လုံးတစ်ဝဖြစ်သည်နည်းတူ တပည့်တော်တို့သည်လည်း တစ်လုံးတစ်ဝတည်းဖြစ်၍ ခမည်းတော်သည် သူ့အား စေလွှတ်ကြောင်း လောကမှယုံကြည်ရန်ပင်ဖြစ်သည်။ နှလုံးအထိဆုံး ဤဆုတောင်းခြင်းသည် ခေတ်အဆက်ဆက် မိမိတို့ခေတ်ယနေ့တိုင်ဖြစ်သည်။ သူ တောင်းလျှောက်သည်စကားလုံးတို့မှာ "ထိုသူတို့အဖို့သာ ကျွန်ုပ်ဆုတောင်းသည် မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် ကျွန်ုပ်ကို ယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏" ဟုဆို၏" - Ellen G. White, Testimonies for The Church, vol. 1, p. 17.



### ဆွေးနွေးရန်မေးခွန်းများ

**၁။ လူ့လောကတွင် အမှုတော်ပြီးဆုံးခါနီးတွင် ယေရှုသည်စည်းလုံးရန်ဆုတောင်းပေးရာတွင် "ထိုသူတို့သည် တစ်လုံးတစ်ဝဖြစ်လျက်-ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်း လောကသည် ယုံကြည်မည်အကြောင်း" (ယောဟန်၊ ၁၇း၂၁-၂၃)ဖြစ်၏။ ဘုရားသည် မိမိသားတော်ကိုစေလွှတ်ခြင်းသည် အဘယ်ကြောင့် ခရစ်တော်၌စည်းလုံးခြင်း၏ တန်ခိုးပါသောအချက်တစ်ခုဖြစ်သနည်း။ အသင်းတော်၏အမှုတော်တွင် စည်းလုံးမှုအားနည်းခြင်းသည် ထိမိလဲစရာ မည်သို့ဖြစ်သည်နှင့် ဆက်နွယ်စေပါ။**

**၂။ ၁ ကော၊ ၄း၉-၁၃ ကိုဖတ်၍ တပည့်တော်တို့အား အနီးကပ်ဂရုပြုသည့်ပုံကိုဖော်ပြပါ။ တပည့်တော်များအား ဤသို့ဖော်ညွှန်းခြင်းသည် ယနေ့ကမ္ဘာ့ခေါင်းဆောင်မှု၏ အင်္ဂါရပ်ကို မည်သို့တန်ဖိုးဖြတ်ပေးသနည်း။ ဤအချက်သည် ဘုရားသခင်၏ စံနမူနာနှင့် လောက၏ စံနမူနာ ကွာခြားမှုကို မည်သို့သွန်သင်သနည်း။**

**၃။ ၁ ကော၊ ၄း၁၆ တွင် ပေါလုသည် သူ့ကိုအတုယူရန် ကောရိန်သုလူတို့အားပြောကြားသည်။ လူသားခေါင်းဆောင်များအား သင် အတုယူလိုပါသလား။ ခေါင်းဆောင်တစ်ဦးအား အတုယူခြင်းသည် ထိုသူအား ထူးထူးကဲကဲချီးမွမ်းခြင်းနှင့် ကွာခြားပါသလား။ အန္တရာယ်ရောရှိပါသလား။**

-ဝ-

## သင်ခန်းစာ (၄)

# အသင်းတော်ထဲ၌အပြစ်

ဇူလိုင်လ ၁၈ – ဇူလိုင်လ ၂၄

### ဥပုသ်နေ့မွန်းလွဲပိုင်း ဇူလိုင်လ ၁၈ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၅း၁-၁၃။ ၂ ကော၊ ၂း၅-၁၀။ ၁ ကော၊ ၆း၁-၁၃။ ၁ သက်၊ ၄း၁-၈။ ၁ ကော၊ ၆း၁၉၊ ၇း၉။

### အလွတ်ကျမ်းချက်

**"သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော် တည်းဟူသော၊ သင်တို့အထဲ၌ ကိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကို လည်းကောင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကို လည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူ ဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့" (၁ ကော၊ ၆း၁၉၊၂၀)။**

ကျွန်ုပ်တို့၏ဦးနှောက်တို့သည် ရေမြှုပ်နှင့်တူ၏။ မိမိတို့အာရုံမှတစ်ဆင့် ၎င်းတို့အထဲသို့ဝင်လာသမျှတို့သည် ၎င်းတို့အထဲ၌ပင် နေရစ်ခဲ့ရသည်။ မည်သည်တို့သည် အများဆုံးဝင်လာသည်ကို သတိမမူတတ်ကြပါ (သေချာမှတ်မထားပါက မှတ်မိနိုင်မည်မဟုတ်ပါ)။ သို့သော်လည်း ဦးနှောက်ထဲ၌ပင်ရှိနေကြရာ ၎င်းတို့သည် မိမိတို့တွေးတောခံစားပြုမူခြင်းတို့ကို အကျိုးသက်ရောက်စေသည်။

ဤအကြောင်းကြောင့် ကျွန်ုပ်တို့ခရစ်ယာန်များပင်လျှင် မိမိတို့၏



ပတ်ဝန်းကျင်မှ အရာခပ်သိမ်းတို့မှ အကျိုးသက်ရောက်ရန် လွယ်ကူလှခြင်းဖြစ်သည်။ ခရစ်ယာန်အသင်းတော်သည် အစအဦးကတည်းကပင် ပြဿနာရင်ဆိုင်နေရပါသည်။ သာ-ကအနေဖြင့် တနင်္ဂနွေဥပုသ်စောင့်ခြင်းသည် မည်သည်က ရောက်လာသနည်း။ အသင်းတော်သည် လေထုကြီးထဲမှဆွဲထုတ်လာခဲ့ရသလော။ လုံးဝမဟုတ်ပါ။ အသင်းတော်၏ ပတ်ဝန်းကျင်ရှိရိုးရာ-လေ့မှ ဖြစ်ပေါ်လာရပါသည်။

ဤဥပမာသကိုပင် ကောရိန်သုမြို့၌ ပေါ်ထွန်းခဲ့သည့်ကိုလည်း တွေ့ရပါသည်။ ဂိုဏ်းဂဏစွဲဝါဒအား ဆန့်ကျင်၍ တိုးလျှိုးတောင်းပန်ခဲ့ပြီး (၁ ကော၊ ၁-၄)၊ ပေါလုသည် လိင်အကျင့်ယိုယွင်းခြင်း၊ တရားစွဲဆိုခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ ထိမ်းမြားခြင်းနှင့် တစ်ကိုယ်ရေနေထိုင်ခြင်း (၁ ကော၊ ၅-၇)ဘက်သို့လှည့်လာလေသည်။ လောက၏စံနမူနာတို့သည် ၎င်းတို့အား ကျယ်ပြန့်စွာအကျိုးသက်ရောက်ခဲ့သည်။

၁ ကော၊ ၁-၄ တွင်ဖော်ပြသော ဂိုဏ်းဂဏစွဲဝါဒသည် နောက်အခန်းများတွင် ရှုံ့ချထားသော ကိုယ်ကျင့်တရားအပြုအမူများအတွက် တံခါးဖွင့်ပေးနေတော့သည်။ ပေါလုသည် အသင်းတော်ထဲရှိ ဤအပြစ်များကို မည်သို့ဖော်ပြ၍ သူ့ရေးသားပေးပို့ခြင်းမှ မည်သည့်သင်ခန်းစာများရနိုင်မည်နည်း။

### တနင်္ဂနွေနေ့ ဇူလိုင်လ ၁၉ ရက်

### ယုံကြည်ခြင်းနှင့်လက်တွေ့အကြားကွဲလွဲမှု

ခရစ်ယာန်ရာဇဝင်တစ်လျှောက်လုံးတွင် -မွပညာရှင်၊ သိက္ခာတော်ရဆရာများနှင့် သာမန်ယုံကြည်သူတို့သည် အသင်းတော်သည်မည်သို့ဖြစ်ရမည်ကို ဆင်ခြင်ရာတွင် -မွသစ်ကျမ်းကိုလေ့လာခဲ့ကြပြီးဖြစ်သည်။ တမန်တော်တို့၏အသင်းတော်ကိုပင် ကျွန်ုပ်တို့ အံ့အားသင့်ခဲ့ရပြီးဖြစ်သည်။ မိမိတို့သည် အလွန်အရေးပါသော အရာတစ်ခု၊ လူသားတို့တွင် ပြဿနာရှိစမြဲဖြစ်သည်ကိုမျက်ခြေပင်ပြတ်သွားခဲ့လေ၏။ အသင်းတော်တစ်ခု၌ မဖြစ်သင့်သောအရာ

များကို -မှသစ်ကျမ်းတွင် ဖတ်ရှုခဲ့ကြပြီးဖြစ်သည်။ ကောရိန်သုလူတို့အား ပေါလုရေးသားပေးပို့သော စာများအားဖြင့် အစပြုရန်သင့်တော်လှ၏။

၁ ကော၊ ၅း၁-၁၃ ကိုဖတ်ပါ။ ပေါလုသည် ၎င်းတို့၏အခြေအနေအား မည်သည့်အရုပ်တော်ပုံဖြင့် ရည်ညွှန်း ဖော်ပြသနည်း။ ဘာကြောင့် အလွန်စိုးရိမ်ဖွယ်ရာဖြစ်သနည်း။

---

ဤနေရာတွင် “အဘ၏မယား” (၁ ကော၊ ၅း၁)ဟူသည်မှာ ပေါလုသည် သွေးရင်းသားရင်းပင်ဖြစ်သော မိထွေးနှင့်ဆက်ဆံရေးကို ဆိုလိုသည်။ ဤအခြေအနေကို “ခလောဧ္ကအိမ်သား”တို့မှ (၁ ကော၊ ၁း၁၁) သတင်းပေးခဲ့ပြီးဖြစ်သည်။ သွေးနှောခြင်းဟူသည် ယုတ်ညံ့လှသောအပြစ်အဖြစ် ဂုဏ်သတင်းရှိခဲ့ရာ “သာသနာပလူတို့တွင်ပင် မကြားစဖူး” (၁ ကော၊ ၅း၁)ဟု ပေါလုဆိုသည်။ ဤတွင် ခရစ်ယာန်၏ ကနဦးအသင်းတော်တွင် ဖြစ်ပျက်နေရသလော။ ၁ ကော၊ ၅း၁၊၂ တွင် ပေါလု၏အဆိုတွင် ယုံကြည်သူတစ်ဦးသည် ဤသို့ပြုသည်ကို ပေါလုသည် တုန်လှုပ်ချောက်ချားခဲ့သည်ဆို၏။

အခြေအနေသည် ဆိုးသထက်ဆိုးနေလေသည်။ ကောရိန်သုလူတို့သည် ထိုအပြစ်မျိုးကိုမှ သည်းခံနေခြင်းဖြင့် ကြွားဝါနေသေးသည်ကို ပေါလုမှ သိရသောအခါ ပို၍အံ့ဩရလေတော့သည် (၁ ကော၊ ၅း၁၊၂)။ ထိုသို့ဖြင့် ပေါလုသည် အကျင့်ပျက်ပြားသူအား ပြုပြင်ရန်သာမက ယုံကြည်ခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအကြား ကွဲလွဲနေသောအသင်းတော်ကို ပြုပြင်ရန် ရည်ရွယ်တော့သည်။ ပေါလုသည် မိမိတို့အသင်းတော်အတွင်း မိခင်နှင့် လင်မယားမှုပြုသောသူအပေါ် သည်းခံခွင့်လွှတ်နေသောအပြုအမူကိုပြုပြင်ရန်အမြဲထုတ်ဖော်ပြောဆိုခဲ့သည်။ သို့သော် ထိုကဲ့သို့ဆိုးရွားကာ ကာမဂုဏ်ကိုဂုဏ်ယူဝင့်ကြွားနေကြသည့်အပြင် ယင်းကိုဂုဏ်တင်ပြောဆိုနေကြသေးသည် (၁ ကော၊ ၅း၂၆)။ ဤသည်မှာ ပေါလုအတွက် ခံရခက်လွန်းသည်။ ဤလူတို့၌ မည်သည်က မှားနေသနည်း။



ကောရိန်သုအသင်းတော်သည် ထိုသို့သောမိသားစုအတွင်း ကာမဂုဏ်ဖောက်ပြန်သူကို အဘယ်ကြောင့် ဤမျှအထိ သည်းခံခဲ့ရသနည်းဟူသော အချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့တွင် ခိုင်လုံသောရှင်းလင်းချက်မရှိပါ။ ထိုသူသည် အသင်းတော်အတွက် အကျိုးပြုနေသော ချမ်းသာကြွယ်ဝသည့် အသင်းဝင်တစ်ဦးဖြစ်နေသောကြောင့်လော။ သို့မဟုတ် ‘ငါသည် ခပ်သိမ်းသောအရာတို့ကို ပြုပိုင်သည်’ (၁ ကော၊ ၆း၁၂) ဟူသောအယူအဆကြောင့် ဤကိစ္စကို ထားရှိသင့်သည့်သဘောထားအတိုင်း မထားရှိခဲ့ကြခြင်းလော။ ကျွန်ုပ်တို့အနေဖြင့် အတိအကျမသိရှိနိုင်ပါ။

အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အကြောင်းရင်းများမှာ မည်သို့ပင်ရှိစေကာမူ ကောရိန်သုအသင်းတော်သားတို့သည် သမ္မာကျမ်းစာပါ ပြတ်သားသောပညတ်တော် (ဝတ်ပြု၊ ၁၈း၇-၈) ကို သိသိသာသာချိုးဖောက်နေခြင်းအပေါ် မျက်ကွယ်ပြုခဲ့ကြသည်။ ထိုမျှမကသေးဘဲ သူတို့သည် ထိုသို့သောအခြေအနေမျိုးကိုပင် ဂုဏ်ယူဝါကြွားနေခဲ့ကြပါသလော။

ကျမ်းစာမှရှု့ချနေသည့်တိုင် “မေတ္တာနှင့် လက်သင့်ခံခြင်းအားဖြင့်” အသင်းတော်သည် သည်းခံခွင့်လွှတ်နေသည်အရာ မည်သည်များရှိနိုင်မည်နည်း။

**တနင်္လာနေ့** **ဇူလိုင်လ ၂၀ ရက်**

**အရှုပ်အရှင်းများနှင့်ရင်ဆိုင်ခြင်း**

လိင်ဆိုင်ရာကိစ္စများဖြေရှင်းရသည်မှာ ခက်ခဲလှသည်။ ပေါလုသော်လည်းကောင်း၊ ကျွန်ုပ်တို့အတွက်ပါ ခက်ခဲနေပေသည်။ ဤအခြေအနေမျိုးတွင်သမ္မာကျမ်းစာအပေါ် သစ္စာရှိ၍ ထိုပြဿနာကို ဆုတောင်းခြင်းနှင့် မေတ္တာဖြင့်ဖြေရှင်းရပါမည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ပြန်လည်ထူထောင်ခြင်းဖြစ်သည်ကို မည်သည့်အခါမှ မမေ့သင့်ပါ။

၁ ကော၊ ၅း၁-၁၃ ကိုပြန်ဖတ်ပါ။ ဤအခြေအနေမျိုးတွင် ပေါလုသည်

မည်သို့ဖြေရှင်းရမည် ဆိုသနည်း။

၁ ကော၊ ၅ တွင် လိင်ဆိုင်ရာ အရှုပ်တော်ပုံနှင့် ပတ်သက်၍ အသင်းတော်တွင် စည်းမျဉ်းစည်းကမ်းလိုအပ်ကြောင်း ပေါလုသည် ရှင်းလင်းစွာတင်ပြထားပါသည်။ သွေးရင်းသားရင်းနှင့် လိင်ဖောက်ပြန်သူကို မိမိတို့အထဲမှနှင်ထုတ် (၁ ကော၊ ၅း၂)၊ စီရင် (၁ ကော၊ ၅း၃)၊ စာတန်လက်သို့အပ်နှံ (၁ ကော၊ ၅း၅)၍ မိမိတို့အထဲမှ နှင်ထုတ်ရမည် (၁ ကော၊ ၅း၁၃) ဆို၏။ အသင်းတော်အဖွဲ့ဝင်တို့ သည် "ထိုသူနှင့် မပေါင်းဖော်ရ" (၁ ကော၊ ၅း၉၊၁၁)၊ "ထိုလူနှင့်အတူ စားသောက်ခြင်းကိစ္စကို မျှမပြုရ" (၁ ကော၊ ၅း၁၁) ဟုဆိုသည်။

ပေါလုသည် ခက်ထန်သောစကားလုံးများကိုပင် သုံးနှုန်းခဲ့ရာ ခေတ်ပေါ်နားများတွင် ရိုင်းစိုင်းသောသံစဉ်ပင် ဖြစ်နိုင်သော်လည်း သူ၏စကားလုံးများကို သမိုင်းဆိုင်ရာအကြောင်းအရာများဖြင့် နားလည်ပေးရပါမည်။ တစ်စုံတစ်ဦးသည် အပြစ်ရှိသောအသက်တာပုံစံရှိကြောင်း ထင်ရှားသောသူနှင့် ဆက်ဆံနေရသည်ကို မြဲမြဲမှတ်ထားကြရပါမည်။ လွန်ကဲသောအခြေအနေရောက်သောအခါ ခက်ထန်သောစကားလုံးများကိုပင် လိုအပ်လေ့ရှိသည်။ အမှုတစ်ခုခုတွင် အတိုချုံး ရှင်းလင်းချက်နှင့် အသုံးအနှုန်းအချို့တို့သည် အထောက်အမ ပြုနိုင်ပေလိမ့်မည်။

"သင်တို့အထဲမှ နှင်ထုတ်လော့" (၁ ကော၊ ၅း၂၊၁၃) အသင်းတော်၏ စည်းမျဉ်းစည်းကမ်းကို ဆိုလိုသည်။

"စာတန်လက်သို့ အပ်နှံလော့" (၁ ကော၊ ၅း၅)။ ဤသူသည် ဘုရားသခင်အားနာခံခြင်းဖြင့် ရှင်သန်၍ ဘုရား၏ကွယ်ကာခြင်းအောက်တွင်နေခြင်းကို ငြင်းပယ်ရန်သာ ရွေးချယ်သဖြင့် စာတန်အတွက်သာဖြစ်ရမည်။ ဤအဆိုသည် "မိမိရွေးချယ်ဆုံးဖြတ်ခြင်း၏ အသီးကိုသာ ရိတ်သိမ်းပါစေ" ဟူသော အဆိုဖြစ်၏။

"မပေါင်းဖေါ်ရ" (၁ ကော၊ ၅း၉၊၁၁)၊ "ထိုလူနှင့်အတူ စားသောက်ခြင်းကိစ္စကိုမှ မပြုရ" (၁ ကော၊ ၅း၁၁)။ လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်ပြားသူတို့နှင့် အနီးကပ်ပေါင်းသင်းခြင်းဖြင့် တစ်ပါးသူတို့အား ၎င်းတို့မှ လွှမ်းမိုးလျက် အပြုအမူများကိုပါ ကူးဆက်စေနိုင်သဖြင့် အန္တရာယ်လူသားဖြစ်ကြသည်။ ရှေးခေတ်တွင် အတူစားသောက်ခြင်းသည် တန်ဖိုးထားမှုများကို ဖလှယ်ခြင်းဖြစ်တန်ရာသည်။ ကျွန်ုပ်တို့သည် မိမိတို့ပတ်ဝန်းကျင်၏ လွှမ်းမိုးခြင်းခံရလွယ်သောကြောင့် ဤသို့ကြုံဆုံရသောအခါ မိမိကိုယ်ကိုယ် အကောင်းဆုံးကာကွယ်ရန်လိုသည်။

"ထိုသူ၏ ဝိညာဉ်သည် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း" (၁ ကော၊ ၅း၅)။ အသင်းတော်၏စည်းမျဉ်းကို ပြန်လည်ထူထောင်ရပါမည်။ ၎င်းသည် အပြစ်ရှိသူများကို သတိရ၍ အပြစ်ပါသောအသက်တာပုံစံများအား စွန့်လွှတ်စေရန် ရည်ရွယ်သည်။ ပေါလုသည် "ကိုယ်ခန္ဓာပျက်စီးခြင်းငှာ" (၁ ကော၊ ၅း၅) ဟုဆိုခဲ့ခြင်း၏ အဓိပ္ပာယ်ဖြစ်နိုင်သည်။ ထို့ပြင် ၁ ကော၊ ၅ တွင် ဖော်ပြထားသော မိမိ မိခင်နှင့်ကာမပြုသူသည် နောင်တွင် ရည်ညွှန်းထားသောနောင်တရသူ (၂ ကော၊ ၂း၅-၁၀) ဖြစ်နိုင်သည်ဟု ဆိုနိုင်သည်။ အမှားပြုမိသောအသင်းဝင်တစ်ဦးသည် အသင်းတော်၏မိသားစုဝင်အဖြစ် ပြန်လည်ပေါင်းစည်းခွင့် ရရှိလာသောအခါ အသင်းတော်၏ စီရင်ခြင်းသည် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်ကိုရရှိသည်ဟု ဆိုနိုင်သည်။

**အင်္ဂါနေ့ — ဇူလိုင်လ ၂၁ ရက်**

**အသင်းတော်၏အမှတ်သညာကိုကာကွယ်ခြင်း**

၁ ကော၊ ၆း၁-၁၁ တွင် ပေါလုသည် အသင်းတော်အတွင်း ပြဿနာကောင်များကို ချဉ်းကပ်ရမည့်ပုံစံကို ဆက်လက်ဆွေးနွေးထားသည်။

၁ ကော၊ ၅း၃၊၁၂၊၁၃ နှင့် ၁ ကော၊ ၆း၁-၁၃ ကိုဖတ်ပါ။ ကောရိန်သုလူတို့နှင့် ကျွန်ုပ်တို့ကို မည်သို့သွန်သင်ပေးသနည်း။

---------------------------------------------------------------

၁ ကော၊ ၆း၁ တွင် "အမှု" အနက်ရှိသော ဂရိဝေါဟာရ (Pragma) သည် ယေဘုယျအသုံးအနှုန်းအားဖြင့် "အရာကိစ္စ" သာဖြစ်သည်။ ဤနေရာတွင် ဥပဒေဆိုင်ရာအမှုပင်ဖြစ်လာသည်။ ၁ ကော၊ ၆း၁-၁၁ သည် မှုခင်းကိစ္စကို မဆိုလိုသည်ကို မှတ်သားထားရပါမည်။ အရပ်ဘက်တရားရုံး၏ အခွင့်အာဏာကိုလည်း ရောမ၊ ၁၃း၁-၅ တွင် အတည်ပြုခဲ့ပြီး ဖြစ်သည်။ ပေါလုဆိုလိုသည်မှာ တရားဟော၊ ၂၂း၂၂-၂၄ တွင် မောရှေပြုသကဲ့သို့ လိင်ဆိုင်ရာဖောက်ပြန်မှုတစ်ခုရှိသည်နှင့်တစ်ပြိုင်နက် တရားစွဲဆိုခြင်းရှိခဲ့သည်ကို ဆိုလိုသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ပေါလုသည် အသင်းတော်၌ ပြဿနာတစ်ခုခုကို ကျမ်းစာအခြေခံ၍ ဖြေရှင်းခဲ့ကြောင်း ထင်ရှားသည်။

၁ ကော၊ ၆း၁-၁၁ ၏အမှုကို လိင်အကျင့်ယိုယွင်းမှုနှင့်ပတ်သက်သော ကျမ်းပိုဒ်များဖြင့် ကွင်းပိတ်ထားရာ (၁ ကော၊ ၅ နှင့် ၁ ကော၊ ၆း၁၂-၂၀)၊ ၁ ကော၊ ၆း၁ ရှိ "အမှု" သည်လည်း လိင်ဆိုင်ရာဖောက်ပြန်မှုပင်ဖြစ်လိမ့်မည်။ ထိုအမှုသည် အရပ်သားပြဿနာ၊ ပိုင်ဆိုင်မှုပဲလား၊ လိင်မှုပဲလား အတိအကျ မသိရှိရပါ။ ထိုအမှု (Pragma) သည် မည်သည်ပင်ဖြစ်စေ၊ အသင်းဝင်သူတို့သည် ၎င်းကို အရပ်တရားရုံးသို့ ယူဆောင်သွားသည်ကို ပေါလုမနှစ်သက်ပါ။ သူတို့သည် ညီအစ်ကိုမောင်နှမများအဖြစ်ဖြင့် "သာသနာပလူ" (၁ ကော၊ ၆း၁) တို့ထံ မယူဆောင်ဘဲ ကိုယ်ရေးကိုယ်တာကိစ္စကို ဖြေရှင်းသင့်ကြပါသည်။

တချို့၏ ခန့်မှန်းချက်အရ ၁ ကော၊ ၆း၁ ၌ တရားစွဲဆိုခြင်းသည် ၁ ကော၊ ၅း၁ အရ ဖခင်နှင့် သားဖြစ်တန်ရာသည်။ အမှုတစ်ခုခုတွင် ပြဿနာနှင့်အချက်ကို နားလည်ရန် လိုအပ်သည်။ ပေါလုသည် အပြင်လူသူတို့၏ အမြင်တွင် ခရစ်ယာန်အသိုင်းအဝိုင်းဖြစ်နေသဖြင့် အသင်းတော်၏အမှတ်အသားကိုလည်း ဂရုစိုက်ခဲ့သည်။ ခရစ်ယာန်တို့သည် အဝတ်ညစ်များကို လူမြင်ကွင်းတွင် ချိတ်မလှန်းသင့်ပါ (၁ ကော၊ ၆း၆)။ အိမ်တွင်းကိစ္စကို လောကနည်းလမ်းများဖြင့် မဖြေရှင်းသင့်ပါ။

ရောမတို့၏လောကတွင် ချမ်းသာကြွယ်ဝသူများနှင့် နိုင်ငံရေးအာဏာ



ရပုဂ္ဂိုလ်တို့သည် မျက်နှာသာရကာ ဘက်လိုက်ခြင်းပိုရတတ်ကြလေသည်။ အပြန်အလှန်အားဖြင့် ခရစ်ယာန်တို့သည် လောကစံနှုန်းများဖြင့် မိမိတို့ကို တရားစီရင်မခံဘဲ ခရစ်တော်နှင့်တူသော တရားစီရင်ခြင်းပြုသင့်သည်။

၁ ကော၊ ၅း၁၀၊၁၁ နှင့် ၁ ကော၊ ၆း၉၊၁၀ တို့တွင် ပေါလု၏အပြစ်စာရင်းကို တွေးတောဆင်ခြင်ပါ။ ပေါလုသည် ရုပ်တုကိုးကွယ်ခြင်း၊ ခိုးဝှက်ခြင်း၊ လောဘရမ္မက်နှင့် ငွေညှစ်ခြင်း စသည်တို့ကို လိင်ပိုင်းဆိုင်ရာအပြစ်များနှင့်အတူ အဘယ်ကြောင့် စီရီထားသနည်း။

**ဗုဒ္ဓဟူးနေ့** **ဇူလိုင်လ ၂၂ ရက်**

**လိင်အကျင့်ယိုယွင်းခြင်းအတွက်ဖြေဆေး**

၁ သက်၊ ၄း၁-၈ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်သည် သန့်ရှင်းခြင်းနှင့် လိင်အကျင့်ပျက်ပြားခြင်းအား ရှောင်ကြဉ်နေခြင်းတို့၏ ဆက်စပ်မှုကို မည်သို့ဆိုသနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

အထက်ပါအချက်တို့ကို ပေါလုသည် တစ်ပါးသူတို့ထံရေးသားသည် ဖြစ်သော်လည်း ၎င်း၏ဥပဒေသကိုမူကား ခရစ်ယာန်အားလုံးတို့သည် ကျယ်ပြန့်စွာအသုံးပြုနိုင်သည်။ ဤအချက်အား မေးခွန်းထုတ်စရာသည် ကောရိန်သုတွင် မည်သည်တို့ဖြစ်ပျက်နေသနည်း။ ဤပြဿနာအလုံးစုံတို့သည် အဘယ်ကြောင့်နည်း။

ကောရိန်သုလူအချို့တို့သည် ဧဝံဂေလိတရားတော်မှ မိမိတို့အား လွတ်မြောက်စေခဲ့ပြီးသည်နှင့်ပင် မိမိတို့သည် အရာခပ်သိမ်းတို့အား ပြုလုပ်နိုင်သည်ဟု ဆိုကြ၏။ ၎င်းတို့က အစားအသောက်သည် ဝမ်းအဖို့ဖြစ်၍ ခန္ဓာကိုယ်သည် ကာမအတွက်၊ ကာမသည်လည်း ခန္ဓာကိုယ်အတွက်ဖြစ်သည် ဆိုကြ၏ (၁ ကော၊ ၆း၁၃)။ ဤသည်တို့သည် ခရစ်ယာန်လွတ်လပ်ခြင်းကို

အလွဲပြုခြင်းဖြစ်ကြောင်းဖြင့် ပေါလုကတုံ့ပြန်၏။

လိင်ကိစ္စတွင် သမာသိ မရှိခြင်းသည် ခရစ်ယာန်အမှတ်အသားနှင့် မကိုက်ညီကြောင်းနှင့် ဧဝံဂေလိ တရားတော်အားဖြင့် ရရှိထားသောလွတ်လပ်မှုအား အလွဲသုံးခြင်းဖြစ်သည် (ရောမ၊ ၈း၂။ ဂလာတိ၊ ၅း၁၃)။ အမှန်မှာ "ကိုယ်ခန္ဓာသည် သခင်ဘုရားအဖို့၊ သခင်ဘုရားသည်လည်း ကိုယ်ခန္ဓာအဖို့ ဖြစ်သည်" (၁ ကော၊ ၆း၁၃)။ မိမိတို့သည် ခရစ်တော်၏အင်္ဂါ (၁ ကော၊ ၆း၁၅) ဖြစ်၍ မိမိတို့၏အဖြစ်သည် မိမိတို့အပြုအမူအား သက်ရောက်မှုရှိရမည်။ တစ်ခုသည် အခြားတစ်ခုနှင့် ရှုပ်ထွေးစွာပင်ဆက်စပ်နေသည်။ ဤသည်ကို ၁ ကော၊ ၆ တွင် ကွဲပြားခြင်း သုံးမျိုးဖြင့် သရုပ်ပြထားသည်။

**ပထမ** ၊ "သခင်ယေရှု၏နာမတော်နှင့် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်" (၁ ကော၊ ၆း၁၁) မိမိတို့အား ဆေးကြော၊ သန့်ရှင်း၊ ဖြောင့်မတ်ရာသို့ရောက်စေသည်ဆို၏။ ၁ ကော၊ ၆း၉၊၁၀ တွင် စီရီထားသောအပြစ်တို့သည် ၁ ကော၊ ၆း၁၂-၂၀ တွင် လူသိရှင်ကြား ရှုံ့ချထားသောလိင်ဆိုင်ရာ ယိုယွင်းမှုများနှင့် အလားတူပင်ဖြစ်ရာ ဆေးကြော၊ သန့်ရှင်း၊ ဖြောင့်မတ်ရာသို့ရောက်သောသူတို့၏ အသက်တာတွင် နေရာမကျနိုင်ပါ။

**ဒုတိယ** ၊ မိမိတို့သည် "ခရစ်တော်၏အင်္ဂါ" (၁ ကော၊ ၆း၁၅) ဖြစ်ကြသည်။ အနက်ကား မိမိတို့သည် ခရစ်တော်နှင့် ပေါင်းဖော်ရပါမည် (၁ ကော၊ ၆း၁၇)။ လိင်ကိစ္စယိုယွင်းခြင်းသည် ထိုစုစည်းခြင်းကို ချိုးဖောက်ခြင်းဖြစ်သည် (၁ ကော၊ ၆း၁၃၊၁၅)။ ကာမ ပိုင်ရှင်ရှိလျက် ဖောက်ပြန်သောသူနှင့် ကာမဆက်ဆံခြင်းသည် ထိုသူနှင့်ပင် "တစ်သားတစ်ကိုယ်" (၁ ကော၊ ၆း၁၆) ဖြစ်၏။ ဝိညာဉ်တော်အားဖြင့် ခရစ်တော်နှင့် ပေါင်းဖော်ခြင်းသည် လိင်ကိစ္စရပ်များတွင် ခရစ်ယာန်ကျင့်ဝတ်၏ အဆုံးအဖြတ်ပေးရမည့်အခြေခံဖြစ်ရမည်။

**တတိယ** ၊ မိမိတို့၏ကိုယ်ခန္ဓာသည် "သန့်ရှင်းဝိညာဉ်၏ဗိမာန်တော်" (၁ ကော၊ ၆း၁၉၊၂၀) ဖြစ်၏။ လိင်ကိစ္စရပ်များတွင် သိက္ခာသမာဓိရှိရှိ ဖြူစင်စွာ



အသက်ရှင်နိုင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်အားဖြင့် ခရစ်တော်နှင့် ရင်းနှီးစွာပေါင်းဖော်ခြင်းသာလျှင်ဖြစ်သည်။ ရောမ၊ ၁၂း၁ တွင်လည်း "အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ" တို့ဖြင့် မိမိကိုယ်ခန္ဓာကို ဆက်သခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ခြင်းဟု ပေါလုဆို၏။

လိင်ဆက်ဆံမှုရမ္မက်ဖြင့် ပြစ်မှားခြင်းသည် လူသားပေါ် ကျရောက်စေသောပျက်စီးခြင်းကို ဆင်ခြင်ကြည့်ပါ။ ခရစ်ယာန်များအတွက် မည်မျှစိုးရိမ်ရသည်ကို ဖော်ပြသနည်း။

## ကြာသပတေးနေ့ ဇူလိုင်လ ၂၃ ရက်

## အိမ်ထောင်ပြုခြင်းနှင့်တစ်ကိုယ်ရေနေခြင်း

ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် "သန့်ရှင်းသောဝိညာဉ်၏ ဗိမာန်တော်" (၁ ကော၊ ၆း၁၉) ဖြစ်သည်ကို ပေါလု၏အတည်ပြုချက်သည် လိင်ကိစ္စရပ်များယိုယွင်းမှုအား သတိပေးနေခြင်းမှဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်၏ ဗိမာန်တော်ဖြစ်ခြင်းသည် ဖြူစင်သောအသက်တာရှင်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။ ခရစ်ယာန်အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို ခွဲခြားစေနိုင်သောအရာသည် အသင်းတော်ဖြစ်သည်။ ထိုသို့ဖြစ်နိုင်စေသောအရာသည် သန့်ရှင်းသောဝိညာဉ်၏ ကိန်းတော်မူခြင်းကြောင့်ဖြစ်သည်။

၁ ကော၊ ၆း၁၉ - ၇း၉ ကိုဖတ်ပါ။ ဤကျမ်းချက်သည် "မတရားသောမေထုန်ကို ကြဉ်ရှောင်ကြလော့" (၁ ကော၊ ၆း၁၈) ဟူသော အချက်ကို လက်တွေ့ကျင့်သုံးနိုင်ရန် မည်သို့မီးမောင်းထိုးပေးသနည်း။

---

လိင်ကိစ္စရပ်များနှင့်ပတ်သက်၍ ၁ ကော၊ ၇ တွင် ထင်ရှားသောသင်ခန်းစာများရှိသည်။ အကြမ်းဖျင်းပြောရသော် ဤအခန်းကြီးကို အပိုင်းကြီးနှစ်ပိုင်း ခွဲထားနိုင်သည်။ (၁) အိမ်ထောင်ရေးဆိုင်ရာညွှန်ကြားချက်များ (၁ ကော၊ ၇း၁-၂၄) နှင့် (၂) တစ်ကိုယ်ရေနေထိုင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ (၁ ကော၊ ၇း၂၅-၄၀) ဖြစ်သည်။ လိင်ကိစ္စရပ်များအကြောင်း ပြောဆို

ခြင်းသည် အရေးကြီးကြောင်းနှင့် ပြောသင့်ပြောထိုက်ကြောင်း သိက္ခမ်းနားလည်နိုင်ရန် ၁ ကော၊ ၇ သည် ထောက်မနိုင်၏။

မည်သို့ပင်ဖြစ်စေ ၁ ကော၊ ၇ ကိုဖတ်သောအခါ ကောရိန်သုအသင်းတော်၏ပြဿနာများနှင့် စပ်ဆိုင်သောမေးခွန်းများကို ပေါလုမှဖြေဆိုနေခြင်းဖြစ်သည်ကို မှတ်သားရပါမည်။ တစ်နည်းအားဖြင့် အဆိုတချို့တို့သည် အိမ်ထောင်ရေးကို တန်ဖိုးထားမှုနည်းသည်ဟု ထင်မြင်ယူဆစရာ ဖြစ်လာနိုင် သော်လည်း ထိုသို့ထင်မှတ်စရာအကြောင်းမရှိပါ (၁ တိ၊ ၄း၁-၃၊ ၅း၁၄။ ဟေဗြဲ၊ ၁၃း၄)။

၁ ကော၊ ၆း၁၈ တွင် သိသာသောအမိန့်တော်တစ်ခု "မတရားသောမေထုန်ကိုကြဉ်ရှောင်ကြလော့" ကို ခရစ်တော်နှင့်ပေါင်းဖော်ခြင်း (၁ ကော၊ ၆း၁၇) နှင့် ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ခြင်း (၁ ကော၊ ၆း၁၉) ဖြင့် ကွင်းပိတ်သွားခဲ့သည်။ ဘုရားသခင်သည် လိင်ကို ဖန်ဆင်းထားရာ အိမ်ထောင်ပြုခြင်းဖြင့်သာ ပျော်ပါးရပါမည်။ လိင်ဆက်ဆံခြင်းဟူသည် အိမ်ထောင်ပြုသော ကျား နှင့် မ တို့၏ သီးသန့်အခွင့်ထူးသာဖြစ်၍ ကျမ်းစာ၌ ဘုရားသခင်မှ ခွင့်ပြုထားသော တစ်ခုတည်းသောပုံစံဖြစ်သည်။

ပေါလုသည် "မတရားသောမေထုန်ကိုကြဉ်ရှောင်ကြလော့" ဟုဆိုရာတွင် ယောသ (ကမ္ဘာ၊ ၃၉း၆-၁၈) ကို စိတ်သို့မှီးထားတန်ရာသည်။ ပေါ်တီဖာ၏မယားသည် ကာမဂုဏ်တပ်မက်မှုမတိုးလာမီတွင် ယောသ သည် "အိမ်ပြင်သို့ထွက်ပြေးသည်" (ကမ္ဘာ၊ ၃၉း၁၈) ဟု ကျမ်းစာလာ၏။ ဤအကြောင်းကို ကမ္ဘာ၊ ၃၉း၆-၁၈ တွင် လေးကြိမ်ထက်မနည်းဖော်ပြထားသည်။ ကျမ်းစာ၌ တိုက်ရိုက်မဖော်ပြသည့်တိုင် ယောသသည်လည်း လိင်ဆက်ဆံခြင်း ပြုနိုင်ရန် အိမ်ထောင်ပြုခြင်းကို စောင့်ဆိုင်းနေကြောင်း ရည်ညွှန်းသည် (ကမ္ဘာ၊ ၄၁း၄၅)။ သူသည် သန့်ရှင်းသောဝိညာဉ်နှင့် ပြည့်ဝ၍ (ကမ္ဘာ၊ ၄၁း၃၈) ဘုရားသခင်၏ မျက်မှောက်တွင် မှန်ကန်သောအရာတို့ကိုသာ ပြုလိုသောပုဂ္ဂိုလ်ဖြစ်သည်။

မိမိတို့သည် အသင်းတော်တစ်ခုအနေဖြင့် အသင်းတော်၏ ယဉ်ကျေးမှုကိုလွှမ်းမိုးထားသော မမှန်ကန်သောအမြင်များမှ မိမိတို့ကို မည်သို့ကာကွယ်နိုင်မည်နည်း။



**သောကြာနေ့** **ဇူလိုင်လ ၂၄ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, “A Message of Warning and Entreaty”, pp. 298-308, in The Acts of The Apostles.

၁ ကော၊ ၅း၁၀၊၁၁ နှင့် ၁ ကော၊ ၆း၉၊၁၀ တို့တွင် စီရီထားသော ဒုစရိုက်စာရင်းတွင် ရုပ်တုကိုးကွယ်ခြင်းနှင့် သောက်စားမူးယစ်ခြင်းတို့ကို လိင်ကိစ္စရပ်ယိုယွင်းခြင်းနှင့်တန်းတူ စီရီထားသည်။ ပေါလုသည် ၁ ကော၊ ၁၀း၇ ကိုပြန်ခေါ်ရာတွင် (ထွက်၊ ၃၂း၁-၆ နှင့်ယှဉ်ဖတ်)။ ရုပ်တုပွဲတော်များတွင် လွန်လွန်ကျွံကျွံပင် သောက်စားလေ့ရှိခြင်းသည် လိင်ကိစ္စရပ် ယိုယွင်းခြင်းအတွက် တံခါးဖွင့်ပေးသည် (၁ ကော၊ ၁၀း၈) ဆို၏။

အီးဂျီဝှိုက်သည် "တစ်စုံတစ်ဦးသည် အတ္တနှင့်စားကြူးခြင်းရှိသ၍ သန့်ရှင်းစေခြင်း၏ ကောင်းကြီးမင်္ဂလာများကို မခံမယူနိုင်။ လူ့ခန္ဓာကိုယ်၏ သဘာဝခံနိုင်ရည်စွမ်းအားသည် မိမိ၌ဖြစ်ပေါ်လာသော ထိခိုက်မှုများကို ခံနိုင်ရည်ရှိရန် အံ့သြရလောက်သော်လည်း အလွန်အကျွံစားသောက်ခြင်းဖြင့်မှားယွင်းခြင်းကို ဆက်တိုက်ပြုလုပ်နေပါက ခန္ဓာကိုယ်၏လုပ်ဆောင်ချက်တိုင်းကို အားနည်းယိုယွင်းလာစေသည်။ သွေဖည်ချိုးဖောက်ခံရသော ခံတွင်းအရသာနှင့် ရမ္မက်တို့ကို ဖြည့်ဆည်းရာတွင် မိမိကိုယ်ကိုယ် ခရစ်ယာန်ဟု အမည်ခံသူများပင် မိမိ၏လုပ်ငန်းဆောင်တာတွင် မစွမ်းမသန်ဖြစ်စေ၍ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာစွမ်းအားများကို လျော့နည်းစေသည်" - Ellen G. White, The Sanctified Life, pp. 25, 26.

တစ်စုံတစ်ဦးသည် အတ္တကိုဖယ်ရှား၍ မှားယွင်းသောဘုရားများကို စိတ်ထဲမှထုတ်ပစ်သောအခါ လေဟာနယ်ထဲတွင် ခရစ်တော်၏ဝိညာဉ်တော် စီးဆင်းလာလေသည်။ ဤသို့သောသူသည် ချစ်ခြင်းမေတ္တာမှ လုပ်ဆောင်သောယုံကြည်ခြင်းရှိ၍ ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာညစ်ညူးခြင်းမှ မိမိဝိညာဉ်ကိုသန့်စင်စေ၏" - Ellen G. White, The Home Missionary, November, 1889.

“ထာဝရဘုရားသည် ကျွန်ုပ်ကို မြင့်မြတ်သန့်ရှင်းသောကောင်းကင်၏ စံနမူနာသို့ မြှင့်တင်လို၏။ ဤရည်ရွယ်ချက်ဖြင့် သူ့ဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ် အားထုတ်နေ၏။ ဘုရားသခင် ဝိညာဉ်တော်၏ တည့်မတ်စေခြင်း မရှိသော ကျွန်ုပ်တို့၏ သဘာဝသဘောထားများသည် ၎င်းတို့အထဲတွင် ကိုယ်ကျင့်တရား၏သေခြင်းမျိုးစေ့သာ ရှိ၏” - Ellen G. White, Manuscript 12, 1888.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ကောရိန်သု၌ ယုံကြည်သူများစွာတို့သည် ယဉ်ကျေးမှုဆိုင်ရာ သဘောတူညီချက်ကိုရယူလိုသောဆန္ဒကို ထုတ်ဖော်ခဲ့သည်။ ၎င်းသည် ခရစ်ယာန်အမှတ်သညာ တွက်အဘယ်ကြောင့် အန္တရာယ်များသနည်း။ ၎င်းအမှားမျိုးမပြုမိရန် မိမိကိုယ်ကိုယ် မည်သို့ကာကွယ်မည်နည်း။**

**၂။ ဆွဲဆောင်မှုရှိသော ပေါလု၏မေးခွန်း “သင်တို့၏ကိုယ်ခန္ဓာသည် သန့်ရှင်းသော ဝိညာဉ်၏ ဗိမာန်တော်ဖြစ်သည်ကို မသိကြသလော” (၁ ကော၊ ၆း၁၉) သည် ၁ ကော၊ ၅-၆ တွင်းရှိ “မသိသလော” (၁ ကော၊ ၅း၆။ ၁ ကော၊ ၆း၂၃၊၉၊၁၅၊၁၉) ၏ပုံသေနည်းဖြင့် မိတ်ဆက်ပေးသော မေးခွန်းခုနစ်ခုဖြင့် ကွင်းပိတ်သွားသည်။ အားလုံးတို့သည် ခိုင်မာလေးနက်သောအဖြေတို့ကို တောင်းဆိုရာ “ဟုတ်ပါသည်” ဟူသော အဖြေဖြစ်သည်။ ပေါလုသည် အသင်းတော်အတွက် စိုးရိမ်သည်ကို နားလည်နိုင်ရန် ဤမေးခွန်းတို့သည် မည်သို့ထောက်မသနည်း။ မိမိတို့သည်လည်း ဤသည်တို့ကို အဘယ်ကြောင့် စိုးရိမ်သင့်သနည်း။**

**၃။ ထိမ်းမြားခြင်းသည် ဘုရားထံမှဖြစ်၍ (ကမ္ဘာ၊ ၁း၂၇၊၂၈။ ၂း၁၈-၂၄) အသရေရှိစေရမည် (ဟေဗြဲ၊ ၁၃း၄)။ လူသူတို့သည် ခေတ်နောက်ကျသည်ဟု ပြောဆိုနေချိန်တွင် မိမိတို့သည် ထိမ်းမြားခြင်းဟူသည် ဧဒင်ကပင် ဘုရားပေးဆုလာဘ်စစ်မှန်ကြောင်း လောကသို့ မည်သို့ခင်းကျင်းပြသရမည်နည်း။**

-ဝ-



**သင်ခန်းစာ (၅)**

# အရာခပ်သိမ်းဘုရားဘုန်းတော်အတွက်သာ

ဇူလိုင်လ ၂၅ – ဇူလိုင်လ ၃၁

## ဥပုသ်နေ့မွန်းလွဲပိုင်း ဇူလိုင်လ ၂၅ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၈။ တမန်၊ ၁၅း၂၀။ ၁ ကော၊ ၉း၁-၆။ ၁ ကော၊ ၁၀း၅-၂၂။ တရားဟော၊ ၆း၄၊၅။ မာကု၊ ၁၂း၂၈-၃၁။

**အလွတ်ကျမ်းချက်**

**“သင်တို့သည် စားသော် လည်းကောင်း၊ သောက်သော် လည်းကောင်း၊ မည်သည့်အမှုကိုပြုသော် လည်းကောင်း၊ ဘုရားသခင်၏ ဘုန်းတော်ကိုထောက်၍ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော့” (၁ ကော၊ ၁၀း၃၁)။**

၁ ကော၊ ၈ မှ ၁၀ တို့သည် (၅-၆)ပါ လိင်ကိစ္စရပ်များအပေါ် ဆွေးနွေးစရာများကို နိဂုံးချုပ်ရုံသာမက ကောရိန်သုလူတို့အား (၁ ကော၊ ၇း၁) တွင် ပေးစာဖြင့်မေးထားသော မေးခွန်းတချို့အတွက် ပေါလု၏အဖြေများကို မိတ်ဆက်ပေးပါသည်။။ ဤအဖြေတို့သည် ကြွင်းသေးသော ၁ ကော တစ်ခုလုံးကိုပင် စိုးမိုးထားပေလိမ့်မည်။

၁ ကော၊ ၇ ၏ ဆင့်ကူးဖော်ပြချက်အရ လိင်ကိစ္စအကျင့်ပျက်မှု (အခန်းကြီး ၅-၇)နှင့် ရုပ်တုကိစ္စ (အခန်းကြီး ၈-၁၀)တို့သည် ဆက်စပ်သော ခေါင်းစဉ်များဖြစ်သည်။ ၎င်းတို့ကို ကျမ်းစာသည် အတူတွဲဖော်ပြလေ့ရှိသည် (တမန်၊ ၁၅း၂၀၊၂၉။ တမန်၊ ၂၁း၂၅။ ၁ ကော၊ ၆း၉။ ဗျာ၊ ၅း၅၊ ကောလောသဲ၊ ၃း၅။ ဗျာ၊ ၂း၈။ ဗျာ၊ ၂၂း၁၅)။

ယေဘုယျအားဖြင့် ၁ ကော၊ ၅-၇ တွင် ပေါလုသည် လိင်ကိစ္စ

အကျင့်ပျက်မှု၊ ၁ ကော၊ ၈-၁၀ တွင် သူ၏အဲ-ကစိုးရိမ်ခြင်းသည် ရုပ်တုပြဿနာဟုဆိုသည်။ ခရစ်ယာန်တို့သည် ဤနှစ်ခုလုံးအား ကြဉ်ရှောင်ရမည်ဆို၏ (၁ ကော၊ ၆း၁၈။ ၁ ကော၊ ၁၀း၁၄)။ လွန်ခဲ့သောအပတ်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ခြင်း (၁ ကော၊ ၆း၁၉၊၂၀)နှင့် လိင်ကိစ္စ အကျင့်ပျက်မှုကို ကြဉ်ရှောင်နိုင်ကြောင်း မြင်တွေ့ခဲ့ပြီးဖြစ်သည်။

ယခုတစ်ပတ်တွင် "ဘုရားသခင်၏ ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြု" (၁ ကော၊ ၁၀း၃၁) ခြင်းဖြင့် တစ်စုံတစ်ဦးသည် ရုပ်တုကိစ္စကိုလည်း ကြဉ်ရှောင်နိုင်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရပါမည်။

**တနင်္ဂနွေနေ့** **ဇူလိုင်လ ၂၆ ရက်**

## အသိပညာနှင့်အချစ်

၁ ကော၊ ၈း၁-၁၃ ကိုဖတ်ပါ။ အသိပညာနှင့်အချစ်ကို ပေါလုသည် အဘယ်ကြောင့် နှိုင်းယှဉ်ရပါသနည်း။ မည်သည့်အချက်ကို ပြောလိုသနည်း။

ပေါလုသည် ရုပ်တုတို့ရှေ့၌ပူဇော်ထားသော အစားအစာ၏ဥပလ္လသေကို သာ၍နက်နဲသောပြဿနာတစ်ခုအဖြစ် သူတစ်ပါးအပေါ်မေတ္တာမရှိခြင်း (၁ ကော၊ ၈)ကို အသုံးပြုခဲ့သည်။ ရုပ်တုတို့ရှေ့၌ ပူဇော်ထားသော အစားအစာကိစ္စသည် ကောရိန်သုအသင်းတော်ကို နှစ်ဖွဲ့ကွဲစေသည်။ အချို့က ရုပ်တုဟူသည်မှာ အရှိတရားမဟုတ်ဟု သိရှိနားလည်ခြင်းကြောင့် မိမိတို့တွင်မည်သည့်အရာကိုမဆို စားသုံးပိုင်ခွင့် ရှိသည်ဟု ယုံကြည်ကြသည် (၁ ကော၊ ၈း၄)။ ၎င်းတို့ကို "အစွမ်းသတ္တိရှိသူများ"ဟု ရည်ညွှန်းပါသည်။ ဤသို့ပြုမူခြင်းကို ကန့်ကွက်သူများကိုမူ "အားနည်းသူများ"ဟု ခေါ်ဆိုပါသည်။ (၁ ကော၊ ၈း၉-၁၂)။

ပေါလုသည် ၎င်းတို့အား ထိုသို့သမုတ်ရခြင်းသည် ၎င်းတို့ယခင်က ရိုးရာနတ်ကိုးကွယ်မှု အတွေ့အကြုံမှဆင်းသက်လာသော အယူသီးမှုများကို မကျော်လွှားနိုင်သောကြောင့်ဖြစ်သည်။ ရုပ်တိုတို့ရှေ့၌ ပူဇော်ထားသော



အစားအစာကို "အစွမ်းသတ္တိ" ရှိသူများ စားသောက်သည်ကိုမြင်လျှင် ခရစ်ယာန်ဘာသာနှင့် ရုပ်တုကိုးကွယ်ခြင်းသည် အတူယှဉ်တွဲ နေထိုင်နိုင်သည်ဟု ကောက်ချက်ချနိုင်သည်။ ထိုကြောင့် "အစွမ်းသတ္တိ" ရှိသူများသည် "အားနည်းသူ" များအတွက် ထိမိလဲစရာအကြောင်းဖြစ်စေခြင်းငှာ ပေါလုက မလိုလားခဲ့ပါ။

ရုပ်တုတို့ရှေ့၌ ပူဇော်ထားသောအစားအစာ စားသုံးခြင်းကို သမ္မာကျမ်းစာသည်အလွန်အပျက်သဘောဖြင့် ရှုမြင်ထားသည် (တမန်၊ ၁၅း၂၀၊၂၉။ ၂၁း၂၅။ ဗျာ၊ ၂း၁၄၊၂၀)။ သို့စေကာမူ ဤကျမ်းချက်တို့တွင် မြင်တွေ့ရသည် အတိုင်းပင် ပေါလုသည် အစွန်းရောက်သောကြေညာခြင်းမျိုး မပြုခဲ့ပါ။ ဤအချက်ကို ရှင်းပြရာတွင် ပေါလု၏အဲ-ကစိုးရိမ်မှုမှာ ပညာကို မှားယွင်းစွာ အသုံးချမိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ညီညွတ်မှုကင်းမဲ့ခြင်းပြဿနာ ပေါ်တွင် ဦးစားပေးအာရုံစိုက်ထားသောကြောင့် ဖြစ်သည်။

ပေါလုသည် ပညာကိုယ်၌ကို မကောင်းသောအရာအဖြစ် မဝေဖန်ဘဲ အသင်းတော်အတွင်း ကွဲလွဲမှုဖြစ်စေနိုင်သော မောက်မာမှုနှင့် ပညာအမျိုးအစားကိုသာ ဆန့်ကျင်နေခြင်းဖြစ်သည်။ မေတ္တာမပါသော ပညာသည်လည်း စစ်မှန်သောပညာမဟုတ်ပါ (၁ ကော၊ ၈း၂)။ စစ်မှန်သောပညာဟူသည် တစ်စုံတစ်ဦးသည် ဘုရားသခင်ကိုချစ်၍ ဘုရားသခင်သိစေတော်မူသော သူတို့၌သာ ဖြစ်ထွန်း၏ (၁ ကော၊ ၈း၃)။

ပေါလုသည် တရားဟောရာကျမ်း ၆း၄ ကိုကောက်နုတ်ကာ ယုံကြည်သူတို့သည် ထာဝရဘုရားတစ်ဆူတည်းသာရှိကြောင်းသိရမည် (၁ ကော၊ ၈း၄-၆) ဆိုသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ တရားဟော၊ ၆း၄၊၅ ၏ခံယူချက်နှင့်အတူတူဖြစ်သော "သင်၏ဘုရားသခင် ထာဝရဘုရားကို ချစ်လော့" ဟူသောအတွေးအခေါ်ကို လိုက်နာထားသည်။ ပေါလုရော မောရှေပါ ၎င်းတို့အတွက် မေတ္တာမပါသောပညာသည် အနတ္တသက်သက်ဖြစ်၏။

"အစွမ်းသတ္တိ" ရှိသူများသည် မိမိတို့၏ပညာကိုယုံ၍ ရုပ်တုတို့ရှေ့၌ ပူဇော်ထားသော အစားအစာစားသုံးခြင်းသည် အန္တရာယ်မရှိဟု ယုံကြည်၏။

ပေါလုသည် အချို့သောအခြေအနေအောက်တွင် ၎င်းတို့အား ဤအခွင့်အရေးကို လက်ခံခဲ့ကြောင်း ဤဖွာဟူးနှင့် ကြာသပတေးနေ့တို့တွင် တွေ့ရမည်။ သို့တိုင် "အားနည်းသူ"တို့အတွက် "ထိမိလဲစရာ"ဖြစ်လာသောအခါ ကြဉ်ရှောင်ရပါမည် (၁ ကော၊ ၈း၉)။

ပညာမပါသောမေတ္တာသည် မကောင်းသောအရာ ဖြစ်လာသည် (၁ ကော၊ ၈)ဟု ပေါလုက ငြင်းချက်ထုတ်သည်။ မည်သည့်အခြေအနေမျိုးတွင် ပညာမပါသောမေတ္တာသည် အဆိုးဖြစ်နိုင်မည်နည်း။

**တနင်္လာနေ့** **ဇူလိုင်လ ၂၇ ရက်**

**ကိုယ်ကျိုးမဖက်သောမေတ္တာ**

၁ ကော၊ ၉း၁-၆ ကိုဖတ်ပါ။ မေတ္တာဖြင့် ကိုယ့်ကိုယ်ကိုယ်ငြင်းပယ်ခြင်း၏ အနက်ကို လက်တွေ့နမူနာတစ်ခုအဖြစ် မည်သို့ဖော်ပြထားသနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

၁ ကော ၉ ၌ မြင်မြင်ခြင်းတွင် ပေါလုသည် မိမိ၏တမန်တော်ဘဝကို ကာကွယ်နေသည်နှင့် တူနေ၍ အရင်ဦး ဆွေးနွေးထားသောပညာသည် မေတ္တာနှင့် ဘာမျှမပတ်သက်ပါ။ ကျမ်းစာကို အခန်းကြီး/ငယ် ခွဲရေးထားသည်မဟုတ်သည်ကိုလည်း မမေ့အပ်ပါ။ ၁ ကော၊ ၉ တွင် ပေါလုသွန်သင်ထားသောအရာများသည် ရှေးဦးအရာများနှင့် မပတ်သက်သည်မဟုတ်ပါ။ ၁ ကော၊ ၉ သည် လက်တွေ့နမူနာကျသော ခရစ်တော်နှင့်တကွ မိမိတို့ညီအစ်ကိုအတွက် အတ္တကင်းသောမေတ္တာဖြစ်သည်။ မေတ္တာကိုအကြောင်းပြု၍ ပေါလုသည် အခွင့်အရေးအနည်းငယ်ကို စွန့်လွှတ်ခဲ့ရသည်။

**"စားခြင်း၊ သောက်ခြင်း"** (၁ ကော၊ ၉း၄)။ ဤနေရာတွင် ယေဘုယျအား-ဖြင့် အစားအသောက်တို့သည် ငွေကြေးထောက်ပံ့ခြင်းဖြစ်သည်။ တမန်တော်တစ်ဦးအနေဖြင့် ပေါလုသည် သူကြည့်ရှုရသောသူများထံမှ ဥစ္စာပစ္စည်းထောက်ပံ့ခြင်း ရခွင့်ရှိ၏။ ထိုအချိန်ခါ ဘာသာရေးခေါင်းဆောင်များသည် ထိုသို့ပြုကြသော်လည်း ပေါလုသည်မပြုဘဲ တဲရှင်ချုပ်ခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်း၏ (တမန်၊ ၁၈း၃)။



**"ယုံကြည်သောမယားခေါ်လာခြင်း"** (၁ ကော၊ ၉း၅)။ အိမ်ထောင်ပြုထားသော တမန်တော်တစ်ဦးသည် သာသနာ့ခရီးတွင် မိမိဇနီးကို အသင်းတော်၏ ကုန်ကျစရိတ်ဖြင့် ခေါ်ပိုင်ခွင့်ရှိသည်။ သာသနာပြုဇနီးမောင်နှံ နမူနာတွင် ပြစ်ကိလနှင့် အာကုလ (ရောမ၊ ၁၆း၃)၊ အန္ဒြောနိတ်နှင့် ယုနိ (ရောမ၊ ၁၆း၇) တို့ပါဝင်သည်။ ပေါလုသည် အိမ်ထောင်မရှိသူဖြစ်သည် (၁ ကော၊ ၇း၈)။ သူသည်လည်း အိမ်ထောင်ပြုပါက သူနှင့်ဇနီးသည်အတွက်ပါ အသင်းတော်၏ စရိတ်ထောက်ပံ့ခြင်းကို ခံစားနိုင်မည်ဖြစ်သည်။

**"အလုပ်မလုပ်ဘဲနေရသောအခွင့်"** အသက်မွေးဝမ်းကျောင်းအတွက်၊ (၁ ကော၊ ၉း၆)။ ပေါလုနှင့် ဗာနဗတို့သည် သူတို့၏သာသနာ့ခရီးစဉ်အတွက် လုပ်အားခကိုရပိုင်ခွင့်ရှိကြသည် (၁ ကော၊ ၉း၄-၆)။ ပေါလုသည် တဲရှင် ချုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း (တမန်၊ ၁၈း၃)သော်လည်း၊ ဗာနဗ၏လုပ်ငန်းဆောင်တာကိုတော့ မသိရပါ။ သူသည် အလွန်ရက်ရောသဘောထား ကြီးသူဖြစ်ကြောင်း (တမန်၊ ၄း၃၆၊၃၇)၊ မိမိကိုယ်ကိုမိမိလည်း ထောက်ပံ့ရန် ဆန္ဒရှိ၏။

၁ ကော၊ ၉း၇-၁၁ တွင် ပေါလုသည် ၁ ကော၊ ၉း၆ ၏ အတွေးအခေါ်များကိုဖော်ဆောင်၍ သူနှင့်ဗာနဗတို့သည် အသင်းတော်၏ထောက်ပံ့မှုဖြင့် အသက်မွေးထိုက်ကြောင်း ပြောဆိုသည် (၁ ကော၊ ၉း၁၁၊၁၂)။ သခင်ဘုရားကိုယ်တော်တိုင် မိန့်တော်မူသည်ကား "ဧဝံဂေလိတရားကို ဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည်" (၁ ကော၊ ၉း၁၄။ ၁ တိ၊ ၅း၁၈)ဟူ၏။

သို့ပါလျက် ပေါလုသည် "ထိုအခွင့်အရေးကို ငါတို့မသုံး" (၁ ကော၊ ၉း၁၂)ဟု ဆိုသည်။ ဤနည်းအတိုင်း ပေါလုသည် မိမိကိုယ်ကိုငြင်းပယ်ခြင်း နမူနာကိုတင်ပြခဲ့၍ (၁ ကော၊ ၉း၁-၁၈) ကောရိန်သုတွင် ဧဝံဂေလိတရားတော်

ကိုဟောပြောရာ၌ အကျိုးအမြတ်ကိုငြင်းဆိုခဲ့သည် (၁ ကော၊ ၉း၁၉-၂၃)။

သင်သည် ခံစားခွင့်ရှိပါလျက်နှင့် ကျေးဇူးတော်ကို ထိထိရောက်ရောက် သက်သေခံနိုင်ရန် စွန့်လွှတ်ခြင်းဖြင့် သာ၍ကောင်းမြတ်သောအရာများသည် အဘယ်နည်း။

**အင်္ဂါနေ့** **ဇူလိုင်လ ၂၈ ရက်**

**အတိတ်မှသင်ခန်းစာယူခြင်း**

ပေါလုသည် မိမိကိုယ်ကိုငြင်းပယ်ခြင်း ကိုယ်တွေ့နမူနာကိုပြပြီးနောက် ရုပ်တုပြဿနာဘက်သို့ လှည့်လာပါသည်။ တစ်နည်းအားဖြင့် ၁ ကော၊ ၁၀ သည် ၁ ကော၊ ၉း၂၇ ၏အတွေးအခေါ်ကို ဆက်လက်တိုးချဲ့စေရာ သူသည် အရည်အချင်းမပြည့်မီသောသူမဖြစ်စေရန် စည်းကမ်းတကျ မိမိကိုယ်ကို လေ့ကျင့်ယူရသည်ဆိုသည်။ ကောရိန်သုလူတို့သည် သူ၏နမူနာကို လိုက်လျှောက်စေလိုသော်လည်း အကောင်းဆုံး နမူနာသည် ယေရှုပေတည်း (၁ ကော၊ ၁၁း၁)။

၁ ကော၊ ၁၀း၇-၁၁ ကိုဖတ်ပါ။ ကန္တာရတွင် ဣသရေလသည် မည်သည့်အပြစ်ကျူးလွန်၍ ၎င်းတို့အား ပေးထားသောအခွင့်ထူးသည်ပင် ၎င်းတို့၏ အပြစ်ကြောင့် မည်သို့ဆိုးဆိုးရွားရွားဖြစ်သွားသနည်း။

---

၁ ကော၊ ၁၀း၁-၅ တွင် ပေါလုသည် ကန္တာရခေတ်က ဘုရားသခင့်လူတို့၏ ရာဇဝင်တစေ့တစောင်းကို ပြောသွားခဲ့သည်။ မိုးတိမ်နှင့် ပင်လယ်တို့သည်ဘုရား၏ဦးဆောင်ခြင်း၊ ကိန်းတော်မူခြင်း၊ ကွယ်ကာခြင်းတို့ကို သတိရစေသည်။ သည့်ပြင် အစားအသောက်တို့သည် ဘုရားသခင်၏ပံ့ပိုးမှုဖြစ်သည်။ ဣသရေလသည် မိုးတိမ်အောက်နှင့် ပင်လယ်ထဲမှ အတွေ့အကြုံတို့ကို ပေါလုသည် ခရစ်ယာန်တို့၏ ရေနှစ်ခြင်းမင်္ဂလာနှင့် အလားတူစေ၏။ ၎င်းတို့၏ အစားအသောက်တို့ကိုလည်း သခင်ဘုရား၏ညစာကို ရည်ညွှန်း၏။



တစ်မျိုးဆိုရသော် ၁ ကော၊ ၁၀ သည် ခရစ်ယာန်တို့သည်လည်း ဣသရေလတို့ကြုံတွေ့ရသည့်အခြေအနေတွင် အသက်ရှင်ရသည်ကို သွန်သင်ပေးသည်။ ပေါလုသည် ၎င်းတို့၏ ရာဇဝင်ဟောင်းအတိုင်း ထပ်ခါထပ်ခါ ပြန်မဖြစ်စေလိုသောကြောင့် ပြန်သတိရစေခြင်းဖြစ်သည်။ ဣသရေလတို့သည် အခွင့်ထူးများစွာ ရရှိလင့်ကစား မြောက်များစွာတို့သည် ရုပ်တုကိုးကွယ်ခြင်း (၁ ကော၊ ၁၀း၇)နှင့် လိင်ကိစ္စအကျင့်ပျက်ခြင်း (၁ ကော၊ ၁၀း၈)ဟူသော မကောင်းသောအရာများကိုသာ တမ်းတကြ၏ (၁ ကော၊ ၁၀း၆)။ "များစွာသောသူတို့ကို ဘုရားသခင် အားရနှစ်သက်တော်မမူ"သည် မှာအံ့သြစရာမဟုတ်ပါ (၁ ကော၊ ၁၀း၅)။

ရှေးဣသရေလတို့သည် ကြီးမားသောအပြစ်များကို ကျူးလွန်ခဲ့သည်ဟု ကဲ့ရဲ့ပြစ်တင်ခြင်းသည် လွယ်ကူလှ၏။ သို့တိုင်အောင် ပေါလုဆွေးနွေးတင်ပြသည်မှာ ခရစ်တော်၏သမိုင်းကြောင်းကို သိရှိခြင်း၏မြောက်များစွာသော အခွင့်ထူးတို့ကို ရရှိထားသော ခရစ်ယာန်များသည်လည်း ထိုနည်းတူစွာအပြစ်များကိုပြုလုပ်ရန် အလားအလာရှိကြသည်ဆိုသည်။

ပေါလု၏သတိပေးစာတွင် သိသာထင်ရှားသည်။ "မိမိတည်ကြည်သည်ဟု ထင်မှတ်သောသူသည် မလဲခြင်းငှာသတိပြုစေ" (၁ ကော၊ ၁၀း၁၂)။ "ထင်မှတ်သောသူ" ဟူသည်မှာ အသင်းတော်တွင် ထိုအပြစ်ထဲသို့ ကျရောက်နိုင်မည့်အန္တရာယ်ရှိမှန်း မိမိကိုယ်ကိုမသိသောသူတစ်ချို့ရှိသည်ဟု ဆိုတန်ရာ၏။ ယနေ့ မိမိတို့သည်လည်း အလားတူသော ထိုအန္တရာယ်မျိုးကို ပြုလုပ်နေသလော။

"မိမိတည်ကြည်သည်ဟု ထင်မှတ်သောသူသည် မလဲခြင်းငှာသတိပြုစေ" ဤသတိပေးခြင်းကို မကြုံတွေ့ရသူ မိမိတို့၌ရှိပါမည်နည်း။

ဘုရားသခင်သည် ကျွန်ုပ်တို့မခံမရပ်နိုင်သော စုံစမ်းခြင်းကိုပေးတော်မမူဟု သမ္မာကျမ်းစာလာ၏။ "စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့် ထွက်မြောက်ရာလမ်းကိုလည်း စီရင်ပြုပြင်တော်မူမည်" (၁ ကော၊ ၁၀း၁၃)ဟူ၏။ မိမိတို့

သည်အပြစ်ထဲသို့ကျရောက်လွယ်နေသေးသည်မှာ အဘယ်ကြောင့်နည်း။

**ဗုဒ္ဓဟူးနေ့ ဇူလိုင်လ ၂၉ ရက်**

**ရုပ်တုကိုးကွယ်ခြင်းမှသတိပေးခြင်း**

၁ ကော၊ ၁၀း၅-၂၂ ကိုဖတ်ပါ။ ရုပ်တုကိုးကွယ်ခြင်းကို အဘယ်ကြောင့် ကြဉ်ရှောင်ရမည်နည်း။

---

၁ ကော၊ ၁၀း၁၄-၂၂ တွင် ပေါလုသည် ရုပ်တုတို့ရှေ့၌ပူဇော်ထားသော အစားအစာပြဿနာကို အကျဉ်းချုံးထားသည်။ ရုပ်တုဆင်းတုတို့၌ အစားအစာပူဇော်သည်ဆိုသည်မှာ ယနေ့လူ့ယဉ်ကျေးမှုနှင့် အဆန်းအပြားပင်ဖြစ်သော်လည်း ကျမ်းစာခေတ်တုန်းက ပုံမှန်အရာသာဖြစ်သည်။

သာသနာ့ပဗိမာန်တို့တွင် တိရစ္ဆာန်များကို ယဇ်ပူဇော်သောအခါ ထိုတိရစ္ဆာန်များ၏ ခန္ဓာကိုယ်တစ်ပိုင်းကို တာဝန်ရှိယဇ်ပုရောဟိတ်များအား ဆက်သရ၍ ၎င်းတို့သည်လည်း ထိုအသားကို ရောင်းစားကြရသည်။ ထိုအသားများတချို့တို့သည် ပြည့်သူ့ဈေးထဲထိပင် ရောက်သွားသည်။ ထိုအသားတို့ကို ရောင်းချရာတွင် အခြားအသားများနှင့် သီးသန့်ခွဲထားခြင်းမပြုထားသောကြောင့် ရုပ်တုရှေ့၌ပူဇော်ထားသောထိုအသားကို ခရစ်ယာန်တစ်ဦးသည် မသိရှိဘဲဝယ်မိတတ်ပါလိမ့်မည်။ တမန်တော်၏ အကြံပြုချက်သည် ထိုသို့သောအသားကို ခရစ်ယာန်တို့သည် လွတ်လပ်စွာဝယ်ခြမ်းစေရမည်။

ဗိမာန်တစ်ခုတွင် ပူဇော်ထားသောအသားကို ခရစ်ယာန်အိမ်၌ စားရသည် (၁ ကော၊ ၈း၁-၁၃) ဆိုသည်တိုင် သာသနာ့ပဗိမာန်သို့ ၎င်းတို့၏ သာသနာ့ပွဲတော်သို့ သွားရောက်ခြင်းကိုမူ ခရစ်ယာန်များအတွက် တားမြစ်ထားပါသည်။ စံညွှန်းမှတ်ကျောက်သည် တိကျ၏။ ရုပ်တုတို့သည် အချည်းနှီးသက်သက်ဖြစ်သောကြောင့် ထိုအသားများကို ခရစ်ယာန်တို့အား စားခွင့်ပြုထားသည် (၁ ကော၊ ၈း၄)။ သို့သော်လည်း သာသနာ့ပဘုရားပွဲများသည် နတ်များအား ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆက်စပ်နေသဖြင့် ထိုပွဲများသို့ ခရစ်ယာန်များမသွားအပ်ပါ (၁ ကော၊ ၁၀း၂၀၊၂၁)။



သခင်ဘုရား၏ညစာ၊ ပွဲတော်မင်္ဂလာတွင် ပါဝင်ခြင်းသည် ခရစ်တော်နှင့် ပေါင်းဖော်ခြင်း (၁ ကော၊ ၁၀း၁၆) ဖြစ်သည်နည်းတူ သာသနာ့ပထုံးတမ်းစဉ်လာတို့တွင် ပါဝင်ခြင်းသည် နတ်ဆိုးများနှင့် ပေါင်းဖော်ခြင်းဖြစ်သည် (၁ ကော၊ ၁၀း၂၀)။ ထိုကြောင့် ပေါလုသည် “သခင်ဘုရား၏ ခွက်ဖလား၊ နတ်ဆိုးတို့၏ ခွက်ဖလား၊ နှစ်ပါးကို သင်တို့မသောက်နိုင်။ သခင်ဘုရား၏ စားပွဲ၊ နတ်ဆိုးတို့၏ စားပွဲ၊ နှစ်ပါးကို သင်တို့မဝင်စားနိုင်” (၁ ကော၊ ၁၀း၂၁) ဟုဆို၏။ ယေရှုက “အဘယ်သူမျှ သခင်နှစ်ဦး၏အစေကို မခံနိုင်” (မဿဲ၊ ၆း၂၄) ဟုဆို၏။

ဘုရားသခင်သည် စိတ်နှလုံးအကြွင်းမဲ့ သစ္စာတည်ခြင်းကို တောင်းဆိုသည်ဟု ပေါလုဆိုသည်။ ရုပ်တုဆင်းတုတို့သည် “သခင်ဘုရား၏ အမျက်တော်ထွက်စေသည်” (၁ ကော၊ ၁၀း၂၂) ဟူ၏။ ထိုသို့မဖြစ်စေရမည်အကြောင်း ပေါလုသည် ၁ ကော၊ ၈း၄-၆ တွင်၊ တရားဟော ၆း၄၊၅ ကိုကောက်နုတ်၍ ရုပ်တုနှင့်ပတ်သက်သော မမှားသောဉပဒေတစ်ခုဖြစ်သော “အို၊ ဣသရေလအမျိုး၊ နားထောင်လော့။ ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့” ဟူ၏။ အရာခပ်သိမ်းတို့အထက်တွင် ထာဝရဘုရားကိုချစ်ရာတွင် (တရားဟော၊ ၆း၅)၊ ယေရှုသည် “ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့” (မာကု၊ ၁၂း၃၁။ ဝတ်ပြု ၁၉း၁၈) ဟု မိန့်တော်မူ၏။

ရုပ်တုဆင်းတုဟူသည် ကျောက်ရုပ်တုရုပ်ပွားမှ မဟုတ်ပါ။ အရာတစ်ခုခုကို ရုပ်တုရုပ်ပွားအဖြစ် ပြုနိုင်သည်။ သင့်ဘဝတွင် မည်သည့်ရုပ်တုရုပ်ပွားတို့ကို ကြဉ်ရှောင်ရပါမည်နည်း။

## ကြာသပတေးနေ့ — ဇူလိုင်လ ၃၀ ရက်

### ရုပ်တုကိုးကွယ်ခြင်းကိုကျော်လွှားခြင်း

၁ ကော၊ ၈း၁-၃ တွင် မေတ္တာသည် တစ်စုံတစ်ဦးအား ရုပ်တုကိုးကွယ်ခြင်းမှ ကွယ်ကာသည်ဆို၏။ ဤငြင်းချက်ကို ၁ ကော၊ ၁၀း၂၃။ ၁၁း၁ တွင် အကျဉ်းပြန်ချုံးထားသည်။ ၁ ကော၊ ၈း၃ တွင်လည်း မိမိတို့၏ဘုရားအား ချစ်ခြင်းကို ပြောဆိုသေးသည်။ "ကိုယ်အကျိုးကို အဘယ်သူမှမရှာစေနှင့်။ သူ့အကျိုးကို လူတိုင်းရှာစေ" (၁ ကော၊ ၁၀း၂၄) ဟုဆို၏။ ဤသည်မှာ သူတစ်ပါး အားချစ်ခြင်းတည်း။

မာကု၊ ၁၀း၁၇-၂၂ နှင့် မာကု၊ ၁၂း၂၈-၃၁ ကိုဖတ်ပါ။ ဤစာတမ်းနှစ်ခုသည် မည်သည့်တူညီမှုများရှိသနည်း။ ၁ ကော၊ ၁၀ ၏အခြေအနေမျိုးကို မည်သို့အသုံးချမည်နည်း။

---

မာကု ၁၂း၂၈ တွင် ယေရှုသည် ကြီးသောပညတ်တော်နှစ်ခု၊ ဘုရားသခင်ကိုချစ်ခြင်းနှင့် အချင်းချင်းချစ်ခြင်းကို ပူးတွဲရေးသားခဲ့သည့်အတိုင်း ပေါလုသည်လည်း ၁ ကော၊ ၁၀ တွင် ထိုသို့ပြုသည်။ ကြွယ်ဝသောအုပ်စိုးသူလူငယ်၏အတ္ထုပ္ပတ္တိတွင် (မာကု၊ ၁၀း၁၇-၂၂)၊ ယေရှုသည် ထိုချစ်ခြင်းနှစ်မျိုးကို ပူးတွဲပေးရာ တရားဟော၊ ၆း၄ (မာကု၊ ၁၀း၁၈)နှင့် ပညတ်တော်မှာ ဒုတိယကျောက်ပြားကို (မာကု၊ ၁၀း၁၉) ရိုးတိုးရိပ်တိပ်ရည်ညွှန်းသွားသည်။ ထိုလူငယ်လေး၏ ပြဿနာသည်ကား ဘုရားသခင်နှင့် မိမိတို့အချင်းချင်းထက် မိမိ၏ဥစ္စာများကိုပင် သာ၍ချစ်၏ (မာကု၊ ၁၀း၂၂)။ ကောင်းကင်ဘဏ္ဍာများထက် လောက၌ မိမိ၏ဘဏ္ဍာကိုပင် သာ၍ချစ်၏။ ဆင်းရဲနွမ်းပါးသူတို့ထက် မိမိ၏ငွေကြေးကိုသာ တန်ဖိုးထားသည် (မာကု၊ ၁၀း၂၁)။ ထိုကြောင့် သူသည် ရုပ်တုကိုးကွယ်သူဖြစ်၏။

သခင်ယေရှု၏ သွန်သင်ချက်များကို အခြေခံလျက် ပေါလုသည် ၁ ကော၊ ၁၀း၂၇-၂၈ ပါ အခြေအနေအရပ်ရပ်တို့တွင် ဘုရားသခင်ကို အရာခပ်သိမ်းထက် သာ၍ချစ်ခြင်းနှင့် အိမ်နီးချင်းကို မိမိကိုယ်နှင့်အမျှ ချစ်ခြင်းဟူသောမူဝါဒကို ကျင့်သုံးရန် ညွှန်ပြထားပါသည်။ ဆိုလိုသည်မှာ တရားဝင်ခွင့်ပြုထားသောအရာများ ဖြစ်လင့်ကစား ၎င်းတို့သည် အခြားသူတစ်ဦး၏ အမှားအမှန်သိစိတ်ကို ထိခိုက်စေနိုင်ပါက ထိုအရာများသည် တည်ဆောက်စရာအရာများ ဖြစ်လာလိမ့်မည်မဟုတ်ပေ (၁ ကော၊ ၁၀း၂၃)။



ဤအခြေခံတရားကို "ထာဝရဘုရား၏ ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသောအမှုကိစ္စတို့ကို ပြုကြလော့" (၁ ကော၊ ၁၀း၃၁)ဟူ၍ ကျွမ်းကျင်စွာပေါင်းစပ်ထားသည်။ ဘုရားသခင်၏ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသောအမှုကိစ္စတို့ကို ပြုရမည်ဆိုရာတွင် ရုပ်တုကိုးကွယ်မှုသည် အသွင်အမျိုးမျိုးဖြင့် ပေါ်ထွက်နိုင်ကြောင်း ပေါလုက ဖော်ပြထားသည်။ ဘုရားသခင်တစ်ပါးတည်းနှင့်သာ သက်ဆိုင်သော ဘုန်းတော်နှင့် ဂုဏ်တော်တို့၏နေရာတွင် နေရာဝင်ယူသည့် မည်သည့်အရာမဆို ရုပ်တုကိုးကွယ်မှု၏ အသွင်တစ်မျိုးပင်ဖြစ်သည် (ဟေရှာ၊ ၄၂း၈)။

၁ ကော၊ ၁၀း၃၁။ ၁၁း၁ တွင် ပေါလု၏အဆိုသည် အခန်းကြီး ၈ မှ ၁၀ တို့၏နဂိုးပင်ဖြစ်သည်။ ပေါလုသည် မိမိ၏အကျိုးအမြတ်ကိုပင် မရှာကြောင်း သိသာထင်ရှားစေရာတွင် "လူများတို့သည် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှာ" (၁ ကော၊ ၁၀း၃၂၊၃၃) ဟုဆိုသည်။ ဤသည်မှာ ပေါလုသည် ခရစ်တော်နည်းသူကျင့်ခြင်းဖြစ်သည်" (၁ ကော၊ ၁၁း၁)။

သင်၏အိမ်နီးချင်းများကို သာ၍ချစ်နိုင်ရန် မည်သို့သင်ယူနိုင်မည်နည်း။

## သောကြာနေ့ — ဇူလိုင်လ ၃၁ ရက်

**ထပ်မံစဉ်းစားရန်။** Ellen G. White, "Idolatry at Sinai", pp. 315-330, in Patriarchs and Prophets.

"မိမိတို့သည် အချင်းချင်းပေါင်းသင်းဆက်ဆံပုံကို မှန်ကန်စွာအသုံးချနိုင်ပါက အဘယ်မျှကောင်းသောအကျိုးကျေးဇူး များလှပေမည်နည်း။ ကောင်းကင်ဘုံ၏ ကောင်းချီးမင်္ဂလာများ ခံစားရသူတိုင်းသည် သူတစ်ပါး၏ လမ်းခရီးပေါ်တွင် အလင်းတစ်စုံတစ်ရာဖြာချပေးရန် တာဝန်ရှိသည်။ ထိုအခါ

မှသာ ဘုရားသခင်ကို စစ်မှန်စွာချစ်သောသူအားလုံးတို့သည် မိမိကိုယ်ကို ကိုးကွယ်ခြင်း ရပ်တန့်ကြလိမ့်မည်" - Ellen G. White, in The Advent Review and Sabbath Herald, November 18, 1884, p. 730.

"ပေါလုသည် မိမိတို့၏အပြောအဆို၊ အပြုအမူတို့သည် သူတစ်ပါးအား မည်သို့သက်ရောက်မှုရှိရမည်ကို မိမိကိုယ်ကို မေးမြန်းကြရန် မိမိညီအစ်ကိုများအား တိုက်တွန်းခဲ့သည်။ မိမိကိုယ်၌သည် အပြစ်ကင်းစင်စေကာမူ ရုပ်တုကိုးကွယ်မှုကို ထောက်ခံဟန်ရှိစေမည် ဖြစ်စေ၊ ယုံကြည်ခြင်း အားနည်းသူတို့အားထိမိလဲစရာဖြစ်စေသည့်အရာ မည်သည်ကိုမျှမပြုလုပ်ရန်တိုက်တွန်းခဲ့သည်။ ထို့ကြောင့် "ထာဝရဘုရား၏ ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စတို့ကို ပြုကြလော့။"

"ကောရိန်သုလူတို့အား ပေါလုသတိပေးစကားတို့သည် အချိန်တိုင်းနှင့်သက်ဆိုင်၍ အထူးသဖြင့် ကျွန်ုပ်တို့ခေတ်အတွက်ပင်ဖြစ်၏။ ရုပ်တုဆိုင်ရာဟုဆိုရာတွင် ရုပ်တုကိုးကွယ်ခြင်းဟူသည် ရုပ်တုကိုသာမက ကိုယ်ကျိုးရှာခြင်း၊ အပန်းဖြေခြင်းကို နှစ်သက်ခြင်း၊ လိုအပ်ဆန္ဒနှင့် စိတ်လှုပ်ရှားမှုများကို ဖြည့်ဆည်းခြင်းတို့ကိုပါ ဆိုလိုသည်" - Ellen G. White, The Acts of The Apostles, pp. 316,317.

"သင်၌ အပြည့်အဝလုပ်ပိုင်ခွင့်ရှိသောအရာများကို ပြုလုပ်ခြင်းဖြင့် ဘုရားသခင်၏အမှုတော် တိုးတက်မှုကို ဟန့်တားနေသည်ဟု သင်သိမြင်လျှင် ထိုအရာများကို မပြုတော့ဘဲရှောင်ကြဉ်လိုက်ပါ။ သူတစ်ပါး၏စိတ်နှလုံးသည် သမ္မာတရားကို လက်မခံနိုင်အောင် ပိတ်ပင်စေမည့်အမှုကို လုံးဝမပြုလုပ်ပါနှင့်။ အရာအားလုံးတို့သည် တရားဝင်နိုင်သည့်တိုင် အရာအားလုံးသည် အကျိုးရှိသည်မဟုတ်" - Ellen G. White, Testimonies For The Church, Vol. 9, p. 215.



**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ပေါလုအဆိုအရ ရင့်ကျက်သောခရစ်ယာန်တစ်ဦး၏အပြုအမူသည် မရင့်ကျက်သေးသောခရစ်ယာန်တို့၏ တိုးတက်ခြင်းကို ဟန့်တားနိုင်သည်။ ဤသို့ဖြစ်နိုင်မည့်အခြေအနေကို တွေးတောကြည့်ပါ။ အရာခပ်သိမ်းတို့ထက် ဘုရားကို ဦးထိပ်တင်ခြင်း၊ သူတစ်ပါးကိုလည်း မိမိကိုယ်ကဲ့သို့ ချစ်ခြင်းသည် ဤစိန်ခေါ်မှုကိုဖြေရှင်းရန် အဘယ်ကြောင့် တစ်ခုတည်းသောနည်းလမ်းဖြစ်ရသနည်း။**

**၂။ သတိမမူခဲ့သော် ခရစ်ယာန်တို့အား ဝတ်ပြုခြင်းကို ရပ်တန့်စေနိုင်သောရုပ်တုတို့သည် အဘယ်သို့နည်း။ ကောင်းနေလျက်ပင် ရုပ်တုအဖြစ်သို့ မိမိတို့ပြောင်းလဲပစ်နိုင်သောအရာ မည်သည်တို့နည်း။ သင်အလွန်ဂရုစိုက်သောအရာတစ်ခုသည် ရုပ်တုဖြစ်သွားနိုင်သည်ကို မည်သို့သိရမည်နည်း။**

**၃။ ပေါလုသည် သူတစ်ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည့်အကြောင်း ကိုယ်ကိုထိုး၍ နှိပ်စက်လျက်ရှိ၏ (၁ ကော၊ ၉း၂၇)။ ယခုအပတ်သင်ခန်းစာအခြေခံ၍ တစ်စုံတစ်ဦးသည် ဧဝံဂေလိတရားဟောပြောရန် ဘယ်အရာကမထိုက်တန်စေသနည်း။**

-၀-

## သင်ခန်းစာ (၆)

# ဝိညာဉ်ရေးရာဆုကျေးဇူးများ

ဩဂုတ်လ ၁ – ဩဂုတ်လ ၇

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၁၂။ ဧဖက်၊ ၄း၁၁-၁၃။ ၁ ကော၊ ၁၃။ ၁ ပေ၊ ၄း၈၊၁၁။ ၁ ကော၊ ၁၄း၂၇။ အာမုတ်၊ ၃း၇။

**အလွတ်ကျမ်းချက်**

**"ချစ်ခြင်းမေတ္တာကို မီအောင်လိုက်ကြလော့။ ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန်အလိုရှိသည်တွင် ပုရောဖက်ပြုရသောအခွင့်ကို သာ၍လိုချင်သောစိတ်ရှိကြလော့" (၁ ကော၊ ၁၄း၁)။**

လူ၏ခန္ဓာကိုယ်ကဲ့သို့ အသင်းတော်သည် တစ်ခုတည်းဖြစ်သော်လည်း အဖွဲ့ဝင်များစွာရှိရာ မတူညီသောအခန်းကဏ္ဍများ၊ လုပ်ငန်းများ၊ ဆုကျေးဇူးများနှင့် ဖွဲ့စည်းထားသည်။ ထိုဆုကျေးဇူးတို့ကို မေတ္တာဖြင့်ကျင့်သုံးသောအခါ ထိုဆုကျေးဇူးတို့သည် သုံးပါးတစ်ဆူဘုရားသခင်နှင့်တူသော သဟဇာတဖြစ်မှုစိတ်သဘောကို မြင့်တင်ပေးသည်။

ယခုတစ်ပတ်တွင် ကျွန်ုပ်တို့သည် ၁ ကော၊ ၁၂-၁၄ နှင့် ဝိညာဉ်ဆုကျေးဇူးအကြောင်း သွန်သင်မှုတို့ကို လေ့လာရပါမည်။ ဤအပိုင်းသည် ဘာသာရေးအခမ်းအနားတွင် ခရစ်ယာန်များမျှော်မှန်းထားသောအပြုအမူ (၁ ကော၊ ၁၁ မှ ၁၄)ကို ဆွေးနွေးထားသည့်အတွဲငယ်တစ်ခု၏ အစိတ်အပိုင်းဖြစ်သည်။ ပေါလု၏ အဓိကစိုးရိမ်မှုမှာ စည်းကမ်းမဲ့စွာ စုဝေးခြင်းပြဿနာနှင့် သက်ဆိုင်သည်။ ဤပြဿနာကိုဖြေရှင်းရန် သူ၏အဖြေမှာ အသင်းတော်သည် ကိုယ်ခန္ဓာတစ်ခုဖြစ်ပြီး ၎င်း၏အစိတ်အပိုင်းအသီးသီးတွင်မတူညီသောလုပ်ငန်းဆောင်တာများရှိကာ ထိုအရာများသည် "ခရစ်တော်၏ကိုယ်ခန္ဓာကို တည်ဆောက်ခြင်း" (ဧဖက်၊ ၄း၁၂)အတွက် ပံ့ပိုးကြသည်ဟူ၏။ အတိုချုံးရသော် မတူကွဲပြားခြင်းမှတစ်ဆင့် စည်းလုံးညီညွတ်ခြင်းသို့ ရောက်နိုင်ရန် ဘုရားသခင်သည် အသင်းတော်ကိုဝိညာဉ်ဆုကျေးဇူးများ ပေးတော်မူသည်"။



စင်စစ်၊ ပေါလုသည် ၁ ကော၊ ၁ မှ ၄ ထိတွင် ဖြေရှင်းထားသော ဂိုဏ်းဂဏစနစ်ပြဿနာကို စိတ်ထဲသို့မှီးထားဆဲဖြစ်သည်။ ထိုအခန်းများတွင် အသင်းဝင်များအကြား သဘောတူညီမှုမရှိခြင်းအတွက် အဖြေမှာခရစ်တော်၌စည်းလုံးခြင်းပင်ဖြစ်သည်။ ယခုတွင် သူသည် ဝိညာဉ်ဆုကျေးဇူးများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မိမိနားလည်သဘောပေါက်ထားသည်ကို တင်ပြခြင်းဖြင့် ထိုအတွေးအခေါ်ကို ဆက်လက်ဖွံ့ဖြိုးစေသည်။ ပေါလုအဆိုအရ ခရစ်တော်၌ လည်းကောင်း၊ ဝိညာဉ်တော်၌ လည်းကောင်း၊ စည်းလုံးခြင်းသည် သာလျှင် ဂိုဏ်းကွဲခြင်းမှ ရှောင်ရှားနိုင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၂ ရက်**

**မျိုးကွဲဆုကျေးဇူးများ**

၁ ကော၊ ၁၂း၁ တွင် ပေါလုသည် ခေါင်းစဉ်အသစ်တစ်ခု "နှင့်ပတ်သက်၍" ဆိုကာမိတ်ဆက်ပေးသည်။ ဂရိဝေါဟာရ (tōn pneumatikōn) သည် "ဝိညာဉ်ဆုကျေးဇူးနှင့် ဝိညာဉ်လူ" ဟုအနက်နှစ်ခုရှိနိုင်သောကြောင့် ပေါလုက မည်သည်အား ဆိုလိုသည်ကို ကျမ်းစာပညာရှင်များ ဆွေးနွေးရသည်။ ၁ ကော၊ ၁၂း၄ အရ ဝိညာဉ်ဆုကျေးဇူး ဟု တိကျစွာပေါလုဆိုထားသဖြင့် "ဝိညာဉ်ဆုကျေးဇူး" ဖြစ်တန်ရာသည်။ ထို့ပြင် ၁ ကော၊ ၁၂း၂၃ တွင် ယေရှုသည် သခင်ဖြစ်တော်မူ၏ဟု ရဲဝံ့စွာဝန်ခံခြင်းသည် ရှေးဦးဝိညာဉ်ဆုကျေးဇူးဖြစ်ကြောင်း ပေါလုမှထောက်ပြသည်။

-မွသစ်ကျမ်းစာခေတ်တွင် ယေရှုသည် သခင်ဖြစ်တော်မူ၏ ဟုဝန်ခံခြင်းသည် ကဲသာ (Caesar) သည်သခင်မဟုတ်ဟု ငြင်းဆိုခြင်းပင်ဖြစ်လေသည် (တမန်၊ ၁၇း၇။ ယော၊ ၁၉း၁၂၊၁၅)။ ဤသည်မှာ နယ်ချဲ့အာဏာရှင်အားဆန့်ကျင်ရန် လှုံ့ဆော်မှုဖြစ်၍ သွေးဏက်ထိုက်သင့်သူဖြစ်သည်။

ယေရှုနှင့်အတူ ပေါလုသည်လည်း ညှင်းဆဲနှိပ်စက်ရာကာလတွင်ပင် ဘုရားသခင်ကို ယုံကြည်ခြင်းသည် ဝိညာဉ်ဆုကျေးဇူးတစ်ခုပင်ဖြစ်သည်ဆို၏။ ယုံကြည်ခြင်းသည် အခြေခံအကျဆုံး ဆုကျေးဇူးဖြစ်သည်မှာ အမှန်တရားဖြစ်သည်။ ၁ ကော၊ ၁၃း၁၃ ၏ စာရင်းဇယားတွင် ယုံကြည်ခြင်းကို ရှေးဦးစွာစီရီထားသည်။

၁ ကော၊ ၁၂း၉ တွင်လည်း ပေါလု၏အဆိုတွင် ယုံကြည်ခြင်းသည် ဝိညာဉ်ဆုကျေးဇူးဖြစ်ကြောင်း ထင်ရှားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မတူညီသောဆုကျေးဇူးအမျိုးမျိုးကို "လူအသီးသီးတို့အား အသီးသီးခံရသောအခွင့်ကို အလိုတော်ရှိသည်အတိုင်း ဝေငှသည်" (၁ ကော၊ ၁၂း၁၁) ဟုဆိုခြင်းသည် ၎င်းတို့အားလုံးတို့သည် လိုအပ်သောဆုများပင်ဖြစ်ကြကြောင်း ခိုင်လုံစေသည်။

၁ ကော၊ ၁၂း၁-၆ ကိုဖတ်ပါ။ မည်သည်အား အလေးပေးသနည်း။

---

ဆုကျေးဇူးများပြားခြင်းကို "အထူးထူးအထွေထွေ"ဟု ထပ်ခါထပ်ခါ ရေရွတ်ထားသည်။ ၁ ကော၊ ၁၂း၁ တွင် ပေါလုသမုတ်ထားသော ဝိညာဉ်ဆုကျေးဇူးသည် အခန်းငယ် ၄ မှ ၆ တွင် ရှုထောင့်သုံးမျိုးဖြင့် ခွဲ့ထွင်ထားရာ "ဆုကျေးဇူး" (Charisma)၊ "အမှုတော်" (Diakonia) နှင့် "လှုပ်ရှားမှု" (Energēma) တို့ဖြစ်သည်။ ဤဝေါဟာရတို့သည် ကွဲပြားသောအနက်မျိုးမျိုးရှိကြသော်လည်း ၎င်းတို့ကို အနုစိတ်ခြင်းမပြုသင့်ပါ။

ထိုဝိညာဉ်ဆုကျေးဇူးများတို့သည် သုံးပါးတစ်ဆူဘုရား၏ ညီညွတ်ခြင်းဝိသေသကိုအခြေခံသော ညီညွတ်ခြင်းကို ထွန်းကားစေရန် ရည်ရွယ်သည်



ကိုသတိပြုရပါမည် (ဖေက်၊ ၄း၈-၁၁)။ ဝိညာဉ်တော်သည် ယုံကြည်သူတို့အား ဆုကျေးဇူးကိုပေးတော်မူရာ ထိုသူတို့အား ယုံကြည်သူအသိုင်းအဝိုင်းထဲ၌ ခရစ်တော်၏အမှုတော်ကို ဆောင်စေတော်မူ၏ (၁ ကော၊ ၁၂း၅၊၆)။ ယုံကြည်သူတစ်ဦးချင်းအား ဆုကျေးဇူးပေးတော်မူထားရာ (၁ ကော၊ ၁၂း၁၁)၊ ၎င်းတို့အားလုံးတို့သည် လူမှုအသိုက်အဝန်းအား အကျိုးပြုရန်ဖြစ်သည်။

စည်းလုံးခြင်းအပေါ် ပေါလု၏အလေးပေးမှုကို သတိပြုပါ။ အဘယ်ကြောင့် အသင်းတော်အတွက် အရေးပါသနည်း။

## တနင်္လာနေ့ — ဩဂုတ်လ ၃ ရက်

## မတူကွဲပြားခြင်းမှသည် ညီညွတ်ခြင်းသို့

တစ်ပါးတည်းဖြစ်ခြင်းကို ၁ ကော၊ ၁၂း၄-၆ တွင် မိတ်ဆက်ထားပြန်ရာ "ဝိညာဉ်တစ်ပါး၊ သခင်တစ်ပါးနှင့် ဘုရားသခင်တစ်ပါး" သည် ၁ ကော၊ ၁၂ တွင် နှံ့ပြားလျက်ရှိ၏။ ဤသည်လည်း ပေါလုအဆိုပြုသော "ဝိညာဉ်တစ်ပါးတည်း" (၁ ကော၊ ၁၂း၁၁)၊ "ကိုယ်တစ်ခုတည်း" (၁ ကော၊ ၁၂း၁၂)၊ "ကိုယ်တစ်ခု" (၁ ကော၊ ၁၂း၂၀)၊ "ဝိညာဉ်တစ်ပါးတည်း၊ တစ်ဝိညာဉ်တည်း" (နှစ်ကြိမ်)၊ "အချင်းချင်းသတိပြုစေခြင်းငှာ" (၁ ကော၊ ၁၂း၁၃) ဟူ၏။

စည်းလုံးညီညွတ်ခြင်းသဘောနှင့် ဒွန်တွဲလျက် ခရစ်တော်၏ကိုယ်ခန္ဓာအင်္ဂါမှ အဖွဲ့ဝင်အများရှိသည်ကို "အင်္ဂါအများ" (၁ ကော၊ ၁၂း၁၂၊၂၀)၊ တို့သည် "ဗတ္တိဇံခံကြသည်" (၁ ကော၊ ၁၂း၁၃)၊ "ကိုယ်သည် အင်္ဂါတစ်ခုတည်းမဟုတ်၊ အများ" (၁ ကော၊ ၁၂း၁၄)၊ "တစ်ကိုယ်လုံး" (၁ ကော၊ ၁၂း၁၇)၊ "အင်္ဂါအသီးသီးတို့ကို" (၁ ကော၊ ၁၂း၁၈)၊ "ကိုယ်ခန္ဓာ၏အင်္ဂါတို့သည်" (၁ ကော၊ ၁၂း၂၂၊၂၃)၊ "အင်္ဂါအပေါင်းတို့" (၁ ကော၊ ၁၂း၂၆) ဟုဖော်ပြသည်။ ဤသည်တို့သည် ညီညွတ်ခြင်းနှင့် ကွဲပြားခြင်းနှစ်ရပ်လုံးကို အလေးထားသည့်အနေဖြင့် ဝိညာဉ်ဆုကျေးဇူးများ၏ ရည်ရွယ်ချက်သည် မတူကွဲပြားမှုမှသည် ညီညွတ်ခြင်းကို တည်ဆောက်စေရန်ဖြစ်သည်။

ဤမတူကွဲပြားမှုအကြား၌ပင် ညီညွတ်ခြင်းဖြင့် ထာဝရဘုရား၏ ဝိသေသလက္ခဏာတော်ကို ရောင်ပြန်ဟပ်စေပါသည်။ ခမည်းတော်သည် တစ်ပါး၊ သားတော်သည် အခြားတစ်ပါး၊ သန့်ရှင်းသောဝိညာဉ်တော်သည် လည်းတစ်ပါးဖြစ်သည်။ ထိုသုံးပါးတို့သည် မိမိတို့၏တစ်သီးပုဂ္ဂလများအနေ ဖြင့်ပင် အသင်းတော်အားပြုပြင်၍ သာသနာ့လုပ်ငန်းအတွက် တန်ခိုးပေး သည် (၁ ကော၊ ၁၂း၄-၆။ ဧဖက်၊ ၄း၁၁-၁၃)။

၁ ကော၊ ၁၂း၁၂-၃၁ ကိုဖတ်ပါ။ အစိတ်အပိုင်းများစွာရှိသော ကိုယ်ခန္ဓာနှင့် အလားတူညီခြင်းသည် အသင်းတော်နှင့် ၎င်း၏အစိတ်အပိုင်း များနှင့် အဘယ်ကြောင့် နမူနာကိုယ်စားပြုစေနိုင်သနည်း။

---

၁ ကော၊ ၁၂ တွင် ဗဟိုအတွေးတစ်ခုသည် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတို့သည် တစ်သီးပုဂ္ဂလိကဖြစ်၍ အချင်းချင်း လုံးဝကွဲပြားကြကာ (၁ ကော၊ ၁၂း၁၅-၂၀)၊ ၎င်းတို့အားလုံး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီကြသည် (၁ ကော၊ ၁၂း၂၁-၂၆)။ ခြေထောက်သည် မိမိသွားရမည့်လမ်းကို မြင်တွေ့ ရန်မျက်စိလိုသည်။ အတုန့်အလှည့်အဖြစ် မျက်စိသည် မည်သည်ကိုမျှ မတို့ထိ နိုင်ပါ။ လက်သည် တို့ထိရသည်။ အင်္ဂါအချို့တို့သည် အားနည်း (၁ ကော၊ ၁၂း၂၂) ၍ အသရေနည်းဟန်ရှိ (၁ ကော၊ ၁၂း၂၃)ခြင်းသည် အပြင်ပန်း အထင်အမြင်သာဖြစ်၍ အလုံးစုံတို့သည် လိုအပ်သောအရာများကြ၏ (၁ ကော၊ ၁၂း၂၂)။

ဝမ်းနည်းစရာမှာ ကောရိန်သုလူတို့တွင် ဆုကျေးဇူးတချို့ကို တန်ဖိုး ထား၍ အခြားတို့အား ဘေးဖယ်ထားရန် ယိမ်းယိုင်မှုတစ်ခုရှိခဲ့သည်။ ထို အမှားများကိုပြုနေခြင်းမှ ကောရိန်သုလူတို့ကို ဟန့်တားနိုင်ရန် ပေါလုသည် "သာ၍မြတ်သောလမ်း" (၁ ကော၊ ၁၂း၃၁)ဖြစ်သော မေတ္တာဘက်သို့ ၎င်း တို့အားဆွဲဆောင်သည်။ တစ်မျိုးဆိုရသော် မည်သည့်ဆုကိုမဆို မေတ္တာဖြင့် လိမ်မာစွာကျင့်သုံးပါက ဘုရားနှစ်သက်တော်မူ၏။



၁ ကော၊ ၁၂း၈-၁၀၊၂၈။ ရောမ၊ ၁၂း၆-၈။ နှင့် ဧဖက် ၄း၁၁ တို့တွင် ဆုကျေးဇူးများကို ကြည့်ပါ။ သင့်ဆုကျေးဇူးသည် အဘယ်နည်း။ ခရစ်တော်၏ ကိုယ်ခန္ဓာကို မည်သို့တည်ဆောက်သနည်း။

**အင်္ဂါနေ့** **ဩဂုတ်လ ၄ ရက်**

**သာ၍မြတ်သောလမ်း**

"မေတ္တာဟူသည် ဆုလာဘ်များစွာအနက်မှ တစ်ခုမျှသာမဟုတ်ပါ။ ထိုဆုလာဘ်များအားလုံးတို့၏ မုချအဓိကပန်းတိုင်သို့ရောက်ရှိရာလမ်းကြောင်း ပင်ဖြစ်သည်" - Carl P. Cosaert, "1 Corinthians," Andrews Bible Commentary: New Testament (Berrien Springs, MI: Andrews University Press, 2022), p. 1643.

၁ ကော၊ ၁၃း၁-၇ နှင့် ၁ ပေ၊ ၄း၈-၁၁ ကိုဖတ်ပါ။ ဝိညာဉ်ဆုကျေးဇူး များနှင့်ပတ်သက်၍ ချစ်မေတ္တာသည် ဘယ်အခန်းကဏ္ဍမှ ပါဝင်သနည်း။

---

၁ ကော၊ ၁၃ သည် မေတ္တာအားဖြင့်သာ ဝိညာဉ်ဆုကျေးဇူးတို့ကို သင့်လျော်စွာလက်တွေ့ကျင့်သုံးနိုင်ကြောင်း သွန်သင်၏။ ၁ ကော၊ ၁၃ ကို စတင်ရာတွင် ပေါလုသည် ၁ ကော၊ ၁၂ ရှိ ဆုကျေးဇူးများကို ညွှန်းဆိုကာ မေတ္တာမရှိဘဲနှင့် ၎င်းတို့သည် တန်ဖိုးမရှိနိုင်ကြောင်း အလေးထားဖော်ပြသွား သည်။ သို့ဖြစ်၍ ပညာ (၁ ကော၊ ၁၂း၈) နှင့် ယုံကြည်ခြင်း (၁ ကော၊ ၁၂း၉)၊ တောင်များကို ရွှေ့နိုင်သောယုံကြည်ခြင်း (၁ ကော၊ ၁၃း၂) တို့သည် မေတ္တာ မပါလျှင် အချည်းနှီးသက်သက် (၁ ကော၊ ၁၃း၂)ဖြစ်သည်။ မေတ္တာမပါဘဲ အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်ခြင်း (၁ ကော၊ ၁၂း၁၀၊၂၈၊၃၀) သည် "တီးသံကိုသာ ပေးတတ်သောလင်းကွင်းကဲ့သို့ လည်းကောင်း" ဖြစ် (၁ ကော၊ ၁၃း၁) ၏ အလားတူအနာဂတ္တိကျမ်းစာ၏ အရေးပါခြင်းသည် လည်း မေတ္တာမပါလျှင် အချည်းနှီးသက်သက် (၁ ကော၊ ၁၃း၂) ဖြစ်သည်။

၁ ကော၊ ၁၃း၄-၇ တွင် ပေါလုသည် မေတ္တာရှိခြင်းနှင့် မရှိခြင်းကို အာရုံစိုက်ခဲ့ရာ အထူးသဖြင့် မေတ္တာပြုသောအရာနှင့် မေတ္တာမပြုသောအရာတို့ဖြစ်သည်။ မေတ္တာ၏အနှစ်သာရကို ဖော်ပြရန် သူရွေးချယ်ထားသော ကြိယာများသည် မေတ္တာဟူသည် ကျွန်ုပ်တို့ခံစားရသည့်အရာထက် လက်တွေ့ကျင့်သုံးရသောအရာဖြစ်ကြောင်း ဖော်ပြသည်။ သို့ဖြစ်၍ မေတ္တာဟူသည် (၁) စိတ်ရှည်တတ်၏ (၂) ကျေးဇူးပြုတတ်၏ (၃) သမ္မာတရား၌ ဝမ်းမြောက်တတ်၏ (၄) ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏ (၅) ခပ်သိမ်းသောအရာကို ယုံတတ်၏ (၆) ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏ (၇) ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ ပြောင်းပြန်လှန်ရာတွင် မေတ္တာဟူသည် (၁) ဂုဏ်ပြိုင်ခြင်းမရှိ (၂) ဝါကြွားခြင်းမရှိ (၃) မာန်မာနမရှိ (၄) ရှိုင်းသအမျက်မထွက်တတ် (၅) ကိုယ်အကျိုးကိုမရှာတတ် (၆) မလျော်ကပတ်စွာမကျင့်တတ် (၇) အပြစ်ရှိသည်ဟု မထင်တတ် (၈) မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်ပါ။

ဤကြိယာ (၁၅)လုံးတို့သည် ထိုဆုကျေးဇူးများကို သင့်လျော်စွာ လက်တွေ့ကျင့်သုံးနိုင်ရန် ခိုင်မာစွာလမ်းပြသည်။ အထူးသဖြင့် မေတ္တာစစ်မှန်သောသဘာဝဆိုင်ရာ ဤဆွေးနွေးချက်သည် ၁ ကော၊ ၁၂ နှင့် ၁၄ ကြားတွင် တည်ရှိရာ၊ ပေါလုသည် ထိုနေရာနှစ်ခုတွင် ဝိညာဉ်ရေးရာ ဆုကျေးဇူးများနှင့် ပတ်သက်သော ငြင်းခုံမှုကို ဖြေရှင်းထားသည်။ စင်စစ် ဝိညာဉ်ဆုကျေးဇူးများကို ပညာဉာဏ်ဖြင့် အသုံးပြုရန် မေတ္တာသည် အဓိကသော့ချက်ဖြစ်သည်။

မေတ္တာသည် ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းတို့ဖြင့် ရင်ဘောင်တန်းလျက်ရှိရာ "ဤသုံးပါးတို့တွင် မေတ္တာသည် အမြတ်ဆုံးဖြစ်၏" (၁ ကော ၁၃း၁၃)။

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းတွင် မေတ္တာသည် အဘယ်ကြောင့် မဟိုကျသနည်း။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာမျိုး ကြုံတွေ့နိုင်ရန် ဆုတောင်းပေးခြင်းဖြင့် သူတစ်ပါးတို့အား ရောင်ပြန်ဟပ်ခြင်းထက် သာ၍ကောင်းသောလမ်းစဉ်သည် အဘယ်နည်း။



**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၅ ရက်**

**အမျိုးမျိုးသောဘာသာစကားဆုကျေးဇူး**

အမျိုးမျိုးသောဘာသာစကား ဆုကျေးဇူးနှင့် ပတ်သက်၍ သမ္မာကျမ်းစာတွင် ဆုကျေးဇူးများကို သရုပ်သကန်ကိုယ်ထင်ပြ (မာကု၊ ၁၆း၁၇။ တမန်၊ ၂း၁-၁၃။ ၁၀း၄၄-၄၈။ ၁၉း၆) ရာတွင် ၁ ကော၊ ၁၃ ၏ အမျိုးမျိုးသောဘာသာစကား ဆုကျေးဇူးဟူသော အခြားဘာသာရပ်ကို ပြောဆိုနိုင်သောစွမ်းရည်သည် ဝိညာဉ်ဆုကျေးဇူးဖြစ်ကြောင်း သာ၍ထင်ရှား၏။

အမျိုးမျိုးသောဘာသာစကား ဆုကျေးဇူးကို ပေါလုသည် ၁ ကော၊ ၁၂း၈-၁၀ (၁ ကော၊ ၁၂း၂၈၊၃၀။ ၁ ကော၊ ၁၃း၁၈) ဆုကျေးဇူးစာရင်းတွင်ပင် ဖော်ပြထားသည်။ ၁ ကော၊ ၁၄ တွင်လည်း ထပ်ခါရည်ညွှန်းကိုးကားထားသည်။ ဂရိဝေါဟာရ (Glossa) (ဘာသာစကား)သည် ၁ ကော၊ ၁၂-၁၄ တွင် အကြိမ်ရေ ၂၀ မက ပေါ်လာ၍ ၁ ကော၊ ၁၄ တစ်ခုထဲတွင် ၁၅ ကြိမ်ပင်ရှိသည်။ ကျန်ရှိသည်များ ဂရိဝေါဟာရ အခြားဘာသာစကားအနက်ရှိ (Heteroglōssos) သည်လည်း ၁ ကော၊ ၁၄း၂၁ တွင် တွေ့ရသည်။ ပေါလုသည် ဘာသာစကား ဆိုင်ရာ ဆုကျေးဇူးကို သီးသန့်အာရုံစိုက်ကြောင်း အထောက်အထားမှာ အကြိမ် ကြိမ်ပြောနေရခြင်းဖြစ်သည်။ ကောရိန်သုအသင်းတော်တွင် ဤဆုကျေးဇူးကို အလွဲသုံးစော်ကားခြင်းသည် အများပြည်သူဝတ်ပြုခြင်းကိုပင် အနှောင့်အယှက်ပေးလေသည် (၁ ကော၊ ၁၄း၂၃၊၂၇၊ ၃၃၊၄၀)။

၁ ကော၊ ၁၄း၅၊၁၃၊၂၆၊၂၇ နှင့် ၁ ကော၊ ၁၂း၁၀၊၃၀ ကိုဖတ်ပါ။ အမျိုးမျိုး သောဘာသာစကားဆုကျေးဇူးနှင့် ပတ်သက်၍ ပေါလုသည် မည်သို့ သီးသီးသန့်သန့် သွန်သင်ထားသနည်း။

---

အမျိုးမျိုးသောဘာသာစကား ဆုကျေးဇူးပေးရခြင်းသည် ထိုဘာသာစကားကိုအနက်ပြန်နိုင်သောဉာဏ်ရည်နှင့် ဒွန်တွဲနေရပါမည် (၁ ကော၊ ၁၄း၉)။

ထိုသို့မဟုတ်ပါက ထိုဆုကျေးဇူးအား အသုံးပြုခြင်းသည် အကျိုးမရှိ (၁ ကော၊ ၁၄း၆)။ ဤနေရာတွင် ပေါလုသည် အနက်ပြန်တတ်ခြင်းနှင့် နားလည်သဘောပေါက်ခြင်းကို အလေးထားကြောင်း တင်ပြထားသည်။ သူသည် ဘာသာစကားဆုကျေးဇူးကို ဝေဖန်ပြောဆိုနေခြင်းမဟုတ်ဘဲ အနာဂတ္တိ စကားများကိုပင် လျစ်လျူရှုစေသော ကောရိန်သုလူတို့၏ သဘောထားသည် အလွန်အမင်း ထင်ရှားသည်ကို ပြောဆိုနေကြောင်း မနက်ဖန်တွင် တွေ့ရပါမည်။

ဤနေရာတွင် ပေါလုသည် ကောရိန်သုလူတို့အားလုံးသည် နိုင်ငံခြားဘာသာစကားကို ပြောတတ်စေလိုသည်ကို သိနားလည်သင့်သည် (၁ ကော၊ ၁၄း၅)။ သို့သော် ထိုသို့ဖြစ်လာမည်ဟုလည်း မမျှော်လင့်ခဲ့ပါ (၁ ကော၊ ၁၂း၁၀)။ “သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းကို မတောင်းဆိုမီ အမျိုးမျိုးသော ဘာသာစကားပြောရမည်ဟူသော အတွေးအခေါ်သည် ၁ ကော၊ ၁၂ နှင့် ၁၄ ၌ ပေါလု၏သွန်သင်ခြင်းမှ ဖောက်ပြန်ခြင်းဖြစ်သည်” - Raoul Dederan, Handbook of Seventh-day Adventist Theology, Electronic ed., vol. 12 of Commentary Reference Series (Hagerstown, MD: Review and Herald Publishing Association, 2001), p. 620.

သင့်အသင်းတော်တွင် အခြားဘာသာစကားပြောတတ်သူများ ရှိပါသလား။ သူတစ်ပါးတို့ကို ခရစ်တော်ထံသို့ခေါ်လာရန် ဤအစွမ်းအစကို မည်သို့အသုံးပြုကြသနည်း။ ဤအချက်သည် ပေါလုတင်ပြထားသော ဘာသာစကား၏ သဘောသဘာဝကို သိရှိနားလည်ရန် မည်သို့ မစသနည်း။

**ကြာသပတေးနေ့** **ဩဂုတ်လ ၆ ရက်**

**ပုရောဖက်ပြုခြင်းဆုကျေးဇူး**

ပုရောဖက်ပြုခြင်းဆုကျေးဇူးသည် ဝိညာဉ်ဆုကျေးဇူးအကြောင်း ပေါလုမှ ဆွေးနွေးခြင်းတွင် ထင်ရှားသောကဏ္ဍတွင် နေရာယူထားသည်။ အမျိုးမျိုးသော ဘာသာစကား ဆုကျေးဇူးမတိုင်မီတွင် ပုရောဖက်ပြုခြင်းဆုကျေးဇူးကို ဖော်ပြပေးရသည် (၁ ကော၊ ၁၂း၁၀၊၂၈။ ၁ ကော၊ ၁၃း၈)။ ဘာသာစကား ဆုကျေးဇူးကို အရင်ဦးဖော်ပြသောအခါ ပုရောဖက်ပြုခြင်း ဆုကျေးဇူးနှင့် နှိုင်းယှဉ်ရာတွင် ၎င်းသည် သာ၍အရေးမကြီးကြောင်း၊ အလေးပေးခြင်းသာဖြစ်သည် (၁ ကော၊ ၁၄း၄၊၅၊၆၊၂၂)။

ဧဖက်၊ ၄း၁၁-၁၃ နှင့် ၁ ကော၊ ၁၄း၃၊၄ ကိုဖတ်ပါ။ ဝိညာဉ် ဆုကျေးဇူးကိုခြုံငုံလျက် ပုရောဖက်ပြုခြင်း ဆုကျေးဇူးကို မည်သို့အထူးသီးသန့်ဖော်ပြပေးသနည်း။

---

ပုရောဖက်ပြုခြင်း ဆုကျေးဇူးသည် မွမ်းမံခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းနှင့် နှစ်သိမ့်ခြင်းတို့အတွက် ရည်ရွယ်ထားသည် (၁ ကော၊ ၁၄း၃။ တမန်၊ ၁၅း၃၂)။ ဤသည် ပုရောဖက်ပြုခြင်းသည် အနာဂတ္တိကိုသာ ဟောပြောနေခြင်းသက်သက်မဟုတ်ဘဲ ယခုပစ္စုန်ပ္ပန်တွင်ပင် နေထိုင်ပုံကိုသွန်သင်ကြောင်း တင်ပြသည်။ ဂရိဝေါဟာရ သည် “ကြိုတင်ဟောပြောခြင်းနှင့် တစ်စုံတစ်ဦး၏ကိုယ်စား ပြောဆိုခြင်း” ဟု အနက်ရှိ၏။ ပထမ သာ-ကအနေဖြင့် တမန်၊ ၂း၂၉-၃၁ (အာမုတ်၊ ၃း၇)တို့တွင် ဒါဝိဒ်သည်ပင် ပုရောဖက်တစ်ပါးဖြစ်၍ “ကြိုသိမြင်သည်” ဆို၏။ ဒုတိယအနေဖြင့် တမန်၊ ၁၅း၃၂ တွင် ယုဒနှင့် သိလတို့အား ပုရောဖက်များအဖြစ် ဖော်ညွှန်းထားသည်။ ၎င်းတို့သည်လည်း “ပုရောဖက်ပြုသောကြောင့် များစွာသောစကားတို့ဖြင့် ညီအစ်ကိုတို့ကို ဆုံးမ၍မြဲမြံခိုင်ခံ့စေသည်“ ဟူ၏။

ဧဖက်၊ ၄း၁၁-၁၃ တွင် ဝိညာဉ် ဆုကျေးဇူးသည် တမန်တော်များခေတ်တွင် လုံးဝမရပ်တန့်ကြောင်း သိရသည်။ ၎င်းတို့သည် အဆုံးတိုင်တည်မြဲကြလိမ့်မည် (တမန်၊ ၂း၃၉)။ တစ်စုံတစ်ဦးသည် မိမိကိုယ်ကို ပုရောဖက်ဖြစ်ကြောင်းဖော်ပြပါက သမ္မာကျမ်းစာအခြေခံ၍ မိမိကိုယ်ကိုပင် အကဲဖြတ်ရပါမည်။ အကျယ်တဝင့်ပြောရသော် စည်းမျဉ်းလေးပါးကိုပင် ပြည့်မီရပါမည်။

ပထမ၊ အနာဂတ္တိစကားများ ပြည့်စုံရပါမည် (တရားဟော၊ ၁၈း၂၂။ ယေရမိ၊ ၂၈း၈၊၉)။ ဒုတိယ၊ သတင်းစကားတို့သည် ရှေးဦးပုရောဖက်တို့နှင့် ညီထွေမှုရှိရပါမည် (တရားဟော၊ ၁၃း၁-၃။ ဟေရှာယ၊ ၈း၂၀)။ တတိယ၊ ၎င်းတို့၏နေ့စဉ်အသက်တာသည် ခရစ်တော်၌ ဆက်ကပ်ခြင်းပြသရမည် (၁ ယော၊ ၄း၁-၃)။ စတုတ္ထ၊ မိစ္ဆာပုရောဖက်တို့ကို ၎င်းတို့၏အကျင့် (အသီး)အားဖြင့် သိရသည်ဟု မိန့်တော်မူသည် (မဿဲ၊ ၇း၁၅-၂၀)။ အလားတူစွာ စစ်မှန်သော ပုရောဖက်တို့သည် ဤအချက်များအတိုင်းဖြစ်၏။

ဝိညာဉ်ဆုကျေးဇူးဟူသည် ကျန်ကြွင်းသောအသင်းတော်၏ ထူးခြားသောဝိသေသလက္ခဏာဖြစ်သည်ဟု ဗျာဒိတ်ကျမ်းဆို၏ (ဗျာ၊ ၁၂း၁၇။ ၁၉း၁၀)။ မျှော်လင့်ခြင်းအသင်းတော်သည် ပုရောဖက်ပြုခြင်းဆုကျေးဇူးကို အီးဂျီဝိုက်အား အပ်နှင်းထားသည်ကို ယုံကြည်သည်အတိုင်း သူမ၏စာပေတို့သည်လည်း ယုံကြည်သည်။

အီးဂျီဝိုက်၏ ပုရောဖက်ဆုကျေးဇူးကို မည်သည့်အကြောင်းများကြောင့် ကျွန်ုပ်တို့ ယုံကြည်ကြရသနည်း။ သူမ၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်တို့နှင့်ပတ်သက်၍ မည်သည့်မေးခွန်းကျန်နေသေးသနည်း။

**သောကြာနေ့** **ဩဂုတ်လ ၇ ရက်**

**ထပ်မံစဉ်းစားရန်။** Roswell F. Cottrell, "Spiritual Gifts," pp. 5-16, in Ellen G. White Spiritual Gifts, vol. 1.

"လူတို့သည် ဘုရားကိုအားကိုးလျက် လုပ်ဆောင်ရန်ထွက်ခွာပါစေ။ သို့ပြုလျှင် ဘုရားသည်လည်း သူတို့နှင့်အတူရှိတော်မူမည်။ ဝိညာဉ်တို့ကို အောင်နိုင်ခြင်း၊ ပြောင်းလဲစေခြင်းပြုတော်မူမည်။ အမှုဆောင်တစ်ဦးသည် ဟောပြောနိုင်သူ၊ နောက်တစ်ဦးသည် စာရေးသူ၊ နောက်တစ်ဦးသည် စိတ်ရင်းမှန်ကန် စေတနာထက်သန်စွာ ဆုတောင်းနိုင်သော ဆုကျေးဇူး၊ အခြားတစ်ဦးသည် အဆို ဆုကျေးဇူး၊ အခြားတစ်ဦးသည် နှုတ်ကပတ်တော်အား ရှင်းလင်းစွာရှင်းပြနိုင်ခြင်းစွမ်းအား ရရှိနိုင်သည်။ ထိုဆုကျေးဇူးတိုင်းတို့သည် ဘုရားသခင်အတွက် စွမ်းအားတစ်ရပ်ဖြစ်လာရမည်။ အကြောင်းမှာ ဘုရားသခင်သည် သူတို့နှင့်ပူးပေါင်းလုပ်ဆောင်သောကြောင့် ဖြစ်သည်။ ဘုရားသည် တစ်ဦးအား ပညာစကား၊ တစ်ဦးအား အသိပညာ၊ အခြားတစ်ဦးအား ယုံကြည်ခြင်းကို ပေးတော်မူ၏။ ၎င်းတို့အားလုံးသည် ခေါင်းဆောင်တစ်ဦးတည်း၏ လက်အောက်တွင်သာ လုပ်ဆောင်ကြရပါမည်။ ဆုကျေး-ဇူးများ ကွဲပြားသကဲ့သို့ အသုံးချခြင်းသည်လည်း ကွဲပြားကြ၏။ "ခပ်သိမ်းသောသူတို့၌ အမှုရှိသမျှတို့ကို ပြုပြင်သောဘုရားသခင်သည် တစ်ပါးတည်းရှိ၏" (၁ ကော၊ ၁၂း၆)။ - Ellen G. White, in The Advent Review and Sabbath Herald, April 12, 1906.

"ကျွန်ုပ်တို့တစ်ဦးချင်းစီသည် သူတစ်ပါး၏စိတ်နှလုံးများမှ ရရှိနိုင်သောအကူအညီကို လိုအပ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများအပြင် အခြားသူများ၏ စိတ်နှလုံးတွင်လည်း ပြုလုပ်တော်မူမည်။ မတူညီသောသူများအား ပေးအပ်သောမတူကွဲပြားသော ဆုကျေးဇူးများသည် "သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ သာသနာပြုရာ၌ လည်းကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာကို မြှင့်တင်ခြင်း၌ လည်းကောင်း ပေးတော်မူ၏" (ဧဖက်၊ ၄း၁၂)။ "ကျွန်ုပ်တို့ရှေ့တွင် အတားအဆီးသည် အမြဲရှိနေသော်လည်း မိမိတို့သည် ခေါင်းဆောင်ကြီးနောက်ကိုလိုက်၍ အတားအဆီးများကို လက်တွဲစည်းလုံးစွာ ရင်ဆိုင်ရပါမည်" - Ellen G. White, The Upward Look, p. 141.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ပုရောဖက်ပြုခြင်း ဆုကျေးဇူးကို တွေးတောပါ။ အနက်မသိရသော ဘာသာစကားထက် ပုရောဖက်ပြုခြင်းသည် အဘယ်ကြောင့် သာ၍ကောင်းသနည်း။ ၁ ကော၊ ၁၄ ပြန်ဖတ်၍ ပေါလု၏ငြင်းချက်ကို ပြန်သုံးသပ်ပါ။**

၂။ အတန်းခွဲတွင် အီးဂျီဝိုက်အသက်တာနှင့် အမှုတော်ကို ဆွေးနွေး၍ မိမိတို့ အသင်းတော်၌ အဘယ်ကြောင့် ပုရောဖက်အဖြစ် သက်ဝင်၍ သူသည်လည်း ပုရောဖက် ဆုကျေးဇူးကိုအမှန်ဖော်ပြသည်ကို ပြောဆိုပါ။ အသင်းတော်သည် ဤဆုကျေးဇူးမှ အဘယ်ကောင်းချီးခံစားရသနည်း။ ဤဆုကျေးဇူးကို မှန်ကန်စွာ အသုံးပြုနည်း သိကျွမ်းခြင်းသည် မည်သည့်စိန်ခေါ်မှုဖြစ်စေသနည်း။

၃။ သင့်အား အမှန်တကယ်ချစ်သောသူ လေးငါးယောက်လောက်ကို တွေးကြည့်ပါ။ သူတို့၏အချစ်သည် စစ်မှန်ကြောင်း မည်သို့သိနိုင်သနည်း။ ဝိညာဉ်ဆုကျေးဇူးများအကြောင်း ဆွေးနွေးရာတွင် ပေါလုသည် ချစ်ခြင်းမေတ္တာအကြောင်း အဘယ်ကြောင့် ဤမျှပြောဆိုရခြင်းအကြောင်း မည်သို့ သွန်သင်သနည်း။

၄။ ချစ်ခြင်းမေတ္တာသည် အရေးကြီးသော်ငြားလည်း လူတစ်ယောက်သည် အမှန်တရားပြောဆို၍ နားထောင်ထိုက်သူဖြစ်ကြောင်း အကဲဖြတ်ရန် ဤတစ်ခုတည်းသာအဘယ်ကြောင့် မဟုတ်သနည်း။

-၀-



## သင်ခန်းစာ (၇)
# မေတ္တာကိုဖော်ပြသောပုံရိပ်
ဩဂုတ်လ ၈ – ဩဂုတ်လ ၁၄

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၈ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၁၃။ မဿဲ၊ ၂၄း၁၂။ ဂလာတိ၊ ၅း၂၂၊၂၃။ ၁ တိ၊ ၁း၁၄။ ၁ ယော၊ ၄း၈။

**အလွတ်ကျမ်းချက်**

**"ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း" (၁ ကော၊ ၁၃း၁၃)။**

မေတ္တာတရားသည် အရာခပ်သိမ်းကို အောင်နိုင်စွမ်းရှိပါသည်။ ထို့ကြောင့်လည်း တမန်တော်ပေါလုသည် မေတ္တာတရားနှင့်ပတ်သက်၍ အကျယ်တဝင့်ရေးသားခဲ့ခြင်းဖြစ်သည်။ -မ္မသစ်ကျမ်းတွင် မေတ္တာတရားကို ဖော်ပြရန် အသုံးအများဆုံးသော ဂရိစကားလုံးဖြစ်သည့် (Agapao) နှင့် ၎င်း၏အနွယ်ဝင်စကားလုံးများကို ပေါလု၏ပေးစာများ၌ အကြိမ်ပေါင်း ၁၃၅ ကြိမ်ထက်မက တွေ့ရှိရပါသည်။ ဤပမာဏသည် -မ္မသစ်ကျမ်းတစ်စောင်လုံးတွင်ပါရှိသော ထိုစကားလုံးအသုံးပြုမှု စုစုပေါင်း၏ထက်ဝက်နီးပါးခန့် ရှိပါသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် ကောရိန္သုအသင်းတော်ထံ ရေးသားသော ပေါလု၏ပေးစာတွင် မေတ္တာတရားသည် အဓိကကျသော အနှစ်သာရဖြစ်ကြောင်း သိရှိနိုင်ပါသည်။

-မွသစ်ကျမ်းစာတွင် မေတ္တာဆိုင်ရာ မှတ်သားလောက်သောစာပိုဒ် မြောက်များစွာရှိရာ ရောမ၊ ၈း၃၅-၃၉။ ၁ ကော၊ ၂း၉။ ၈း၃။ ဂလာတိ၊ ၂း၂၀။ ကောလောသဲ၊ ၁း၁၃။ ၁ သက်၊ ၃း၁၂ တို့ဖြစ်ကြသော်လည်း ၁ ကော၊ ၁၃ သည် အနှိုင်းမဲ့ပင်ဖြစ်သည်။

လွန်ခဲ့သောအပတ်တွင် မေတ္တာမပါဘဲ အရာရာတို့သည် ဝိညာဉ်ဆု ကျေးဇူးပင်လျှင် အချည်းနှီးဖြစ်သည်ကို တွေ့ခဲ့ပြီးဖြစ်၏။ ယခုတစ်ပတ်တွင်လည်း ၁ ကော၊ ၁၃ ၌ အံ့ဖွယ်မေတ္တာ၏ ပုံရိပ်များကို သာ၍နက်နဲစွာကြည့်ရှုရပါမည်။

ကျွန်ုပ်တို့မြင်တွေ့ရမည့်အရာသည် မေတ္တာဟူသည် စိတ်ခံစားချက် တစ်ခုမျှမဟုတ်ဘဲ စိတ်ထားတစ်ခုနှင့် သဘောထားတစ်ရပ်ဖြစ်သည်။ ထိုသဘောထားကို မိမိဘဝတွင် အပြုအမူ၊ အပြောအဆိုတို့ဖြင့် ဖော်ပြရပါမည်။ သို့မဟုတ်ပါက အဓိပ္ပာယ်ပင်မရှိပါ။

မေတ္တာဟူသည် အဘယ်မည်ဖြစ်၍ အဘယ်မည်ကို ပြုသည်ကို ယေရှု၏အသက်တာတွင် ထင်ရှားစွာပြသခဲ့ပြီးဖြစ်သည်။

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၉ ရက်**

**ချစ်မေတ္တာ၏မရှိမဖြစ်လိုအပ်ခြင်း**

လွန်ခဲ့သောအပတ်တွင် ကျွန်ုပ်တို့သည် ၁ ကော၊ ၁၃ ၌ မြင်ခဲ့ရသည့်အတိုင်း မေတ္တာ၏ဆောင်ပုဒ်အား တို့ထိပြီးခဲ့ကြရာ ယခုတွင် ပေါလု၏အဆိုတို့အား သာ၍လေးနက်စွာ တူးဖော်ကြရပါမည်။

၁ ကော၊ ၁၃ ကိုပြန်ဖတ်ပါ။ မေတ္တာဆိုင်ရာ ပေါလုပြောဆိုသည်များကို အတိုချုံးပါ။

---

ပေါလုသည် ဘာသာစကား (၁ ကော၊ ၁၃း၁)၊ ပရောဖက်ဉာဏ်၊ သိပ္ပံအတတ်ပညာ၊ ယုံကြည်ခြင်း (၁ ကော၊ ၁၃း၂) နှင့် အကျိုးရှိသောအရာ



(၁ ကော၊ ၁၃း၃) တို့သည် အချည်းနှီးဖြစ်သည်မဆိုပါ။ မေတ္တာမပါမှသာ အချည်းနှီးဖြစ်သည်ဆို၏။

တမန်တော်ပေါလု ဖော်ပြနေသော မေတ္တာတရားမျိုးသည် ကျွန်ုပ် စတော်ဘယ်ရီသီးကို ကြိုက်နှစ်သက်သည်၊ ကျွန်ုပ်၏ သူငယ်ချင်းများကို ချစ်ခင်သည် သို့မဟုတ် ကျွန်ုပ်၏ ဇနီးမယားနှင့် သားသမီးများကို ချစ်ပါသည်ဟူသောဖော်ပြချက်မျိုးနှင့် လုံးဝတူညီခြင်းမရှိပါ။ ထို့အပြင် ရုပ်ရှင်ဇာတ်လမ်းများထဲတွင်မြင်တွေ့ရလေ့ရှိသော အချစ်မျိုးကိုလည်း ဆိုလိုခြင်းမဟုတ်ပါ။ ဤကျမ်းပိုဒ်ကို မင်္ဂလာဆောင်တရားဟောချက်များတွင် အသုံးများလေ့ရှိသော်လည်း ပေါလုရည်ညွှန်းနေသည်မှာ ကာမဂုဏ်နှင့်ဆိုင်သော ချစ်ခြင်းမေတ္တာမျိုး မဟုတ်သည်မှာအမှန်ပင်ဖြစ်ပါသည်။

ဤချစ်ခြင်းမေတ္တာကို ချစ်ခင်မင်မှု၊ ပရဟိတ၊ သီလနှင့် ကရုဏာတို့သို့လျှော့ချ၍မရပါ။ သို့တိုင်အောင် ၎င်းတို့သည် ချစ်ခြင်းမေတ္တာကို အနည်းနှင့်အများသရုပ်ဖော်ကြသည်။ ဤချစ်ခြင်းမေတ္တာသည် ဝိညာဉ်တော်မှ ကျွန်ုပ်တို့အား အထူးအပ်နှင်းထားခဲ့သည်။ ၁ ကော၊ ၁၃ ၏ ဤချစ်ခြင်းမေတ္တာသည် ချစ်ခင်စုံမက်စွာပြုရန်၊ ပရဟိတလုပ်ငန်းလုပ်ရန်၊ သီလစောင့်ရန် နှင့် ကရုဏာလုပ်ငန်းလုပ်ရန် ဦးဆောင်လမ်းပြနိုင်သည်။ ၎င်းသည် ခရစ်တော်နှင့် မိမိတို့အိမ်နီးချင်းတို့အပေါ် မိမိတို့၏အမူအရာများ၊ ခံစားချက်များနှင့် တွေးခေါ်မှုများကို လုံးဝပုံအပ်နှံထားခြင်းဖြစ်သည်။

မဿဲ ၂၄း၁၂ ကိုဖတ်ပါ။ ဤနေရာတွင် ယေရှုသည် မည်သည့်သတိပေးခြင်းပြုသနည်း။

---

ထို့ကြောင့်ပင် (Agape) သည် အရေးပါ၍လိုအပ်လှ၏။ ခရစ်တော်၏ တန်ခိုးတော်အားဖြင့် မိမိတို့၏ အိမ်၊ အသင်းတော်နှင့် ရပ်ကွက်ထဲတွင် ထိုမေတ္တာကို အေးတိအေးစက်မထားနိုင်ပါ။ ကပ်တိုင်ပေါ်၌ ယေရှုသည် အသေခံခြင်းဖြင့် စံနမူနာပြသခြင်းပြုခဲ့၏။ ဤမေတ္တာမျိုးကို ဖော်ပြရာတွင် ပိုမို

ကြီးမြတ်စွမ်းအားပြည့်ဝသော အဘယ်ဖော်ပြချက်ရှိလိမ့်ဦးမည်နည်း။ ကျွန်ုပ်တို့သည် ထိုမေတ္တာနှင့်တူညီစွာ ဖော်ပြနိုင်စွမ်းမရှိသည်တိုင် ဘုရားသခင်၏ကရုဏာတော်ဖြင့် ကျွန်ုပ်တို့၏အသက်တာများတွင် မိမိတတ်စွမ်းသမျှ ဖော်ထုတ်ရန် ကြိုးပမ်းအားထုတ်သင့်သည်။

ဤမေတ္တာမျိုးကို ဖော်ပြရာတွင် အခြားမည်သည့်အရာထက်မဆို ဤမေတ္တာမျိုးလိုအပ်နေသူအား အလွန်အားကောင်းသောအပြုသဘော သက်ရောက်မှုဖြစ်စေနိုင်သော အချိန်များသည် မည်သည့်အချိန်များဖြစ်သနည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၁၀ ရက်**

**ချစ်ခြင်းမေတ္တာပြုသောအရာ**

၁ ကော၊ ၁၃း၄-၇ သည် ထိုအခန်းကြီးတစ်ခုလုံး၏ နှလုံးသားဖြစ်သည်။ ပေါလုသည် မေတ္တာ၏အင်္ဂါရပ်များကို ဗဟိုပြုကာ၊ မေတ္တာသည် မည်သည်ဖြစ်၍ မည်သည်မဖြစ်ခြင်း၊ မည်သည်ပြု၍ မည်သည်မပြုခြင်းတို့ကို ပြသသွားသည်။ သူသည် မေတ္တာကို ပုံဖော်ရာတွင် ဝိညာဉ်တော်မှတွန်းပို့သောမေတ္တာပိုင်ရှင်၏အမူအရာအား တစေ့တစောင်း မြင်တွေ့စေသည်။ မေတ္တာကိုသရုပ်ပြရာတွင် ပေါလုသည် ကြိယာအတွဲလိုက် သုံးစွဲသည်။ အကြောင်းမှာ မေတ္တာသည် ပြုမူဆောင်ရွက်ခြင်းဖြစ်၍ ခံစားချက်တို့နှင့် စိတ်ခံစားမှုတို့ထက်သာလွန်၏။

ထိုသို့ဆိုသော် မေတ္တာသည် မည်သည်တို့ကို ပြုတတ်သနည်း။

(၁) စိတ်ရှည်ခြင်းပြသသည် (Makrothymeō) ။ အနက်ကား စိန်ခေါ်မှုများကာလတွင်ပင် စိတ်ရှည်ခြင်း။ စိတ်ရှည်ခြင်းသည် တစ်ဦးနှင့်တစ်ဦး သည်းခံခြင်းကိုပါ မီးမောင်းထိုးထားပါသည် (ဧဖက်၊ ၄း၂)။

(၂) ကျေးဇူးပြုတတ်သည် (Chrēsteuomai) ။ အနက်သည်ကား -မွသစ်ကျမ်း၌သာရှိ၍ တူညီသောဇစ်မြစ်မှ အခြားစကားလုံးများသည် နေရာတကာတွင်ရှိ၏။ ဂရိ (Septuagint) ကျမ်းတွင် ဤစာလုံး၏ဇစ်မြစ်သည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းနှင့် ကရုဏာတော်တို့အားတွဲလျက် ဆာလံကျမ်းတွင်မကြာမကြာပါရှိ၏ (ဆာ၊ ၁၄၅း၉)။ ထိုမေတ္တာသည် ကောင်းမြတ်ခြင်းကိုပြသည်ဆိုရာတွင် ပေါလုသည် ဘုရား၏မေတ္တာသည် မိမိတို့အပေါ်သက်ရောက်သည်နည်းတူ တစ်ဦး၏မေတ္တာသည် တစ်ဦးအပေါ်သို့ သက်ရောက်ရမည်ဆိုသည်။



(၃) သမ္မာတရား၌ဝမ်းမြောက်လော့ (Synchairō) ။ ဤဝေါဟာရ၏အနက်သည် သူတစ်ပါးနှင့်အတူတကွ ဝမ်းမြောက်တတ်ခြင်းကိုဆိုသည် (လု၊ ၁း၅၈။ ၁၅း၆၊၉။ ၁ ကော၊ ၁၂း၂၆။ ဖိလိပ္ပိ၊ ၂း၁၇၊၁၈)။

(၄) အရာရာ၌သည်းခံ (Stegō) သည် ။ အနက်သည် "ဖုံးအုပ်သည်" ကျမ်းစာပညာရှင်တို့သည် လျှို့ဝှက်ထားခြင်း၊ ကာကွယ်ထားခြင်း၊ ခံနိုင်ရည်ရှိခြင်းဟုဆိုသည်။ ထိုသည်းခံခြင်း၏အယူအဆသည် ၁ ကော၊ ၉း၁၂ တွင် ကျမ်းစာအနက်ပြန်သူတိုင်းအတွက် ဒုတိယရွေးချယ်မှုဖြစ်စေသော ဝေါဟာရဖြစ်သည်။

(၅) ခပ်သိမ်းသောအရာကို ယုံ (Pisteuō) တတ်၏ ။ (Pisteuō) ၏ဇစ်မြစ်သည် ယုံကြည်သည်ဟူသော (Pistis) ဖြစ်သည်။ ၁ ကော၊ ၁၃ တွင် အရာရာအားယုံကြည်သည်ဆိုရာတွင် အချင်းချင်းယုံမှားသံသယများကို ဖယ်ရှားကြသည်ဆိုသည်။

(၆) ခပ်သိမ်းသောအရာကို (Elpizō) မျှော်လင့်တတ်၏ ။ -မွသစ်တွင် (Elpizō) သည် အကောင်းတစ်ခုခုကို မျှော်လင့်နေခြင်းကိုဆိုသည်။

(၇) ခပ်သိမ်းသောအရာကို သည်းခံ (Hypomenō) တတ်၏ ။ (Stegō) နှင့် (Hypomenō) တို့သည် ၁ ကော၊ ၁၃း၇ တွင် ကွဲပြားမှုမရှိပါ။ ၎င်းတို့သည် အဓိပ္ပာယ်တူဝေါဟာရများဖြစ်၍ ဒုက္ခဆင်းရဲကာလတွင် တည်ကြည်ခြင်း ဖြစ်သည်။ စာပိုဒ်ကိုအဆုံးသတ်ရာတွင် (Stegō) ကို ထပ်တလဲလဲမသုံးဘဲ ရှောင်ရှားနိုင်ရန် (Hypomenō) ကို အသုံးပြုလိုက်ခြင်းဖြစ်သည်။

၁ ကော၊ ၁၃း၄-၇ နှင့် ဂလာတိ၊ ၅း၂၂၊၂၃ တို့ကို ယှဉ်ဖတ်ပါ။ ဤစာပိုဒ်နှစ်ခုစပ်ကြားတွင် မည်သည့်တူညီသော အယူအဆတွေ့မိသနည်း။

**အင်္ဂါနေ့** **ဩဂုတ်လ ၁၁ ရက်**

**ချစ်ခြင်းမေတ္တာမပြုသောအရာ**

၁ ကော၊ ၁၃း၄-၇ ကိုပြန်ဖတ်ပါ။ ချစ်မေတ္တာ၏အပြုသဘောလက္ခဏာသာမဟုတ်ဘဲ အပျက်သဘောများကိုပင် ပေါလုသည် အဘယ်ကြောင့် ဖော်ပြနေရသနည်း။

---

ယခင်နေ့၌ ချစ်ခြင်းမေတ္တာပြုသောအရာ ခုနစ်ခုကို ဗဟိုပြုခဲ့ပြီးဖြစ်ရာယနေ့တွင် ချစ်ခြင်းမေတ္တာမပြုသောအရာရှစ်ခုကို ကြည့်ရှုကြပါစို့။ ချစ်မေတ္တာသည် -

(၁) မေတ္တာသည်ဂုဏ်ပြိုင်ခြင်း (Zeloō) မရှိ။ (Zeloō) ကို အပြုဆောင်ခြင်းတွင် "အမြတ်ဆုံးသောစွမ်းရည်ကျေးဇူးကို အလွန်အလိုရှိ (Zeloō) သည်" (၁ ကော၊ ၁၂း၃၁)။ "ဝိညာဉ်စွမ်းရည်ကို အလွန်အလိုရှိ (Zeloō) သည်" (၁ ကော၊ ၁၄း၁)။ "ပုရောဖက်ပြုခြင်းငှာ အလွန်အလိုရှိ (Zeloō) ကြလော့" (၁ ကော၊ ၁၄း၃၈)။ တမန်၊ ၇း၉ တွင်လည်း အပျက်သဘောဖြစ်သည်။ ဝိညာဉ်ဆုကျေးဇူးကို အလိုရှိခြင်းသည် အဆင်ပြေသော်လည်း ထိုဆုကျေးဇူးရရှိသူအား ဂုဏ်ပြိုင်ခြင်းမပြုရပါ။ သင်းကွဲခြင်းဖြစ်စေသည် (၁ ကော၊ ၃း၃)။

(၂) ဝါကြွားခြင်း (Perpereuomai) မရှိ ။ (Perpereuomai) သည် ဝင့်ဝါမာနကြီးခြင်းဖြင့် သူတစ်ပါးတို့၏ ချီးမွမ်းခြင်းခံလိုခြင်းကို ဆိုသည်။ မေတ္တာဟူသည် မိမိကိုယ်ကို ဗဟိုပြုခြင်းမဟုတ်ပါ။ အောက်တွင် ရှင်းသည်။

(၃) ထောင်လွှားခြင်း (Physioō) မရှိ ။ (Physioō) သည် ၁ ကော၊ ၈း၁ တွင် ပေါလု၏ မှတ်သားဖွယ် အဆိုဖြစ်၏။ "ဉာဏ်သည် ထောင်လွှားစေတတ်၏၊ မေတ္တာမူကား တည်ဆောက်တတ်၏။" မိမိကိုယ်ကို အရေးပါစေခြင်းဖြင့် ဖောင်းပွနေသူဖြစ်သည်။

(၄) မလျောက်ပတ်စွာမကျင့်တတ် (Aschēmoneo) ။ (Aschēmoneo) သည် ကျယ်ပြန့်သောအဓိပ္ပာယ်ရှိ၏။ ကျယ်ပြန့်သည်ဆိုသည့်တိုင် လူမှုရေးနှင့် ကျင့်ဝတ်ဆိုင်ရာတို့ကို ဆန့်ကျင်စွာ၊ ဂုဏ်သိက္ခာမဲ့ခြင်း၊ ရှက်ဖွယ်ရာ၊ မဖွယ်ရာ၊ မလျော်ကန်သော အမူအရာတို့ဖြစ်သည်။ "အစွမ်းသတ္တိ" ရှိသူတို့သည် "အားနည်းသောသူ"တို့အား ကောရိန်သုအသင်းဝင်တို့သည် မောက်မာကြမ်းတမ်းစွာ ပြုမူခြင်းကို ပေါလုဆိုလိုသည် (၁ ကော၊ ၄း၁၀။ ၈)။

(၅) ကိုယ်ကျိုးမရှာတတ် (Zēteo) ။ ဤသည်မှာ ၁ ကော၊ ၁၀း၂၄ တွင် ပေါလုသည် "ကိုယ်ကျိုးကို မည်သူမျှမရှာစေနှင့်၊ သူ့အကျိုးကိုသာရှာစေ" နှင့်အလားတူသည်။ မေတ္တာဟူသည် မိမိကိုယ်ကျိုးကိုပင်စွန့်၍ သူတစ်ပါးအကျိုးကိုပင် ရှာတတ်သည် (သင်ခန်းစာ ၅) ။ အချင်းချင်း သူ့အကျိုးကိုရှာပေးပါက အားလုံးအကျိုးရှိ၏။

(၆) ဒေါသအမျက်မထွက်တတ် (Paroxynō) ။ Paroxynō သည် ဒေါသ အမျက်ထွက်လွယ်သောသူ၏ အတွင်းစိတ်အခြေအနေကို ညွှန်းသည်။ မေတ္တာဟူသည် ဒေါသထွက်လွယ် အထိမခံခြင်းမဟုတ်ပါ။

(၇) အပြစ်ရှိသည်ဟု မထင်တတ် (Logizomai) ။ Logizomai ဟူသည် စာရင်းကိုင်ခြင်းဖြစ်၍ မေတ္တာသည် အမှားများကိုစာရင်းပြုစုခြင်းမရှိပါ။ တစ်မျိုးအားဖြင့် မေတ္တာသည် ခွင့်လွှတ်ခြင်းဖြစ်သည်။

(၈) မတရားသောအမှု၌ ဝမ်းမြောက် (Chairō) ခြင်းမရှိတတ် ။ မေတ္တာသည် တစ်ဦးဦး၏အမှားများကို စာရင်းမပြုစုဘဲ ၎င်းတို့၌လည်း ဝမ်းမြောက်ခြင်းမရှိပါ။ သူတစ်ပါးအား အမှန်ချစ်သောအခါ ၎င်းတို့၏အမှား၌ ဝမ်းမြောက်သည်ထက် ကူညီရမည့်နည်းလမ်းသာရှာဖွေ၏။



**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၁၂ ရက်**

**ယေရှု၏ပုံတူတစ်ခု**

၁ ကော၊ ၁၃း၄-၇ ကိုဖတ်ရှုသောအခါ လက္ခဏာရပ်အားလုံးတို့ကို ပြသရာတွင် ကျွန်ုပ်တို့၌ အနည်းနှင့်အများ လိုအပ်ချက်ရှိနေသည်ကို သတိပြုမိသောအခါ စိတ်အားငယ်စရာဖြစ်ကောင်းဖြစ်နိုင်သည်။ ၁ ကော၊ ၁၃ ကို

ရေးသားပြုစုနေချိန်တွင် ပေါလု၏စိတ်ထဲတွင် ယေရှု၏ပုဂ္ဂိုလ်တည်ရှိတန်ရာ၏။ ခရစ်တော်ကသာလျှင် မေတ္တာ၏ထူးခြားသော လက္ခဏာများကို စုံလင်စွာဖော်ပြနိုင်သောကြောင့်ဖြစ်သည်။ ထိုကြောင့် ပေါလု၏မေတ္တာပုံတူပြသ သရုပ်ဆောင်မှုသည် ယေရှု၏ပုံတူတစ်ခုပင်ဖြစ်၏။

ယောဟန်၊ ၁၃း၁၊၃၄။ ၁၅း၉၊၁၂။ ၁ တိ၊ ၁း၁၄၊ ၂ တိ၊ ၁း၇၊၁၃။ ၁ ယော၊ ၃း၁၆ နှင့် ၁ ယော၊ ၄း၇-၁၂၊၁၉-၂၁ တို့ကိုဖတ်ပါ။ မည်သည်တို့ကို သွန်သင်သနည်း။

-----------------------------------------------------------------

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏ (၁ ယော၊ ၄း၈)။ ကျွန်ုပ်တို့အား အလွန်ချစ်သောကြောင့် တစ်ပါးတည်းသောသားတော်ကိုပင် ပေးတော်မူ၏ (ယော၊ ၃း၁၆)။ ယေရှုသည်လည်း ဘုရား၏ချစ်ခြင်းမေတ္တာကို အဆုံးစွန်ဖော်ပြခြင်းဖြစ်သည် (ဟေဗြဲ၊ ၁း၃)။ ထိုမေတ္တာကို မိမိကိုယ်တိုင် မည်သို့ဖော်ပြသည်ကို သိလိုပါက ယေရှုကိုသာ ကြည့်ရှုရပါမည်။

-မွသစ်တွင် ယေရှု၏ပုံတူကားချပ်ကို ဂရုစိုက်ပါက ၁ ကော၊ ၁၃ တွင် သူ၏အပြုဆောင်သောမေတ္တာ၏ အင်္ဂါရပ်များကို သတိပြုမိပါလိမ့်မည်။

(၁) ယေရှုသည် စိတ်ရှည်၏။ “လိုက်စရာပုံသက်သေဖြစ်စေခြင်းငှာ အကြီးဆုံးသောအပြစ်ရှိသောငါ၌ ယေရှုခရစ်သည် ခပ်သိမ်းသောခန္တီတော် (Makrothymia) ကိုပြတော်မူသည်” (၁ တိ၊ ၁း၁၆)။

(၂) ယေရှုသည် ကျေးဇူးကြီးသည်။ ကျမ်းစာသည် “သခင်သည် ကျေးဇူးကြီးသည်” (၁ ပေ၊ ၂း၃) ဆို၏။ “သခင်”သည် ယေရှုဖြစ်သည်။ “ကျေးဇူးကြီး” သည်ဂရိဝေါဟာရ (Chrēstos) ဖြစ်ရာ ထိုဝေါဟာရ၏ ဇစ်မြစ်သည် (Chrēsteuomai) “ကျေးဇူးကြီးမားခြင်း” ဖြစ်သည် (၁ ကော၊ ၁၃း၄)။

(၃) ယေရှုသည် သမ္မာတရား၌ဝမ်းမြောက်၏။ ခမည်းတော်၏အလိုတော်ကိုလိုက်လျှောက်လျက် သူ့မေတ္တာတော်ကို ခံစားခြင်းတွင် ဝမ်းမြောက်ခြင်းရှိ၏ (ယောဟန်၊ ၁၅း၉-၁၁။ ၁၇း၁၂-၁၄)။



(၄) ယေရှုသည် အရာခပ်သိမ်းကို သည်းခံ၏။ ဟေဗြဲ ၁၂၊၂၃ တွင် ယေရှုသည် “အပြစ်ရှိသောသူတို့လက်တွင် အတားအဆီးကိုခံသည်၊ လက်ဝါးကပ်တိုင်ကိုခံ” သည်ဟု ဆိုသည်။ ယေရှုကဲ့သို့ မည်သူမျှ သည်းမခံနိုင် (ဖိလိပ္ပိ၊ ၂း၈)။ နောင်တွင် ရရှိမည့်ဝမ်းမြောက်ခြင်းကြောင့် ထိုသို့ပြုသည်။

(၅) ယေရှုသည် အရာခပ်သိမ်းကိုယုံကြည်၏။ ပေါလု၏ ပြောင်းလဲခြင်းသည် စစ်မှန် မမှန် အာနနိမှမေးသောအခါ (တမန်၊ ၉း၁၃၊၁၄)၊ ယေရှုသည် “ငါ ရွေးကောက်ထားသော တန်ဆာဖြစ်သည်” (တမန်၊ ၉း၁၅) ဆို၏။ ယေရှုသည် လူတို့ကို ၎င်းတို့အရှိအတိုင်းမမြင်ဘဲ သူ၏တန်ခိုးတော်ကြောင့် ဖြစ်လာမည့် အတိုင်း ရှုမြင်သည်။

စစ်မှန်သော ချစ်မေတ္တာသည် မည်သည်ဖြစ်သည်ကို ကျွန်ုပ်တို့အား ယေရှုသည် မည်သည့်နည်းလမ်းများဖြင့် ထပ်မံပြသ သနည်း။

**ကြာသပတေးနေ့** **ဩဂုတ်လ ၁၃ ရက်**

**ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်း**

ချစ်ခြင်းဟူသည် ယခုထိ သင်ရသည်မှာ သည်းခံသည်၊ ကောင်းမြတ်သည်၊ ဝမ်းမြောက်သည်၊ ခံနိုင်ရည်ရှိသည်၊ ယုံကြည်သည်၊ မျှော်လင့်သည်၊ ယေရှုသည် ဤအရာအားလုံးဖြစ်သဖြင့် ခံနိုင်ရည်ရှိ၏။ ယေရှု၌ ဤအရည်အချင်းများ စုံလင်သည်ကိုမြင်ရသည်နှင့် နောက်တစ်ဆင့်သည် သူ့ကို အတုယူရပါမည်။ ဤသည်မှာ ကောရိန်သုလူတို့အတွက် ပေါလု၏ဆန္ဒဖြစ်သည်။

သို့တိုင်အောင် “မ . . . တတ်” ကိုဖြုတ်လိုက်ပါက ကောရိန်သုအသင်းတော်အတွင်း ၎င်းတို့ပြုမူပုံများဖြစ်သော “ဂုဏ်ပြိုင်ခြင်း၊ ဝါကြွားခြင်း၊ ထောင်လွှားခြင်း၊ မလျော်ကပ်စွာကျင့်ခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ အမျက်ထွက်ခြင်း၊ အပြစ်ရှိသည်ဟုထင်ခြင်း၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်း” တို့ကို ကောင်းမွန်စွာသရုပ်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ပေါလုသည် သူအသုံးပြုသောကြိယာများကို ကောရိန်သုလူတို့၏ အခြေအနေနှင့် သီချုပ်

နေခြင်းဖြစ်သည်" - Verlyn D. Verbrugge, "1 Corinthains," in The Expositor's Bible Commentary: Romans-Galatians, revised edition (Grand Rapids, MI:- Zondervan, 2008), p. 372.

ကောရိန်သုလူတို့သည် သင်ယူစရာများစွာရှိသည်နည်းတူ ကျွန်ုပ်တို့သည်လည်း ထိုနည်းတူဖြစ်သည်။ မေတ္တာပြုသည်၊ မပြုသည်တို့ကို ဖော်ပြအပြီးတွင် ပေါလုသည် စစ်မှန်သောမေတ္တာကျင့်စဉ်ကို လှုံ့ဆော်ခြင်းဖြင့် ထာဝရမေတ္တာ၏သဘောသဘာဝကို အလေးထားထင်ဟပ်စေခြင်းဖြင့် နိဂုံးချုပ်လေတော့၏။

အနာဂတ္တိစကားများ မလိုအပ်တော့သောတစ်နေ့တွင် ဘာသာစကားတစ်ခုတည်းသာ ပြောဆိုကြရမည်ဖြစ်ရာ လူသား၏ပညာသည် ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ကြောင်းနှင့် ထာဝရဘုရားအား သိကျွမ်းခြင်းသည် အသစ်ကျပ်ချွတ်သော လူသားတို့၏ပညာဖြစ်လာပါလိမ့်ဦးမည် (၁ ကော၊ ၁၃း၁၂)။ ဝိညာဉ်ဆုကျေးဇူးတို့သည်လည်း မိမိတို့ တည်ရှိရခြင်း၏ ရည်ရွယ်ချက်စုံလင်ခြင်းသို့ရောက်သောအခါ ရပ်တန့်ကြရပါတော့မည် (၁ ကော၊ ၁၃း၁၀)။ "သို့သော် မေတ္တာသည် ဖောက်ပြန်ခြင်းနှင့် အစဉ်ကင်းလွတ်၏" (၁ ကော၊ ၁၃း၈)။

ထိုနည်းတူ ခရစ်တော်ကြွလာသောအခါ ယုံကြည်ခြင်းသည် မျက်မှောက်မြင်ရခြင်းသို့ (၂ ကော၊ ၅း၇) လည်းကောင်း၊ ကြာမြင့်စွာ မျှော်လင့်ခဲ့ရသောအရာတို့သည် ဖြစ်ရပ်မှန် (ရောမ၊ ၈း၂၄)သို့ ရောက်သွားလိမ့်ဦးမည်။ သည်တင်မက၊ အဓိကအားဖြင့် မေတ္တာသည် သုံးပါးတစ်ဆူဘုရား၏ ဝိသေသလက္ခဏာအဖြစ် ထာဝရတည်လိမ့်မည်။ သို့သော် တစ်နည်းအားဖြင့် ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းတို့သည်လည်း ထာဝရတည်တံ့နေလိမ့်မည်။ ယခုတွင် ယုံကြည်ခြင်းသည် ကယ်တင်ခြင်း၏ အတွေ့အကြုံ (ရောမ၊ ၄း၃)၊ မျှော်လင့်ခြင်းသည်လည်း ကမ္ဘာသစ်အား သိကျွမ်းခြင်း၌ အသစ်သောကျေနပ်နှစ်သိမ့်ခြင်းသို့ရောက်စေ၍ ရွေးနုတ်ခံသူတို့၏ အတွေ့အကြုံအဖြစ် ထာဝရတည်



မြဲနေလိမ့်မည်။ ထိုနည်းတူ ထာဝရဘုရား၏ မေတ္တာတော်သည် ထာဝစဉ်တည်တံ့နေပါလိမ့်မည်။

မိမိတို့သည် မကြာမီ မိမိတို့သခင့်မျက်နှာကို ဖူးမျှော်ရလိမ့်မည် (၁ ကော၊ ၁၃း၁၂)။ ထိုနေ့ရက်တိုင် အောက်ပါ သူတော်ကောင်းတရားသုံးပါးတို့၌ မိမိတို့၏အသက်တာကို အနက်ဖွင့်ကြရပါလိမ့်မည်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် မေတ္တာတို့ဖြစ်သည်။ ဤတရားသုံးပါးသည် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အသက်တာ၏ ပြည့်စုံလင်ခြင်း၏ ကိုယ်စားလှယ်တော်ကြီးဖြစ်၏။ ဤအခြင်းအရာကြောင့် ခရစ်ယာန်တို့အား ရည်ညွှန်းကိုးကားနေရခြင်းပင်ဖြစ်သည် (ရော၊ ၅း၁-၅။ ဂလာတိ၊ ၅း၅၊၆။ ဧဖက်၊ ၁း၁၅၊၁၈။ ၄း၁-၅)။ မေတ္တာသည်သာ အမြတ်ဆုံး၊ ထာဝရဘုရား၏ ဝိသေသတော်အား ဖော်ပြပေးနိုင်သော တစ်ခုတည်းသောသူတော်ကောင်း တရားပင်ဖြစ်သည် (၁ ယော၊ ၄း၈)။

**သောကြာနေ့** **ဩဂုတ်လ ၁၄ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, "The Need of Love", pp. 545-546, Review and Herald, August 28, 1888.

"အသက်မွေးဝမ်းကျောင်း မည်မျှပင်မြင့်မားနေသည်တိုင် မိမိ၏နှလုံးသားသည် ထာဝရဘုရားနှင့် အိမ်နီးချင်းအား ချစ်ခြင်းဖြင့် စုံလင်ခြင်းမရှိသူသည် စစ်မှန်သောခရစ်တော်၏ တပည့်တော်မဖြစ်နိုင်ပါ။ ယုံကြည်ခြင်းကြီးမား၍နိမိတ်လက္ခဏာပြုနိုင်သော တန်ခိုးပင်ရှိသော်ငြားလည်း မေတ္တာပင် မရှိသောသူသည် အနတ္တသက်သက်ဖြစ်၏။ ကြီးမားသော စေတနာထက်သန်မှုကို ပြသနိုင်သော်လည်း စစ်မှန်သောမေတ္တာအပြင် အခြားတစ်ခုခုဖြင့်ဆင်းရဲသားများအား မိမိပစ္စည်းဥစ္စာများကို လှူဒါန်းခဲ့သည်တိုင် ထိုအမှုသည် ဘုရားသခင်၏နှစ်သက်မှုကို သူ့အတွက် ဆောင်ကျဉ်းပေးနိုင်မည်မဟုတ်ပေ။ သူ့ဖွဲ့လုံ့လဝီရိယကြောင့် အာဇာနည်သေခြင်းကို ခံရသည်တိုင် မေတ္တာဖြင့်စီး

ဆင်းလာသည်မဟုတ်ပါက ဘုရား၏အမြင်တွင် သူသည် မိမိကိုယ်ကိုလှည့်စားနေသူ၊ ရည်မှန်းချက်လွန်ကဲသော ဟန်ဆောင်သူတစ်ဦးအဖြစ် သတ်မှတ်ခံရလိမ့်မည်။” - Ellen G. White, The Acts of The Apostles, pp. 318, 319.

“ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရားကောင်းမွန်ရေး ဟောပြောချက်များစွာရှိသည်။ အလိုအပ်ဆုံးအရာမှာ ပျောက်ဆုံးဝိညာဉ်များအား ချစ်ခြင်း၊ ဘုရား၏ရာဇပလ္လင်တော်မှစီးဆင်းလာသော ချစ်ခြင်းပင်ဖြစ်သည်။ မှန်ကန်သောခရစ်ယာန်ဘာသာသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ မေတ္တာကိုစီးဆင်းစေလေသည်။ ၎င်းသည် ဦးနှောက်၊ နှလုံး၊ ကူညီသောလက်နှင့် ခြေတို့၏အရေးကြီးသောနေရာကို တို့ထိသဖြင့် ဘုရားသခင်သည် ၎င်းတို့ကိုထားသောနေရာတွင် တည်မြဲနိုင်၍ ခြေမသန်သောသူတို့သည် လမ်းလွဲသွားခြင်းမရှိနိုင်ရန် မိမိတို့၏လမ်းခရီးကို ဖြောင့်ဖြူးစေနိုင်သည်။ ပျောက်ဆုံးဝိညာဉ်တို့အတွက် တောက်လောင်နေသော ခရစ်တော်၏မေတ္တာတော်သည် ခရစ်ယာန်ဘာသာ၏ စနစ်တစ်ခုလုံး၏ အသက်သွေးကြောဖြစ်လေသည်” - Ellen G. White, Lift Him Up, p. 134.

“ခရစ်တော်၏နှလုံးတော်မှ စီးဆင်းလာသော မေတ္တာတော်သည်သာ လျှင်အနာငြိမ်းစေနိုင်သည်။ ထိုမေတ္တာစီးဝင်ရသောနေရာ၊ သစ်ပင်၏အရည်များနှင့် ခန္ဓာကိုယ်တွင်း သွေးကြောများထဲသို့ စီးဝင်သောအခါမှသာ နာကျင်သောဝိညာဉ်ကို နဂိုမူလနေရာသို့ ပို့ဆောင်နိုင်သည်” - Ellen G. White, Education, p. 114.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ပေါလုမှ စီရီထားသည့်အပြုဆောင်သော မေတ္တာ၏အင်္ဂါရပ်တို့သည် ပြီးပြည့်စုံသည်ဟု သင်ယူဆသလား။ မဟုတ်ခဲ့သော် အခြားသော မည်သည့်အရာများကို စာရင်းထပ်သွင်းလိုပါသလား။**



**၂။ ပေါလုသည် “ချစ်ခြင်းမေတ္တာကို မီအောင်လိုက်ကြလော့” (၁ ကော၊ ၁၄း၁) ဟု ဆိုရာတွင် မည်သည့်အနက်ရှိမည် သင်ထင်သနည်း။ ၁ ကော၊ ၁၃း၄-၇ တွင် ပေါလုဆိုထားသောအရာနှင့် မည်သို့ဆက်နွယ်စေမည်နည်း။**

**၃။ ချစ်ခြင်းမေတ္တာ၏ မည်သည့်ဝိသေသလက္ခဏာကို သင့်နေ့စဉ်အသက်တာတွင် လက်တွေ့ကျင့်သုံးရန် လိုအပ်နိုင်မည်နည်း။ ဌာနေအသင်းတော်တွင် မည်သည်တို့သည် သာ၍ လိုအပ်နိုင်မည်နည်း။ ချစ်ခြင်းမေတ္တာကို ပုရောဖက်ဆုကျေးဇူး၊ ဘာသာစကားများ၊ အသိပညာတို့နှင့် အဘယ်ကြောင့် ပေါလု နှိုင်းယှဉ်သနည်း (၁ ကော၊ ၁၃း၈)။**

**၄။ ကောရိန်သုလူတို့၏ စည်းလုံးခြင်းအားနည်းမှုအတွက် အဓိကလိုအပ်ချက်ကို ပေါလုက မည်သို့ဆိုသနည်း။ ယနေ့ မိမိတို့အသင်းတော်အတွင်း မည်သို့အသုံးပြုနိုင်မည်နည်း။**

-၀-

## သင်ခန်းစာ (၈)

# ခရစ်တော်ထမြောက်ခြင်း၏တန်ခိုးတော်

သြဂုတ်လ ၁၅ – သြဂုတ်လ ၂၁

### ဥပုသ်နေ့မွန်းလွဲပိုင်း — သြဂုတ်လ ၁၅ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၁၅။ လုကာ၊ ၂၄း၄၄-၄၇။ ဗျာ၊ ၂၀း၅၊၆။ ကောလောသဲ ၂း၁၂။ ၂ တိ၊ ၁း၁၂။ ၁ သက်၊ ၄း၁၃-၁၇။

### အလွတ်ကျမ်းချက်

**"ခရစ်တော်သည် ထမြောက်တော်မမူလျှင် ငါတို့ဟောပြောခြင်း၌ အကျိုးမရှိ၊ သင်တို့ယုံကြည်ခြင်း၌လည်း အကျိုးမရှိ၊ ခရစ်တော်သည် ထမြောက်တော်မမူလျှင် သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ။ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏" (၁ ကော၊ ၁၅း၁၄၊၁၇)။**

ပေါလုခေတ်တွင်ပင် သေလွန်သူတို့၏ထမြောက်ခြင်းကို ငြင်းဆိုသောသူတို့ရှိနေခြင်းသည် အံ့ဖွယ်ကောင်းလှသည်။ သေရာတွင် လူ၏ခန္ဓာကိုယ်သည် မည်သို့ဖြစ်သည်ကို ထိုသူတို့သိကြပြီးဖြစ်သည်။ လူသေအလောင်းသည် အရည်ပျော်ရုံမက မြေမှုန့်ခြောက်သို့ပြန်သဖြင့် ဘာမှမဟုတ်တော့ကြောင်း သိကြ၏။ ရှေးပဝေသဏီကတည်းက လူတွေသေနေကြသည်ကိုလည်း သိကြပြီးဖြစ်သည်။ မိမိတို့ မမွေးဖွားလာမီကတည်းက လူတွေသေနေကြပြီး ဖြစ်သည်ကိုလည်း သိကြ၏။

လူသေတို့၏ပြန်ရှင်ခြင်းသည် ၎င်းတို့နှင့်အတူ ယခုခေတ်လူသားတို့အတွက်ပင် ယုတ္တိရှိရှိပြောဆိုနေသယောင်ပင် ဖြစ်စေသည်။ ပေါလုမှ တင်ပြခဲ့ရသော ကိစ္စတစ်ခုပင်ဖြစ်ခဲ့ရသည်။



၎င်းသည်လည်း အရေးပါသည်။ ယေရှုသည် ထမြောက်တော်မမူသော် မိမိကိုယ်ကို မည်သူဟုဖော်ပြခဲ့ပြီးသည်အတိုင်း မိမိမဟုတ်တော့ဘဲ လက်ဝါးကပ်တိုင်သည်လည်း အကျိုးမရှိ၊ ကျွန်ုပ်တို့အပြစ်တို့သည်လည်း မပေးဆပ်ရသေးပါ။ စိတ်ပျက်ခြင်း၌သာ ကျွန်ုပ်တို့ကျန်ရစ်နေရပါမည်။ သို့သော် ငါတို့၏သခင်သည် ထမြောက်ခဲ့ပြီး ကောင်းကင်သို့တက်ကြွသွားခဲ့၍ တစ်ကြိမ်ပြန်ကြွလာကာ ကျွန်ုပ်တို့အား ထိုအိမ်သို့ခေါ်ဆောင်မည်ဖြစ်သည်။

ယခုတစ်ပတ်တွင် ကျွန်ုပ်တို့သည် ၁ ကော၊ ၁၅ နှင့် ၎င်းသွန်သင်ထားသော ခရစ်တော်၏ထမြောက်ခြင်းကို ဗဟိုပြုကြပါမည်။ ပတ်ဝန်းကျင်ရှိ နတ်ကိုးကွယ်သူတို့၏ ရှုထောင့်ကိုကိုင်တွယ်သော ကောရန်သုလူတစ်ချို့တို့သည်ပြန်ရှင်ထမြောက်ခြင်းမရှိဟုသာ ဆိုတတ်ကြသည်ကို တုန့်ပြန်ရာတွင် ပေါလုသည် ခရစ်တော်၏ထမြောက်ခြင်းသည် ကျွန်ုပ်တို့၏တစ်ခုတည်းသော မျှော်လင့်ခြင်းဖြစ်ကြောင်း ပေါလုသည် ခိုင်မာစွာဆို၏။

### တနင်္ဂနွေနေ့ — သြဂုတ်လ ၁၆ ရက်

### ခရစ်တော်၏ထမြောက်ခြင်းကိုကြွေးကြော်ခြင်း

ပေါလုသည် ဧဝံဂေလိတရားတော်ကို အခြေပြုလျက် ၁ ကော၊ ၁၅ ကိုအစပြုသည်။ ဧဝံဂေလိတရားကို ပြောဆိုရာတွင် (၁) ကောရိန်သုလူတို့အား သူဟောပြောခဲ့သော၊ (၂) ၎င်းတို့မှလက်ခံခဲ့သော၊ (၃) ၎င်းတို့ရပ်တည်ခဲ့သော၊ (၄) ၎င်းတို့ ထိုအရာ၌ကယ်တင်ခြင်းသို့ ရောက်ရသောအရာ (၁ ကော၊ ၁၅း၁၊၂) ဟုဆို၏။ ၎င်းဖွင့်ဆိုခြင်းသည် လာမည့်အခန်းကဏ္ဍများတွင် ကျွန်ုပ်တို့ကယ်တင်ခြင်းသို့ရောက်ရန် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် အခရာကျကြောင်း စာဖတ်သူတို့၏ အာရုံကိုပြုပြင်ပေးသည် (ရောမ၊ ၁၀း၉၊၁၀)။ ထိုထမြောက်ခြင်းသည် ဧဝံဂေလိတရားတော်၏ အဓိကကျသောအစိတ်အပိုင်းပင်ဖြစ်သောကြောင့် ငြင်းဆိုသူတို့သည် ခရစ်တော်၌ ယုံကြည်ခြင်းနှင့် ဆန့်ကျင်နေသူဖြစ်သည်။

၁ ကော၊ ၁၅း၁-၄။ လုကာ၊ ၂၄း၄၄-၄၇ နှင့် ရောမ၊ ၁း၁-၄ ကိုဖတ်ပါ။ ဤကျမ်းချက်တို့တွင် တူညီချက် မည်သည်တို့ရှိသနည်း။

---

၁ ကော၊ ၁၅း၁-၄ တွင် တမန်တော်ပေါလု ဟောပြောချက်၏ အနှစ်ချုပ်ကိုတွေ့ရှိနိုင်ပါသည်။ ကျမ်းစာလာသည်နှင့်အညီဟူသော စကားရပ်သည် -မှုဟောင်းကျမ်းပါ သီးခြားကျမ်းပိုဒ်များကို ရည်ညွှန်းသည်ဖြစ်စေ၊ -မှုဟောင်းကျမ်းတစ်စောင်လုံးကို ခြုံငုံရည်ညွှန်းသည်ဖြစ်စေ အရေးမကြီးပါ။ သခင်ယေရှု၏အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းတို့သည် -မှုဟောင်းကျမ်းတွင်ပါရှိသော ဘုရားသခင်၏ ကတိတော်များကို ပြည့်စုံစေခဲ့ခြင်းဖြစ်ပါသည်။

၁ ကော၊ ၁၅း၂၁၁ ကိုဖတ်ပါ။ ဤကျမ်းချက်တို့သည် ယုံကြည်ခြင်းနှင့် ဟောပြောခြင်းတို့အား အဘယ်ကြောင့် ရင်ဘောင်တန်းကာ ထားပါသနည်း။ ၎င်းတို့နှစ်ခုစပ်ကြား ဆက်စပ်မှုမည်သို့ရှိသနည်း။

---

ခရစ်တော်သည် ထမြောက်သည်ဟု ကြွေးကြော်သူတို့သည် ထမြောက်ရှင်ပြန်ခြင်းသည်လည်း ရာဇဝင်ဖြစ်ရပ်မှန်ဖြစ်ကြောင်း ကနဦးယုံကြည်ရပါမည်။ ဤကိစ္စတွင် ၁ ကော၊ ၁၅း၅-၈ သည် -မှုသစ်ကျမ်း၏အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာသည်။ ခရစ်တော်ထမြောက်ပြီးသည့်နောက်တွင် လူသူများစွာတို့မှ မြင်တွေ့ခဲ့ကြ၍ ထိုသူတို့ပင်လျှင် ပေါလုမှစာရေးသားပေးပို့ချိန်တွင် သက်ရှိထင်ရှားရှိနေသေးကြောင်း ကျမ်းစာအထောက်အထားကို ဤကျမ်းပိုဒ်တို့မှ ဖော်ပြသွားသည် (၁ ကော၊ ၁၅း၆)။

အခြေခံအားဖြင့်ဆိုရသော် သင်တို့ကိုယ်တိုင်သွားရောက်၍ ၎င်းတို့မြင်တွေ့သောအရာများကို မေးမြန်းကြပါလေဟု ပေါလုဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်သည် ဧကန်ရှင်ပြန်ထမြောက်ခဲ့သည်ကို သူ၏လုံးဝယုံကြည်စိတ်ချမှုရှိခြင်းဖြစ်သည်။



ဤလူသူတို့သည် မျက်မြင်သက်သေများပင်ဖြစ်ကြသည်။ ခရစ်တော်မှ "ဤအကြောင်းအရာတို့၏ သက်သေဖြစ်ကြသည်" (လုကာ၊ ၂၄း၄၈) ဟူသည်မှာ ထိုသူတို့ပင်ဖြစ်ကြပါသည်။

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်နိုင်ရန် မည်သည့်ကျိုးကြောင်းများ ကျွန်ုပ်တို့တွင် ရှိသနည်း။ ကျွန်ုပ်တို့ မျက်မြင်မဟုတ်ဘဲ ယုံကြည်သက်ဝင်သော လောကုတ္တရာနှင့် ဘာသာတရားရေးရာ မည်သည်များ ရှိနိုင်မည်နည်း။

**တနင်္လာနေ့** **ဩဂုတ်လ ၁၇ ရက်**

**ထမြောက်သောခရစ်တော်၊ တစ်ခုတည်းသောငါတို့၏မျှော်လင့်ရာ**

၁ ကော၊ ၁၅း၉-၁၉ တွင် ရှင်ပြန်ထမြောက်ခြင်းအား ငြင်းဆိုခြင်းသည် ကြောက်မက်ဖွယ်အကျိုးဆက်များအကြောင်းကို ပေါလုရှင်းလင်းတင်ပြထားသည်။ ထမြောက်ခြင်းမရှိဘဲ ယုံကြည်သူတို့သည် အနာဂတ်ကာလအတွက်သာမက လက်ရှိပစ္စုပ္ပန်တွင်ပင် မျှော်လင့်ခြင်းမရှိနိုင်ပါ။

၁ ကော၊ ၁၅း၉-၁၉ ကိုဖတ်ပါ။ ခရစ်တော်မထမြောက်ခဲ့သော် ကျွန်ုပ်တို့မည်သည်ကို ဆုံးရှုံးသနည်း။

---

အများအားဖြင့် ရှေးနတ်စားတို့ အထူးသဖြင့် ဂရိလူတို့သည် ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်ကြဘဲ ခန္ဓာကိုယ်နှင့် ဝိညာဉ်တို့၏ သီးခြားတည်ရှိမှု ယုံကြည်သူများ (သေရာ၌ဝိညာဉ်သည် မိမိသွားရမည့်နေရာသို့ ထွက်သွားသည်ဟု ယုံကြည်ခြင်း) ဖြစ်ကြသည်။

၁ ကော၊ ၁၅း၁၂-၁၉ ကို ပေါလုသည် မေးခွန်းထုတ်၍ နက်နဲသောအရာများကို ဖော်ပြခြင်းဖြင့် စတင်သည်။ မည်သို့နည်း။ သင်တို့တွင် အချို့တို့သည် ရှင်ပြန်ထမြောက်ခြင်းမရှိဟု အဘယ်ကြောင့်ဆိုနိုင်သနည်း (၁ ကော၊ ၁၅း၁၂)။ ထိုစဉ်ခါတွင် မျက်မြင်သက်သေများစွာရှိသည်ဖြစ်၍ ရှင်ပြန်ထမြောက်

ခြင်းကို မယုံကြည်ခြင်းသည် စိတ်ကူးမယဉ်နိုင်စရာကြီးဖြစ်သည် (၁ ကော၊ ၁၅း၅-၈)။ သာ၍ဆိုးသည်မှာ ရှင်ပြန်ထမြောက်ခြင်းမရှိပါက ၎င်းတို့၏ မျှော်လင့်ခြင်းသည် မုသားပေါ်တွင် တည်နေသည်ဖြစ်၍ ၎င်းတို့သည်လည်း မိမိတို့၏အပြစ်၌ ရှိနေသေး၏။

ရှင်ပြန်ထမြောက်ခြင်းမရှိခဲ့သော် (၁) ခရစ်တော်သည် ရှင်ပြန်မထမြောက် (၁ ကော၊ ၁၅း၁၃၊၁၆)။ (၂) ကျွန်ုပ်တို့ဟောပြောခြင်းသည် အကျိုးမရှိ (၁ ကော၊ ၁၅း၁၄)။ (၃) ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည်လည်း အကျိုးမရှိ (၁ ကော၊ ၁၅း၁၄)။ (၄) ကျွန်ုပ်တို့သည် မိစ္ဆာဒိဋ္ဌိများသာ ဖြစ်၏ (၁ ကော၊ ၁၅း၁၅)။ (၅) မိမိတို့၏ယုံကြည်ခြင်းသည် အကျိုးမရှိ (၁ ကော၊ ၁၅း၁၇)။ (၆) ကျွန်ုပ်တို့သည် အပြစ်၌ရှိနေသေး (၁ ကော၊ ၁၅း၁၇)၍ (၇) သေလွန်သောသူတို့သည် ဆုံးရှုံးခြင်းသို့ ရောက်သည် (၁ ကော၊ ၁၅း၁၈) ဆို၏။

ရှင်ပြန်ထမြောက်ခြင်းမရှိဘဲ ဟောပြောခြင်းနှင့် ယုံကြည်ခြင်းသည် အကျိုးမရှိပါ (၁ ကော၊ ၁၅း၁၄)။ "အကျိုးမရှိ" ဟူသည် ဂရိဝေါဟာရတွင် (Kenos) ဖြစ်သည်။ အနက်ပြန်ခြင်းကောင်းသည့်တိုင် ကျယ်ပြန့်လွန်း၏။ ဘာသာပြန်သူတို့သည်လည်း "အကျိုးမရှိ" ဟူသည်မှာ သမ္မာတရားလျော့နည်းခြင်း (မမှန်ကန်ခြင်း)၊ လျော့နည်းနေခြင်းဖြင့် (ရလဒ်အကျိုးသက်ရောက်မှုမရှိ)၊ ရည်ရွယ်ခြင်းကင်းမဲ့အချည်းနှီးဖြစ်သည်။

ဂရိဝေါဟာရ (Mataios) သည် တိကျသောအနက် မည်သို့ပင်ဖြစ်စေ၊ ရှင်ပြန်ထမြောက်ခြင်းမပါရှိသော ဇာတ်ညွှန်းတွင် ယုံကြည်ခြင်းသည် အကျိုးမဲ့ခြင်းဖြင့် ဖော်ပြထားသည် (၁ ကော၊ ၁၅း၁၇)။ ထိုဝေါဟာရ (Mataios) သည် (Kenos) နှင့်လွန်စွာခြားနားခြင်းမရှိဘဲ ယေရှုသည် ရှင်ပြန်ခြင်းမရှိခဲ့သော် ယုံကြည်ခြင်းသည် အသီးမရှိ၊ လှည့်စားခြင်းသက်သက်ဖြစ်၍ ကျွန်ုပ်တို့သည်လည်း အပြစ်ဖြေလွှတ်ရာသို့ မရောက်ရကြ (၁ ကော၊ ၁၅း၁၇)။ ကျွန်ုပ်တို့သည်လည်း လှည့်ဖြားခံရ၍ မိမိတို့ကိုယ်၌သည်လည်း လှည့်ဖြားသူ မိစ္ဆာဒိဋ္ဌိ ဖြစ်လေ၏ (၁ ကော၊ ၁၅း၁၅)။



သေလွန်သူတို့သည် ကောင်းကင် (သို့) ငရဲသို့ ချက်ခြင်းပျံသန်းသွားသည်ရှိခဲ့သော် ၁ ကော၊ ၁၅ ကိုမည်သို့ပြုရပါမည်နည်း။ သေလွန်သူတို့သည်အိပ်ပျော်နေသည့်သွန်သင်မှုသည် အဘယ်ကြောင့် အရေးပါသနည်း။

**အင်္ဂါနေ့** **ဩဂုတ်လ ၁၈ ရက်**

## ခရစ်တော်သည်အဦးသီးသောအသီး

ယေရှုသက်ရှင်တော်မမူလျှင် အနာဂတ်မျှော်လင့်ခြင်းရှိသမျှတို့သည် လှည့်စားခြင်းသက်သက်ဖြစ်၏ (၁ ကော၊ ၁၅း၁၂-၁၉)။ "ယခုမူကား ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်မူ" (၁ ကော၊ ၁၅း၂၀)၏။ သူ၏ ရှင်ပြန်တော်မူခြင်းသည် ရာဇဝင်ဖြစ်ရပ်မှန်၏။ ထိုကြောင့်ပင် ခရစ်တော်၌သေလွန်သူတို့သည် သူပြန်ကြွလာချိန်တွင် ပြန်ထမြောက်မည်မှာ ဟုတ်မှန်ပေ၏ (၁ ကော၊ ၁၅း၂၀-၂၃)။

၁ ကော၊ ၁၅း၂၀-၂၃ တွင် ယေရှုသည် အဦးသီးသောအသီးဟူသည် မည်သို့အနက်ရှိသနည်း။

ယခုပစ္စုပ္ပန်ဆိုးသွမ်းကာလာအဆုံးကို ခရစ်တော်၌သေလွန်သူတို့၏ ရှင်ပြန်ထမြောက်ခြင်းဖြင့် မှတ်ကျောက်တင်ထားသည် (၁ ကော၊ ၁၅း၂၄။ ဗျာ၊ ၂၀း၅၊၆)။ နောက်ဆုံးသော အလွှဲအဖြစ် ခရစ်တော်သည် နိုင်ငံတော်ကိုခမည်းတော်ထံဆောင်ယူလာကာ ဤလောက၏ အုပ်ချုပ်ပိုင်ခွင့်ကို ပြန်လည်အပ်နှံပါလိမ့်မည် (၁ ကော၊ ၁၅း၂၅-၂၈)။

ခရစ်တော်သည် မိမိကိုယ်ကို ခမည်းတော်၏ လက်အောက်ခံခြင်း (၁ ကော၊ ၁၅း၂၈)တွင် အလွှဲနှင့် ခရစ်တော်တို့ အချင်းချင်းဆက်ဆံရေးအားဖြင့်သရုပ်ဖော်ထားသည်ကိုလည်း နားလည်ရပါမည်။ ကယ်တင်ခြင်းစီမံကိန်း၌ နောက်ဆုံးသောအလွှဲဖြစ်တော်မူထသော (၁ ကော၊ ၁၅း၄၅) ယေရှုသည် မိမိခန္ဓာကိုယ်ဖြင့် ခမည်းတော်၏အလိုတော်အား စုံလင်စွာနာခံခြင်းပြုတော်မူ၏။ ထိုအရာကို ပထမအလွှဲသည် မစွမ်းဆောင်နိုင်ခဲ့ပေ။

၁ ကော၊ ၁၅း၂၀-၃၄ တွင် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းဆိုခြင်း၏မိုက်မဲခြင်းကို ပေါလုသည် အကျဉ်းပြန်ချုံးထားသည်။ ယုံကြည်သူတစ်ဦးသည် ခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းကို ရေနှစ်ခြင်းဗတ္တိဇံခံခြင်းဖြင့် သရုပ်ဖော်ဆောင်ပေးရာ (ရောမ၊ ၆း၃၊၄။ ကောလောသဲ ၂း၁၂)၊ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းဆိုခြင်းမပြုခဲ့ပါ။ "သေလွန်သောသူတို့၏ကိုယ်စား ဗတ္တိဇံခံ" (၁ ကော၊ ၁၅း၂၉)သည်ဟုဆိုရာတွင် ပေါလုဆိုလိုရင်းအနက်သည် ဖမ်းဆုပ်ရခက်နေ၏။

"အကြံပြုခြင်းအမျိုးမျိုးရှိရာတွင် အသင့်လျော်ဆုံးတစ်ခုသည် သေလွန်ခဲ့ပြီးသော ချစ်ရသူတို့နှင့် ရှင်ပြန်ထမြောက်ရာနေ့တွင် ဆုံဆည်းနိုင်ရန် ရည်ရွယ်ခြင်းဖြင့် ဗတ္တိဇံခံသောသူတို့အား ဆိုလိုခြင်းဖြစ်တန်ရာသည်။ ခရစ်တော်၌သေလွန်ပြီးသော စံထားထိုက်သူတို့၏အသက်တာကို တုံ့ပြန်ခြင်းလည်းဖြစ်နိုင်ချေရှိ၏။ ဤကိစ္စတွင် သေသူ၏ကိုယ်စား ဗတ္တိဇံခံခြင်းထက် သေသူကြောင့်ဗတ္တိဇံခံခြင်းဖြစ်တန်ရာ၏" - Carl P.Cosaert, "1 Corinthians," Andrews Bible Commentary: New Testament (Berrien Springs, MI: Andrews University Press, 2022), p. 1562.

နောက်တစ်ခုသည် ရှင်ပြန်ထမြောက်ခြင်းမရှိပါက သေခြင်းအန္တရာယ်၌ စွန့်စားခြင်းသည် အဓိပ္ပာယ်မရှိပါ (၁ ကော၊ ၁၅း၃၀-၃၂)။ လောက၏ သာယာမှု၌ ပျော်မွေ့နေသည်ပင် သာ၍ကောင်းပေဦးမည် (၁ ကော၊ ၁၅း၃၂)။

၂ တိ၊ ၁း၁၂ တွင် ပေါလု၏ပြောဆိုမှုကို ပြန်တွေးကြည့်ပါ။ သူသည် မိမိအနာဂတ်အတွက် မည်သို့စိတ်ချနေနိုင်သနည်း။ ကျွန်ုပ်တို့ရော မည်သို့နည်း။

**ဗုဒ္ဓဟူးနေ့** **ဩဂုတ်လ ၁၉ ရက်**

**ရှင်ပြန်ထမြောက်သောခန္ဓာကိုယ်**

၁ ကော၊ ၁၅း၃၅-၃၉ တွင် ပေါလုသည် ရှင်ပြန်ထမြောက်သော ခန္ဓာကိုယ်အကြောင်း လိုရင်းတိုရှင်းပြန်တင်ပြသည်။ ၎င်းကဏ္ဍကို မေးခွန်း



နှစ်ခုဖြင့် အစပြုသည်။ "သေလွန်သောသူတို့သည် အဘယ်သို့ ပြန်ရှင်မည်နည်း။ အဘယ်သို့သော ကိုယ်ခန္ဓာနှင့် ပေါ်လာမည်နည်း" (၁ ကော၊ ၁၅း၃၅)။ ဤမေးခွန်းနှစ်ခုကို ၁ ကော၊ ၁၅း၃၆-၄၉ တွင် ဖြေဆိုထားသည်။

၁ ကော၊ ၁၅း၃၆-၄၁ သည် ၁ ကော၊ ၁၅း၃၅ ၏ မေးခွန်းများအား မည်သို့ဖြေဆိုထားသနည်း။

---

ပေါလုသည် ရှင်ပြန်ထမြောက်ရာတွင်ဖြစ်ပျက်မည့်အရာကို အချက်သုံးချက်ဖြင့် နားလည်ရလွယ်ကူစေရန် တင်ပြထားပါသည်။ ပထမ - ဆင်ခြင်ရန် (၁ ကော၊ ၁၅း၃၆-၃၈) တွင် အပင်ဖြစ်လာရမည့်မျိုးစေ့၏ ကနဦးသေရ-ခြင်းသည် ကိုယ်ခန္ဓာနှင့်တူကြောင်း မှတ်ချက်ပေးထားသည်။ သွန်သင်ခြင်းသည်ရှင်းလင်းလှ၏။ ရှင်ပြန်ထမြောက်ခြင်းဟူသည် ဘုရားသခင်၏အံ့ဖွယ်လုပ်ရပ်ဖြစ်သည်။

ဒုတိယ - ကိုယ်ခန္ဓာတို့၏တူညီချက်သည် (၁ ကော၊ ၁၅း၃၉၊၄၀)၊ ဤလောကတွင် တိရစ္ဆာန်နှင့် လူသားအတွက် လက်ရှိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော မတူညီသောခန္ဓာကိုယ်အမျိုးအစားတွေကို စီစဉ်ပေးတော်မူ၏။ အလားတူ၊ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာတို့သည် ကောင်းကင်ဘုံသစ်နှင့် လိုက်လျောညီထွေမှုရှိလိမ့်မည်။ ဤခံယူချက်သည် ဂုဏ်အသရေရှိသော ကိုယ်ခန္ဓာနမူနာထက် အနည်းငယ်သာလွန်၏ (၁ ကော၊ ၁၅း၄၀၊၄၁)။ ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာ၏ဂုဏ်အသရေသည် ၎င်း၏ကျဆုံးပြီးသော မူလကိုယ်ခန္ဓာထက် သာလွန်စွာလွန်ကဲ၏။

ဤခံယူချက်သည်ပင် ဤလောကကိုယ်ခန္ဓာနှင့် ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာတို့၏ ခြားနားခြင်းအဖြစ် ရှုထောင့်လေးမျိုးစီဖြင့် ရှုမြင်နိုင်သည်။ ဤလောကကိုယ်ခန္ဓာသည် မြေကြီး၊ ပျက်စီးလွယ်၊ အားနည်း၍ သဘာဝတရားပင်ဖြစ်၏။ ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာကား ကောင်းကင်ဂုဏ်အသရေ၊ မပျက်စီးနိုင်၊ တန်ခိုးနှင့်ပြည့်စုံ၍ ဝိညာဉ်ခန္ဓာဖြစ်၏ (၁ ကော၊ ၁၅း၄၀-၄၄)။ ဤသို့ဆိုရာတွင် ၎င်းတို့နှစ်ခုစပ်ကြားတွင် ဆက်စပ်မှုမရှိပါဟု

မဆိုလိုပါ။ ပေါလုအသုံးပြုသော ဂရိဝေါဟာရ (Sōma) "ကိုယ်ခန္ဓာ"ဟူသည်မှာ သင်္ဂြိုဟ်ပြီးသောကိုယ်ခန္ဓာနှင့် ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာတို့သည် ဆက်တိုက်ဖြစ်ပွားနေခြင်းကို ဆိုသည်။ ပြန်လှန်ပြောရပါသော် အထက်က နှိုင်းယှဉ်ချက်တို့သည် အဆက်ပြတ်တောက်ခြင်းလည်းရှိတတ်၏။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသစ်သည် ယခုလက်ရှိ ပုပ်တတ်သော ကိုယ်ခန္ဓာဟောင်းကဲ့သို့ ဆက်လက်တည်ရှိမည်မဟုတ်ပါ။

ပေါလုသည် "ဝိညာဉ်ရေးရာ"တို့ကို ပစ္စည်းမဲ့ဖြစ်တည်မှုဖြင့် မဖော်ပြပါ။ ယေရှုသည် "ယုတ်ညံ့သောငါတို့၏ ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့် ပြည့်စုံစေမည်" (ဖိလိပ္ပိ၊ ၃း၂၁)ဟု နေရာတကာတွင်ဆိုထားသည်။ ကျွန်ုပ်တို့၌ ကိုယ်ခန္ဓာစစ်စစ်ရှိသော်လည်း ပျက်စီးယိုယွင်းခြင်းမရှိ။ ယခုတွင် ကျွန်ုပ်တို့သည် ပျက်စီးယိုယွင်းခြင်း၊ ဖျားနာခြင်းနှင့် သေခြင်းတို့အား သိကျွမ်းနေသူတို့သည် ၎င်းတို့မပါသော အသက်တာဘဝကို စိတ်ကူးခြင်း မပြုတတ်ကြပါ။ သို့သော် ယေရှုက ကတိပြုတော်မူသည်။

ယနေ့ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကန့်သတ်ချက်များနှင့် ပတ်သက်၍ ခံနိုင်ရည်ရှိစေရန် ကျွန်ုပ်တို့၏ခန္ဓာကိုယ်များအား ပြည့်စုံသောအဖြစ်သို့ ပြောင်းလဲပေးမည်ဟူသော အာမခံချက်သည် မည်သို့အထောက်အကူပြုသနည်း။

**ကြာသပတေးနေ့** **ဩဂုတ်လ ၂၀ ရက်**

**သေခြင်းအပေါ် နောက်ဆုံးအောင်ပွဲ**

၁ ကော၊ ၁၅း၅၄-၅၇ ကိုဖတ်ပါ။ သေခြင်းအပေါ် နောက်ဆုံးအောင်ပွဲကို မည်သို့ပြောဆိုသနည်း။

---

ပေါလုသည် ၁ ကော၊ ၁၅ ၏ နောက်ဆုံးအပ္ပိုဒ်ကို ဆန်းကြယ်သောကြေညာချက်တစ်ခုဖြင့် အစပြု၏။ "လူ့အသွေးအသားသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံနိုင်" (၁ ကော၊ ၁၅း၅၀)။ ကျမ်းစာဖတ်သူများစွာတို့သည် ကောင်းကင်တွင်ပစ္စည်းမဲ့ဖြစ်တည်မှုကို ပေါလုကာကွယ်ထားသည်ဟုဆိုကြသည်။ သို့သော် အကြောင်းအရာသည် အခြားနည်းကိုသာ ဖော်ပြထားသည်။



၁ ကော၊ ၁၅း၅၀ ၏ပြိုင်တူလို ဟုဆိုရာတွင် "အသွေးနှင့်အသား"သည် "ပျက်စီးခြင်း" နှင့် ပြိုင်တူနေ၍ "ဘုရားသခင်၏နိုင်ငံတော်"သည်လည်း "မပျက်စီးနိုင်" နှင့် ပြိုင်တူနေ၏။ ဤနေရာတွင် ၁ ကော၊ ၁၅း၄၂-၄၉ ၏ အဖြစ်အပျက်အတိုင်း ပေါလုသည် ယခုလက်ရှိကိုယ်ခန္ဓာ (အသေလောင်း) နှင့် ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာကို နှိုင်းယှဉ်ထားသည်။ သင်္ဂြိုဟ်သောအလောင်းကို ပျက်စီးခြင်းနှင့် သေမျိုးအဖြစ် အသွင်ပြုထားရာ ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာကို မပျက်စီးခြင်းနှင့် ထာဝရရှင်သန်ခြင်း (၁ ကော၊ ၁၅း၅၀၊၅၃၊၅၄)ဖြင့် အသွင်ပြုထားသည်။ ရိုးစင်းစွာပြောရလျှင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ကောင်းကင်ကိုအမွေခံနိုင်ရန် အစွန်းရောက်အသွင်ပြောင်းမှုကို ခံယူရန်လိုအပ်သည်။

အတိုချုံးရသော် ပေါလုသည် ပျက်စီးခြင်းနှင့် သေနိုင်ခြင်းတို့ကို အပြစ်သားဘဝနှင့် တွဲပေးလိုက်ခြင်းဖြစ်သည်။ ဂျူးစာပေတွင် "အသားနှင့်အသွေး"သည်ကျဆုံးသောလူသားနှင့်တွဲ၍ ၎င်းသည် ကြွလာချိန်တွင် အသွင်ပြောင်းလဲကာ အနာအဆာရှိသမျှတို့ကို သုတ်သင်ရှင်းလင်းရပါမည်။ အပြစ်သားဘဝအား ဖယ်ရှားပစ်၍ (၁ ကော၊ ၁၅း၅၄) ဘုန်းတော်ဝင်စားကာ (၁ ကော၊ ၁၅း၅၁-၅၃။ ၁ သက်၊ ၄း၁၃-၁၇) သေခြင်းသည် အောင်မြင်ခြင်း၌နစ်မြုပ်ပြီ (၁ ကော၊ ၁၅း၅၄)ဟု ကြွေးကြော်သောအခါမှသာ ပြည့်စုံလိမ့်မည်။ ထိုအခါတွင်ပြောင်တင်းစွာသီဆိုရမည့်သီချင်းသည် "အိုး၊ သေမင်း သင်၏လက်နက်သည်အဘယ်မှာရှိသနည်း။ အိုး၊ မရဏာနိုင်ငံ သင်၏ အောင်ခြင်းသည် အဘယ်မှာရှိသနည်း" (၁ ကော၊ ၁၅း၅၅) ဟူ၏။ ဤသည်အားလုံးတို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ဖြစ်ပျက်လိမ့်မည် (၁ ကော၊ ၁၅း၅၁၊၅၂)။

ကျွန်ုပ်တို့သည် သေရာ၌မျက်စိနှစ်လုံးစုံမှိတ်လိုက်ပြီးနောက် အရင်ဦးဆုံးပြန်မြင်တွေ့ရမည့်အရာသည် သေခြင်းမှ မိမိတို့အားခေါ်နိုးရသော ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်းပင် ဖြစ်လိမ့်မည်။ ယုံကြည်သူတစ်ဦးသေလွန် ရာနှစ်ထောင်ပင်ချီသော်ငြားလည်း "နောက်ဆုံးသောတံပိုးမှုတ်သောအခါ တစ-ခဏချင်းတွင် မျက်စိတစ်မှိတ်၌" ၎င်းတို့အား အသက်ရှင်စေပါမည်။ "ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ပြန်ရှင်၍ ငါတို့ရှိသမျှတို့သည် ပြောင်းလဲခြင်းသို့ရောက်ကြမည်" (၁ ကော၊ ၁၅း၅၂)။

အသက်တာတိုတောင်းခြင်း၌ မည်သည်းတွားသောသူရှိမည်လော။ ယေရှုသည် မြန်ဆန်စွာ ဒုတိယအကြိမ်ကြွလာသည်ကို မိမိကိုယ်တိုင်ကြုံတွေ့ရပါလိမ့်မည်။ ကြွလာချိန်တွင် မိမိတို့၏အရင်ဦးတွေးတောရမည့်အရာသည် "ဟောဗျာ၊ ကိုယ်တော် ကြွလာတာမြန်ဆန်လိုက်တာ" ဟုဖြစ်နိုင်သည်။ ဤခံယူချက်သည် "နှောင့်နှေးနေခြင်း" အား နားလည်နိုင်ရန် မည်သို့ထောက်မသနည်း။

**သောကြာနေ့** **ဩဂုတ်လ ၂၁ ရက်**

**ထပ်မံစဥ်းစားရန်။** Ellen G. White, "God's People Delivered", pp. 635-652, in The Great Controversy.

ခရစ်တော်၏ဘုရားသခင်ဖြစ်တော်မူခြင်းသည် ယုံကြည်သူတို့အတွက် ထာဝရအသက်အာမခံဖြစ်သည်။ "ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သမျှတို့သည် သေခြင်းနှင့်အစဉ်ကင်းလွတ်ကြ၏။ ငါ့စကားကို ယုံသလော"။ ခရစ်တော်သည် မိမိ၏ဒုတိယအကြိမ်ကြွလာခြင်းကို ဆိုလိုသည်။ ထိုအခါ သေလွန်ပြီးသောဖြောင့်မတ်သူတို့သည် မပျက်စီးနိုင်သောအဖြစ်ဖြင့် ထမြောက်လာ၍ အသက်ရှင်ကျန်သောသူတို့သည် ပြောင်းလဲခြင်းသို့ရောက်သဖြင့် သေခြင်းကို မကြုံဆုံရဘဲ ကောင်းကင်သို့ခေါ်ဆောင်ခြင်းသို့ ရောက်သွား၏။ ခရစ်တော်ပြုရမည့် နိမိတ်၊ သေခြင်းမှ လာဇရုအား ထမြောက်စေခြင်းသည် သေလွန်ပြီးသောသန့်ရှင်းသူတို့၏ ထမြောက်ခြင်းကို သရုပ်ပြခြင်းဖြစ်သည်" -Ellen G. White, The Desire of Ages, p. 530.



"ဘုရားသခင့်သားတော်သည် အိပ်ပျော်နေသောသန့်ရှင်းသူတို့အား ခေါ်နိုးသောအသံကြောင့် မြေကြီးသည် အလွန်တုန်လှုပ်သွားသည်။ ထိုခေါ်တော်မူခြင်းကို ၎င်းတို့မှတုန့်ပြန်ကာ မပျက်စီးနိုင်သောဘုန်းဝတ်ရုံကို ဝတ်ဆင်၍ထွက်လာကြကာ "အောင်ပြီ၊ သေမင်းနှင့်မရဏာအပေါ် အောင်ပြီ။ အိုး သေမင်း၊ သင်၏လက်နက်သည် အဘယ်မှာနည်း။ အိုး မရဏာ၊ သင်၏အောင်ခြင်းသည် အဘယ်မှာနည်း" (၁ ကော၊ ၁၅း၅၅)ဟု ကြွေးကြော်ကြ၏။

"အသက်ရှင်သောသန့်ရှင်းသူတို့နှင့် ထမြောက်သောသူတို့သည် မိမိတို့အသံကိုလွှင့်၍ အောင်ပွဲခံကြလေသည်။ ရောဂါဘယနှင့် သေခြင်း၏အမှတ်အသားဖြင့် သင်္ချိုင်းသို့ရောက်သွားသော ခန္ဓာတို့သည် ထာဝရသန်မာကြံ့ခိုင်ခြင်းဖြင့် ထွက်လာကြ၏။ အသက်ရှင်နေသောသန့်ရှင်းသူတို့သည် တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်အတွင်း ပြောင်းလဲခြင်းသို့ရောက်၍ ထမြောက်သူတို့နှင့်အတူ မိုးကောင်းကင်၌ သခင်နှင့်ဆုံတွေ့ကြရပါမည်။ စုရုံးခြင်းသည် ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။ သေကွဲကွဲခဲ့ရသော ချစ်သူတို့နှင့် မည်သည့်အခါမျှ မခွဲခွာရန် ဆုံတွေ့ရကြပြီလေ" - Ellen G. White, The Story of Redemption, pp. 411, 412.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ခရစ်တော်ထမြောက်ရာ မျက်မြင်သက်သေများကို ဆင်ခြင်ပါ (တမန်၊ ၁း၂၂။ ၂း၃၂။ ၃း၁၅။ ၄း၃၃။ ၅း၃၀-၃၂)။ ၎င်းတို့နောက် နှစ်ပေါင်းနှစ်ထောင်မှ ထိုမျက်မြင်သက်သေများကို ကျွန်ုပ်တို့ ဆင်ခြင်နေရပါမည်နည်း။**

**၂။ ခရစ်တော်ပြန်ရှင်ထမြောက်ခြင်းသည် ဧဝံဂေလိတရားတော်၏အ႑ိက အစိတ်အပိုင်းဖြစ်သည် (၁ ကော၊ ၁၅း၁-၄)။ ထမြောက်ခြင်းမရှိဘဲ ခရစ်တော်၏သေခြင်းကို ကြွေးကြော်ခြင်းသည် အကျိုးမရှိပါ (၁ ကော၊ ၁၅း၁၄)။ ခရစ်တော်၏သေခြင်းသည်လည်း အကျိုးမရှိပါ။ အဘယ့်ကြောင့်နည်း။ ဤမေးခွန်းအား သင့်အဖြေသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို မည်သို့ဆိုသနည်း။**

**၃။ ပေါလု၏ ဆန်းကြယ်သောအဆိုကို ပြန်တွေးကြည့်လိုက်ပါ။ "သေလွန်သောသူတို့သည် မထမြောက်လျှင် စားကြကုန်အံ့၊ သောက်ကြကုန်အံ့။ မနက်ဖန်သေကြမည်" (၁ ကော၊ ၁၅း၃၂)။ လိုရင်းအဘယ်နည်း။**

**၄။ သေလွန်သူများကြောင်း အတန်းတွင်ဆွေးနွေးပါ။ သေသူတို့သည် ချက်ခြင်းကောင်းကင်သို့ ကယ်တင်ခံရသော် ၁ ကော၊ ၁၅ သည် မည်မျှအ႑ိပ္ပာယ်မဲ့သနည်း။**

-၀-



**သင်ခန်းစာ (၉)**

# မေတ္တာဖြင့်ဆောင်ရသောအမှုတော်

ဩဂုတ်လ ၂၂ – ဩဂုတ်လ ၂၈

## ဥပုသ်နေ့မွန်းလွဲပိုင်း                ဩဂုတ်လ ၂၂ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ၂ ကော၊ ၁း၃-၁၄။ ၂း၁၇။ ၄း၂။ ၁ ကော၊ ၁၆း၅-၇။ ၂ ကော၊ ၇း၅-၁၃။ ၂း၅-၁၇။

## အလွတ်ကျမ်းချက်

**"အလွန်ညှိုးငယ်ပူပန်သောစိတ်နှင့် မျက်ရည်အများကျလျက် သင်တို့အား ငါရေး၍ပေးလိုက်၏။ သင်တို့ကို စိတ်နာစေခြင်းငှာ ငါရေးသည်မဟုတ်။ ငါသည် သင်တို့အား အလွန်ချစ်သောမေတ္တာစိတ်ကို သင်တို့သိစေခြင်းငှာ ငါရေး၏" (၂ ကော၊ ၂း၄)။**

တမန်တော်ပေါလုဘဝတွင် အေးချမ်းမှုဟူသည် မရှိခဲ့ဘူးပါ။ အကျဉ်းကျခြင်းမပါဘဲ သူရင်ဆိုင်ရသော အသက်အန္တရာယ်များမှာ "ငါးကြိမ်မြောက်အောင် ယုဒလူတို့လက်တွင် ဒဏ်ချက် သုံးဆယ့်ကိုးချက်ကို ငါခံခဲ့ရပြီ။ သုံးကြိမ်မြောက်အောင်ကြိမ်လုံးနှင့် ရိုက်ခြင်းကို လည်းကောင်း၊ တစ်ကြိမ် ခဲနှင့်ပစ်ခြင်းကို လည်းကောင်း ငါခံရပြီ။ သုံးကြိမ်မြောက်အောင် သင်္ဘောပျက်ခြင်းကို ငါခံရပြီ။ တစ်နေ့နှင့် တစ်ညဥ့်ပတ်လုံး ပင်လယ်ထဲမှာနေရပြီး အကြိမ်ကြိမ်ခရီးသွားလှည့်လှည့်ပြီ။ မြစ်ကိုကူးသောဘေး၊ ဓားပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တစ်ပါးအမျိုးသားပြုသောဘေး၊ မြို့ရွာ၌ရောက်သောဘေး၊ တော၌ရောက်သောဘေး၊ ပင်လယ်ဘေး၊ ညီအစ်ကိုပြုယောင်သောသူတို့ပြုသောဘေး၊ ပင်ပန်းစွာ အမှုဆောင်ရွက်ခြင်း၊ အကြိမ်များစွာ မအိပ်ဘဲစောင့်

နေခြင်း၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အကြိမ်ကြိမ်အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဤဆင်းရဲခြင်းများကို ငါခံရပြီ။ ထိုအပြင်အရာမှတစ်ပါး အသင်းတော်အပေါင်းတို့ကို စိုးရိမ်သောစိတ်နှင့် ကြည့်ရှုပြုစု၍ နေ့တိုင်းအစဉ်နှောင့်ယှက်ခြင်းကို ငါခံရ၏" ( ၂ ကော၊ ၁၁း၂၄း၂၈)။

ကောရိန်သုလူတို့အား ပေးစာတွင် အသင်းတော်အတွက် "စိုးရိမ်သောစိတ်" ကိုလည်းမြင်တွေ့ရသည်။ ကျွန်ုပ်အား ခရစ်တော်၏ချစ်သောမေတ္တာသည် ပျက်ကွက်ခြင်းမရှိခဲ့သည်နည်းတူ ဤသည်တို့အားလုံးအတောအတွင်း၌ပင် သူတို့အား ပေါလု၏ချစ်သောမေတ္တာသည် ပျက်ကွက်ခြင်း မရှိခဲ့ပါ။ ယေရှုသည် ကျွန်ုပ်တို့အား ချစ်သောမေတ္တာကို ရောင်ပြန်ဟပ်ခြင်းအဖြစ် ပေါလုသည်လည်း အသင်းတော်များအား ချစ်သောမေတ္တာကို ယေရှုထံပါးမှ သင်ယူရရှိခဲ့သည် (၂ ကော၊ ၅း၁၄။ ၁ ကော၊ ၁၁း၁)။

**တနင်္ဂနွေနေ့ — ဩဂုတ်လ ၂၃ ရက်**

**ကျေးဇူးတော်ချီးမွမ်းခြင်း**

၂ ကော၊ ၁း၃-၇ ကိုဖတ်ပါ။ ပေါလုသည် ကျေးဇူးတော်ချီးမွမ်းလိုသောသဘောထားသည် အဘယ့်ကြောင့်နည်း။

------------------------------------------------------------------

ပေါလု၏ ကျေးနပ်ဝမ်းမြောက်ခြင်းသည် ဆင်းရဲခံရသူတို့အတွက် ဘုရားသခင်၏နှစ်သိမ့်ခြင်းအပေါ် ဗဟိုပြုထားသည်။ ဤကျမ်းပိုဒ်တွင် နှစ်သိမ့်သည် (Parakaleō)၊ ၎င်း၏နာမ်သည် (Paraklēsis) ဖြစ်၍ နှစ်ခုလုံးသည် ဆယ်ကြိမ်စီပါဝင်ကြသည်။ ၂ ကော တစ်ခုလုံးတွင် ၂၉ ကြိမ်ပါဝင်ရာတွင် သုံးပုံတစ်ပုံခန့်ပင်ဖြစ်သည်။ ဘုရားသခင်သည် "သနားခြင်းကရုဏာ၏အဘ၊ သက်သာခြင်းအမျိုးမျိုးတို့၏အရှင်၊ ဒုက္ခဝေဒနာခံရသူတို့အား သက်သာခြင်း" (၂ ကော၊ ၁း၃၊၄) ဟုသရုပ်ပြထားသည်။



ဘုရားသခင်ထံမှ ရရှိထားသောနှစ်သိမ့်ခြင်းကို တစ်ကိုယ်ရေအတွက် သိမ်းထားခြင်းမပြုရပါ (၂ ကော၊ ၁း၄-၅)။ ညှဉ်းဆဲခံရသောနှလုံးသားသည် ဘုရားသခင်၏နှစ်သိမ့်အားပေးခြင်းကို ရရှိသူများဖြစ်၍ ညှဉ်းဆဲခံရသောသူများကို နှစ်သိမ့်သက်သာစေနိုင်ပါမည်။ ပေါလုကိုယ်၌သည် ညှဉ်းဆဲခံရရာတွင် ဘုရားသခင်ထံမှနှစ်သိမ့်ခြင်းကို ရရှိသဖြင့် သူတစ်ပါးအား ပြန်လည်နှစ်သိမ့်သက်သာစေနိုင်သည်။ ကျွန်ုပ်တို့သည် ညှဉ်းဆဲခံရသောအခါ သင့်အတွက်နှစ်သိမ့်ခြင်းနှင့် ကယ်တင်ခြင်းတွက်ဖြစ်၏။ ကျွန်ုပ်တို့သည် နှစ်သိမ့်ခြင်းခံရသောအခါလည်း သင့်အတွက်နှစ်သိမ့်ခြင်းနှင့် ကယ်တင်ခြင်းအတွက်ပင်ဖြစ်၏ (၂ ကော၊ ၁း၆)။ ဤသည်မှာ မေတ္တာပေတည်း။

၂ ကော၊ ၁း၈-၁၁ တွင် ပေါလုသည် မည်သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်နေသနည်း။

------------------------------------------------------------------

ပေါလုသည် ဒုက္ခခံရာတွင် "မခံနိုင်အောင် အတိုင်းထက်လွန်" (၂ ကော၊ ၁း၈)သဖြင့် သူ့လုပ်ဖော်ကိုင်ဖက်တို့သည် အသက်မလွတ်နိုင်ဟု ထင်သည့်တိုင်ဖြစ်ခဲ့သည်။ ခဏတာအချိန်အတွင်းတွင် ရှင်ပြန်ထမြောက်ခြင်းသည် ၎င်းတို့၏ တစ်ခုတည်းသောမျှော်လင့်ခြင်းဟု ထင်ခဲ့ကြသည်။ သို့တိုင်အောင် ဘုရားသခင်ကယ်မသောကြောင့် ဇာတ်လမ်းပင်ပြောင်းသွား၏ (၂ ကော၊ ၁း၁၀)။ သေဘေး (၂ ကော၊ ၁း၈) မှ ဘုရားသခင် ကယ်မလိမ့်မည်ဟူသော မျှော်လင့်ခြင်းဖြစ်စေသည် (၂ ကော၊ ၁း၁၀)။

အတိတ်ကာလက ဘုရားသခင်၏အောင်နိုင်ခြင်းသည် အနာဂတ်တွင်ပင် ဤသို့ပြုဦးမည်ဟူသောစိတ်ချမှုကို ဖြစ်စေသည်။ ဘုရားသခင်သည် ဒုက္ခဝေဒနာများအားဖြင့် သူ့အားယုံကြည်ကိုးစားခြင်းကို သွန်သင်ပေးသည်။ အခက်အခဲများသည် ဝိညာဉ်ရေးရင့်ကျက်မှုသို့ ပို့ဆောင်သဖြင့် ဘုရားနှင့်သာ၍နီးစေရန် မိမိတို့မှခွင့်ပြုရန်လိုအပ်သည်။ ပေါလု၏ ကျေးနပ်ဝမ်းမြောက်ခြင်းသည် ကြားဝင်ဆုတောင်းပေးခြင်းနှင့် ဘုရားသခင်၏ကယ်မခြင်းအား

ကျေးဇူးတင်ခြင်းတို့၏ တန်ခိုးတော် ခင်းကျင်းပြသခြင်းဖြစ်သည် (၂ ကော၊ ၁း၁၁)။

တစ်နည်းနည်းအားဖြင့် အားလုံးနီးပါးကြုံတွေ့နေရသော ဒုက္ခဝေဒနာများကို ရင်ဆိုင်ဖြေရှင်းရာတွင် မည်သည်တို့သည် အသုံးဝင်သည်ဟု သင်တွေ့ရှိဖူးသနည်း။

**တနင်္လာနေ့ ဩဂုတ်လ ၂၄ ရက်**

**ရိုးသားခြင်းနှင့်ဖြူစင်ခြင်း**

ယမန်နေ့တွင် ကောရိန်သုလူတို့အား ပေါလု၏ချစ်မေတ္တာသည် မိမိကိုယ်၌သည် ဘုရားသခင်ထံမှနှစ်သိမ့်ခြင်းရရှိသည်နည်းတူ ၎င်းတို့၏ ဒုက္ခဆင်းရဲခံရာတွင် နှစ်သိမ့်အားပေးခြင်းတွင် ပေါ်လွင်သည်ဟု မြင်တွေ့ရသည် (၁ ကော၊ ၁း၁-၁၁)။

ယနေ့တွင် ကောရိန်သုလူ ယုံကြည်သူတို့အပေါ် ပေါလုနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များ ပြသခဲ့သောတည်ကြည်ဖြောင့်မတ်ခြင်းအားဖြင့် ၎င်းတို့အား ချစ်သောမေတ္တာကိုလည်း ဖော်ပြသည်ကိုတွေ့ရမည်။

၂ ကော၊ ၁း၁၂-၁၄။ ၂း၁၇။ ၄း၂ တို့ကို ယှဉ်ဖတ်ပါ။ ပေါလု၏ ရိုးသားမှုစိတ်ရင်းမှန်သည် ကောရိန်သုလူတို့အပေါ် သူ၏ချစ်မေတ္တာကို မည်သို့ဖော်ပြသနည်း။

---

၂ ကော၊ ၁း၁၂-၁၄ သည် ၎င်းပေးစာ၏ကြွင်းသေးသောအပိုင်း၏ စာတမ်းကို မိတ်ဆက်ပေးသည်။ သူ၏သမာဓိနှင့် တမန်တော်ဘဝကို ကောရိန်သုလူအချို့တို့မှ မေးခွန်းထုတ်ကြသည်။ ပေါလုသည် တမန်တော်အမှုဆောင်ခြင်းနှင့် အံဝင်ဂွင်ကျမဖြစ်သော တုန်လှုပ်ချောက်ချား၍ အဆုံးအဖြတ်မရှိသော စရိုက်လက္ခဏာရှိသည်ဟု ထင်ကြသည်။ ၎င်းကိုတုံ့ပြန်ရာ



တွင်သူနှင့် လုပ်ဖော်ဆောင်ဖက်တို့သည် အဆုံးစွန် သာလွန်သောသမာဓိဖြင့်ကျင့်ကြံသည်ဆို၏။

ပေါလုနှင့် အပေါင်းအပါတို့၏ အပြုအမူများကို ဝေါဟာရနှစ်လုံးဖြင့် သရုပ်ပြထားရာ ရိုးသားခြင်းနှင့် ဖြူစင်ခြင်း (၂ ကော၊ ၁း၁၂ BCL) တို့ဖြစ်သည်။ “ဖြူစင်ခြင်း”သည် ဂရိဝေါဟာရ (Haplotēs) မှဆင်းသက်လာသည်။ ဤနေရာတွင် အပြောအဆိုအမူအရာတွင် တစ်ကိုယ်ရေ ရိုးသားဖြောင့်မတ်ခြင်း၊ လိုရင်းဆိုရသော် အမူအရာဖြူစင်ခြင်း (ဧဖက်၊ ၆း၅။ ကောလောသဲ၊ ၃း၂၂)ကို ဖော်ပြသည်။ တစ်ပြန်တစ်လှည့်ဆိုရသော် ရိုးသားဖြောင့်မတ်ခြင်းသည် ဂရိဝေါဟာရ (Eilikrineia) မှဆင်းသက်လာရာ သမာဓိနှင့် အမူအရာဖြူစင်ခြင်းကို ညွှန်းဆိုထားသည်။

ပေါလုသည် မိမိရည်ရွယ်ချက်တို့အား ရှင်းလင်းခြင်းကို ကောရိန်သုလူတို့သည် သံသယမဝင်သင့်ပါ။ သူ၏ ရိုးသားစိတ်နှင့် ဖြူစင်ခြင်းတို့သည် ဘုရားသခင်၌ ဇစ်မြစ်တည်သည်ဆို၏။ ၎င်းတို့ကိုပင် New English Translation Bible တွင် ဘုရားသခင်ထံမှလာသော စိတ်နှလုံးဖြူစင်ခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းဟု အတိအလင်းဖော်ပြသည် (၁ ကော၊ ၁း၁၂)။ ထိုကျမ်းပိုဒ်တွင် ပင်ဤအမှုတော်အရည်အချင်းများကို ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့်ပေးတော်မူကြောင်း ပေါလုသည် ခိုင်မာစွာဆိုသည်။

ပေါလု၏ပြိုင်ဖက်တို့သည် (၂ ကော၊ ၁း၁၃၊၁၄)တွင် ဆက်သွယ်ရေးစကား စာသားများကို အနက်လွဲမှားပြန်ဆိုခြင်းဖြစ်တန်ရာသည်။ ပေါလုသည် မိမိ၏ရည်ရွယ်ချက်တို့သည် နားလည်လွယ်၍ ပြတ်သားကြောင်း အာမခံသည်။ သူ၏ရည်ရွယ်ချက်တို့သည် ဖြောင့်မှန်၍ သခင်ယေရှု၏နေ့၌ နားလည်ကြမည်ဖြစ်ကြောင်းဆို၏ (၂ ကော၊ ၁း၁၄)။

သင့်ဆန္ဒနှင့် ရည်ရွယ်ချက်တို့သည် မည်မျှပင် ကောင်းမွန်စေကာမူ၊ စိတ်ရင်းဖြူစင်နေစေကာမူ သံသယနှင့် စိန်ခေါ်မှုတွေ ကင်းနိုင်မည်လော။ ၎င်းအတွေ့အကြုံမှ သူတစ်ပါး၏ရည်ရွယ်ချက်ကို သင်ကိုယ်တိုင် စိစစ်မေးမြန်းသောအခါ မည်မျှလောက်ပင် သတိထားသင့်ကြောင်း သိရသနည်း။

**အင်္ဂါနေ့** **ဩဂုတ်လ ၂၅ ရက်**

## ချစ်မေတ္တာအတွက်အစီအစဉ်များပြောင်းလဲခြင်း

ကောရိန်သုလူအချို့တို့သည် ပေါလု၏ရည်ရွယ်ချက်နှင့် မေတ္တာကို သံသယဝင်ကြသည်ဟုသိရ၏။ ယနေ့တွင် အကြောင်းရင်းတစ်ခုကို ကြည့်ကြစို့၊ ခရီးသွားအစီအစဉ်ပြောင်းလဲခြင်း (၂ ကော၊ ၁း၁၅။ ၂း၄)။

၁ ကော၊ ၁၆း-၇ ကိုဖတ်ပါ။ ပေါလု၏မူလခရီးသွားအစီအစဉ်သည် အဘယ်နည်း။

---

ပေါလုသည် ကောရိန်သု၌ရှိနှင့်ပြီးဖြစ်သည်။ ၁ ကော၊ ၁၆း၅၊၆ အရ ကောရိန်သုသို့ပြန်လာရာတွင် မာကေဒ္ဒေါနိပြည်ကို ဖြတ်သန်းသွားရန် သို့မဟုတ် ကောရိန်သုတွင် ဆောင်းခိုရန်စီစဉ်ထားသည်။ ယေရုရှလင်ရှိ ဆင်းရဲနွမ်းပါးသူတို့အတွက် မာကေဒ္ဒေါနိ၌ ကောက်ခံထားသောအလှူငွေ များကို ယူဆောင်ခဲ့လျက် ကောရိန်သုမှ ယုဒပြည်သို့ ပေါလုသွားရန်ရှိသော် လည်း ကောရိန်သုမှ တိမောသေသည် စိုးရိမ်ခြင်းအကြောင်း သတင်းပေးပို့ သဖြင့် အစီအစဉ်ပြောင်းလဲလိုက်လေ၏ (၁ ကော၊ ၄း၁၇။ ၁၆း၁၀။ ၂ ကော၊ ၁း၁)။

ပေါလုသည် ဧဖက်မြို့မှ ကောရိန်သုသို့ တန်းတန်းမတ်မတ်သွား၍ တိမောသေမှ ပေးပို့သောကိစ္စများကိုဖြေရှင်းရန် ရည်ရွယ်ထားသည်။ ခရီးစဉ်အသစ်သည် ဧဖက်မှ ကောရိန်သု၊ မာကေဒ္ဒေါနိ၊ ကောရိန်သု၊ ယုဒပြည် (၂ ကော၊ ၁း၁၅၊၁၆)ဖြစ်သည်။ သူသည် ဧဖက်မှ ကောရိန်သုသို့သွား၍ ဧဖက-သို့ပြန်လှည့်ခဲ့တော့၏။ အစီအစဉ်များ ပြောင်းလဲရတော့သည်။ သူစီစဉ် ထားခဲ့သည်အတိုင်း ကောရိန်သုသို့ မသွားတော့ချေ။ နောက်ဆုံး သူရောက်ခဲ့ စဉ်က အကြောင်းမလှခဲ့၍ တော်တော်တန်တန်မသွားတော့ပါ။ ထိုသို့ ဧဖက် သို့ပြန်လှည့်ကာ စာကိုသာရေးပေးပို့ခဲ့သည်။ သူ နောက်ထပ်လာရောက်ခြင်းဖြင့် အခြေအနေများ ပိုမိုဆိုးရွားလာစေနိုင်ခြေရှိသဖြင့် စာတစ်စောင်ကိုသာ



ပေးပို့လိုက်သည် (၂ ကော၊ ၂း၁၊၃)။

နောက်ဆုံးခရီးစဉ်တွင် ပေါလု၏ရည်ရွယ်ချက်များအပေါ် လွဲမှားစွာ အနက်ဖွင့်ကြပါသည်။ ကောရိန်သုလူအချို့တို့က ပေါလုသည် မိမိတို့အား ချစ်ခင်မှုနည်းသဖြင့် အားမကိုးလောက်ကြောင်း ဆိုကြ၏ (၂ ကော၊ ၁း၁၇)၊ ၎င်းတို့၏ စွပ်စွဲချက်တို့ကို တုံ့ပြန်ရန် ကောရိန်သုလူတို့၏အာရုံကို ခရစ်တော်၏ ဧဝံဂေလိဖက်သို့ လွှဲပေးလိုက်သည်။ ဘုရားသခင်သည် မိမိကတိတော်များကို ခရစ်တော်အားဖြင့် ပြည့်စုံစေခြင်းဖြင့် သစ္စာရှိတော်မူသည်နည်းတူ ပေါလုသည်လည်း ကောရိန်သုလူတို့ထံ အခါကောင်း၌လည်ပတ်ရန် မိမိဆန္ဒကိုသစ္စာရှိစွာထားခဲ့သည် (၂ ကော၊ ၁း၁၈-၂၂)။ "ဘုရားသခင်၏ ကတိတော် ရှိသမျှတို့သည် ခရစ်တော်၌ဟုတ်မှန်၏ဟူ၍ လည်းကောင်း၊ ကိုယ်တော်အားဖြင့် အာမင်ဖြစ်သတည်း ဟု ငါတို့ဆိုလျက် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေ၏" (၂ ကော၊ ၁း၂၀)။

ပေါလု၏တုန့်ပြန်ခြင်းသည် ကောရိန်သုလူတို့ ဆိုတတ်သည်အတိုင်း အခြေအနေအပေါ်တွင်မူတည်၍ "ဟုတ်၏/မဟုတ်ပါ" ဟုရောနှောနေသည် မဟုတ်ဘဲ ခရစ်တော်၌ ဘုရားသခင်၏လုပ်ဆောင်ခြင်းသည် အမြဲဟုတ်မှန်နေသည်အတိုင်း ပေါလုသည်လည်း အမြဲဟုတ်မှန်သူဖြစ်သည် (၂ ကော၊ ၁း၁၉)။

သို့ဖြစ်၍ ကောရိန်သုလူတို့ထံ လည်ပတ်မည့်အစား စာရေးပေးပို့လိုက်ခြင်းသည် ၎င်းတို့အား ပေါလု၏မေတ္တာသည် စစ်မှန်သောကြောင့်ဖြစ်သည် (၂ ကော၊ ၂း၄)။ နာကျင်စေခဲ့သော လည်ပတ်ခြင်းနောက်တွင် ချက်ချင်းပြန်လည်ပတ်ခြင်းဖြင့် ပေါလုရည်ရွယ်သော ပျော်ရွှင်ခြင်းမရှိဘဲ ထပ်မံနာကျင်စေနိုင်သည် (၂ ကော၊ ၁း၂၄။ ၂း၃)။ ကောင်းသောရည်ရွယ်ချက်များတို့သည် နားလည်လွဲမှားလွယ်လှတကား။

**ဗုဒ္ဓဟူးနေ့ ဩဂုတ်လ ၂၆ ရက်**

**ခွင့်လွှတ်ခြင်းနှင့်ချစ်မေတ္တာထပ်မံအတည်ပြုခြင်း**

ကောရိန်သုလူတို့ထံ ဒုတိယအကြိမ် လည်ပတ်မည့်အစား ပေါလုသည် ဧဖက်မှ ပြန်လာပြီးသောအခါ “ဝမ်းနည်းခြင်းနှင့် ရေးသောစာ” ကို ရေးသား ပေးပို့သည် (၂ ကော၊ ၂း၃၊၄။ ၇း၈၊၁၂)။

၂ ကော၊ ၇း၅-၁၃ ကိုဖတ်ပါ။ ၎င်းတို့ထံရေးသားသောစာ၏ ရလ္လ်သည် မည်သည်ဖြစ်၍ ထိုရလ်ကြောင့် ပေါလုသည် မည်သို့တုန့်ပြန်ရပါသနည်း။

---

နောက်ပိုင်းတွင် ပေါလုနှင့် တိတုတို့သည် မာကေဒွါနိတွင် တွေ့ဆုံကြရာ ပေါလုသည် သူ၏မာကြောသောစကားတို့သည် အပြုဆောင်သောရလ်ရရှိကြောင်း အကောင်းဆုံးသတင်းကို တိတုမှ ယူဆောင်ခဲ့ရာ တမန်တော်ကြီး၏နှလုံး ပီတိဖြာသွားလေသည်။ နဂိုက ကောရိန်သုလူအချို့တို့သည် ပေါလုအား တိုက်ခိုက်နေကြရာမှ ယခုတွင်မူ အသင်းတော်သည် ပေါလုဘက်၌ရှိ၏။ ခေါင်းဆောင်များအား ထောက်မခြင်းသည် အရေးပါလှ၏။ အသင်းဝင်သူတို့သည် ၎င်းတို့၏လုပ်ငန်းဆောင်တာများကို များစွာလွယ်ကူစေနိုင်၏။

၂ ကော၊ ၂း၅-၁၁ ကိုဖတ်ပါ။ ဤနေရာတွင် ဗဟိုချက်သည် အဘယ်နည်း။

---

ဤကျမ်းပိုဒ်သည် အသင်းတော်စည်းမျဉ်းဆိုင်ရာဖြစ်သည်။ ကျမ်းစာပညာရှင်တို့သည် ပြစ်မှုကျူးလွန်သူမှာ ၁ ကော၊ ၅း၁-၅ ရှိ သွေးရင်းစပ်ယှက်သူဖြစ်တန်ရာသည်ဟု လည်းကောင်း တမန်တော်ပေါလုသည် ခရီးသွားရာတွင် ဆုံးဖြတ်ချက် မတည်ငြိမ်ခြင်း၊ သူတို့ကိုလည်း ထောက်ထားခြင်း မရှိဟူသောပြစ်တင်ဝေဖန်မှုများဖြစ်စေသော အသင်းတော်အတွင်း ဩဇာလွှမ်းမိုးနိုင်သူတစ်ဦးဖြစ်နိုင်သည်ဟု ဆွေးနွေးကြသည်။ အကြောင်းအရာအရ ဒုတိယရွေးချယ်မှုကို နှစ်သက်ပုံရှိသည်။ မည်သည့်အမှု၌မဆို အသင်းတော်သည် အပြစ်ကျူးလွန်သူအား ဆွေးနွေးဖြေရှင်းပုံအရေးကြီးကြောင်း အကြောင်းအရာမှသွန်သင်သည်။

ဤအကြောင်းအရာအရ အသင်းတော်၏ စည်းကမ်းထိန်းသိမ်းခြင်းသည် ခွင့်လွှတ်ခြင်းနှင့် အပြစ်ကျူးလွန်သူအား ချစ်ခြင်းမေတ္တာထားကြောင်း ထပ်မံအတည်ပြုခြင်းဖြင့် ပြန်လည်တည်ထောင်ခြင်းဖြစ်ကြောင်း သွန်သင်သည် (၂ ကော၊ ၂း၆-၈၊၁၀)။



အသင်းတော်သည် စည်းကမ်းထိန်းသိမ်းရာတွင် နာကျင်မှုရှိနိုင်ကြောင်း၊ သို့သော်လည်း လိုအပ်နေကြောင်း အရိပ်အမြွက်ဖော်ပြသွားသည်။ လိုရင်းသည် စိတ်ကောင်းစေတနာကောင်းရှိ၍ ကျေးဇူးတရားသို့ ဦးတည်သည်တိုင် အချို့အသင်းတော်တို့သည် ပြောင်ကျကျ အများသူငါ အပြစ်များကို ထိပ်တိုက်ရင်ဆိုင်ခြင်း၊ ဖြေရှင်းခြင်းမပြုကြပါ။ သို့သော်ငြားလည်း တင်းမာ၍ခွင့်မလွှတ်ဘဲ ခက်ထန်တတ်ကြသူတို့လည်း ရှိသေးသည်။ အပြစ်ကို ဖြေရှင်းရပါမည်။ သို့တိုင်အောင် မေတ္တာဖြင့်ဖြစ်ရမည်။ ထို့ကြောင့် ပေါလုသည် အသင်းတော်ကို မိမိချစ်မြတ်နိုးသကဲ့သို့ ပြစ်မှုကျူးလွန်သူအား မေတ္တာကို ထပ်မံအတည်ပြုရန် တိုက်တွန်းနှိုးဆော်ရခြင်းဖြစ်သည် (၂ ကော၊ ၂း၄)။

ကောရိန်သုအသင်းတော်သည် ပြစ်မှားသူအား ချစ်မေတ္တာပြနိုင်ခြင်း (၂ ကော၊ ၂း၈)တွင် ပေါလုမှတစ်ဆင့် ဘုရားသခင်၏ချစ်မေတ္တာကို ခံယူရသူတို့ဖြစ်သောကြောင့် ဖြစ်သည်။ ဤအရာသည် ချစ်မေတ္တာအကြောင်း ကျွန်ုပ်တို့အား မည်သို့သွန်သင်သနည်း။

**ကြာသပတေးနေ့ ဩဂုတ်လ ၂၇ ရက်**

**ခရစ်တော်၌အောင်ပွဲခံခြင်း**

၂ ကော၊ ၂း၁၂၊၁၃ ကိုဖတ်ပါ။ “အလွန်ညှိုးငယ်ပူပန်သောစိတ်နှင့် ရေးသောစာ” ကိုသူတို့အား ရေးပေးပို့ပြီး ပေါလုသည် ဘယ်သို့သွားခဲ့သနည်း။

---

ပေါလုသည် တိတုရောက်လာမည်ကို စောင့်မျှော်နေရင်း စိတ်ငြိမ်ဝပ်ခြင်းအလျှင်းမရှိပါ (၂ ကော၊ ၇း၅၊၆)။ စိတ်ငြိမ်ဝပ်ခြင်းအလျှင်းမရှိသည့်ကြားထဲ ယေရှုအကြောင်းဟောပြောခြင်းလည်း မရပ်တန့်နိုင်ပါ (၂ ကော၊ ၂း၁၂)။ သူသည် ယေရှုကို လွန်စွာချစ်၏။ ထိုအချိန်တွင် သူ့စာ၏ရလ်ကို အလျှင်းမသိရသေးပါ။ တိတုအား မြင်လို၍ ကောရိန်သုလူတို့၏ တုံ့ပြန်ခြင်းကိုလည်း ကြားလိုစိတ်စောနေ၏။

"တရောမြို့တွင် ပေါလု၏လုပ်ငန်းသည် အောင်မြင်နေသော်လည်း ထိုမြို့တွင် အနေမကြာခဲ့ရပါ။ အသင်းတော်များ၊ အထူးသဖြင့် ကောရိန်သုအသင်းတော်အား ပြုစုရန် ပေါလု၏စိတ်နှလုံး၌ ဝန်ပိနေလေသည်။ တရော၌ တိတုအား မြင်လိုခြင်းနှင့် ကောရိန်သုအသင်းတော်အား ပေးပို့ထားသော အကြံပြု သွန်သင်ပြုပြင်ခြင်းများ မည်သို့လက်ခံကြောင်း ကြားသိလိုစိတ်စောခဲ့သော်လည်း စိတ်-ဒတ်ပင်ကျခဲ့ရပါသည်။ 'ငါ့ညီတိတုကို ငါမတွေ့သောကြောင့် စိတ်မသက်သာခဲ့' ဟု သူ့အတွေ့အကြုံကို ဖော်ပြသည်။ ထိုကြောင့် တရောမြို့မှထွက်ခွာ၍ မာကေဒွါနိပြည်ကို ဖြတ်ကျော်ကာ ဖိလိပ္ပိအရောက်တွင် တိမောသေနှင့် ဆုံတွေ့ခဲ့ကြ၏" - Ellen G. White, The Acts of The Apostles, p. 323.

၂ ကော၊ ၂း၁၄-၁၇ ကိုဖတ်ပါ။ မာကေဒွါနိ၌ တိတုနှင့်ဆုံတွေ့ရပြီး ကောရိန်သုလူတို့၏ အပြုဆောင်သောတုံ့ပြန်ခြင်းကို ကြားရခြင်းအား ပေါလုသည် မည်သို့တုံ့ပြန်သနည်း။

---

ဝမ်းသာလုံးစို့ခြင်းဖြင့် "ဘုရားသခင်သည် ငါတို့ကိုခရစ်တော်နှင့်အတူ အောင်ပွဲကိုအစဉ်ခံစေ၏" (၂ ကော၊ ၂း၁၄) ဟု ပေါလုအတည်ပြုသည်။ အံ့ဩလောက်သောကြေညာချက်ပါ။ စိတ်နှလုံးတွင် ခရစ်တော်ကိန်းတော်မူသောကြောင့် "ထိုသခင်ကိုသိခြင်း၏ အမွှေးအကြိုင်သည် အရပ်ရပ်တို့၌ ပြန့်နှံ့နေလေ၏" (၂ ကော၊ ၂း၁၄)။



"ပူပန်သောစိတ်နှင့် ရေးသောစာ"သည် ပေါလုမှ ရိတ်သိမ်းရန် ရည်ရွယ်ထားသောအသီး သီးသဖြင့် သူသည် ခရစ်တော်၌ ဝမ်းမြောက်လေသည် (၂ ကော၊ ၇း၅-၉)။ ကြီးစွာသောအောင်မြင်ခြင်းပေတည်း။ ထိုအချိန်၌ပင် ၂ ကော၊ ၂း၁၇ တွင် မိမိသည် ခရစ်တော်၏ပုရောဖက်စစ်မှန်ကြောင်း ပေါလုအတည်ပြုသည် (၂ ကော၊ ၂း၁၇။ ၁း၁၂)။ ဤကျမ်းပိုဒ်အရ ခရစ်တော်၏သစ္စာရှိသောကျွန်နှင့် မိစ္ဆာဒိဋ္ဌိတို့အား ခွဲခြားပေးသည်မှာ သစ္စာရှိသောကျွန်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယေရှုအားချစ်လျက် စိတ်နှလုံးအကြွင်းမဲ့ဟောပြောကြရာ မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့၏ကိုယ်ကျိုးအတွက် ဧဝံဂေ-လိတရားတော်ကို ကောလာဟလ လျှောက်ဖြန့်ကြသည်။

မည်သည်ကိုပဲပြုပြု အထူးသဖြင့် ယေရှုနာမတော်၌ပြုသောအခါ မည်သည်သည် သင့် စိတ်နှလုံးအား နှိုးဆွနိုင်သနည်း။

**သောကြာနေ့** **ဩဂုတ်လ ၂၈ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, "The Message Heeded", pp. 323-334, The Acts of The Apostles.

"အကြီးမားဆုံးသော ဝေဒနာခံစားခဲ့ရသူများသည် မကြာခဏပင် သူ-တစ်ပါးအတွက်နှစ်သိမ့်မှုကို ဆောင်ကြဉ်းပေးသူများဖြစ်ကာ ၎င်းတို့ ရေ-ာက်ရှိရာနေရာတိုင်းတွင် အလင်းဆောင်တတ်ကြပါသည်။ ထိုသူတို့သည် ဒုက္ခဆင်းရဲများဖြင့် သိမ်မွေ့နူးညံ့စွာ ပြုပြင်မွမ်းမံခြင်းခံရသူများဖြစ်သည်။ ဒုက္ခဝေဒနာကျရောက်သောအခါတွင်လည်း ဘုရားသခင်အပေါ် ယုံကြည်စိတ်ချမှု မပျောက်လွင့်ဘဲ သူ၏ကာကွယ်စောင့်ရှောက်သော မေတ္တာတော်ကိုစွဲကိုင်ကြသည်။ ထိုသူတို့သည် ဘုရားသခင်၏ နူးညံ့သိမ်မွေ့သော စောင့်ရှောက်မှုကို သက်သေခံနေသူများဖြစ်ကြသည်" - Ellen G. White, God's Amazing Grace, p. 122.

"သန့်ရှင်းသောခရစ်ယာန်အသက်တာသည် အလင်း၊ နှစ်သိမ့်ခြင်း

နှင့် ငြိမ်သက်ခြင်းကို ပေးကမ်းနေသည်။ ၎င်းကို စင်ကြယ်ခြင်း၊ လိမ္မာပါးနပ်ခြင်း၊ ရိုးသားခြင်းတို့ဖြင့် သရုပ်ပြထားသည်။ ၎င်းဩဇာကို သန့်ရှင်းစေသော အတ္တကင်းသောမေတ္တာတော်ကပင် ထိန်းချုပ်ထားသည်။ ပိုင်ဆိုင်သောသူ သွားလေရာ၌ အလင်းဆောင်ကြဉ်း၍ ခရစ်တော်နှင့်ပြည့်နှက်နေလေသည်"
- Ellen G. White, God's Amazing Grace, p. 122.

"တမန်တော်ပေါလုသည် အသင်းတော်အတွင်း အမှားများကို ပြုပြင်ရန်လိုအပ်သည်ဟု ဆို၍ အမှားပြုပြင်ရာတွင် မိမိကိုယ်ကို ထိန်းသိမ်းတတ်၏။ သူ ပြုပြင်ရမည့်အကြောင်းရင်းကို စိုးရိမ်တကြီးရှင်းပြသည်။ ပြစ်မှားသော သူ၏ မိတ်ဆွေအဖြစ် အမြင်ထင်ရှားစေရန် သတိကြီးစွာပြုပြင်လေသည်။ ၎င်းတို့အား အလွန်ဂရုစိုက်ခြင်းသည် သူ၏အလိုကျ ဖြစ်သည်ကိုလည်း နားလည်စေသည် - Ellen G. White Comments, in The SDA Bible Commentary, vol. 6, p. 1094.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ၂ ကော၊ ၂း၁-၁၄ တွင် ပေါလုသည် အမှုတော်တွင် မိမိ၏ဂုဏ်သိက္ခာကို တည်စေသည်။ ဤသို့သောအမှုတော်ဆောင်ခြင်းသည် အဘယ်ကြောင့် အရေးပါသနည်း။**

**၂။ ပေါလုသည် မိမိ၏ မူလခရီးစဉ်ကို ပြောင်းလဲပစ်ခြင်းသည် ခရစ်ယာန်အမှုတော်တွင် ပြောင်းလွယ် ပြင်လွယ်ခြင်း လိုအပ်ကြောင်း မည်သို့သွန်သင်သနည်း။ ပြောင်းလဲခြင်းလိုအပ်လာသောအခါ အဘယ်ကြောင့် ပွင့်လင်းခြင်းသည် အရေးပါသနည်း။**

**၃။ ပေါလုသည် မိမိအမှုတော်တွင် စိတ်ဆင်းရဲခြင်းနှင့် စိုးရိမ်ကြောင့်ကြခြင်း ကြုံရသည်။ ထိုနည်းတူ အသင်းတော်ခေါင်းဆောင်များသည် အများသူငါကဲ့သို့ စိတ်ပင်ပန်းခြင်း ဝေဒနာခံစားနိုင်ကြသည်ကို ရှင်းလင်းစွာဖော်ပြ၏။ ၎င်းတို့၏ လုပ်ငန်းလွယ်ကူစေရန် အသင်းဝင်တို့သည် မည်ကဲ့သို့ကူညီနိုင်မည်နည်း။**



**၄။ ပေါလုသည် ခရစ်တော်၌ အောင်ပွဲမခံရမီ (၂ ကော၊ ၂း၁၄) သူ့စိတ် မသက်သာခြင်းကို ဖော်ပြသည် (၂ ကော၊ ၂း၁၃)။ သူ၏အားနည်းချက်နှင့် အားသာချက်တို့ကို တစ်ပြိုင်တည်း မည်ကဲ့သို့ ပြောဆိုနိုင်သနည်း။ ကျွန်ုပ်တို့ရော မည်သို့နည်း။**

-၀-

## သင်ခန်းစာ (၁၀)
# စစ်မှန်သောခရစ်ယာန်အမှုတော်
ဩဂုတ်လ ၂၉ – စက်တင်ဘာလ ၄

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ်လ ၂၉ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၂ ကော၊ ၃း၁-၉။ ၄း၇-၁၈။ ၅း၁၁-၁၅။ ကောလောသဲ၊ ၁း၁၉-၂၃။ ဧဖက်၊ ၂း၁၃-၁၆။ ၂ ကော၊ ၆း၁၁ - ၇း၁။ ၇။

**အလွတ်ကျမ်းချက်**

**“ငါတို့သည် အမျိုးမျိုးသောနှောင့်ယှက်ခြင်းကို ခံရသော်လည်း အကျိုးနည်းခြင်းသို့မရောက်။ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ။ အောက်သို့လှဲခြင်းကိုခံရသော်လည်း ဆုံးရာသို့မရောက်။ သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှာ၊ ယေရှု၏သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ကိုယ်ခန္ဓာ၌ဆောင်ရကြ၏” (၂ ကော၊ ၄း၈-၁၀)။**

လွန်ခဲ့သောအပတ်တွင် ပေါလုသည် မိမိ၏ရိုးသားခြင်းနှင့် ဖြူစင်ခြင်းကို တည်စေ၍ သူသည် ကောရိန်သုလူတို့အား ချစ်မေတ္တာလျော့နည်းနေသည်ဟု အစဉ်မပြတ် ပြစ်တင်ဝေဖန်ခံနေရခြင်းမှ မိမိကိုယ်ကို ကာကွယ်သည်ကို တွေ့ခဲ့ရသည်။ သူ၏ဝိညာဉ်ရေး ကလေးငယ်များကို အကောင်းဆုံးဂရုစိုက်ခြင်းဖြင့် အမြဲလုပ်ဆောင်၏။ ၂ ကော၊ ၇ သို့ပင် ဦးတည်သွားရသော ၂ ကော၊ ၂း၁၂-၁၇ မှ အတွေးတစ်လိုင်းကို အစပြုထားသည်။ ထိုသို့ပြုစဉ်တွင်ပင် ခရစ်တော်အတွက် စစ်မှန်သောအမှုတော်၏ ပုံပန်းသဏ္ဍာန်ကို ဖော်ပြသွားသည်။ ၎င်းနှင့်ပတ်သက်၍ ပေါလု၏အတွေးအခေါ်များမှ သင်ခန်းစာများစွာ ရရှိနိုင်ပါသည်။



ယခုတစ်ပတ်တွင်လည်း ၂ ကော၊ ၃-၇ တွင် ပေါလုသည် မိမိ၏အမှုတော်သည် ခရစ်တော်အတွက် ဝိညာဉ်များရိတ်သိမ်းခြင်းဖြစ်ကြောင်း ပြောဆိုသည်ကို ကြည့်ကြရပါမည်။ အီးဂျီဝှိုက်သည် “အပြစ်သားများ၏ ပြောင်းလဲခြင်းနှင့် သမ္မာတရားအားဖြင့် သန့်စင်စေခြင်းတို့သည် အမှုဆောင်တစ်ဦးအား အမှုတော်အတွက် ဘုရားသခင်ခေါ်တော်မူခြင်း၏ အခိုင်မာဆုံးသောသက်သေခံဖြစ်သည်။ ပေါလု၏ တမန်တော်ဖြစ်ခြင်းသက်သေခံသည် ပြောင်းလဲသောသူတို့၏ နှလုံးသားပေါ်တွင် ကမ္ပည်းတင်ထား၍ ၎င်းတို့၏ ဘဝသစ်တို့မှ သက်သေခံကြသည်။ ၎င်းတို့၏အတွင်း၌ ခရစ်တော်နှင့် ဘုန်းတော်မျှော်လင့်ခြင်းကို ဖန်ဆင်းသည်။ ဤအမှုတော်တံဆိပ်တို့သည် အမှုဆောင်တစ်ဦးကို လွန်စွာအားဖြည့်နိုင်သည်” - Ellen G. White, The Acts of The Apostles, p. 328.

**တနင်္ဂနွေနေ့** **ဩဂုတ်လ ၃၀ ရက်**

**စစ်မှန်သောအမှုတော်၏အသီးများ**

၂ ကော၊ ၃း၁-၉ ကိုဖတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏ဩဝါဒပေးစာ မည်သို့ဖြစ်နိုင်မည်နည်း။

----------------------------------------------------------------

သက်ဆိုင်သူထံသို့ ထောက်ခံစာတို့သည် ဂရိနှင့် ရောမတို့လောကတွင် အလွန်ခေတ်စားခဲ့သည်။ သို့ရာတွင် ပေါလုသည် ထိုသို့သောစာပေများကို မဆောင်ခဲ့ပါ။ ကောရိန်သုလူတို့၏ အသက်တာကို ပြောင်းလဲစေနိုင်သော ဝိညာဉ်တော်၏တန်ခိုးသည် ပေါလု၏ စစ်မှန်သောအမှုတော် သက်သေသာဓကဖြစ်သည်။ ထို့ပြင် ကောရိန်သုအသင်းတော်ဖြစ်ပေါ်လာခြင်းသည် မိမိ၏ဉာဏ်အမြော်အမြင်နှင့် ကြိုးစားမှုမဟုတ်ကြောင်း သိသည် (၂ ကော၊ ၃း၄-၆)။ သူသည် မိမိကိုယ်ကို ချီးမြှောက်ခြင်းမပြုခဲ့ပါ (၂ ကော၊ ၃း၅။ ၁ ကော၊ ၂း၂)။

ပေါလုသည် မိမိအမှုတော်ကို ပဋိညာဉ်နှစ်ပါးနှင့် အတိုချုံးဆွေးနွေးထားရာ ပဋိညာဉ်ဟောင်းအား မောရှေနှင့် သရုပ်ဆောင်စေ၍ အသစ်ကိုကား သူနှင့် သူ့လုပ်ဖော်ဆောင်ဖက်များဖြင့် သရုပ်ဆောင်စေ၏။ အလျစ်စလို စာဖတ်သူအတွက် ပဋိညာဉ်ဟောင်းသည် ကယ်တင်ခြင်း၊ မျှော်လင့်ခြင်းမပေးပါ ဟု ဆိုနိုင်သည်တိုင် မမှန်ကန်ပါ။ ကယ်တင်ခြင်းဟူသည် ပဋိညာဉ်အဟောင်းနှင့် အသစ်တို့၌ရှိ၏။ ပဋိညာဉ်အဟောင်းသည် ဧဝံဂေလိတရားကို အကြိုဟောခြင်းဖြစ်သည်။ "ယုံကြည်ခြင်းကိုထောက်၍ တစ်ပါးအမျိုးတို့ကို ဖြောင့်မတ်ရာ၌ ဘုရားသခင်တည်စေတော်မူမည်ဟု ကျမ်းစာသည် မြော်မြင်လျက် အာဗြဟံအားအမိန့်ရှိ၍ သင့်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာခံကြမည်ဟု ဧဝံဂေလိတရားကို ဟောနှင့်လေ၏" (ဂလာတိ၊ ၃း၈)။

၂ ကော၊ ၃း၁ - ၄း၆ တွင် ပဋိညာဉ်ဟောင်းဟူသည် ဘုရားသခင်ရှေ့တွင် မျက်နှာသာရရန် မိမိ၏နားထောင်ခြင်းကို လုပ်ဆောင်ခြင်းဖြင့်ပြသ၍ တရားဝင်ဖြစ်စေခြင်းဖြင့် သရုပ်ပြထားသည်ကို တွေ့ရပါမည်။ အသစ်သောပဋိညာဉ်သည်ကား မိမိတို့အတွက် ဘုရားသခင်မှပြုပေးရန် ကတိထားတော်မူသည့်အရာအားလုံးတို့ကို ဘုရား၏ကျေးဇူးတော်ဖြင့်ပင် လုံးဝကိုးစားခြင်းကို သရုပ်ဆောင်စေခဲ့သည်။

ပေါလုသည် မတူညီသောတုံ့ပြန်ခြင်းနှစ်ခု၊ ဧဝံဂေလိတရားကို ယုံကြည်သူနှင့် မယုံကြည်သူတို့အကြောင်းကို ပြောနေခြင်းဖြစ်သည်။ မတူကွဲပြားသော ဓမ္မဟောင်းဧဝံဂေလိနှင့် ဓမ္မသစ်ဧဝံဂေလိ ဟု ပြောဆိုနေခြင်းမဟုတ်ပါ။ ဘုရားသခင်ချပြတော်မူသော ဧဝံဂေလိတစ်ခုတည်းသာရှိ၏။ "ရှေးကပ်ကာလမရောက်မီ ယေရှုခရစ်အားဖြင့် ငါတို့အဖို့ ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကိုကယ်တင်၍ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏" (၂ တိ၊ ၁း၉)။

ဤအချင်းအရာသည် ၂ ကော၊ ၂း၁၄ - ၄း၆ တွင် သမိုင်းဝင်အစိတ်အပိုင်းများပါရှိသည်ဟု ငြင်းဆိုရန်မဟုတ်ပါ။ ထိုသမိုင်းကြောင်းကိုပြောရင်းဖြင့်



သူတို့အနက်မှာ "အချို့သည် ကယ်တင်ခြင်းခံရ၍ အချို့မှာ ပျက်စီးခြင်းသို့ရောက်၏" (၂ ကော၊ ၂း၁၅) ဟူသောအချက်ကို သက်သေထူလိုက်သည်။ မောရှေ၏ အမှုတော်အား မယုံကြည်သောသူတို့၏ တုံ့ပြန်ခြင်းကြောင့် သူ့အမှုတော်သည် ပျက်စီးခြင်းနှင့် သေခြင်းအမှုဟုပင် ရှုမြင်ခဲ့ကြသည်။ ကောရိန်သုလူတို့သည် ပေါလု၏အမှုတော်အား ယုံကြည်ကြသောကြောင့် ပေါလု၏အမှုတော်သည် ဖြောင့်မတ်ခြင်းအမှုတော်၊ အသက်ပေးတော်မူသော ဝိညာဉ်တော်၏အမှုတော်ဖြစ်ကြောင်း ထင်ရှားစေသည်။

ကောရိန်သုအသင်းတော်၏ ဤကယ်တင်ခြင်းအတွေ့အကြုံသည် ပေါလု၏အမှုတော် စစ်မှန်ခြင်းသာဓကပင် ဖြစ်လေသည်။

## တနင်္လာနေ့ — ဩဂုတ်လ ၃၁ ရက်

## ဆင်းရဲဒုက္ခနှင့်ဘုန်းတော်

၂ ကော၊ ၄း၇-၁၈ ကိုဖတ်ပါ။ ပေါလု၏ ဆင်းရဲဒုက္ခများကို စာရင်းပြုစုပါ။ ထိုဆင်းရဲဒုက္ခများအတွင်း မည်သို့ဖြတ်သန်းသွားသနည်း။

---

ဘာသာရေးပြုပြင်ပြောင်းလဲသူ ရှေး (Bohemia) ပြည်သား (John Huss) သည် ယေရှုအကြောင်းပြောဆိုရာတွင် "သူသည် လောက၏ သခင်ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည်လည်း မထီမဲ့မြင်ပြုတတ်သော သေမျိုးများဖြစ်ကြသည်။ သို့တိုင်အောင် သူသည် ဆင်းရဲဒုက္ခခံခဲ့သည်။ အကြောင်းမှာ ဆင်းရဲဒုက္ခခံခြင်းဟူသည် သန့်စင်စေခြင်းဖြစ်သည်အားလျော်စွာ ကျွန်ုပ်တို့သည်လည်း ဆင်းရဲဒုက္ခမခံသင့်သလော" - Ellen G. White, The Great Controversy, p. 105.

တမန်တော်ပေါလု ကိုယ်တိုင်သည်လည်း ရာစုနှစ်များစွာကတည်းကပင် ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံလိုကြောင်း ထုတ်ပြန်ခဲ့သည်။ သူသည်

မိမိကိုယ်ကို ကွဲလွယ်သောမြေအိုးထက် မသာလွန်ကြောင်းသိရှိ၍ (၂ ကော၊ ၄း၇)။ သူသည် နှောင့်ယှက်ခြင်း၊ မကြံစည်နိုင်အောင်ရှိခြင်း၊ ညှဉ်းဆဲခြင်း၊ အောက်သို့လှဲခြင်းတို့ ခံရသော်လည်း အကျိုးနည်းခြင်း၊ စိတ်ပျက်ခြင်း၊ ရှုံးခြင်း၊ ဆုံးရာသို့ရောက်ခြင်း မရှိပါ (၂ ကော၊ ၄း၈၊၉)။ သူသည် "ယေရှု၏ အသေခံတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ကိုယ်ခန္ဓာ၌ဆောင်ယူ၍ ယေရှု အသက်ရှင်တော်မူခြင်းကို မိမိကိုယ်ခန္ဓာ၌ထင်ရှားစေလို၏" (၂ ကော၊ ၄း၁၀၊၁၁)။

"ယေရှု၏အသေခံတော်မူခြင်း" ဟုဆိုရာတွင် အထက်ကဆင်းရဲဒုက္ခများကို ဆိုလိုဟန်ရှိသည်။ ဆက်လက်၍ "ယေရှု၏အသက်ရှင်တော်မူခြင်း" ဟူသည်မှာ သေခြင်းမှ လွတ်မြောက်ခြင်းနှင့် ယခုလက်ရှိအသက်တာ၏ ဝိညာဉ်တန်ခိုးကို ဆိုလိုဟန်လည်းရှိသည်။ အမှန်မှာ ဤသည်တို့သည် ရှင်ပြန်ထမြောက်ခြင်းအား ကိုးကားခြင်းပင်ဖြစ်သည် (၂ ကော၊ ၄း၁၂)။

"သေခြင်းနှင့် ရှင်ခြင်း" စုံတွဲသည်လည်း ၂ ကော၊ ၄း၁၀-၁၂ တွင် သုံးကြိမ်တိုင်တိုင်ရှိသည်။ ဤသည်လည်း ယခုပစ္စုပ္ပန်တွင် အသက်ရှင်ခြင်းသည် သေခြင်းနှင့် ရောနှောနေ၏။ သို့သော် အနာဂတ်ဘုန်းတော်တွင် သေခြင်းမပါသော အသက်ရှင်ခြင်းကို ကြုံတွေ့ကြရပါမည် (ဗျာ၊ ၂၀း၁၄။ ၂၁း၄)။ အရေးအကြီးဆုံးမှာ ၂ ကော၊ ၄း၇-၁၈ သည် ဘုန်းတော်သည် ဘုရားအတွက်သာဖြစ်မည်အကြောင်း ဧဝံဂေလိတရားတော်ကို ကွဲလွယ်သော လူသားတို့အားဖြင့် ဟောပြောကြောင်း ခင်းကျင်းပြသသည် (၂ ကော၊ ၄း၁၅)။

သာသနာပြုသူတို့သည် ဆင်းရဲဒုက္ခများကို မကြာမကြာခံစားကြရသည်။ မည်သို့ပင်ဖြစ်စေ အတိုင်းအထက်ကြီးမြတ်သော နိစ္စထာဝရဘုန်းအသရေနှင့် နှိုင်းယှဉ်ရာတွင် ယခုခံရသောဆင်းရဲဒုက္ခသည် ပေါ့ပါး၍ ခဏမျှသာဖြစ်၏ (၂ ကော၊ ၄း၁၇)။ ယုံကြည်သူသည် ကြည့်မှတ်ခြင်းဖြင့်မဟုတ်၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်၏ (၂ ကော၊ ၄း၁၈။ ၅း၇)။ အနာဂတ် အသက်ရှင်ခြင်းသည် ပေါလု၏စိတ်ကို ဖမ်းစားလွန်းသဖြင့် ဤကျမ်းပိုဒ်စီးဆင်းရာတွင် များစွာပြောဆိုနေရခြင်းဖြစ်သည် (၂ ကော၊ ၅း၁-၁၀)။ သူ့လောက ကိုယ်ခန္ဓာကိုလည်း ယာယီတဲမြေအိမ်ဟု လည်းကောင်း၊ ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာကိုလည်း မိမိတို့ တောင့်တလိုချင်သောစိတ်ဖြင့် ညည်းတွားမြည်တမ်းလျက်နေသော ဘုရားသခင်ဖန်ဆင်းတော်မူသော နိစ္စထာဝရအိမ်ဟု ဥပစာတင်ထားလေသည် (၂ ကော၊ ၅း၁)။



ကျွန်ုပ်တို့သည် မည်သည်ကိုပင် ဖြတ်ကျော်နေပါစေ၊ မိမိတို့၏ရှေ့ အနာဂတ်တွင် မိမိတို့၏ ရှင်ပြန်ထမြောက်ရန် မျှော်လင့်ခြင်းကို အဘယ်ကြောင့် မျက်မှောက်ပြုနေသင့်သနည်း (၁ ကော၊ ၁၅း၅၂)။

**အင်္ဂါနေ့ စက်တင်ဘာလ ၁ ရက်**

**ခရစ်တော်ကိုအာရုံပြုသောသင့်မြတ်စေခြင်းအမှုတော်**

၂ ကော၊ ၅း၁၁-၁၅ ကိုဖတ်ပါ။ ပေါလု၏အမှုတော်သည် ခရစ်တော်ကို အာရုံပြုကြောင်း ဤကျမ်းပိုဒ်မှ မည်သို့ဖော်ပြသနည်း။

---

ပေါလုသည် ခရစ်တော်အတွက် မိမိ၏အမှုတော်မှတ်တမ်းမှတ်ရာတစ်ခု တင်ဆက်ရမည်ကို သိရှိသည် (၂ ကော၊ ၅း၁၀)။ "ဘုရားသခင်ကို ကြောက်ရွံ့ရမည်"ကိုလည်းသိ၍ ခရစ်တော်၏ဧဝံဂေလိတရားသို့ လူတို့ကို ဆွဲဆောင်ရန်ကြိုးစားသည် (၂ ကော၊ ၅း၁၁)။ ဤ "ကြောက်ရွံ့ခြင်း"သည် ခရစ်တော်အား ရိုသေလေးစားခြင်းဖြစ်၍ ပေါလုအတွက် ခရစ်တော်အား ချစ်ခြင်းနှင့် သူ့အားခရစ်တော်၏ချစ်ခြင်းတို့ ပေါင်းစပ်ခြင်းဖြစ်လေသည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်ကို "ကြောက်ရွံ့ခြင်း"သည် လမ်းတော်သို့လိုက်သွားခြင်း၊ စိတ်နှလုံးအကြွင်းမဲ့ချစ်၍ အမှုတော်ကိုဆောင်ခြင်းဖြစ်သည် (တရားဟော၊ ၁၀း၁၂)။

ပေါလု၏အမှုတော်သည် မိမိကိုယ်ကို အာရုံပြုခြင်းမဟုတ်ဘဲ ခရစ်တော်ကို အာရုံပြုခြင်းဖြစ်သည်။ မိမိကိုယ်ကိုလည်း သူ မချီးမွမ်းပါ။ သူ ဝါကြွားခြင်းအကြောင်းရင်းသည် ခရစ်တော်ဖြစ်သည် (၂ ကော၊ ၁၂း၉)။ သူသည်

"ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌ ဂုဏ်ယူဝါကြွားခြင်းမရှိစေနှင့်" (ဂလာတိ၊ ၆း၁၄)။ ထို့ကြောင့် ခရစ်တော်၌ ကောရိန်သုလူတို့၏ ဝါကြွားရမည့်အခွင့်အရေးသည် (၂ ကော၊ ၅း၁၂) မိမိကိုယ်ကိုအာရုံပြုခြင်းမဟုတ်ဘဲ ခရစ်တော်ကိုအာရုံပြုသော ပေါလု၏အမှုတော်၌သာ ဖြစ်ရပါမည်။

၂ ကော၊ ၅း၁၆-၂၁။ ကောလောသဲ၊ ၁း၁၉-၂၃။ ဧဖက်၊ ၂း၁၃-၁၆ ကိုဖတ်ပါ။ "သင့်မြတ်စေခြင်းအမှုတော်" ဟုဆိုရာတွင် ပေါလုသည် မည်သည်ကိုဆိုလိုသနည်း။

-----

ခရစ်တော်သည် "သင့်မြတ်စေခြင်းအမှုတော်" တွင် ပါရမီထူးချွန်သူဖြစ်သည် (၂ ကော၊ ၅း၁၈)။ ၂ ကော၊ ၅း၁၆-၂၁ တွင် ပြန်လည်သင့်မြတ်ခြင်း အယူအဆသည် ထပ်ခါတလဲလဲပါရှိသည်။ ၎င်းသည် ပေါလုအတွက် မရှိမဖြစ်လိုအပ်ရာ ကျွန်ုပ်တို့သည်လည်း လိုအပ်ကြ၏။ ဘုရားသခင်သည် သားတော်၏သေခြင်းတရားဖြင့် လူသားတို့ကို မိမိကိုယ်တော်တိုင်နှင့် ပြန်သင့်မြတ်စေသည်။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ထားသူတို့သည် အသစ်ဖန်ဆင်းထားသောသတ္တဝါဖြစ်ကြ၏ (၂ ကော၊ ၅း၁၇)။ ယခု သူတို့သည် "ပြန်လည်သင့်မြတ်ခြင်း သတင်းစကား" ကို ခရစ်တော်၏ ဧဝံဂေလိတရားတော်၌ ကြွေးကြော်ကြရပါမည် (၂ ကော၊ ၅း၁၉)။ ဤနေရာတွင် "ဘုရားသခင်သည် ငါတို့အားဖြင့် နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့ ငါတို့သည် ခရစ်တော်၏ သံတမန်ဖြစ်ကြ၏" (၂ ကော၊ ၅း၂၀)။

ခရစ်တော်သည် သင့်အတွက်ပြုသောအရာများကို တွေးတောကြည့်ပါ။ ကျူးလွန်ခြင်း၊ အပြစ်၊ ရှုံ့ချခြင်းတို့သည် သင့်အတွက်ဖြစ်လင့်ကစား သူသည် ကပ်တိုင်တွင် မည်သို့ပြုသည်ကိုဆင်ခြင်ပါ။ ဤအချင်းအရာတို့သည် သူတစ်ပါးနှင့် သင့်ဆက်ဆံရေး၊ အထူးသဖြင့် ကိုယ်တော့်အား မသိသောသူများနှင့် ဆက်ဆံရာတွင် မည်သို့အကျိုးသက်ရောက်သင့်သနည်း။



**မုဒ္ဓဟူးနေ့** **စက်တင်ဘာလ ၂ ရက်**

**သန့်ရှင်းခြင်းသို့ခေါ်တော်မူခြင်း**

၂ ကော၊ ၆း၃-၁၀ တွင် ကောရိန်သုလူတို့သည် ဘုရားသခင်နှင့် သင့်မြတ်ရန် ပေါလုတိုက်တွန်းနေသည်။ ဆင်းရဲဒုက္ခများနှင့် အောင်နိုင်ခြင်းစာရင်းအရှည်ကြီးကို ချပြ၍ ခရစ်တော်နောက်သို့လိုက်ခြင်းနှင့် ဘုရားသခင်အမှုတော်ဆောင်ဖြစ်ရခြင်းကို တင်ပြသွားသည်။ အတိုချုံးရသော် ဆင်းရဲဒုက္ခများ (၂ ကော၊ ၆း၇) အမှုတော်၌ ထိခိုက်မှုများ (၂ ကော၊ ၆း၈-၁၀)တို့ဖြစ်သည်။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန် ကောရိန်သုလူတို့အား သွန်သင်ပြီးနောက် သန့်ရှင်းသောအသက်တာရှိ၍ မယုံကြည်သောသူတို့၏ ဩဇာမခံဘဲ မသန့်ရှင်းသောအရာများကို ရှောင်ကြဉ်ရန် တိုက်တွန်းထားသည် (၂ ကော၊ ၆း၁၄-၁၇)။

၂ ကော၊ ၆း၁၁။ ၇း၁ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်အရ သန့်ရှင်းသောအသက်တာသည် အဘယ်သို့နည်း။

-----

ပေါလုသည် အသင်းတော်တွင် ချစ်ခြင်းမေတ္တာအရေးတကြီးလိုအပ်ကြောင်း အလေးထားပြောဆိုသည် (၁ ကော၊ ၆း၁၁-၁၃)။ ဘုရားသခင်နှင့် သင့်မြတ်ခဲ့သူ လူသားတို့သည် အချင်းချင်းသင့်မြတ်ကြရပါမည်။ ၎င်းတို့သည် လူသားချင်း သင့်မြတ်စေသူများဖြစ်လာကြသည်။

ထပ်မံ၍သန့်ရှင်းခြင်းသို့ အောက်ပါခြောက်ခုတို့အားဖြင့် ခေါ်တော်မူ၏ (၁) မယုံကြည်သူတို့နှင့်တွဲဖက်၍ မတူညီသောထမ်းပိုးကိုမထမ်းနှင့် (၂ ကော၊ ၆း၁၄)။ (၂) ထိုသူတို့အထဲမှ ထွက်၍ (၂ ကော၊ ၆း၁၇)။ (၃) အသီးအခြားနေကြလော့ (၂ ကော၊ ၆း၁၇)။ (၄) မစင်ကြယ်သောအရာကို လက်နှင့်မျှ မတို့ကြနှင့် (၂ ကော၊ ၆း၁၇)။ (၅) ကိုယ်ခန္ဓာအညစ်အကြေးနှင့် စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ့်ကိုယ်ကိုယ် ကင်းစင်စေပါ (၂ ကော၊ ၇း၁)။ (၆) ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်

ပြည့်စုံကြကုန်အံ့ (၂ ကော၊ ၇း၁)။ သန့်ရှင်းသောဘုရားသည် သန့်ရှင်းသော အသက်တာနှင့် ရုပ်တုဆင်းတုများ ကင်းစင်ခြင်းကို တောင်းဆိုကြောင်း ခင်းကျင်း ပြသသည်။

တစ်ဖက်တစ်လမ်းအားဖြင့် ခရစ်ယာန်အသင်းတော်သည် သန့်ရှင်းသောဗိမာန်တော်ဖြစ်ကြောင်း မီးမောင်းထိုးပေးသောကတိတော် ခုနစ်ခုတို့ကိုလည်း ဆောင်ယူခဲ့သည်။ (၁) သူတို့တွင် ငါကိန်းဝပ်မည်။ (၂) သူတို့တွင် လှည့်လည်မည်။ (၃) သူတို့၏ဘုရားသခင်ဖြစ်မည်။ (၄) သူတို့သည် ငါ၏လူဖြစ်မည်။ (၅) သင့်ကိုလက်ခံမည်။ (၆) သင်တို့၏အဘဖြစ်မည်။ (၇) သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည် (၂ ကော၊ ၆း၁၆၊ ၁၇၊၁၈)။

၂ ကော၊ ၆း၁၆ ရှိ ကတိလေးခုတို့သည် ၂ ကော၊ ၆း၁၇ ရှိ စေခိုင်းခြင်း သုံးခုတို့၏ အခြေခံတရားဖြစ်သည် (၂ ကော၊ ၆း၁၇ ၏ အသုံးအနှုန်းကို ကြည့်ပါက "ထို့ကြောင့်")။ သန့်ရှင်းခြင်းသည် မိမိ၏ အားထုတ်မှုကြောင့် မဟုတ်ဘဲ နှလုံးသားထဲတွင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ခြင်း ဖြစ်သည်ကို ဤအချက်တို့မှ ခင်းကျင်းပြသသည်။ သန့်ရှင်းခြင်းသည် ဘုရားသခင် ထံမှ ရလဒ်ဆိုသည့်တိုင် ယုံကြည်သူတို့သည် မိမိတို့အစိတ်အပိုင်းကို ပြုလုပ်၍ရုပ်တုဆင်းတုများနှင့် မသန့်ရှင်းသောအမှုအရာများကို ငြင်းပယ်ရပါမည်။

၂ ကော၊ ၆း၁၆-၁၈ ရှိသော ကတိတော်တို့သည် သန့်ရှင်းခြင်း အကြောင်း မည်သို့ပြောပြသနည်း။

**ကြာသပတေးနေ့** **စက်တင်ဘာလ ၃ ရက်**

**နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှု**

၂ ကော၊ ၇ ကိုဖတ်ပါ။ ကောရိန်သုလူတို့ နောင်တရသည်ကို သိရသော ပေါလုသည် မည်ကဲ့သို့ ခံစားရသနည်း။

---



"သင်တို့သည် ငါတို့၏နှလုံးတွင်ရှိ၏" (၂ ကော၊ ၇း၃။ ၆း၁) ဟု ဆိုရာတွင်သူ့နှလုံးသားမှ မေတ္တာ မည်မျှ စီးဆင်းမည်နည်း။ အပြန်အလှန် မေတ္တာကိုအလွန်တောင့်တစွာ ပေါလုသည် "သင်တို့၏ စိတ်နှလုံးတွင် ငါတို့ကိုလက်ခံကြလော့" (၂ ကော၊ ၇း၂)။ "သင်တို့၏စိတ်နှလုံး" ဟူသည် ဂရိနှင့် မြန်မာတွင်မပါရှိသော်လည်း အကြောင်းအရာနှင့် ဆီလျော်စွာ အင်္ဂလိပ်ဗားရှင်းတွင် ထည့်သုံးထားခြင်းဖြစ်သည်။

ကောရိန်သုလူတို့သည် ပေါလုနှင့် လုပ်ဖော်ဆောင်ဖက်တို့ထံ မိမိတို့၏စိတ်နှလုံးဖွင့်ကြ၏။ ဤသည်ကြောင့်ပင် အပိုဒ်ငယ် ၄ တွင် ဝမ်းမြောက်ခြင်းပေါ်ပေါက်ခဲ့သည်။ ထိုအချိန်တွင် ပေါလု၏ခံစားချက် မည်မျှကောင်းသည်ကို သူ့စကားလုံးတို့မှဖော်ပြသည်။ "သင်တို့ကြောင့် ငါအလွန်ရဲရင့်ခြင်းရှိ၏။ သင်တို့ကြောင့် ငါအလွန်ဂုဏ်ယူခြင်းရှိ၏။ သက်သာခြင်းနှင့် ပြည့်စုံ၏။ ညှဉ်းဆဲခြင်းခံလေရာရာ၌ အတိုင်းထက်လွန် ဝမ်းမြောက်ခြင်းရှိ၏" (၂ ကော၊ ၇း၄)။ ပေါလုသည် နှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ခြင်းတို့နှင့် ပြည့်၏။ မိမိတို့အသင်းတော်တို့သည် ခရစ်တော်၌ သစ္စာရှိရှိဆက်ကပ်ခြင်းကြောင့် အမှုတော်ဆောင်များတို့သည် မည်မျှပင်နှစ်သိမ့်ခြင်းနှင့် ဝမ်းမြောက်ခြင်းရှိနိုင်မည်နည်း။

၂ ကော၊ ၇း၅-၁၆ တွင် ထပ်မံ၍ ပေါလုသည် သူ၏နှစ်သိမ့်ခြင်းနှင့် ဝမ်းမြောက်ခြင်းကြောင်းကို ရှင်းပြထားသည်။ ၎င်းခံယူချက်နှစ်ခုတို့သည် ၎င်းကျမ်းပိုဒ်ကိုပင် စိုးမိုးထားလေသည်။ ကြိယာ (Parakaleō) နှစ်သိမ့် (သို့) နာမ် (Paraklēsis) နှစ်သိမ့်ခြင်းတို့ပါလာကြရာ ၂ ကော၊ ၇ တွင် ခုနစ်ကြိမ် တိုင်ပါဝင်သည်။ ဤပေးစာသည် နိဒါန်းအတိုင်း နိဂုံးချုပ်ထားရာ ဘုရားသခင် ၌နှစ်သိမ့်ခြင်းများစွာဖြင့် ဟုဆိုသည် (၂ ကော၊ ၁း၃-၇)။

၂ ကော၊ ၇ ၌ ပေါလု၏နှစ်သိမ့်ခြင်းသည် သူ၏ "ပူပန်သောစိတ်နှင့်ရေးသောစာ" ကြောင့် သူမျှော်လင့်ထားသည်အတိုင်း အကျိုးသက်ရောက်မှုရရှိခဲ့၍ နှစ်သိမ့်ခြင်းရစေသော သက်သာရာမှပေါ်ထွက်လာခြင်းဖြစ်သည်။ ဤသက်သာခြင်းသည် တိတုထံမှ အပြုဆောင်သော အစီရင်ခံစာကြောင့်

ဆိုသည့်တိုင် ပေါလုကြုံခဲ့ရသော နှစ်သိမ့်ခြင်း၏ ဖန်တီးရှင်သည် ဘုရားပင်ဖြစ်သည် (၂ ကော၊ ၇း၆)။ ဘုရားရှင်သည် "သက်သာခြင်းအမျိုးမျိုးတို့၏အရှင်၊ ဒုက္ခဝေဒနာအမျိုးမျိုးခံရသောသူတို့၏ သက်သာခြင်း" (၂ ကော၊ ၁း၃၊၄) ဖြစ်သည်။

ပေါလုသည် "သက်သာခြင်းနှင့်ပြည့်စုံ၍ အလွန်ဂုဏ်ယူခြင်း" (၂ ကော၊ ၇း၄၊၇၊၁၃)နှင့်ပြည့်ခဲ့၏။ သူ၏ "ပူပန်သောစိတ်နှင့် ရေးသောစာ" သည် ဝမ်းနည်းခြင်းများစွာ ပြုခဲ့သော်လည်း ဘုရား၏အလိုတော်နှင့်ညီသော နောင်တရရန် ရည်ရွယ်သောဝမ်းနည်းခြင်းဖြစ်သည် (၂ ကော၊ ၇း၉-၁၁)။ ကောရိန်သုလူတို့သည် "ဘုရား၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်း" (၂ ကော၊ ၇း၁၁) ဟူသည်၊ "ကယ်တင်ခြင်းသို့ရောက်စေသော ဝမ်းနည်းခြင်း" (၂ ကော၊ ၇း၁၀) ဖြစ်သည်။ စစ်မှန်သော ဘုရားသခင်၏အမှုတော်ဆောင်တို့အား မည်သည့်သည် နှလုံး၌ဝမ်းမြောက်ခြင်း ပေးနိုင်မည်နည်း။

သင့်ဘဝတွင် "ဘုရား၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်း" ကြုံဖူးပါသလား။ သင့်အား နောင်တ တရားသို့ပို့ဆောင်သော "ဘုရား၏အလိုတော်နှင့်ညီသောဝမ်းနည်းခြင်း" ဖြစ်ကြောင်း မည်သို့သိသနည်း။

**သောကြာနေ့** **စက်တင်ဘာလ ၄ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, "The Message Heeded", pp. 323-334, The Acts of The Apostles.

လွန်ခဲ့သောအပတ်တွင် (The Acts of The Apostles) မှ အထက်ပါကိုးကားဖော်ပြချက်ကို ဖတ်ခဲ့ရပါသည်။ ဖတ်ရကျိုးလည်း နပ်ခဲ့ပါသည်။ ဤတစ်ခါတွင် ပေါလု၏ "ပူပန်သောစိတ်နှင့်ရေးသောစာ"ကို စိတ်သိုမှီးလျက်ထိုစာ ရေးသားနေစဉ် သူ့ခံစားချက်နှင့် နောင်တရသောသူတို့အကြောင်း သတင်းကောင်းရရှိ၍ ဝမ်းမြောက်ခြင်းတို့ကို သင်ရပါသည်။ ပေါလု၏ အမှုတော်သည် စစ်မှန်ကြောင်းနှင့် ခရစ်တော်အတွက် မိမိတို့အမှုတော်ဆောင်သောအခါ အသုံးပြုနိုင်ရန် သင်ခန်းစာများကိုလည်း ပေးနေပါသည်။



"ဘုရားသခင်ထံတော်၌ အပြစ်လွှတ်ခြင်းနှင့် ဘုရား၏ချစ်ခြင်းမေတ္တာတော်အားဖြင့် မိမိတို့သည် ပြန်လည်သင့်မြတ်နိုင်ကြောင်း ဤစကြဝဠာနှင့် မကျဆုံးသောအခြားကမ္ဘာတို့သို့ ဖော်ပြကြရပါမည်။ လူတို့သည် နောင်တရသောအခါ စိတ်နှလုံးကြေကွဲသောအခါ ခရစ်တော်သည် မိမိတို့အား ကျေအေးစေသောပူဇော်သကာဟု ယုံကြည်၍ ဘုရားသခင်နှင့် သင့်မြတ်သည်ကို သိရှိရသည် - Ellen G. White, Special Testimonies On Education, p. 223.

မိမိတို့သည် အသင်းတော်တစ်ခုအနေဖြင့် ကြီးမားသောအလင်း ရရှိထားသည်။ ကိုယ်တော်၏ အလင်းသည် လူသားတို့အကျိုးအမြတ်နှင့် ကောင်းချီးမင်္ဂလာအတွက် ကျွန်ုပ်တို့အား ဘုရားသခင်အပ်နှံထားသည်။ ပြန်လည်သင့်မြတ်စေခြင်းအမှုတော်ကို ကျွန်ုပ်တို့အား ပေးတော်မူပြီ။ အထက်မှချီးမြှင့်သောတန်ခိုးဖြင့် လူသားတို့အား ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြရန် ကျွန်ုပ်တို့တောင်းလျှောက်ရပါမည်" - Ellen G. White, Letter 32, 1903.

ဘုရားသခင်နှင့် သင့်မြတ်သောသူတို့သည် သန့်ရှင်းခြင်းကို ရှာဖွေရပါမည်။ ၂ ကော၊ ၇း၁ ကိုသုံးသပ်ရာတွင် အီးဂျီဝှိုက်သည် ပေါလု၏ ဆိုလိုရင်းကို အရိပ်အမြွက်ပေးရာတွင် "ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံခြင်း" (၂ ကော၊ ၇း၁) ဟုဆိုသည်။ ပေါလုသည် ပြောင်းလဲလာသောလူသစ်များကို "မိမိကိုယ်ကို ယုံကြည်စိတ်ချသောသူ၊ ကြီးထွားလာသောခရစ်ယာန်များ၊ ဇောသန်သောသူနှင့် ဘုရားသခင်၏နိုင်ငံတော်ရှေ့သို့ချီနိုင်ရန် စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်ခြင်းပြုရန် ပေါလုအလိုရှိသည်" ဟု အီးဂျီဝှိုက်ဆိုသည် - Ellen G. White, The Acts of The Apostles, p. 201.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ဧဝံဂေလိတရားကို "မြေအိုး" ၌ သိမ်းထားသည်ဟု ပေါလုဆိုသည်**

(၂ ကော၊ ၄း၇)။ လူသားဖြစ်တည်မှုသည် အားနည်းခြင်းနှင့် ကန့်သတ်ချက်များဖြင့် ပြည့်နှက်သဖြင့် ဧဝံဂေလိတရားဟောပြောခြင်းကို မည်သို့များ အားနည်းသွားစေနိုင်ခြင်းမရှိဘဲ ပိုမိုအားကောင်းလာစေနိုင်သနည်း။

၂။ "အသစ်သောသတ္တဝါ" ဟူသည် အနက်မည်သို့နည်း (၂ ကော၊ ၅း၁၇)။ မိမိတို့၏အသက်တာကို မည်သို့သက်ရောက်သနည်း။ ခရစ်တော်သည် သင့်အား မည်သို့ "အသစ်သောသတ္တဝါ" ဖြစ်စေသနည်း။

၃။ ၂ ကော၊ ၆း၄၊၅ တွင် ဧဝံဂေလိတရားကြောင့် အခက်အခဲစာရင်းအရှည်ကြီး စီရီထားသည်။ သူ၏ဆင်းရဲဒုက္ခများကို မည်သို့တုံ့ပြန်သနည်း (၂ ကော၊ ၆း၆၊၇)။ သင့်ကိုလည်း မည်သို့တုံ့ပြန်စေသနည်း။

၄။ ပေါလုသည် ဘုရားသခင်၌ ဝမ်းနည်းခြင်းနှင့် လောက၌ ဝမ်းနည်းခြင်းကို ယှဉ်ပြထားသည် (၂ ကော၊ ၇း၁၀)။ ဝမ်းနည်းခြင်းသည် နောင်တနှင့် မည်သို့ ဆက်စပ်သနည်း။ ဘုရားသခင်၌ ဝမ်းနည်းခြင်းနှင့် လောက၌ ဝမ်းနည်းခြင်းကို သင် မည်သို့ဖော်ပြမည်နည်း။

-၀-



**သင်ခန်းစာ (၁၁)**

# ဘဏ္ဍာစိုးအရာနှင့် သာသနာတော်

စက်တင်ဘာလ ၅ – စက်တင်ဘာလ ၁၁

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၅ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၂ ကော၊ ၈-၉။ ယောဟန်၊ ၃း၁၆။ ၁၇း၅။ လုကာ၊ ၉း၅၈။ ဗျာ၊ ၁၃း၈။ ရောမ၊ ၁၂း၈။ ၁၅း၂၆၊၂၇။

**အလွတ်ကျမ်းချက်**

**"ငါတို့ သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏" (၂ ကော၊ ၈း၉)။**

၂ ကော၊ ၈ နှင့် ၉ တို့သည် ကောရိန်သုလူတို့မှ ယုဒပြည်၌မိမိတို့၏ ညီအစ်ကိုများအား ပြုစုရသောအခွင့်အရေးကို ဖန်တီးပေးထားကြောင်း ဖော်ပြသည်။ ဤကျမ်းပိုဒ်တွင် ပေးကမ်းခြင်းသည် ဘုရားသခင်ချပေးတော်မူသောအခွင့်အရေးတစ်ခုပင်ဖြစ်၍ ခရစ်တော်၏ မိမိကိုယ်ကို ပေးသနားတော်မူသောဝိသေသအား အတုယူနိုင်ရန်ဖြစ်သည်။ ကောင်းကင်၏ဘာသာစကားရပ်တစ်ခုသည် ပေးကမ်းခြင်းဖြစ်သည်။ မှတ်သားလောက်သော စကားစုမှာ "ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို ပေးသည်တိုင် လောကီသားတို့ကိုချစ်တော်မူသည်" (ယောဟန်၊ ၃း၁၆) ဆို၏။

ဆက်လက်၍ ယောဟန်၊ ၃း၁၆ သည် "သားတော်ယေရှုကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်ဘဲ ထာဝရအသက်ရမည်

အကြောင်း” ရည်ရွယ်၍ ပေးတော်မူခြင်းကိုဖော်ပြသည်။ ဤကျမ်းပိုဒ်တွင် ဘဏ္ဍာစိုးအရာနှင့် သာသနာတော်သည် ဒွန်တွဲလျက်ရှိသည်။ ဒင်္ဂါးပြား၏ မျက်နှာနှစ်ဖက်ကဲ့သို့ပင် ခွဲခြားထား၍မရနိုင်ပါ။ ပေါလုသည် မိမိကိုယ်တိုင်နှင့် လုပ်ဖော်ဆောင်ဖက်တို့သည် “ဘုရားသခင်၏ နက်နဲသောအရာတို့ကို စောင့်သောဘဏ္ဍာစိုးကဲ့သို့” (၁ ကော၊ ၄း၁) ဟု ပေါလုဖော်ထုတ်ရသည်မှာ အံ့အားသင့်စရာမဟုတ်ပါ။ ကျွန်ုပ်တို့သည်လည်း တူညီသောသဘောအရ ဘဏ္ဍာစိုးအရာများဖြစ်ကြသည်။

ယခုအပတ်တွင် ဘဏ္ဍာစိုးအရာနှင့် သာသနာတော်တို့၏ အယူဝါဒများကို ယေရှုကိုယ်တော်တိုင်၏ သရုပ်ပြသထားခြင်း၌ နက်ရှိုင်းစွာတူးဖော်ကြည့်ရှုကြရပါမည်။ ဘဏ္ဍာစိုးအရာနှင့် သာသနာတော်တို့သည် ခွဲခြားထားခြင်းပြု၍ မရနိုင်ပါ။ ဘဏ္ဍာစိုးအရာသည် အသင်းတော်ကို ငွေကြေးဖြင့် လည်းကောင်း၊ လူ့အရင်းအမြစ်အားဖြင့် လည်းကောင်း ထောက်ပံ့သဖြင့် ဘုရား၏သာသနာတော်သည်ပြည့်စုံရလိမ့်မည်။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၆ ရက်**

## ယေရှု၏ပုံသက်သေ

၂ ကော၊ ၈ နှင့် ၉ တို့၏စကားစပ်တို့သည် ယုဒပြည်ရှိ ဆင်းရဲနွမ်းပါးသောအသင်းတော်တို့အတွက် ရန်ပုံငွေကောက်ခံရန် ကောရိန်သုအသင်းတော်အား တိုက်တွန်းနှိုးဆော်ခြင်းတို့ပင် ဖြစ်သည်။ ထိုအရာတို့ကို ၎င်းတို့သည် ပြုလုပ်နေခဲ့ပြီးကြောင်း (၂ ကော၊ ၈း၁၀၊၁၁။ ၉း၅။ ၁ ကော၊ ၁၆း၁-၄)တို့တွင် ထင်ရှားနေသော်လည်း ၎င်းတို့နှင့် ပေါလု စပ်ကြားဆက်ဆံရေးသည် ရှုပ်ထွေးနေလေသည်။ ထိုပြဿနာတို့ကို ဖြေရှင်းခဲ့ကြပြီး (၂ ကော၊ ၁-၇) ပေါလုသည် ၎င်းလုပ်ငန်း၏နိဂုံးပိုင်းသို့ လှည့်လာလေသည် (၂ ကော၊ ၈-၉)။

ကနဦးတွင် ပေါလုသည် မာကေဒေါနိလူတို့၏ ပုံသက်သေကို အတုယူရန်တောင်းဆိုခဲ့သည် (၂ ကော၊ ၈း၁-၇)။ ၎င်းတို့၏ဆင်းရဲခြင်းသည် သူတို့၏ စွန့်ကြဲပေးကမ်းလိုစိတ်ကို မဟန့်တားစေပါ (၂ ကော၊ ၈း၂)။ ဟုတ်ပေ၏၊ ဆင်းရဲခြင်းနှင့် ရက်ရောခြင်းသည် ဒွန်တွဲတတ်၏။ မည်သို့ဆိုစေ မာကေဒေါနိလူတို့၏ လေးစားဖွယ်ရက်ရောခြင်းသည် ယေရှု၏မိမိကိုယ်ကိုပင် စွန့်ကြဲပေးကမ်းသောရက်ရောခြင်းကို ပုံတူပွားကူးယူခြင်းပင်ဖြစ်သည် (၂ ကော၊ ၈း၈-၁၅)။

၂ ကော၊ ၈း၉ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်သည် ယေရှု၏ပုံသက်သေကို မည်သို့ဖော်ပြသနည်း။

---

၂ ကော၊ ၈း၉ ပါ တမန်တော်ပေါလု၏ ဖော်ပြချက်သည် သမ္မာကျမ်းစာတစ်စောင်လုံးရှိ ကျမ်းပိုဒ်များအနက် အံ့သြချီးမွမ်းဖွယ်အကောင်းဆုံး၊ တန်ခိုးအာနုဘော်အရှိဆုံးနှင့် အနက်ရှိုင်းဆုံးသော ကျမ်းပိုဒ်များထဲမှ တစ်ခုဖြစ်ပါသည်။ ပေါလုသည် သခင်ယေရှု၏ သာသနာပြုလုပ်ငန်းစဉ်အကြောင်းကို အလွန်ကျစ်လျစ်သော စကားလုံးအသုံးအနှုန်းများဖြင့် တင်ပြထားပါသည်။ ဤကျမ်းပိုဒ်တွင် ဘုရားသခင်၏ တရားဒေသနာတော်များစွာ ပါဝင်နေပါသည်။ ၎င်းသည် ကျမ်းပိုဒ်တစ်ပိုဒ်တည်းဖြင့် ဖော်ပြထားသော ကယ်တင်ခြင်းသမိုင်းအကြောင်းပင် ဖြစ်ပေတော့သည်။ သာ၍ပင် အထင်ကြီးလေးစားဖွယ်ကောင်းသောအချက်မှာ ဤသမိုင်းကြောင်းကို ဘဏ္ဍာရေးဆိုင်ရာဝေါဟာရများအသုံးပြု၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ မှန်ပါသည်။ သခင်ယေရှုသည် ကြွယ်ဝချမ်းသာတော်မူ၏။ ကိုယ်တော်၏ ကြွယ်ဝခြင်းဆိုသည်မှာ ကောင်းကင်ဘုံ၌ ရှေးမဆွကပင် တည်ရှိတော်မူခဲ့ခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည် (ယောဟန်၊ ၁၇း၅)။

ယေရှုသည် ကောင်းကင်၌ ဘုန်းတန်ခိုးတို့ကိုစွန့်၍ ဝမ်းနည်းခြင်း၊ ဤလောကသို့ကြွဆင်းလာကာ မိမိကိုယ်ကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် ဆင်းရဲခြင်းကိုပင် ရွေးချယ်လေသည်။ သူသည် စာသားရှိသည်အတိုင်းပင် ဆင်းရဲခဲ့ရ၏

(လုကာ၊ ၉း၅၈)။ ဘုရားသခင်နှင့် တန်းတူညီနေသူသည် “မိမိအသရေကို- စွန့်၍ အစေခံကျွန်၏ သဏ္ဍာန်ကိုယူဆောင်လျက် လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းခံတော်မူ၏” (ဖိလိပ္ပိ၊ ၂း၇)။ “လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်အသေခံခြင်းသာမဟုတ် လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုယ်ကိုယ်နှိမ့်ချတော်မူ၏” (ဖိလိပ္ပိ၊ ၂း၈)။

ကျွန်ုပ်တို့သည် သူနှင့်အတူ ထာဝရအသက်ရစေခြင်းအလို့ငှာ ယေရှုသည် မိမိအသက်ကိုပင် စွန့်တော်မူ၏။ သူ၏စွန့်ကြဲခြင်းသည် ရည်ရွယ်ချက်တစ်ခုရှိသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းဖြစ်သည်။ ဘဏ္ဍာစိုးအရာနှင့် သာသနာတော်တို့သည် ဒွန်တွဲ၏။ ၂ ကော၊ ၈-၉ သည် အထူးငွေပေးလှူခြင်း အကြောင်းဖြစ်ရာ ဤရာဇဝင်သည် ယေရှု၌အခြေခံ၏။ ယခုတစ်ပတ်လုံးတွင် ယေရှု၌အခြေခံသော ဓမ္မသဘောတရားနှင့် ပေးကမ်းစွန့်ကြဲခြင်း ဆက်စပ်မှုကို မြင်တွေ့ရပါမည်။

ယေရှု၏ မွေးဖွားခြင်းအသက်တာ၊ သေခြင်းနှင့် ရှင်ပြန်ခြင်းတို့ကို ဆင်ခြင်ပါ။ ဤသည်တို့သည် အသင့်အတွက်သာ ဖြစ်သည်ဟုသိ၍ ဤလောက ဆင်းရဲခြင်းတို့၏ တစ်ဖက်ကမ်းတွင် မျှော်လင့်ခြင်းရှိသဖြင့် သင် မည်ကဲ့သို့ တုံ့ပြန်မည်နည်း။

**တနင်္လာနေ့** **စက်တင်ဘာလ ၇ ရက်**

**လှုံ့ဆော်မှု**

၂ ကော၊ ၈း၁-၅ နှင့် ၂ ကော၊ ၉း၇၊၉၊၁၃၊၁၅ ကိုဖတ်ပါ။ ဤကျမ်းချက်၏အဓိကသတင်းစကားသည် အဘယ်နည်း။

---

၂ ကော၊ ၈ နှင့် ၉ တို့တွင် ပေးလှူခြင်း စကားများ ပျံ့နှံ့နေသည်။ “ဘုရားသခင်သည် ကျေးဇူးပြုတော်မူ၏” (၂ ကော၊ ၈း၁)။ “မိမိတို့ကိုယ်ကို ပေးလှူကြ၏” (၂ ကော၊ ၈း၅)။ “လူတိုင်း ကိုယ်အလိုအလျောက် လှူရ၏။



စေတနာစိတ်နှင့် လှူသောသူကိုသာ ဘုရားသခင် နှစ်သက်တော်မူ၏” (၂ ကော၊ ၉း၇)။ “ဆင်းရဲသောသူတို့အား ပေးကမ်းပြီ” (၂ ကော၊ ၉း၈)။ “ကြည်ညိုသော စေတနာစိတ်နှင့် စွန့်ကြဲပေးကမ်းခြင်းအရာကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းတတ်၏” (၂ ကော၊ ၉း၁၃)။ “ပြော၍ မကုန်နိုင်သော ဘုရားသခင်၏ လက်ဆောင် ကျေးဇူးတော်ကြောင့် ချီးမွမ်း၏” (၂ ကော၊ ၉း၁၅)။ ဒုတိယကောရိန်သုစာစောင် ၈ နှင့် ၉ တို့သည် ပေးလှူခြင်းစကားဖြင့်နိဒါန်းပျိုး၍ နိဂုံးလည်းချုပ်၏ (၂ ကော၊ ၈း၁ နှင့် ၂ ကော၊ ၉း၁၅)။ ပေးလှူခြင်းကို စိတ်သိုမှီးလျက် ဤအလန်းကြီး ၈ နှင့် ၉ ကိုဖတ်ရပါမည်။ ၎င်းတို့သည် အလှူငွေပေးကမ်းလှူဒါန်းရခြင်းအကြောင်းရင်း လေးခု တင်ပြထားပါသည်။

(၁) ဘုရားသခင်၏ကျေးဇူးတရားအား ကျေးဇူးတုံ့ပြန်ခြင်း (၂ ကော၊ ၈း၁။ ၉း၁၄၊၁၅။ ၂ ကော၊ ၈ နှင့် ၉ တို့သည် “ဘုရားသခင်၏ ကျေးဇူးတော်” (၂ ကော၊ ၈း၁)နှင့် အစပြုကြသည်။ အနည်းငယ်ပို၍ ပေါလုသည် “ငါတို့၏ သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်ကို သင်တို့သိကြ၏” (၂ ကော၊ ၈း၉) ဟုဆိုသည်။ ဘုရားသခင်နှင့် ခရစ်တော်၏ကျေးဇူးတော်သည် ပေးလှူခြင်း အလေ့အထ၏ အခြေခံအကြောင်းရင်းအဖြစ် ဤနေရာတွင် တင်ဆက်ထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်ကိုပေးလှူခြင်းဖြင့် ကျွန်ုပ်တို့အတွက် လွန်စွာပြုခဲ့ပြီး၏။ မိမိတို့၏လက်ဆောင်အလှူများဖြင့် တုံ့ပြန်ခြင်းသည်ဘုရား၏ကျေးဇူးတော်ကို အသိအမှတ်ပြုခြင်းဖြစ်သည်။

ပေးကမ်းလှူဒါန်းခြင်းအယူဝါဒတွင် “ကျေးဇူးတရား” (ဂရိ Charis) သည် ၂ ကော၊ ၈-၉ တွင် ပါဝင်လာရာ အစနိဒါန်းနှင့် အဆုံးနိဂုံးတွင် တည်ရှိသည် (၂ ကော၊ ၈း၁။ ၂ ကော၊ ၉း၁၄၊၁၅)။ ပေါလုသည် မိမိတို့အသက်တာတွင် ခရစ်တော်ကျေးဇူးတော်၏ ရလဒ်သည် သူတစ်ပါးတို့အား ကျေးဇူးပြုခြင်းနှင့် ကျေးဇူးချီးမွမ်းခြင်းအဖြစ် ကွဲပြားသောအနက်ပြုလျက် အသုံးပြုထားသည်။ (၂) ယေရှု၏ ပုံသက်သေကို လိုက်လျှောက်လိုခြင်း (၂ ကော၊ ၈း၉)။ ယေရှု

သည် ကြွယ်ဝလျက်သား ဆင်းရဲခြင်းခံယူ၏ (ဤသည် ယေရှုသည် ထာဝစဉ် တည်ရှိနေ၍ လူဇာတိခံယူကြွလာခြင်း၏သာဓက)ဖြစ်၏။ ဤသို့ဖြစ်နိုင်ရန် နည်းလမ်းတစ်ခုတည်းသာရှိသည်။ သူအကုန်လုံး စွန့်လွှတ်၏။ ကျွန်ုပ်တို့ သည်မိမိတို့၏ အလှူငွေများအား မျှဝေခြင်းဖြင့် သူတစ်ပါးတို့သည် ခရစ်တော် ကိုသိစေနိုင်သည်။

(၃) ဘုရားသခင်၏ ကောင်းချီးများကို မျှဝေလိုခြင်း (၂ ကော၊ ၉း၁၀၊၁၁)။ ဘုရားသခင်ထံမှ မိမိတို့လက်ခံရရှိသောကြောင့် သူတစ်ပါးအား ပြန်လည် ပေးကမ်းရ၏။ ကျွန်ုပ်တို့ ရက်ရောနိုင်ရန် ကြွယ်ဝစေ၏။

(၄) စစ်မှန်သောမေတ္တာ (၂ ကော၊ ၈း၈၊၂၄)။ ပေးလှူခြင်းသည် စစ်မှန်သော မေတ္တာအား စမ်းသပ်ခြင်းဖြစ်၏။ တစ်စုံတစ်ဦး၏ စိတ်နှလုံးတွင် မေတ္တာ တည်ရှိခြင်းကို သိသာစေသည်။ "အပြောနှင့်အလုပ် ညီစေပါ"။

သင် မည်မျှရက်ရောသနည်း။ ကပ်တိုင်တော်အလင်း၌ သင် ပေးနိုင် သည်ထက် သင်မည်မျှ ပိုပေးသနည်း။

**အင်္ဂါနေ့** **စက်တင်ဘာလ ၈ ရက်**

**စီမံခြင်း**

၂ ကော၊ ၉း၇ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်သည် အလှူပေးကမ်းခြင်းအကြောင်း မည်သို့ပြောဆိုသနည်း။

---

လောကကိုကယ်တင်ရန် ဘုရားသခင်၏ အစီအစဉ်သည် လောကကြီး အပြစ်ထဲသို့မကျရောက်မီကပင်ဖြစ်သည်။ အသေခံရန် ခရစ်တော်ကြွလာခြင်း သည် ရှေးဟောင်းအစီအစဉ် တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည် (ဗျာ ၁၃း၈)။ ဘုရားသခင်သည် အံ့အားသင့်ခြင်းမရှိခဲ့ပါ။ ယေရှုခရစ်တောအားဖြင့် မိမိ ကိုယ်ကိုပေးလှူရန် စီစဉ်ခဲ့လေသည်။ ၂ ကော၊ ၈ နှင့် ၉ ၌ ပေးလှူခြင်းတွင် စီမံကိန်းရေးဆွဲခြင်းသည် မရှိမဖြစ်လိုအပ်သော ဓမ္မနိယာမတစ်ခုဖြစ်သည်။



၎င်းကိုလည်း လမ်းနှစ်သွယ်ဖြင့် ကြည့်ရှုနိုင်ပါသည်။

(၁) အစီအစဉ်တွင် ကြိုတင်ဆုံးဖြတ်ချက်ပါဝင်သည်။ ပေါလုသည် "လူတိုင်း ကိုယ်အလိုအလျောက် လှူရ၏" (၂ ကော၊ ၉း၇) ဟုဆိုသည်။ "ကိုယ်အလို အလျောက်"ဟူသည် ဂရိဝေါဟာရတွင် (Proaireō) ဖြစ်သည်။ ဤကြိယာသည် ပေါင်းစပ်ပုံစံ ဖြစ်သည်။ ဝေါဟာရ အစိတ်အပိုင်း (Pro) သည် အနက် "ကြိုတင်ပြီး" နှင့် (Aireō) သည် အနက် "ဆုံးဖြတ်သည်" ဟူ၏။ သို့ဖြစ်၍ (Proaireō) သည် ကြိုတင်ဆုံးဖြတ်ချက်ကို ညွှန်းဆိုသည်။

သူ့အဆိုကို "လူတိုင်းသည်" ဖြင့် စတင်၍ လူတိုင်း၏ ပေးလှူသောပမာဏ သည်တူညီမည်မဟုတ်ကြောင်း ပေါလုညွှန်ပြသည်။ လူတိုင်းတို့သည် မိမိ ပေးလှူရန် ဆုံးဖြတ်သည်များကို သတိနှင့် ကိုင်တွယ်ရပါမည်။ ၎င်းတို့သည် မိမိတို့မှ မှန်ကန်သည်ဟု ယုံကြည်သောပမာဏကို ပေးလှူသင့်ပါသည်။

(၂) အစီအစဉ်တွင် အချိုးကျနိယာမ ပါဝင်သည်။ မာကေဒေါနိလူတို့သည် "သူတို့တတ်နိုင်သမျှထက်မက အလိုအလျောက်စွန့်ကြ၏" (၂ ကော၊ ၈း၃) ဟု ပေါလုတင်ပြသည်။ ဤအချိုးနိယာမကိုပင် နောက်တစ်ဖန် ကောရိန်သု လူတို့ထံ အကျုံးဝင်စေပြန်သည်။ ၎င်းတို့ အသေအချာဆုံးဖြတ်ထားသော အလုပ်ကို မိမိတို့အရင်းအနှီးရှိသမျှ အသုံးပြု၍ အပြီးသတ်လုပ်ဆောင်ရန် တိုက်တွန်းသည် (၂ ကော၊ ၈း၁၁)။ ဤအတွေးအခေါ်ကို နိဂုံးချုပ်ရာတွင် အလှူငွေပေးလှူခြင်းဟူသည် "မတတ်နိုင်သောအမှုကို မထောက်ဘဲ တတ် နိုင်သောအမှုကို ထောက်၍" (၂ ကော၊ ၈း၁၂) ဟုဆိုသည်။

သမ္မာကျမ်းစာ သည် အချိုးကျကျ ဆယ်ဖို့တစ်ဖို့ပေးခြင်းကို တစ်ဆယ် ရာခိုင်နှုန်း သတ်မှတ်ထားသော်လည်း အလှူငွေကို ထိုသို့ မသတ်မှတ်ပါ။ "လူတိုင်းသည် ကိုယ်အလိုအလျောက် လှူရ၏" (၂ ကော၊ ၉း၇) ဟု အချိုး ကျသော စည်းမျဉ်းထားပေးသည်။ တစ်မျိုးဆိုရသော လူတိုင်းသည် မိမိလှူရ မည့်အလှူငွေကို မိမိကိုယ်တိုင်ပဲ ဆုံးဖြတ်ရပါမည်။ မိမိပိုင်ဆိုင်သမျှနှင့်

အချိုးညီစွာ ပေးလှူရပါမည်။ ဤသည်ကိုလည်း အစီအစဉ်မဆွဲဘဲ မပြုလုပ်နိုင်ပါ။

သင် ဆင်းရဲသည်၊ ချမ်းသာသည် မဆိုဘဲ ဆယ်ဖို့တစ်ဖို့ပေးရာတွင် မည်မျှ သစ္စာရှိသနည်း။ သင်သည် ပေးနိုင်လျက်နှင့် မည်သည့်ဆင်ခြေများ-ဖြင့် တွန့်တိုလေ့ရှိသနည်း။

**မုဒ္ဓဟူးနေ့ — စက်တင်ဘာလ ၉ ရက်**

**စိတ်နေသဘောထား**

၂ ကော၊ ၈း၁-၅ ကိုဖတ်ပါ။ မာကေဒေါနိလူတို့သည် ဤမျှလောက် ရက်ရောစွာ ပေးလှူနိုင်ခြင်းအကြောင်းရင်းသည် မည်သည်တို့ ဖြစ်နိုင်မည်နည်း။

---

မာကေဒေါနိလူတို့၏ အပြုဆောင်သောသဘောထားသည် အောက်ပါအတိုင်းဖြစ်နိုင်သည်။

(၁) အလွန်ကြီးမားသောဝမ်းမြောက်ခြင်းဖြင့် ပေးလှူကြ၏ (၂ ကော၊ ၈း၂)။ မာကေဒေါနိလူတို့သည် "အလွန်ကြီးသောဝမ်းမြောက်ခြင်းနှင့် ဥစ္စာပြုန်းတီးသောဆင်းရဲခြင်းအကြောင်းသည် သူတို့၏စွန့်ကြဲပေးကမ်းခြင်း၏ စည်းစိမ်ဖြစ်စေသည်" (၂ ကော၊ ၈း၂) ဟု ပေါလုဆိုသည်။ နောက်ပိုင်းတွင်လည်း "စေတနာစိတ်နှင့် လှူဒါန်းသူကိုသာ ဘုရားသခင် နှစ်သက်တော်မူ၏" (၂ ကော၊ ၉း၇) ဟု ထပ်ဆိုသည်။

"စေတနာစိတ်" ဟု အနက်ပြန်သောဂရိဝေါဟာရသည် ဓမ္မသစ်ကျမ်းတွင် ဤနေရာ၌သာပေါ်လာသည်။ ထိုဝေါဟာရ၏ အုပ်စုဝင်အခြားဝေါဟာရသည် နေရာအနှံ့တွင်ရှိ၏။ "အစွန့်အကြဲ ဝေငှသောသူသည် လျစ်လျူသောစိတ်နှင့် ဝေငှစေ" (ရောမ၊ ၁၂း၈)။ ဤဝေါဟာရအုပ်စုမှ စကားလုံးများသည် ကျမ်းစာဆိုင်ရာစာပေများတွင် ဝမ်းမြောက်ပျော်ရွှင်မှုခံစားခြင်းဖြင့် ရံဖန်ရံခါ



ပေါ်လာလေ့ရှိ၏။ ၂ ကော၊ ၉း၇ တွင် "စေတနာစိတ်နှင့် လှူဒါန်းသူ" ဟူသည်မှာတွန့်ဆုတ်ခြင်းမရှိဘဲ ပေးလှူခြင်းကိုဆိုသည်။

(၂) ရက်ရောစွာစွန့်ကြဲပေးလှူသည် (၂ ကော၊ ၈း၂)။ ပေါလုသည် မာကေဒေါနိလူတို့၏ ရက်ရောခြင်းကို မတင်ပြမီ သူတို့၏ "ဥစ္စာပြုန်းတီးခြင်း" ဟုခေါ်ဝေါ်သည်။ "ရက်ရောခြင်း" (ဂရိ Haplotētos) သည် ၂ ကော၊ ၈ နှင့် ၉ တွင် နှစ်ကြိမ်ထပ်ပေါ်လာပြန်သည်။ "သင်တို့သည် စေတနာစိတ်နှင့် အမျိုးမျိုးသောစွန့်ကြဲပေးကမ်းခြင်းအလို့ငှာ အရာရာ၌ ကြွယ်ဝခြင်းရှိ၍" (၂ ကော၊ ၉း၁၁)ဟု ဆိုရာတွင် ကျွန်ုပ်တို့သည် ပေးလှူနိုင်ရန် ကျွန်ုပ်တို့အား ပေးတော်မူထားသည် ဟု ဆိုလိုသည်။ အနည်းငယ် လေးနက်၍ "ကြည်ညိုသောစေတနာစိတ်" (၂ ကော၊ ၉း၁၃) ဟု ဆိုသည်။ ဤအကြောင်းအရာတွင် "ကြည်ညိုသောစေတနာစိတ်" နှင့် ပေးကမ်းစွန့်ကြဲခြင်းသည် ခရစ်တော်၏ဧဝံဂေလိတရားတော်အား ဝန်ခံခြင်းပင်ဖြစ်လေသည်။

(၃) သူတို့သည် "မိမိတို့အလိုအလျောက် စွန့်ကြဲချင်သော စေတနာစိတ်" (၂ ကော၊ ၈း၃)ဖြင့် ပေးသည်ဟု ဆိုရာတွင် မိမိဆန္ဒအလျောက်ပေးသည်ဟု ဆိုလိုသည်။ ပိုလျှံခြင်းထဲမှ ပေးလှူရသည်မဟုတ်ဘဲ ၎င်းတို့၏အရင်းမြစ်သည် အလွန်ကန့်သတ်ခြင်းထဲမှပင် ပေးလှူရသည်မှာ အထူးလေးစားဖွယ် ဖြစ်သေးသည်။ တိတုသည် ကောရိန်သုလူတို့ထံ လည်ပတ်ရန်အလွန်အလိုရှိခြင်းစိတ်ကူးနှင့်အတူတူအသုံးပြုထားသည်။ သူသည် ကောရိန်သုလူတို့ထံ မိမိအလိုအလျောက် သွားလည်ပတ်ခဲ့သည် (၂ ကော၊ ၈း၁၇)။

(၄) ပေးကမ်းစွန့်ကြဲခြင်းသည် အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ခံယူသည် (၂ ကော၊ ၈း၄)။ ရန်ပုံငွေစုစောင်းရာတွင် ပါဝင်ရမည်အကြောင်း မာကေဒေါနိလူတို့၏တောင်းဆိုခြင်းတွင် ဤသဘောထားကို တွေ့ရှိနိုင်ပါသည်။ "သူတို့အလှူဒါနကို ငါတို့ယူ၍ သူတို့နှင့်ကူညီလျက် သန့်ရှင်းသောသူတို့အား လုပ်ကျွေးခြင်းအမှုကို ဆောင်ရွက်မည်အကြောင်း . . . ငါတို့ကို တောင်းပန်ကြ၏" (၂ ကော၊ ၈း၄)။

(၅) ဘုရားသခင့်အလိုတော်နှင့်အညီ ပါဝင်ပေးလှူကြ၏ (၂ ကော၊ ၈း၅)။ "မိမိကိုယ်ကို ရှေးဦးစွာ သခင်ဘုရား၌ လည်းကောင်း၊ ငါတို့၌ လည်းကောင်း ပေးလှူကြ၏" (၂ ကော၊ ၈း၅)။ မိမိကိုယ်ကို ဘုရားထံပေးလှူခြင်းသည် သူတစ်ပါးထံသို့ပင် ပေးလှူစေသည်။ မာကေဒေါနိလူတို့သည် မိမိတို့ သာသနာကို ငွေကြေးထက်မက ပြုကြသည်။ ပေးလှူစွန့်ကြဲခြင်းနှင့် ရက်ရောခြင်းသည် ငွေကြေးဖြင့် ကန့်သတ်ထားသည်မဟုတ်ပါ။

**ကြာသပတေးနေ့** **စက်တင်ဘာလ ၁၀ ရက်**

**စည်းလုံးခြင်း**

ကောရိန်သုအသင်းဝင်သူတို့သည် ယုဒပြည်ရှိ ဆင်းရဲနွမ်းပါးသူတို့အတွက် ရန်ပုံငွေကောက်ခံရာတွင် ပါဝင်ကြရန် ပေါလု တိုက်တွန်းထားသည်ကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရပါသည်။ သူ၏ရည်ရွယ်ချက်တွင် အချက်တစ်ခုသည် စည်းလုံးခြင်းရှိရန် ဖြစ်သည်။ သူတို့သည်လည်း သာသနာပြုရာတွင် တစ်ပိုင်းတစ်စပါဝင်ရန် အလိုရှိသည်။ ယေရုရှလင်ရှိ ယုံကြည်သူတို့နှင့်အတူ သာသနာပမှ ယုံကြည်လာသူတို့သည် ဘုရားသခင်၏ မိသားစုဝင်များဖြစ်လာသည်ကို ပြသလိုသည်။

ဤလူသားတို့သည် တစ်ချိန်တစ်ခါက မိမိတို့၏ အတိုက်အခံများဖြစ်ခဲ့၍ ယခုတွင်မူ ဘုရားသခင်၏ ပဋိညာဉ်သစ် ကျန်ကြွင်းသူတို့၌ လုပ်ဖော်ဆောင်ဖက်မိတ်ဆွေများ ဖြစ်လာကြသည်။ ခရစ်ယာန်မိသားစုကြီး ဂျူးလူနှင့် သာသနာပလူတို့သည် တန်ခိုးရှိရှိစည်းလုံးကာ အနာဂတ်မျိုးဆက်သစ် အသင်းတော်အတွက် သက်သေခံများဖြစ်ရန် ပေါလု အလိုရှိသည်။

တိတုနှင့်အတူ ချီးမွမ်းခြင်းခံရသော ညီအစ်ကိုနှစ်ဦးတို့သည် ထိုရန်ပုံငွေကို တာဝန်ယူထိန်းသိမ်းရပါသည်။ အသင်းတော်အတွက် ထိုသို့ထိန်းသိမ်းပြုစုလိုသော စေတနာစိတ်ကို ဘုရားသခင်သည် တိတုအား ပေးတော်မူသည် (၂ ကော၊ ၈း၁၆)။ အသင်းတော်များအတွင်းမှ ထိုညီအစ်ကို



နှစ်ဦးကို ဘုရားသခင်သည် ရွေးကောက်တော်မူ၏ (၂ ကော၊ ၈း၁၈-၂၃)။ ၎င်းတို့ကို "အသင်းတော်၏တမန်၊ ခရစ်တော်၏ဘုန်းတော်" (၂ ကော၊ ၈း၂၃) ဟု ခေါ်ဆိုကြသည်။ "ခရစ်တော်၏ဘုန်းတော်" သည် ထိုညီအစ်ကိုနှစ်ဦးရောအသင်းတော်ကိုယ်၌ပင် ဖြစ်နိုင်ပါသည်။ အလှူတော်ငွေပေးလှူ-ခြင်းဟူသည် ခရစ်တော်၊ အသင်းတော်၏ ခေါင်းအပေါ်၌ တည်ကြည်ခြင်းဖြစ်သည် (ဧဖက်၊ ၄း၁၅)။

၂ ကော၊ ၈ နှင့် ၉ တို့သည် အလှူငွေဟူသည်ဘုရားသခင် သတ်မှတ်သောသူတို့အား အသင်းတော်မှတစ်ဆင့် ပေးရမည်ဟု ဖော်ပြထားသည်။ "အသင်းတော်အပေါင်းတို့၌" (၂ ကော၊ ၈း၁၈)၊ "အသင်းတော်တို့မှ ရွေးကောက်သော" (၂ ကော၊ ၈း၁၉)သူတို့သည် "အသင်းတော်၏တမန်တော်" (၂ ကော၊ ၈း၂၃) ဖြစ်ကြောင်း အတိအကျ အကြံပြုထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အောက်ပါတိုက်တွန်းခြင်းသည် အံ့အားသင့်စရာ မဟုတ်ပါ။ "သင်တို့၏ချစ်ခြင်းမေတ္တာကို အသင်းတော်၏ မျက်မှောက်၌ ထင်ရှားစွာပြကြလော့" (၂ ကော၊ ၈း၂၄)။

လောက၌ ဘုရားသခင် ခန့်အပ်ထားသောတူရိယာဖြစ်သောအသင်းတော်သို့ အလှူငွေများကို ယူဆောင်ခြင်းသည် စည်းလုံးညီညွတ်ခြင်းကို မြှင့်တင်သည်နည်းတူ ၎င်း၏ရလဒ်သည်လည်း စည်းလုံးခြင်းပင်ဖြစ်၏ (၂ ကော၊ ၈း၁၃၊၁၄)။ ငွေကြေးသည် ကြီးမားသောစည်းလုံးစေသည့်အရာ ဖြစ်သည်။ တစ်မျိုးပြောရပြန်သော် လူသားတို့သည် ဘုရားသခင်၏ ဘုန်းတော်အားတညီတညွတ်တည်းထောက်ရှုခြင်းမပြုသောအခါ သင်းကွဲခြင်းပင် ဖြစ်စေနိုင်သည်။

ပေါလုသည် စည်းလုံးကြရန်ဆန္ဒရှိသည်ကို ရောမ၊ ၁၅း၂၆၊၂၇ သည် မည်သို့ဖော်ပြသနည်း။

---

နောက်ဆုံးတွင် ပေါလုသည် ရန်ပုံငွေဟူသည် ပြုစုခြင်း၊ သာသနာပြုခြင်း၊ ကောင်းချီးမင်္ဂလာ၊ ဝတ်ပြုခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းဟု ဖော်ပြသည်။

အလွန်ဝေးလံခေါင်သီသော မိမိတို့မိတ်ဆွေယုံကြည်သူတို့အား မိမိတို့၏ပေးလှူစွန့်ကြခြင်းသည် ကမ္ဘာ့အသင်းတော်ကြီး၏ စည်းလုံးခြင်း မည်သို့ဖြစ်စေနိုင်မည်နည်း။

**သောကြာနေ့** **စက်တင်ဘာလ ၁၁ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, "A Liberal Church", pp. 335-346, The Acts of The Apostles.

"မိမိတို့နှလုံး၌ ခရစ်တော်၏မေတ္တာတော်ဖြင့် ပြည့်စေသောသူသည်သာ ကျွန်ုပ်တို့အတွက် ဆင်းရဲခြင်းကိုခံရ၍ သူ၏ဆင်းရဲခြင်းကြောင့် ကျွန်ုပ်တို့အား ကြွယ်ဝစေသောသူ၏ နောက်တော်သို့လိုက်နိုင်မည်ဖြစ်သည်။ ငွေ၊ အချိန်နှင့် ဩဇာ၊ ဤဆုကျေးဇူးတို့ကို ဘုရားသခင်ထံတော်မှ ရရှိသည်ဖြစ်၍ ၎င်းတို့ကို ဧဝံဂေလိတရား၏ ရှေ့ဆောင်လမ်းပြအဖြစ်သာ တန်ဖိုးထားကြလိမ့်မည်။ ယနေ့ခေတ် အသင်းတော်များတို့တွင် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ကြောင့် အသင်းသားများသည် လောကီအရာများမှ မိမိတို့၏စိတ်နှလုံးကိုဖယ်ရှားနိုင်ခြင်းနှင့် မိမိတို့၏ မိတ်ဆွေများတို့သည် ဧဝံဂေလိတရားတော်ကို ကြားနာစေရန် မိမိကိုယ်ကိုဆက်ကပ်ခြင်း ပြုလုပ်လိုသည်ကို မြင်တွေ့သောအခါ ဟောကြားသောသမ္မာတရားသည် ကြားနာရသူတို့အပေါ်တွင်ဩဇာသက်ရောက်မှုရှိလိမ့်မည်" - Ellen G. White, The Acts of The Apostles, p. 71.

"ကိုယ်တော်သည် ကျွန်ုပ်တို့၏အလှူငွေများကို လိုအပ်သည်မဟုတ်ပါ။ ကျွန်ုပ်တို့၏လက်ဆောင်များတို့ဖြင့် သူ မကြွယ်ဝနိုင်ပါ။ ဆာလံဆရာကြီးသည် "ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏" (၁ ရာ၊ ၂၉း၁၄) ဟု သီဆိုသည်။ သို့သော် ဘုရားသည် မိမိကရုဏာတော်ကို သူတစ်ပါးထံမျှဝေနိုင်ရန် မိမိကိုယ်ကိုဆက်ကပ်၍ အားထုတ်ခြင်းဖြင့် ကျွန်ုပ်တို့၏ကျေးဇူးသိတတ်ခြင်းကို ဖော်ပြခွင့်ပြုတော်မူသည်။ ဘုရားသခင်ထံတော် ကျေးဇူးတင်ခြင်းဖြင့် ချစ်ခြင်းမေတ္တာကို ပြသရန် ဤနည်းလမ်းမှလွဲ၍ အခြားနည်းလမ်းမရှိပါ။ ထိုသို့ပြသရန် အခြားနည်းလမ်းမပေးထားပါ" - Ellen G. White, Counsels on Stewardship, p. 18, 19.

"လူသားအပေါ် ဘုရားသခင်၏မေတ္တာသည် ကြီးမားလှပါဘိ။ ထိုသို့ပြုသောဘုရားသည် အံ့ပါဘိ။ မည်သူကမျှ မကျော်လွှားနိုင်သော ရက်ရောခြင်းကိုပေးလှူခဲ့၏။ ပုန်ကန်သောလူသားတို့သည် သူ၏မေတ္တာနှင့် ရည်ရွယ်ချက်ကိုမြင်တွေ့၍ ဆင်ခြင်စေနိုင်ကာ ကယ်တင်ရန်ပင်ဖြစ်သည်။ "တစ်ဦးတည်းသောသားတော်ကို ပေးတော်မူ၍ သူ့အားယုံကြည်သမျှတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရမည်အကြောင်း" ထိုသို့ပြုသောသူအတွက် သင်၏လက်ဆောင်နှင့် အလှူငွေများတို့အထက် လွန်ကဲ၍ ကောင်းမြတ်တော်မူသည်ကို သင် ခင်းကျင်းပြသမည်လော" - Ellen G. White, in The Advent Review and Sabbath Herald, May 15, 1900.

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ၂ ကော၊ ၈း၉ ကို စိတ်ထဲတွင် သိုမှီးထားပါ။ ဘဏ္ဍာစိုးအရာနှင့် ပတ်သက်၍ယေရှု၏နမူနာသည် မည်မျှအရေးပါသနည်း။**

**၂။ ကောင်းကင်၏ ဘာသာစကားသည် ပေးလှူခြင်းဖြစ်သည်ကို ယောဟန်၊ ၃း၁၆သည် အရိပ်အမြွက်အဆိုပြုထားသည်။ ယောဟန်၊ ၁၅း၁၃။ ဧဖက်၊ ၅း၂၊၂၅၊ ဂလာတိ၊ ၂း၁၉၊၂၀။ ၁ ယော၊ ၃း၁၆ ကိုဖတ်ပါ။ ဤကျမ်းချက်တို့သည် ယောဟန်၊ ၃း၁၆ နှင့်အလားတူသောအရာ မည်သည်ရှိ၍ မည်သည့်သင်ခန်းစာ ယူနိုင်မည်နည်း။**

**၃။ ၂ ကော၊ ၈ နှင့် ၉ တို့ကိုအခြေပြု၍ တစ်ကိုယ်ရေအတွက် ပေးကမ်းခြင်းတွင် မည်သည့်အကျိုးကျေးဇူးများ ရှိနိုင်မည်နည်း။**

**၄။ စနစ်ကျကျပေးလှူခြင်းအပြင် ယေရှုသည် မိမိကိုယ်ကို ဆက်ကပ်ခြင်းဖြင့် ပေးလှူခြင်းနမူနာကို မည်သို့အတုယူနိုင်မည်နည်း။**

-၀-



**သင်ခန်းစာ (၁၂)**

# မိစ္ဆာပုရောဖက်နှင့် ဆက်ဆံရာတွင်

စက်တင်ဘာလ ၁၂ – စက်တင်ဘာလ ၁၈

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၁၂ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၂ ကော၊ ၁၀း၁-၁၇။ ယေရမိ၊ ၉း၂၄။ ၂ ကော၊ ၁၁း၁-၁၅၊ ၂၂-၂၈။ ၂၀၊၂၁။ ၁၂း၂၀၊၂၁။ ၁၃း၅။

**အလွတ်ကျမ်းချက်**

**"ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက် မဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏" (၂ ကော၊ ၁၀း၄)။**

ပေါလုသည် နဂိုကပြဿနာများစွာ ကြုံခဲ့ရသည့်ကြားမှပင် နောက်ထပ်ဖြေရှင်းရန် ပြဿနာတစ်ခု တက်လာခဲ့ပြန်သည်။ အသင်းတော်အတွင်း မိစ္ဆာဒိဋ္ဌိများဖြစ်ကြသည်။ ဤမိစ္ဆာဒိဋ္ဌိတို့သည် ပေါလုအား လည်းကောင်း၊ သူ၏လုပ်ငန်းနှင့် အမှုတော်ကိုပင် အတိုက်အခံပြုကြသည်သာမက ကောရိန်သုအသင်းတော်၌ သင်းဝင်သူများကိုပင် ဖြားယောင်းသွေးဆောင်ခဲ့ကြသည်။ ၎င်းတို့နှင့် တိုက်လှန်ရသည်ကို ပေါလုသည် ဝိညာဉ်ရေးစစ်ပွဲဟုပင် တင်စားခဲ့သည်။

ဤသည်မှာ အမှန်အရှိထက် ချဲ့ကားခြင်းဖြစ်နိုင်မည်လား။ လုံးဝမဖြစ်နိုင်ပါ။ ၎င်းတို့သည် သူ့အားတိုက်ခိုက်နေသည်မဟုတ်ဘဲ ခရစ်တော်ကိုယ်တော်တိုင်အား တိုက်ခိုက်နေသည်ကို ပေါလု သိသည်။ ပေါလုသည် အတ္တကြီး၍အာဏာရူးနေသော ခေါင်းဆောင်မျိုး မဟုတ်ပါ။ မိမိ၏ အာဏာတည်မြဲ

နိုင်ရန် လက်အောက်ငယ်သားများအပေါ် ဂုဏ်သတင်းထိန်းသိမ်းရန် အလေးပေးသောသဘော လုံးဝမရှိခဲ့ပါ။ သူဟောပြောရန် အမိန့်တော်ခံရသောတရားသည် အသက်ရှင်ခြင်းနှင့် သေခြင်းတရား၊ ထာဝရအကျိုးဆက်ရှိသည်ဟုပင် သူသိသည်။ ဤလုပ်ငန်းအတွက် ဘုရားရှင်ကိုယ်တော်တိုင် သူ့အားစေလွှတ်ကြောင်းသူသိသည်။ "ဘုရားသခင်၏ အလိုတော်အားဖြင့် ယေရှုခရစ်၏ တမန်တော်အရာ၌ ခန့်ထားသော ငါပေါလု" (၁ ကော၊ ၁း၁)။

မိစ္ဆာတရားနှင့် ပတ်သက်လာသောအခါ အသင်းတော်အား မေတ္တာဖြင့် တည်ကြည်စွာ သမ္မာကျမ်းစာကို အခြေပြု၍ ပြုစုရပါမည်။ ဧဝံဂေလိတရားတော်အား မပျက်မစီးဘဲ ဖြူစင်စွာ ထိန်းသိမ်းစောင့်ရှောက်၍ ဝိညာဉ်များအား ထာဝရကာလ မျှော်လင့်ခြင်းကို ပေးရမည်။

**တနင်္ဂနွေနေ့** — **စက်တင်ဘာလ ၁၃ ရက်**

**ဝိညာဉ်ရေးစစ်ပွဲ**

၂ ကော၊ ၁၀း၁-၁၁ ကိုဖတ်ပါ။ ကောရိန်သုလူတို့နှင့် ဆက်ဆံရာတွင် ပေါလု၏နူးညံ့သိမ်မွေ့ခြင်းကိုပင် အားနည်းသည်ဟု စွပ်စွဲခံခဲ့သည်။ ကောရိန်သု၌မိစ္ဆာဒိဋ္ဌိတို့နှင့် ဆက်ဆံရာတွင် ပေါလု၏ရဲစွမ်းသတ္တိကို ဤစာပိုဒ်တွင် မည်သည့်စကားလုံး စကားစုတို့ဖြင့် ဖော်ပြထားသနည်း။

---

ပေါလုသည် ၂ ကော၊ ၁၀ ကို တစ်ကိုယ်ရေအရေးဖြင့် အစပြုသည်။ "ငါပေါလုသည် ခရစ်တော်၏ နူးညံ့သိမ်မွေ့ ဖြည်းညင်းတော်မူခြင်းကို အကြောင်းပြု၍ သင်တို့ကိုတောင်းပန်ပါ၏" (၂ ကော၊ ၁၀း၁)။ ဤသည်ပင်လျှင် အသင်းတော်အတွင်း ထိုးဖောက်စိမ့်ဝင်လာသော မိစ္ဆာတရားအပေါ် ပေါလုသည် အလွန်စိုးရိမ်ကြောင်း ဖော်ပြပေသည်။ ၂ ကော၊ ၁၀း၁ ၌ ပေါလု၏စကားလုံးတို့သည် ဆန့်ကျင်ဘက်သမားတို့၏ စွပ်စွဲချက်များကို ရည်ညွှန်းနေပါသည်။ ထိုစွပ်စွဲချက်မှာ ပေါလုသည် ရပ်ဝေးတစ်နေရာမှ စာလှမ်းရေးရသည်မှာ ခြိမ်းခြောက်နိုပ်စက်နေသကဲ့သို့ဖြစ်၍ လူသူတို့နှင့် မျက်နှာချင်းဆိုင်ဆက်ဆံသောအခါ သနားစရာသူရဲဘောကြောင်သူ ဖြစ်သည်ဟူ၏ (၂ ကော၊ ၁၀း၁၀၊၁၁)။ အားနည်းခြင်းဟု ထင်ရသည်များတို့သည် တန်ခိုးအာနုဘော်နှင့်ပြည့်ဝသော နှိမ့်ချခြင်းနှင့် ခရစ်တော်နှင့်တူသော နူးညံ့သိမ်မွေ့ခြင်းအဖြစ် ရှုမြင်သင့်ကြောင်း ပြန်၍တုံ့ပြန်ထားသည်။

မိစ္ဆာဒိဋ္ဌိတို့ကို ရဲရင့်ခြင်းနှင့် မိမိကိုယ်ကိုယုံကြည်ခြင်းဖြင့် ရင်ဆိုင်ရပါ (၂ ကော၊ ၁၀း၂)သော်လည်း ခရစ်တော်၏ နူးညံ့သိမ်မွေ့ဖြည်းညင်းတော်မူခြင်းဖြင့် ရောနှောရပါမည် (၂ ကော၊ ၁၀း၁)။ ယေရှုကိုယ်တော်တိုင်သည် "ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏" (မဿဲ၊ ၁၁း၂၉) ဟု မိန့်တော်မူ၏။ ယေရှုသည် ဗိမာန်တော်၌ ရောင်းဝယ်သောသူ၊ ငွေလဲသောသူတို့အား သူခိုးဓားပြဟု သမုတ်ကာ ရဲဝံ့စွာရင်ဆိုင်၍ ၎င်းတို့၏စားပွဲများကို တွန်းလှဲတော်မူ၏ (မဿဲ၊ ၂၁း၁၂၊၁၃)။ ဖာရိရှဲတို့ကိုလည်း ဟန်ဆောင်တတ်သူများ၊ အဖြူသုတ်အုတ်ဂူများ ဟု မျက်နှာရှေ့တည့်တည့်၌ သမုတ်တော်မူသည် (မဿဲ၊ ၂၃း၂၃-၂၇)။ ယေရှုကဲ့သို့ပင် ပေါလုသည်လည်း ကျွန်ုပ်တို့သည် ဝိညာဉ်ရေးစစ်ပွဲများ ဆင်နွှဲနေသည်ဟု သိရှိသဖြင့် ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ယူဆောင်ရန် တိုက်တွန်းထားသည် (ဧဖက်၊ ၆း၁၂-၁၇)။

၂ ကော၊ ၁၀ တွင် ပေါလု၏စကားအသုံးအနှုန်းတို့သည် အသက်အန္တရာယ်ကိုပင် စိုးရိမ်နေရသော စစ်မက်ရေးရာများဖြစ်နေသည် (၂ ကော၊ ၁၀း၃-၆)။ ဤသည်မှာ သာမန်လူသားတို့၏ ပဋိပက္ခတင်မဟုတ်ဘဲ ခရစ်တော်ထံသို့ လူသားတို့ကိုပို့ဆောင်ပေးသော မြင့်မြတ်သောတိုက်ပွဲဖြစ်သည်။ ၎င်းနှင့်ဆက်စပ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အခြေပြုကာ မှားယွင်းသောအယူအဆများနှင့် မောက်မာသော အတွေးအခေါ်များကို ရင်ဆိုင်ဖြေရှင်းကာ ဖြိုချပစ်ရပါမည်။ ဤသို့ပြုခြင်းဖြင့် အတွေးအခေါ်တိုင်းကို ဖမ်းဆီးချုပ်နှောင်ကာ "ခရစ်တော်၏စကားကို နားထောင်စေရန်" (၂ ကော၊ ၁၀း၅) ဖြစ်သည်။

ဤဝိညာဉ်ရေးစစ်ပွဲတွင် ပေါလုသည် ခရစ်တော်၏အမိန့်တော်ဖြင့် လှုပ်ရှားရပါသည်။ ဤအမိန့်တော်သည် ပယ်ရှားဖျက်ဆီးခြင်းအလို့ငှာ မဟုတ်၊ တည်ဆောက်ခြင်းအလို့ငှာ ရည်ရွယ်၏ (၂ ကော၊ ၁၀း၈)။ ဝိညာဉ်ရေး ခေါင်းဆောင်တို့သည် မိမိကိုယ်ကို ဘုရား၏အမိန့်တော်အရပြုသည်ဟု ဆို ရန်လွယ်ကူလှသည်။ မည်သို့ဆိုစေကာမူ ခရစ်တော်၏အမိန့်တော်ရသူဖြစ် သည်ကိုသိရှိ၍ သူကဲ့သို့ ၎င်းတို့သည်လည်း စိတ်နှလုံးနူးညံ့သိမ်မွေ့ဖြည်း ညင်းကြရပါမည်။ ကောရိန်သုလူတို့အား ပေါလုသည် သြဇာအာဏာဆိုင်ရာ ပြောဆိုချက်မှာ ခရစ်တော်ပေးအပ်သော သြဇာအာဏာဖြစ်၍ ဤသို့ပြောရ ခြင်းသည် ကောရိန်သုလူတို့သည်မိစ္ဆာတရားကို နားထောင်နေခြင်းကြောင့် ခရစ်တော်ထံ မိမိတို့၏ သစ္စာတည်ခြင်းကို ထိခိုက်မည်စိုးရိမ်သောကြောင့် ဖြစ်၏။

**တနင်္လာနေ့ စက်တင်ဘာလ ၁၄ ရက်**

**သခင်ဘုရား၌ဝါကြွားခြင်း**

ယမန်နေ့တွင် ပေါလုနှင့်လုပ်ဖော်ဆောင်ဖက်တို့သည် မိမိတို့၏အမှုတော် သည် ဝိညာဉ်ရေးစစ်ပွဲအဖြစ်အားထုတ်ကာ ဘုရားသခင်ပြင်ဆင်ပေးသော လက်နက်စုံတို့ကို ယူဆောင်ကြသည်။ ယနေ့တွင် ထိုမိစ္ဆာဆရာတို့သည် လူသားစံနှုန်းအရ ပြုမူသည်ကိုလည်း တွေ့ရပါမည်။ ၎င်းတို့သည် မသင့်လျော် စွာကြွားဝါကြသော်လည်း ပေါလုမှာမူ သခင်ဘုရား၌သာ ကြွားဝါသည်။ "ဝါကြွားသောသူ မည်သည်ကား သခင်ဘုရား၌သာ ဝါကြွားစေ" (၂ ကော၊ ၁၀း၁၇) ဟုဆို၏။

၂ ကော၊ ၁၀း၁၃-၁၇ ကိုဖတ်ပါ။ တစ်ဖန် ယှဉ်ပြိုင်နိုင်စွမ်းသည် ဧဝံဂေလိ တရားဟောပြောခြင်းအတွက် မည်သို့အန္တရာယ်ရှိသနည်း။

---

ပေါလု၏ ဂုဏ်ယူဝါကြွားခြင်းစကားလုံးသည် ရာစုနှစ်များတစ်လျှောက် အနက်ပြန်သူတို့အား အလွန်စိတ်ဝင်စားစေသည်။ မိမိကိုယ်ကို ဂုဏ်ယူဝါကြွား ခြင်းသည် ရှေးကမ္ဘာကြီးတွင် ခေတ်စားခဲ့ရာ ပြည်သူလူထုအား ထိခိုက်မှု မရှိစေရန် လူမှုအသိုင်းအဝိုင်းကြီးကပင် ထိန်းချုပ်ထားလေသည်။ ပေါလု သည်လည်း ထိုလူမှုအသိုင်းအဝိုင်းကို သိရှိလျက် ၎င်းတို့ကို လိုက်လျောခဲ့ သည်။ သည်တင်မက ပေါလုသည် သူ၏ဂုဏ်ယူဝါကြွားခြင်းနည်းစနစ်သည် ထိုမိစ္ဆာဒိဋ္ဌိဆရားများ၏စနစ်နှင့် မတူကွဲပြားကြောင်း သူဆိုထားသည်။

သူသည် သခင်ဘုရား၌သာ ဂုဏ်ယူဝါကြွား၏ (၂ ကော၊ ၁၀း၁၇)။ ဤသည်လည်း ဓမ္မဟောင်းမှ ကောက်နုတ်ထားသည်။ "ဝါကြွားသောသူ မည်သည်ကား ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင် ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရားဖြစ်ကြောင်းတည်းဟူသော ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ" (ယေရမိ၊ ၉း၂၄)။ ယေရမိ ကျမ်းမှကောက်နုတ်ခြင်းဖြင့် ပေါလုသည် မိမိတို့သည် ခရစ်တော်၏မေတ္တာ၊ တရားသဖြင့် စီရင်ခြင်းနှင့် ဖြောင့်မတ်ခြင်းကိုပြုသောသူကိုသာ ဗဟိုပြု သည်ကို ခင်းကျင်းပြသသွားသည်။

တစ်နည်းအားဖြင့် ပေါလု၏ဝါကြွားခြင်းသည် ခရစ်တော်၌ သခင်ဘုရား စုံလင်စေသောအရာများကို ဗဟိုပြုသည်။ သို့ဖြစ်၍ သူ၏ဝါကြွားခြင်းသည် သမ္မာကျမ်းစာဆိုင်ရာဖြစ်၍ အမှားကင်း၏။ တစ်ဖက်တွင် သူ၏ပြိုင်ဘက် တို့သည် ပြိုင်ဆိုင်ခြင်းသဘောသဘာဝဖြင့် မိမိကိုယ်ကို သူတစ်ပါးနှင့် နှိုင်းယှဉ် ကြ၏။ ဤသည်ပင် မိုက်မဲခြင်းဖြစ်သည် (၂ ကော၊ ၁၀း၁၂)။ ၂ ကော၊ ၁၀း၁၄-၁၆ တွင် ပေါလုသည် ကောရိန်သုမြို့နှင့် ပတ်ဝန်းကျင်တွင် ဧဝံဂေလိ တရားဟောပြောခြင်းသည် သူ့အမှုတော်၏ ဗဟိုဆုံချက်ဖြစ်ကြောင်း ရိပ်မြွက် ထားသည်။ သူသည် ယေရှုအားချစ်သောကြောင့် ခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ တည်ရှိသော ကယ်တင်ခြင်းသတင်းကောင်းကိုသာ အမြဲဟောပြောသည်။

မိမိတို့ကိုယ်ကို ချီးမွမ်းသောကောရိန်သုမြို့၏ မိစ္ဆာဆရာတို့နှင့်မတူဘဲ

ပေါလုအား သခင်ဘုရားမှ ချီးမွမ်း၍ထောက်ခံ၏ (၂ ကော၊ ၁၀း၁၂၊၁၈)။ သူ့ကို "ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်၏ တမန်တော်" (၁ ကော၊ ၁း၁) ဟုသမုတ်သည်။ ဤခေါ်တော်မူခြင်း၌ သူသည် အသက်ဆုံးတိုင် သစ္စာရှိခဲ့သည် (၂ တိ၊ ၄း၇)။

၂ ကော၊ ၁၀း၁၂-၁၈ ကိုပြန်ဖတ်ပါ။ အသင်းတော်ခေါင်းဆောင်များရော အသင်းဝင်များအပါ ပြိုင်ဆိုင်ခြင်းကို မည်သို့ရှောင်ရှားနိုင်မည်နည်း။ မည်သို့မျှ အရေးမပါသောအရာတို့၌ အဘယ်ကြောင့် ဖမ်းဆုပ်ခံရနိုင်သနည်း။

**အင်္ဂါနေ့ — စက်တင်ဘာလ ၁၅ ရက်**

**မိစ္ဆာပုရောဖက်တို့ကိုဖော်ထုတ်ခြင်း**

ဓမ္မသစ်ကျမ်းတွင် ခရစ်ယာန်အသိုင်းအဝိုင်းသည် မိစ္ဆာပုရောဖက်တို့ကို ရှောင်ကြဉ်ရန် သတိပေးချက်များစွာ ပါရှိသည်။ ယေရှုကိုယ်တော်တိုင်သည် ဤကိစ္စကိုပင် သတိပေးခဲ့ပြီးဖြစ်သည် (မဿဲ၊ ၇း၁၅-၂၀)။ တမန်တော်တို့ကိုယ်တိုင်ကလည်း ဤကိစ္စကို စိတ်ဝင်စားကြသည် (ဂလာတိ၊ ၁း၆-၉။ ၁ တိ၊ ၆း၃-၅။ ၂ ပေ၊ ၂း၁-၃)။

၂ ကော၊ ၁၁း၁-၁၅ ကိုဖတ်ပါ။ ပေါလုသည် သူရင်ဆိုင်ရသော မိစ္ဆာပုရောဖက်တို့နှင့် ပတ်သက်သော ထိုစိန်ခေါ်ချက်များကို မည်သို့ဖော်ထုတ်သနည်း။

---

ပေါလုသည် မိစ္ဆာပုရောဖက်တို့ လုပ်ငန်းမျက်နှာဖုံးကို ဖွင့်ဟပေးသည်။ ထိုစဉ်တွင်ပင် ခရစ်တော်ကို ဗဟိုပြုသောအမှုတော်ကို ဖော်ပြသည်။ ကောရိန်သုအသင်းတော်ကိုလည်း သတို့သမီးကဲ့သို့ လည်းကောင်း၊ မိမိကိုယ်ကိုလည်း အသင်းတော်ဖခင်ကဲ့သို့ လည်းကောင်း၊ ခရစ်တော်ထံသို့ ဆက်သရန် တာဝန်ရှိသည်ဆို၏ (၂ ကော၊ ၁၁း၂)။ အသင်းတော်အားချစ်သောကြောင့် ပြုရခြင်းလည်းဖြစ်သည် (၂ ကော၊ ၁၁း၁၁)။ ထိုအသင်းတော်၏ထောက်ပံ့ခြင်းကိုပင်



ခံယူထိုက်သော်လည်း ၎င်းတို့ကို ငွေကြေးဝန်ပိခြင်းမဖြစ်စေလိုခဲ့ပါ (၂ ကော၊ ၁၁း၇-၁၂)။

တစ်ဖက်တွင် "အကြီးဆုံးသောတမန်တော်" (၂ ကော၊ ၁၁း၅) ဟူသည် မိစ္ဆာပုရောဖက်များအား ဆိုလိုဟန်ရှိ၍ ဧဝအားလှည့်ဖြားသော မြွေနှင့်နှိုင်းယှဉ်ထားသည် (၂ ကော၊ ၁၁း၃)။ ဧဒင်ဥယျာဉ်၌ စာတန်ကဲ့သို့ ကောရိန်သု၏မိစ္ဆာပုရောဖက်များမှ လှည့်ဖြားခြင်းနှင့် ဖျက်ဆီးခြင်းဖြင့် ဇာတ်ဆောင်စေသည် (၂ ကော၊ ၁၁း၃၊၄)။ ကောရိန်သုလူတို့သည် ခရစ်တော်အား အကြွင်းမဲ့ချစ်သောစိတ်ကို ၎င်းတို့သည် ပျောက်စေနိုင်သည်ဟု ပေါလုအထူးစိုးရိမ်သည်။

ထိုကျူးကျော်သူတို့သည် ပေါလုဟောကြားသောသတင်းနှင့် ကွဲပြားသော "ယေရှုတစ်ပါးနှင့် နားမထောင်သေးသော ဧဝံဂေလိ" (၂ ကော၊ ၁၁း၄) ကို ဟောကြ၏။ ဤအချက်က ယေရှုအကြောင်း ဟောပြောသူတိုင်းသည် သခင်ဘုရားခန့်အပ်သောတူရိယာ မဟုတ်ကြောင်းပြသသည်။ ဤကိစ္စနှင့်ပတ်သက်၍ ယေရှုကိုယ်တော်တိုင်သည် "သခင်၊ သခင် ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်" (မဿဲ၊ ၇း၂၁) ဟု မိန့်တော်မူ၏။ ဂလာတိ၊ ၁း၆-၉ တွင် ပေါလုသည် အခြားသောဧဝံဂေလိတရားကို ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေဟု ဆိုထားသော်လည်း ကောရိန်သုလူအချို့တို့သည် ဤအမှားမျိုးကိုပင် ခွင့်ပြုထားကြသည်။

ပေါလုသည် ၎င်းတို့ကို မိစ္ဆာတမန်တော်များဟု သမုတ်ကာ "ခရစ်တော်တမန်ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သောအမှုစောင့် ဖြစ်ကြ၏" (၂ ကော၊ ၁၁း၁၃) ဟုဆိုသည်။ ယေရှု၏ တမန်တော်များအဖြစ် သူတို့ကိုယ် သူတို့ အသွင်ဆောင်ကြရာ "စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်သည်နည်းတူ စာတန်၏တမန်တို့သည်လည်း ဖြောင့်မတ်

သောတရားကို ဟောသောဆရာဖြစ်ယောင်ဆောင်သည်” (၂ ကော၊ ၁၁း၁၄၊၁၅) ဟု ပေါလုဆိုသည်။ ခရစ်တော်၏ကျွန်ယောင်ဆောင်၍ စာတန်၏သူလျှိုဒလန်ဖြစ်နေခြင်းသည် လွန်စွာကြေကွဲရပါသည်။ သူတို့သည် ကိုယ်ကျင့်သောအကျင့်အတိုင်းပင် နောက်ဆုံး၌ အကျိုးအပြစ်ကိုခံရမည်ဟု ပေါလုနိဂုံးချုပ်ထားသည် (၂ ကော၊ ၁၁း၁၅)။

**မုဒ္ဓဟူးနေ့ စက်တင်ဘာလ ၁၆ ရက်**

**ဧဝံဂေလိတရားကြောင့်ဆင်းရဲဒုက္ခခံရခြင်း**

မိစ္ဆာပုရောဖက်များအား စာတန်၏သူလျှိုဒလန် (၂ ကော၊ ၁၁း၁-၁၅) ဟု ဖော်ထုတ်ပြီးနောက် ပေါလုသည် ထိုမိစ္ဆာပုရောဖက်တို့၏ ဟောပြောချက်များကို ကောရိန်သုလူတို့မှ နားထော်နေကြခြင်းသည် လုံးဝအဓိပ္ပာယ်မရှိကြောင်း ၎င်းတို့မှ မြင်တွေ့စေရန် သူရူးကဲ့သို့ အနည်းငယ်ဝါကြွားခြင်းဖြင့် ၎င်းတို့ကစားသည့်နည်းအတိုင်း ပြန်လည်ကစားပြသည် (၂ ကော၊ ၁၁း၁၆-၂၁)။ ကောရိန်သုလူတို့သည် ၎င်းတို့အား အထင်ကြီးခဲ့သည်ရှိသော် ပေါလုသည် အဆမတန်အထင်ကြီးထိုက်ပေ၏။ ဧဝံဂေလိတရားကြောင့် သူခံရသောဆင်းရဲဒုက္ခတို့ဖြင့် ပေါလုသည် သစ္စာရှိသောခရစ်တော်၏ ကျွန်ရင်းဖြစ်ကြောင်း ခင်းကျင်းပြသသည် (၂ ကော၊ ၁၁း၂၂၊၂၃)။

၂ ကော၊ ၁၁း၂၂-၂၈ ကိုဖတ်ပါ။ မည်သည့်အချက်ကို ပြောနေသနည်း။

---

ပေါလု၏ ဂျူးလူဖြစ်ခြင်း အထောက်အထားများသည် ထိုမိစ္ဆာပုရောဖက်တို့နှင့်အလားတူဖြစ်နေကြ (၂ ကော၊ ၁၁း၂၂)သော်လည်း ခရစ်တော်၌ အမှုတော်ဆောင်ခြင်းသည် ၎င်းတို့ထက်သာလွန်၏ (၂ ကော၊ ၁၁း၂၃)။ “သူတို့သည် ခရစ်တော်၏ဓမ္မဆရာဖြစ်ကြသလော၊ ငါသည် အထူးသဖြင့်ဖြစ်၏” (၂ ကော၊ ၁၁း၂၃) ဟု ဆို၏။ သူ၏လုပ်အားတို့သည် သာလွန်၏။ မကြာခဏ အကျဉ်းကျရခြင်းသည်လည်း သာလွန်၏။ အရိုက်နှက်ခံရခြင်းသည်လည်း သာလွန်၏။ ဤမျှမက သုံးဆယ်ကိုးချက်၊ ငါးကြိမ်မြောက်အောင် ဒဏ်ချက်ခံရ သည် (၂ ကော၊ ၁၁း၂၄)၊ ကြိမ်လုံးနှင့်ရိုက်ခြင်း၊ ခဲနှင့်ပေါက်ခြင်း၊ သင်္ဘော ပျက်ခြင်း၊ ရေနက်အန္တရာယ်များ (၂ ကော၊ ၁၁း၂၅)၊ ဒေသစာရီလှည့်ရာတွင် အန္တရာယ်၊ မြစ်ကူးသောဘေး၊ တောပုန်းဓားပြဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တစ်ပါးအမျိုးပြုသောဘေး၊ မြို့ရွာ၌ရောက်သောဘေး၊ တော၌ရောက်သောဘေး၊ ပင်လယ်ဘေး၊ ညီကိုပြုယောင်ဆောင်သောဘေး (၂ ကော၊ ၁၁-၂၆) ပင်ပန်းစွာအမှုဆောင်ရွက်ခြင်း၊ အကြိမ်များစွာ မအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အစာရှောင်ခြင်း၊ အချမ်းအအေးခံခြင်း၊ အဝတ်အချည်းစည်းရှိခြင်း (၂ ကော၊ ၁၁း၂၇)။ ထို အပြင်အရာမှတစ်ပါး အသင်းတော်အပေါင်းတို့ကို စိုးရိမ်သောစိတ်နှင့် ကြည့်ရှုပြုစု၍ နေ့တိုင်းအစဉ် နှောင့်ယှက်ခြင်းခံရ၏ (၂ ကော၊ ၁၁း၂၈)။

စစ်မှန်သော ခရစ်တော်၏ကျွန်သည်သာ ဧဝံဂေလိအတွက် ဤဆင်းရဲဒုက္ခတို့ကို ခံလိုမည်မှာမှန်၏။ ပေါလုသည် ဤဆင်းရဲ့ဒုက္ခတို့ကြောင့် ဝါကြွားမည်ဆိုခဲ့သော် ပြောစရာများစွာရှိ၏။ သို့တိုင်အောင် ပေါလု၏ ဝါကြွားခြင်းသည် ခရစ်တော်အတွက် သူပြုခဲ့သည်မျာကို အခြေမပြုဘဲ ခရစ်တော်သည် သူ့အတွက်ပြုခဲ့သည်များကိုသာ အခြေပြုထားသည်။ ဘုရား ၏တန်ခိုးတော်သည်လူသား၏အားနည်းခြင်၌ စုံလင်တတ်ကြောင်း ပေါလုသိရှိသည် (၂ ကော၊ ၁၂း၉၊၁၀)။ ပေါလုကိုယ်၌စူးသောဆူး (၂ ကော၊ ၁၂း၇)ကိုပေးခြင်းဖြင့် သူ၏အောင်မြင်ခြင်းတွင် ဝါကြွားခြင်းမှ သခင်ဘုရားကွယ်ကာတော်မူ၏။ ဤသည်ပင်သူ့ကိုနှိမ့်ချစေ၍ မိမိအားနည်းခြင်းကို သတိပြုမိကာ ကောင်းကင်၏တန်ခိုးကိုသာ ကိုးစား၍ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော်တို့ကို သာ၍ရရှိစေသည်။

သင်သည်လည်း ဧဝံဂေလိအတွက် ဆင်းရဲဒုက္ခခံရဖူးပါသလား။ ဤအတွေ့အကြုံမှ မည်သည့်သင်ခန်းစာရရှိသနည်း။ ပေါလုသည် မိမိဆင်းရဲ

ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းသည်နည်းတူ သင့်ဆင်းရဲဒုက္ခများအား ရင်ဆိုင်ဖြေရှင်းရန် ထောက်မသနည်း။

**ကြာသပတေးနေ့ စက်တင်ဘာလ ၁၇ ရက်**

**နောင်တမရသူတို့ကိုမေတ္တာရပ်ခံခြင်း**

၂ ကော၊ ၁၂း၁၄၊ ၁၃း၁၀ တွင် ပေါလုသည် မိမိ၏တတိယသာသနာခရီးစဉ်ကို အသင်းတော်သို့ အစီရင်ခံသည် (၂ ကော၊ ၁၂း၁၄။ ၁၃း၁)။ ထိုမိစ္ဆာတမန်တော်တို့ထက် သူ မနိမ့်ကျကြောင်း ပေါလုသည်သက်သေထူခဲ့ပြီးဖြစ်သည်။ ယခုတွင် ကောရိန်သုမြို့သို့ နောက်တစ်ကြိမ် ယုံကြည်စိတ်ချစွာလာရောက်ကာ နောင်တမရသေးသော အသင်းဝင်များကို ပြန်လည် ဆုံးမပဲ့ပြင်ရန် ကြိုးစားမည်ဖြစ်သည်။ အမှန်စင်စစ် ဤခရီးစဉ်၏ အဓိကရည်ရွယ်ချက်တစ်ရပ်သည် ဤအရာပင်ဖြစ်သည်။ ပေါလု ပြုသမျှနှင့် ဟောသမျှတို့သည် အသင်းတော်အား ပြုပြင်ရေးပင်ဖြစ်သည် (၂ ကော၊ ၁၂း၁၉)။

၂ ကော၊ ၁၂း၂၀၊၂၁ ကိုဖတ်ပါ။ မည်သည့်အပြစ်တို့သည် ကောရိန်သုအသင်းတော်၏ဝိညာဉ်ရေး အခြေအနေကို အန္တရာယ်ပြုနိုင်မည်နည်း။

---

၂ ကော၊ ၁၂း၂၀၊၂၁ တွင် ပေါလု စီရီထားသော အပြစ်စာရင်းများသည် သူ့ပေးစာ (ရောမ၊ ၁း၂၉-၃၁ နှင့် ဂလာတိ၊ ၅း၁၉-၂၁) တို့၌လည်း တွေ့ရသည်။ အရင်ဦး အချက်နှစ်ခုတို့သည် ၁ ကော၊ ၃း၃ တွင် ပေါလုသည် အသင်းဝင်တို့အထဲ၌ မနာလိုခြင်းနှင့် ရန်ပွဲများ ဟု ပေါလုဆိုသည်။ သူတတိယအကြိမ်လာရောက် လည်ပတ်သည့်အချိန်၌ အရာရာတို့သည် မခြားနားမည်ကို ပေါလုစိုးရိမ်သည်။ “ငါရောက်လာသောအခါ သင်တို့သည် ငါနှစ်သက်သောသူမဖြစ်” ပြောင်းပြန်အားဖြင့်လည်း “ငါသည်လည်း သင်တို့ မနှစ်သက်သောသူဖြစ်မည်” (၂ ကော၊ ၁၂း၂၀) ဟု ဆိုသည်။ ဤသို့ဆိုရာတွင် ယခုတွင် “ခရစ်တော်၏ နူးညံ့သိမ်မွေ့ဖြည်းညင်းခြင်း” (၂ ကော၊ ၁၀း၁) ဖြင့်



မဟုတ်တော့ဘဲ ခရစ်တော်၏စကားကို နားမထောင်သောသူအပေါင်းတို့ကို ဒဏ်ပေးခြင်းငှာအသင့်ရှိသည်” (၂ ကော၊ ၁၀း၆) ဆို၏။

သူ၏ အဓိကပူပန်ခြင်းသည် “ညစ်ညူးစွာကျင့်ခြင်း၊ မတရားသောမေထုန်၌မှိုဝဲခြင်းနှင့် ကိလေသာလွန်ကျူးခြင်း” အမှုကိုပြုသူတို့သည် နောင်တမရကြသောကြောင့်ဖြစ်သည် (၂ ကော၊ ၁၂း၂၁)။ ဤသို့သော ပြစ်မှားခြင်းသည် အသင်းတော်အတွင်း သင်းကွဲခြင်းများဖြစ်စေသည်။

နောက်တစ်ဖန် ပေါလုသည် အသင်းတော်စည်းကမ်းစည်းမျဉ်းဆိုင်ရာကဏ္ဍတွင် အပြစ်ပြုသူတို့ကို နဂိုအတိုင်း ပြန်ဖြစ်စေခြင်းကို အဓိကထားသည် (၂ ကော၊ ၁၃း၁-၄)။ အားနည်းချက်ဟူသည် အပြစ်သားဘဝလမ်းစဉ်အတွက် အကြောင်းပြချက်မဟုတ်ပါ။ အောင်နိုင်ခြင်းအသက်တာကို ရလိုသောသူအတွက်တန်ခိုးတော်ရှိပါသည် (၂ ကော၊ ၁၃း၄)။ ကောရိန်သုလူအချို့တို့သည် လိင်မှုဆိုင်ရာပြစ်မှုများ ကျင့်သုံးနေသည်မှာ ၎င်းတို့အသက်တာ၌ သခင်ဘုရား၏တန်ခိုးတော် မပါရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့သည် နောင်တရ၍ နားထောင်ခြင်းလမ်းစဉ်သို့ ထိုတန်ခိုးတော်၏ လမ်းပြခြင်းကို ခံယူရန်ပေါလုအလိုရှိသည်။ ဆုံးမသွန်သင်ခြင်းကိုလည်း နောက်ဆုံးတွင် သူပြုလိုသည်။ “သင်တို့သည် ကောင်းမွန်စွာကျင့်စေခြင်းငှာ မကောင်းသောအကျင့်တစ်စုံတစ်ခုမှ မကျင့်မည်အကြောင်း . . တည်ဆောက်ခြင်းအလို့ငှာ ဘုရားသခင်ကိုဆုတောင်းပတ္ထနာပြု၏” (၂ ကော၊ ၁၃း၇-၉)။ ၎င်းတို့သည် ယုံကြည်ခြင်း၌တည်သည်/မတည်သည်ကို မိမိကိုယ်ကို ဆန်းစစ်ကြရန် တောင်းဆိုထားသည်။

၂ ကော၊ ၁၃း၅ ကိုဖတ်ပါ။ ယုံကြည်ခြင်း၌ တည်ခြင်းသည် မည်သည့်အနက်ရှိသနည်း။ သင် ယုံကြည်ခြင်း၌တည်သည်ကို မည်သို့ သိနိုင်မည်နည်း။

**သောကြာနေ့ စက်တင်ဘာလ ၁၈ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, “The Laodicean Church”, p. 125, in The

Advent Review and Sabbath Herald, September 30, 1873.

“သခင်ဘုရားသည် မိမိ၏လူသားများတို့မှ လွန်ခဲ့သောအမှားများကို ပင်ဆက်လက်ပြုလုပ်နေခြင်းမရှိစေရန် စောင့်ကြပ်လေ့ရှိ၏။ ရွေးချယ်ထားသောသူတို့ကိုပင် ဖြစ်နိုင်ပါက ဖြားယောင်းရန် မှားယွင်းသော ယုံကြည်ချက်နှင့် ညစ်ညူးသောအပြုအမူများကို ထောက်ခံအားပေးခြင်း၊ အထူးခြားဆုံးနည်းလမ်းဖြင့် မှားယွင်းသောဥပဒေသများ၌ ရပ်တည်ခြင်း၊ မျက်နှာဖုံးစွပ်သောလှည့်ဖြားခြင်းမျိုးဖြင့် လှည့်ဖြားအားထုတ်ခြင်း ပြုလုပ်သော မိစ္ဆာပုရောဖက်တို့သည် အစဉ်ရှိနေကြ၏။” - Ellen G. White, in The Advent Review and Sabbath Herald, January 7, 1904.

“ကျွန်ုပ်တို့၏ ထင်မြင်ချက်များကိုလည်း စမ်းသပ်ခံစေခြင်းဖြင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ တည်/မတည် စစ်ဆေးရန် အသက်ရှင်သောဘုရားဗျာဒိတ်တော်များကို အနီးကပ်စူးစမ်းလေ့လာရန် လိုအပ်သည်ကို သိမြင်စေတော်မူ၏။ သမ္မာတရားကို ယုံကြည်သည်ဟု ဆိုကြသူများစွာတို့သည် “ငါသည် ဥစ္စာရတတ်၏။ ဘဏ္ဍာများကို ဆည်းပူးပြီး တစ်စုံတစ်ခုကိုမျှမလို” (ဗျာ၊ ၃း၁၇) ဟုဆိုကာ သာသာယာယာနေကြသည်” - Ellen G. White, Counsels to Writers and Editors, p. 36.

“သမ္မာတရားကို ထင်ရှားစွာသတ်မှတ်ထားသည်တိုင် အယူအဆမှားများကိုပင် လူတို့သည် စွဲကိုင်ထားကြ၏။ ထိုသူတို့သည် မိမိတို့၏ယုံကြည်ချက်များကို နှုတ်ကပတ်တော်နှင့် ယှဉ်စစ်ဆေးကာ မိမိတို့ယုံကြည်ခြင်းသည် မှန်ကန်ကြောင်းသက်သေပြရန် မိမိတို့၏အယူအဆများအလင်း၌ နှုတ်ကပတ်တော်ကိုဖတ်ရှုခြင်းမပြုလျှင် သူတို့သည် အမှောင်ထုနှင့် အမြင်ကန်းခြင်း၌ မလျှောက်ဘဲအမှားကိုမမြတ်နိုးကြပေ။ လူများစွာတို့သည် ကျမ်းစာစကားများကို မိမိတို့၏ကိုယ်ပိုင်အမြင်နှင့်ကိုက်ညီသော အဓိပ္ပာယ်ဖွင့်ဆို၍ နှုတ်ကပတ်တော်ကိုမှားယွင်းအနက်ကောက်ခြင်းဖြင့် မိမိကိုယ်ကို လမ်းမှားရောက်စေကာ သူတစ်ပါးကိုလည်း လှည့်စားကြသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို



လေ့လာရာတွင် နှိမ့်ချသောစိတ်နှလုံးဖြင့် ဆောင်ရွက်သင့်၏။ အတ္တဆန္ဒ၊ ကိုယ်ပိုင်ထင်မြင်ချက်ကို ချစ်မြတ်နိုးခြင်းတို့အားလုံးကို ဘေးဖယ်ထားရမည်။ ကြာမြင့်စွာစွဲကိုင်ထားသော အယူအဆများသည် မမှားနိုင်သောအရာအဖြစ် မှတ်ယူမထားသင့်ပါ။” - Ellen G. White, Counsels to Writers and Editors, pp. 36, 37.

## ဆွေးနွေးရန်မေးခွန်းများ

**၁။ ၂ ကော၊ ၁၀း၁-၆ ကိုပြန်ဖတ်ပါ။ သခင်ဘုရား၏ သမ္မာတရားအတွက် ဝိညာဉ်ရေး “စစ်ပွဲများ”ကို ပေါလုသည် မည်သည့်ဗျူဟာဖြင့် ရင်ဆိုင်သနည်း။**

**၂။ နောက်ဆုံးသောကာလတွင် မိစ္ဆာပုရောဖက်များတို့သည် လူတို့ကို သမ္မာတရားမှလွဲသွားရန် ဖြားယောင်းလိမ့်မည်ဟု ကျမ်းစာလာ၏။ သင့်ဌာနေအသင်းတော်ထဲကပင် မိစ္ဆာပုရောဖက်များတို့၏ ဖြားယောင်းခြင်းမှ ဟန့်တားနိုင်ရန် ဌာနေအသင်းတော်သည် မည်သို့ ပြုနိုင်သနည်း။ ဤသည်လည်း အသင်းတော်၏ သာသနာအောင်မြင်နိုင်ရန် အဘယ်ကြောင့် လိုအပ်သနည်း။**

**၃။ ဆင်းရဲဒုက္ခစာရင်းအရှည်ကြီးဖြင့် ပေါလုသည် အဘယ်ကြောင့် ကြွားဝါရန် လိုအပ်နေရသနည်း (၂ ကော၊ ၁၁း၁၆-၃၃)။ “သခင်ဘုရား၌ ဝါကြွားခြင်း” သည် မည်သည့်အနက်ရှိသနည်း။**

-o-

### သင်ခန်းစာ (၁၃)

## ကျေးဇူးတော်၊ မေတ္တာနှင့် မိတ်သဟာယ

စက်တင်ဘာလ ၁၉ – စက်တင်ဘာလ ၂၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၁၉ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၂ ကော၊ ၈း၉။ ရောမ၊ ၁၆း၂၀။ ၁ ယော၊ ၄း၈-၁၁။ ၂ ကော၊ ၁၃း၁၁။ ဖိလိပ္ပိ၊ ၂း၁၊၂။ ဂလာတိ၊ ၄း၄-၆။

**အလွတ်ကျမ်းချက်**

**"သခင်ယေရှုခရစ်၏ ကျေးဇူးတော် လည်းကောင်း၊ ဘုရားသခင်၏ မေတ္တာတော် လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ တော် လည်းကောင်း သင်တို့အပေါင်း၌ရှိစေသတည်း။ အာမင်" (၂ ကော၊ ၁၃း၁၄)။**

ပေါလုသည် အသင်းတော်၌ မရှိမဖြစ်လိုအပ်သောအရာကို စေခိုင်း မိန့်မှာချက်ငါးခုကို ပြန်လည်အလေးပေး ဖော်ပြခြင်းဖြင့် သူ၏ပေးစာ ၂ ကော ကို နိဂုံးချုပ်ထားသည် (၂ ကော၊ ၁၃း၁၁)။

**ပထမ** မိန့်မှာချက်၊ "ဝမ်းမြောက်ကြလော့" သည် အထက်ကလည်း ပါလာခဲ့ပြီးဖြစ်သည်။

**ဒုတိယ** မိန့်မှာချက်၊ "တည်ဆောက်ခြင်းအလို့ငှာ လုပ်ဆောင်လော့" ဟူသည်မှာ ဂရိဝေါဟာရ (Katartizō) ဖြစ်၍ ဤနေရာနှင့် ၁ ကော၊ ၁း၁၀ ၌လည်းရှိခဲ့ပြီးဖြစ်သည်။

**တတိယ** မိန့်မှာချက်၊ "အချင်းချင်း ခွန်အားပေးကြလော့" ဟုဆိုရာ တွင် ပေါလုသည် ၂ ကော၊ ၁း၃-၇ ကိုပြန်လည်အကျဉ်းချုပ်၍ ခွန်အားပေး



ခြင်းဖြင့် ၂ ကော ကို နိဂုံးချုပ်လိုက်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ခွန်အားပေးခြင်းကို ရရှိနေခြင်းသည် သူတစ်ပါးကို ပြန်လည်ခွန်အားပေး နိုင်ရန်ဖြစ်သည် (၂ ကော၊ ၁း၄-၆)။

**စတုတ္ထ** နှင့် **ပဉ္စမ** မိန့်မှာချက်သည် "စိတ်တညီတညွတ်တည်းဖြစ်၍ အချင်းချင်းအသင့်အတင့်နေကြလော့" (၂ ကော၊ ၁၃း၁၁)ဖြစ်၍ စည်းလုံးကြ ရန်ခေါ်နေခြင်းဖြစ်သည်။ ဝမ်းမြောက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ခွန် အားပေးခြင်း၊ စည်းလုံးခြင်းနှင့် သင့်တင့်ခြင်းတို့သည် "မေတ္တာနှင့် သင့်တင့် ခြင်းသခင်ဘုရား" သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေနိုင်စေခြင်းဖြစ်သည် (၂ ကော၊ ၁၃း၁၁)။

ဧင်းသည် သုံးပါးတစ်ဆူဘုရားသည် ကျွန်ုပ်တို့နှလုံးထဲတွင် လုပ်ဆောင် ခြင်း၏ရလဒ်ပင်ဖြစ်သည် (၂ ကော၊ ၁၃း၁၄)။

သုံးပါးတစ်ဆူဘုရား၏ ကျေးဇူးတော်၊ မေတ္တာတော်နှင့် မိတ်သဟာယ ပြုတော်မူခြင်း၏ရလဒ်ဖြစ်သည်။ ဤခရစ်ယာန်အင်္ဂါရပ် သုံးရပ်တို့သည် ဘုရားသခင်ကိန်းဝပ်တော်မူခြင်း၏ စရိုက်လက္ခဏာတစ်ခုအဖြစ်တည်ရှိသည်။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၂၀ ရက်**

**ယေရှု၏ကျေးဇူးတော်**

၂ ကော ပေးစာ၏ နိဂုံးသည်လည်း နိဒါန်းကဲ့သို့ပင် ယေရှု၏ ကျေးဇူးတော် ကိုပင် ကိုးကားထားသည်မှာ စိတ်အလွန်တက်ကြွစေလေသည် (၂ ကော၊ ၁း၂။ ၁၃း၁၄)။ ပေါလုသည် ဤသြဝါဒစာတွင် ယေရှု၏ကျေးဇူးတော်ကိုပင် ကိုးကားကာ နိဒါန်းပျိုး၍ နိဂုံးလည်း ချုပ်လေ၏။ ယခုသုံးလပတ် အစကနဦး တွင် ပေါလုသည် ယေရှုအကြောင်းကို မရပ်မနားဘဲ တွေးတောဆင်ခြင်ပြော ဆိုခြင်းပြုခဲ့သည်။ "ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲ တော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏" (၂ ကော၊ ၈း၉)။

ယေရှု၏ကျေးဇူးတော်သည် နှစ်လိုဖွယ်ရှိ၍ အတားအဆီးမဲ့ပေ၏။ ဆင်းရဲခြင်းခံရရန် ကောင်းကင်၌ မိမိ၏ထာဝရဘုန်းစည်းစိမ်တို့ကို စွန့်လွှတ်၏။ ရှေးအခါက ဂါလိလဲပြည်၏ ဖုန်မှုန့်လမ်းမကိုပင် လျှောက်ခဲ့၏။ "လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ မိမိကိုယ်ကို နှိမ့်ချတော်မူ၏" (ဖိလိပ္ပိ၊ ၂း၈)။

ကျွန်ုပ်တို့သည် ကောင်းကင်ဘုံတွင် သူနှင့်အတူနေရခွင့်ရရှိ၍ ကြွယ်ဝကြရမည်အကြောင်း သူသည် ဤသို့ပြုရခြင်းလည်းဖြစ်သည်။ ယေရှုသည် မိမိ၏ဘုန်းစည်းစိမ်အလုံးစုံတို့ကိုစွန့်၍ လောကသို့ကြွဆင်းလာကာ ကျွန်ုပ်တို့အတွက် အသက်စွန့်ရသည်ဆိုသည်ကို အပြစ်၊ သေခြင်းနှင့် ဆင်းရဲဒုက္ခလောကကိုသာ သိကျွမ်းသော ကျွန်ုပ်တို့အတွက် နားလည်ဖမ်းဆုပ်နိုင်ရန် အလွန်ခက်လှသည်။

ရောမ၊ ၁၆း၂၀။ ဂလာတိ၊ ၆း၁၈။ ဖိလိပ္ပိ၊ ၄း၂၃ နှင့် ၁ သက်၊ ၅း၂၈ ကိုဖတ်ပါ။ အရေးပါသော မည်သည့်သွန်သင်ချက်များ တွေ့ရှိသနည်း။

---

ပေါလုသည် မိမိဩဝါဒစာများတွင် ယေရှု၏ကျေးဇူးတော်ကို မကြာခဏကိုးကားသည်။ ပုလဲကုန်းကဲ့သို့ပင် "ယေရှုခရစ်၏ ကျေးဇူးတော်အားဖြင့်ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏အကျိုးသည် လူများ၌ သာ၍ကြွယ်ဝပြည့်စုံ၏" (ရောမ၊ ၅း၁၅)။ ကြွယ်ဝသော ဤကျေးဇူးတော်ကို လက်ခံရရှိသောသူတို့သည် "ယေရှုအားဖြင့် သာ၍စိုးစံရကြလတ္တံ့" (ရောမ၊ ၅း၁၇)။

၂ ကော တွင် တွေ့ရသည့်အတိုင်း ပေါလုသည် အခြားဩဝါဒစာများကိုလည်း ဖော်ပြပါ ယေရှု၏ကျေးဇူးတော်ဖြင့်ပင် နိဒါန်းပျိုးသကဲ့သို့ နိဂုံးလည်းချုပ်၏ (ရောမ၊ ၁း၇။ ၁၆း၂၀။ ၁ ကော၊ ၁း၃။ ၁၆း၂၃။ ဂလာတိ၊ ၁း၃။ ၆း၁၈။ ဖိလိပ္ပိ၊ ၁း၂။ ၄း၂၃)။ သူ့အတွေးထဲတွင် ဤခေါင်းစဉ်သည် နေရာ



ယူထားသကဲ့သို့ ကောရိန်သုလူတို့၏ စိတ်နှလုံးတွင်လည်း ဖြည့်ပေးစေလိုသည်။

အသင်းတော်အားလုံးကိုလည်း ဤသို့ဖြစ်ရန် သူ၏ဆန္ဒဖြစ်သည်။ ဧဖက်လူတို့အား ပေါလုသည် "ငါတို့သခင်ယေရှုခရစ်အား အမှန်ချစ်သောသူအပေါင်းတို့၌ ကျေးဇူးတော်ရှိစေသတည်း" (ဧဖက်၊ ၆း၂၄)။ ထိုမညှိုးနွမ်းနိုင်သောအချစ်ထက် လျော့နည်းနေသောအချစ်ဖြင့် ကျွန်ုပ်တို့သည် ယေရှုကိုချစ်စေလိုမည်လော။ မဖြစ်နိုင်ပါ။ ပေါလု၏ဆန္ဒမွန်သည် "အများသောသူတို့သည်" ယေရှု၏ကျေးဇူးတော်မှ လက်လှမ်းမီစေနိုင်ရန် (၂ ကော၊ ၄း၁၅) နှင့် ပေါလုအတွက် ထိုကျေးဇူးတော်သည် လုံလောက်သကဲ့သို့ ၎င်းတို့အတွက်လည်းလုံလောက်စေလိုသည် (၂ ကော၊ ၁၂း၉)။

သင့်အပေါ် ဘုရားသခင်၏ကျေးဇူးတော်ကို ဆင်ခြင်ပါ။ သင် ပြောဆိုလုပ်ကိုင်ခြင်းတို့သည် မည်သည်နှင့် ထိုက်တန်သနည်း။ ထိုအရာအစား ဘုရားသည် မည်သည်ကိုပင် ပေးကမ်းသနည်း။

**တနင်္လာနေ့** **စက်တင်ဘာလ ၂၁ ရက်**

**ဘုရားသခင်၏မေတ္တာတော်**

"သခင်ယေရှု၏ ကျေးဇူးတော် လည်းကောင်း၊ ဘုရားသခင်၏ မေတ္တာတော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော် လည်းကောင်း သင်တို့အပေါ်၌ရှိစေသတည်း။ အာမင်။" (၂ ကော၊ ၁၃း၁၄)။ ဤစာပိုဒ်အားဖြင့် ပေါလုသည် ၂ ကောရိန်သုဩဝါဒစာကို နိဂုံးချုပ်လေသည်။ ဤနေရာတွင်သူသည် သုံးပါးတစ်ဆူဘုရား၌ ပုဂ္ဂိုလ်သုံးဦးတို့ကို အစီစဉ်တကျတင်ဆက်ထားရာတွင် သားတော်၊ ခမည်းတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ဖြစ်သည်။ ထာဝရဘုရားသည် မည်ကဲ့သို့ဖြစ်၍ ကျွန်ုပ်တို့အတွက် မည်သည်တို့ကိုပြုပေးသည် ဟူသည်ကို ဤသုံးပါးပေါင်းတို့၏ လုပ်ဆောင်ချက်ဖြင့်ပို၍နားလည်နိုင်သည်။

ယောဟန်၊ ၃း၁၆၊၁၇။ ရောမ၊ ၈း၃၇-၃၉ နှင့် ၁ ယော၊ ၄း၈-၁၁ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်တို့သည် ဘုရားသခင်၏ မေတ္တာတော်အကြောင်း မည်သို့ ပြောဆိုသနည်း။

---

၁ ယော၊ ၄း၈ တွင် "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်" ဟူ၏။ မေတ္တာသည် ဘုရားသခင်၏ ပဓာနကျသော ပင်ကိုယ်အရည်အချင်းဖြစ်၏။ မိမိ၏တစ်ဦးတည်းသောသားတော်ကို ကျွန်ုပ်တို့အတွက် အသေခံစေခြင်းဖြင့် ဘုရားသခင်၏ မေတ္တာတော်ကို သိကျွမ်းရသည်ဟု ယောဟန် အလေးပေးပြောဆို၏ (ယောဟန်၊ ၃း၁၆)။ ကယ်ဆယ်ရေးတာဝန်အတွက် ဘုရားသခင်သည် ယေရှုကို စေလွှတ်တော်မူ (ယောဟန်၊ ၃း၁၇)ရာ ၎င်းသည်လည်း ကယ်တင်ခြင်းစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည် (တမန်၊ ၃း၂၀၊ ၂၁။ ၁ ယော၊ ၄း၁၀၊၁၄)။ ယေရှုသည် ဧဝံဂေလိစာစောင်တို့တွင် သူ့အားစေလွှတ်သောသူသည် ခမည်းတော်ဖြစ်သည်ဟု ကိုးကားပြောဆိုသည် (မဿဲ၊ ၁၀း၄၀။ မာကု၊ ၉း၃၇)။

မှတ်သားဖွယ်အဆိုတစ်ခုတွင် ပေါလုသည် "ငါတို့သည် အပြစ်ရှိစဉ်တွင်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့ကို ထင်ရှားစွာ ပြတော်မူသည်" (ရောမ၊ ၅း၈)။ အိမ်ထောင် ခင်ပွန်းနှင့် ဇနီးသည်၊ မိဘနှင့် သားသမီးများ၊ ရိုးသားသောမိတ်ဆွေခင်မင်မှုမှ ချစ်ခြင်းမေတ္တာတော်ကိုမြည်းစမ်းနိုင်ပါသည်။ ဘုရားသခင့်မေတ္တာတော်ကို သဘာဝ၌လည်း မြင်တွေ့နိုင်ပါသည်။

၎င်းနှင့်ပတ်သက်၍ အီးဂျီဝှိုက်သည် "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်" ဟူသည်မှာ အဖူးအပွင့်တိုင်း၊ ပေါက်နေသော မြက်ပင်တိုင်းပေါ်တွင် ကမ္ပည်းတင်ထားပါသည်။ ချစ်စရာကောင်းသော ငှက်ကလေးတို့သည် ၎င်းတို့၏ပျော်ရွှင်သောသီချင်းများဖြင့် လေထဲ၌တေးဆိုနေကြသည်။ နူးညံ့သိမ်မွေ့အရောင်ရင့်သောပန်းများသည် လေကို မွှေးကြိုင်စေကြသည်။ စိမ်းလန်းသော၊ အရွက်ပေါ်များသောသစ်ပင်များနှင့်အတူ တောအုပ်ကြီးများအားလုံးတို့သည် ယုယသောခမည်းတော်၏ စောင့်ရှောက်မှု၊ သူ၏သားသမီးများကို ပျော်ရွှင်စေလိုသော အလိုတော်တို့ကို သက်သေခံနေကြသည်" Ellen G. White, Steps to Christ, p. 10.

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အပြစ်အတွက် ယဇ်ကောင်အဖြစ် ယေရှုကိုပင် ဘုရားသခင်ပေးတော်မူခြင်းထက် သာ၍ယုံကြည်စရာမည်သည်မျှမရှိပါ။ ကျွန်ုပ်တို့အတွက် မိမိအသက်စွန့်ရန် ယေရှုကိုစေလွှတ်သည့်အချက်ဖြင့်ဘုရားသည် ကျွန်ုပ်တို့အား ချစ်တော်မူကြောင်း သိရသဖြင့် ကျွန်ုပ်တို့၏ တုံ့ပြန်ခြင်းသည် "ညီအစ်ကိုချင်းအဖို့အလို့ငှာ မိမိအသက်ကိုစွန့်ရ၏" (၁ ယော၊ ၃း၁၆)။

ပေါလုသည် ကောရိန်သုလူတို့ကို စည်းလုံးစွာနေစေလိုသည်။ မေတ္တာမရှိဘဲ စည်းလုံးခြင်းမရှိနိုင်ပါ။ ထို့ကြောင့် သူသည် "မေတ္တာမူကား တည်ဆောက်တတ်၏" (၁ ကော၊ ၈း၁) ဟု ဆို၏။ မေတ္တာမရှိဘဲ အရာခပ်သိမ်းသည် အသုံးမဝင်အနတ္တဖြစ်၏ (၁ ကော၊ ၁၃း၁-၃)။ အရာခပ်သိမ်းအား မေတ္တာဖြင့်ပြုရမည် (၁ ကော၊ ၁၆း၁၄)။

**အင်္ဂါနေ့** **စက်တင်ဘာလ ၂၂ ရက်**

### ချစ်ခြင်းမေတ္တာဘုရား

ရှေးခေတ် ရုပ်တုကိုးကွယ်ခြင်း လောကတွင် ဘုရားများသည် လူသားတို့အားချစ်သည်ဟု မယုံကြည်ကြပါ။ ထိုဘုရားတို့သည် အလွန်ဒေါသကြီး၍ ကျေနပ်အောင် ချော့ရသည်ဆို၏။ ကျမ်းစာတွင် ကျွန်ုပ်တို့တွေ့ရသော ချစ်ခြင်းမေတ္တာဘုရား အယူအဆသည် သစ်လွင်သောအရာတစ်ခုဖြစ်သည်။ ပေါလုခေတ်ခါတွင် သူ့အဆိုကို အံ့အားသင့်ကုန်ကြသည်မှာ သူသည် ကျွန်ုပ်တို့ဘုရားသည် "မေတ္တာနှင့် သင့်တင့်ခြင်းဘုရား" (၂ ကော၊ ၁၃း၁၀) အဖြစ် ဖော်ပြသောကြောင့်ဖြစ်သည်။

၂ ကော၊ ၁၃း၁၁ ကိုဖတ်ပါ။ အထက်ပါအဆိုတို့မှ သင် မည်သည့် မျှော်လင့်ခြင်းရနိုင်မည်နည်း။ ဤသွန်သင်ခြင်းကို သင် မည်သို့ပိုကောင်းစွာ ခံစားနိုင်မည်နည်း။

---

"မေတ္တာနှင့် သင့်တင့်ခြင်းဘုရား" ဟူသည် နှစ်မျိုးနှစ်စား အနက်ပြန်နိုင်ပါသည်။ တစ်မျိုးအားဖြင့် ဘုရားသခင်သည် "မေတ္တာနှင့်သင့်တင့်ခြင်း" ၏အရင်းအမြစ်ဖြစ်သည်။ နောက်တစ်မျိုးအားဖြင့် ဘုရားသခင်သည် "မေတ္တာနှင့် သင့်တင့်ခြင်း" တို့ဖြင့် လက္ခဏာဆောင်သည်။ ဤနှစ်ခုတို့၏ စပ်ကြားကို အထူးအထွေတွေးတောဆင်ခြင်ရန်ပင် မလိုပါ။ "မေတ္တာနှင့် သင့်တင့်ခြင်း" တို့သည် ဘုရားသခင်၏ ပင်ကိုလက္ခဏာများဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်ကို "သည်းခံခြင်း၊ သက်သာခြင်းအကြောင်း" (ရောမ၊ ၁၅း၆)၊ "မျှော်လင့်ခြင်းပါရမီရှင်" (ရောမ၊ ၁၅း၁၃)၊ "ငြိမ်သက်ခြင်း၏အရှင်" (ရောမ၊ ၁၅း၃၂။ ရောမ၊ ၁၆း၂၀။ ၁ ကော၊ ၁၄း၃၃၊ ဖိလိပ္ပိ၊ ၄း၉။ ၁ သက်၊ ၅း၂၃)၊ "သနားခြင်းကရုဏာ၏အဘ" (၂ ကော၊ ၁း၃)၊ "သက်သာခြင်း အမျိုးမျိုးတို့၏အရှင်" (၂ ကော၊ ၁း၃) ဟု ခေါ်ဆိုသည်။ ဘုရားသခင်သည် ဤကောင်းချီးအားလုံးတို့၏ အရင်းဇစ်မြစ်ဖြစ်၏။ ဤသည်တို့အားလုံးကို မပျက်ကွက်သောမေတ္တာဖြင့် ကျွန်ုပ်တို့ကို ပေးတော်မူ၏။

"ငြိမ်သက်ခြင်းဘုရား" ဟူသည်မှာ ကျမ်းစာတွင် အတော်အတန်တွေ့ရသော်လည်း "မေတ္တာဘုရား" ဟူသည် (၂ ကော၊ ၁၃း၁၁) ၌သာရှိ၍ ၎င်းသည်လည်း ကျွန်ုပ်တို့၏ အလေးနက်ဆုံး ဆင်ခြင်တွေးတောမှုနှင့် အထိုက်တန်ဆုံးဖြစ်သည်။

အနက်ပြန်သူတို့မှ သတိပြုမိသကဲ့သို့ ပေါလုသည် "မေတ္တာဘုရား" ကိုသုံးပါးတစ်ဆူဖြင့် ၂ ကော ပေးစာကို နိဂုံးချုပ်ရာတွင် ၁၃း၁၄ တွင် အသုံးပြုထားသည်မှာ ဘုရားသခင်ဟူသည် ပုဂ္ဂိုလ်သုံးဦးရှိကြောင်း သူ ယုံကြည်သောကြောင့်ဖြစ်သည်။ "ဤနေရာတွင် ဘုရား ဟူသည် သုံးပါး၌တစ်ပါးအဖြစ်ဆိုထားရာ ယေရှုနှင့် ဝိညာဉ်တော်တို့ကိုလည်း ရှေးဦးအသင်းတော်တို့မှမြင်တွေ့ခဲ့ရသော သုံးပါးတစ်ဆူဘုရားကိုပင် ကျွန်ုပ်တို့မှလည်း မြင်တွေ့နိုင်ရန် တွန်းအားပေးသွားသည်။ ပေါလုသည် ရှင်းလင်းစွာ ဖော်ပြနေပြီဖြစ်သည့်အကြောင်းကို ဖော်ညွှန်းရန် သုံးပါးတစ်ဆူကဲ့သို့သော စကားလုံးများကို အတိုကောက်အဖြစ် အသုံးပြုရန် ဘာသာရေးပညာရှင်များမှ စတင်ခဲ့ကြသည်မှာ ရာစုနှစ်တစ်ခုကျော်ကြာမှပင် ဖြစ်လိမ့်မည်" - Tom Wright, Paul for Everyone: 2 Corinthians (London: Society for Promoting Christian Knowledge, 2004), p. 148.



ကျွန်ုပ်တို့သည် နိစ္စထာဝရကာလမေတ္တာဖြင့် ပေါင်းသင်းနေထိုင်သော ပုဂ္ဂိုလ်သုံးဦးတို့ကို ဘုရားတစ်ဆူအဖြစ် ယုံကြည်၏။ သုံးပါးပေါင်းဘုရားတစ်ဆူသည် ကျွန်ုပ်တို့ကိုချစ်၍ ၎င်းတို့၏မေတ္တာတော်ကိုပင် ရောင်ပြန်ဟပ်ခြင်းအဖြစ် အချင်းချင်း ချစ်မေတ္တာထားကြရန် ဆင့်ခေါ်ထားသည်။

**ဗုဒ္ဓဟူးနေ့** **စက်တင်ဘာလ ၂၃ ရက်**

**သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယ**

ယေရှု၏ကျေးဇူးတော်သည် ဘုရားသခင်၏မေတ္တာတော်ကို ဖော်ပြသည်သာမက ၎င်းတို့၏မေတ္တာတော်သည် သာ၍အကျိုးသက်ရောက်နိုင်ရန် ဝိညာဉ်တော်၏မိတ်သဟာယကို ယူဆောင်ခဲ့ရသည်။ ထိုစဉ်တွင်ပင် မိတ်သဟာယသည်လည်း ဘုရားသခင်၏မေတ္တာတော်၌ ဇစ်မြစ်တည်၏။ ထို့ကြောင့်ပင် မေတ္တာမရှိဘဲလျက် မိတ်သဟာယလည်း မရှိနိုင်ပါ။ ပေါလုသည်လည်း "ထို့ကြောင့် ခရစ်တော်၌သက်သာခြင်း၊ မေတ္တာနှင့် စပ်ဆိုင်သောချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသော အရာတစ်စုံတစ်ခုရှိလျှင် သင်တို့သည် အချင်းချင်းချစ်ကြလျက် စိတ်မကွဲပြားဘဲ တစ်လုံးတစ်ဝတည်း ကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိ

သောအားဖြင့် ငါ ဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့” (ဖိလိပ္ပိ၊ ၂း၁၊ ၂)။

အချို့သောသူများက သန့်ရှင်းဝိညာဉ်တော်သည် တန်ခိုးစွမ်းအားသို့မဟုတ် လွှမ်းမိုးမှုတစ်ခုမျှသာဖြစ်သည်ဟု ပြောဆိုကြသော်လည်း ထိုသို့ဖြစ်ရန် မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် တမန်တော်ပေါလုသည် သုံးပါးတစ်ဆူဆိုင်ရာဖော်ပြချက်တွင် ခမည်းတော်နှင့် သားတော်တည်းဟူသောပုဂ္ဂိုလ်နှစ်ပါးနှင့်အတူ တန်ခိုးစွမ်းအားတစ်ခုမျှကိုသာ အတူတကွထည့်သွင်းဖော်ပြစရာအကြောင်း မရှိသောကြောင့်ဖြစ်ပါသည်။ ထိုသို့ ဖော်ပြခြင်းသည်အဓိပ္ပာယ်ရှိမည်မဟုတ်ပါ။ ခမည်းတော်နှင့် သားတော်တို့သည် ပုဂ္ဂိုလ်ချင်းဆက်နွယ်ပတ်သက်မှုရှိကြောင်း ဖော်ပြထားသကဲ့သို့ ၂ ကောရိန်သု ၁း၃။ ၁၁း၃၁။ ဝိညာဉ်တော်နှင့် ပုဂ္ဂိုလ်များအကြား ဆက်နွယ်မှုကိုကြည့်ခြင်းအားဖြင့် ဝိညာဉ်တော်သည်လည်း ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟူသော ကောက်ချက်ကိုကျွန်ုပ်တို့ရရှိနိုင်ပါသည်။ ရောမ၊ ၈း၁၅၊၁၆။ ယောဟန်၊ ၁၄း၁၆၊၁၇၊၂၆။ ၁၅း၂၆။

“ဝိညာဉ်တော်၏ မိတ်သဟာယဖွဲ့ခြင်း” (ဖိလိပ္ပိ၊ ၂း၁) ဟူသည် နှစ်မျိုးနှစ်စားနားလည်ရပါသည်။ ဝိညာဉ်တော်၏ ကျေးဇူးကြောင့် အချင်းချင်းမိတ်သဟာယဖွဲ့ခြင်း၊ ထိုဝိညာဉ်တော်နှင့်ပင် မိတ်သဟာယဖွဲ့ခြင်းဟူ၍ဖြစ်သည်။ ကျမ်းအနက်ပြန်သူအချို့တို့သည် ဤခံစားချက်သည် အပြန်အလှန်သီးသန့် မဟုတ်ဟု ငြင်းခုံကြသေးသည်။ မည်သို့ဆိုစေကာမူ အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းဟူသည် ဝိညာဉ်တော်၏ မိတ်သဟာရဖွဲ့ခြင်း၏ အကျိုးဆက်သာဖြစ်သည်။

၁ ကော၊ ၂း၁၀၊၁၁။ ၃း၁၆။ ၁၂း၁၁။ ၂ ကော၊ ၃း၆ ကိုဖတ်ပါ။ ကောရိန်သုလူတို့အား ပေါလုသည် ဝိညာဉ်တော်အကြောင်း မည်သို့သွန်သင်သနည်း။

---



ပေါလုသည် ဝိညာဉ်တော်အကြောင်း ပြောရန်များစွာရှိ၏။ ၁ ကောနှင့် ၂ ကော၌ပင် ဝိညာဉ်တော်နှင့် ပတ်သက်၍ အကြိမ်လေးဆယ်ကျော်ပင် ကိုးကားထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်တည်ဆောက်ခြင်းကို မြှင့်တင်သည် (၁ ကော၊ ၁၄း၁၂)၊ သာသနာအတွက်လူကိုခွန်အားပေးသည် (၂ ကော၊ ၂း၄၊၅)၊ ဘုရားသခင်၏ နက်နဲသောအရာများကိုဖော်ပြသည် (၁ ကော၊ ၂း၁၀၊၁၁)၊ ကျွန်ုပ်တို့အား ပဲ့ပြင်သည် (၂ ကော၊ ၂း၁၃)၊ ကျွန်ုပ်တို့၌ ကိန်းဝပ်တော်မူသည် (၁ ကော၊ ၃း၁၆။ ၆း၁၉)သခင်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ကို ဖြောင့်မတ်စေသည် (၁ ကော၊ ၆း၁၁)၊ အသင်းတော်အား ဝိညာဉ်ဆုကျေးဇူးများကို ချီးမြှင့်သည် (၁ ကော၊ ၁၂-၁၄)၊ ကျွန်ုပ်တို့အား ကယ်တင်ရန်တံဆိပ်ခတ်တော်မူသည် (၂ ကော၊ ၁း၂၂)၊ ပညတ်တော်ကို လူသား၏နှလုံးသားတွင် ကမ္ပည်းတင်ရေးပေးသည် (၂ ကော၊ ၃း၃)၊ ခရစ်တော်၌အသစ်သောအသက်တာကို ပေးသည် (၂ ကော၊ ၃း၆)၊ အပြစ်မှလွတ်မြောက်စေသည် (၂ ကော၊ ၃း၁၇)။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်မရှိဘဲ အသက်မရှင်နိုင်ပါ။

သန့်ရှင်းသောဝိညာဉ်တော်သည် မြင့်မြတ်ကြောင်း သိကျွမ်းခြင်းသည် ဘုရား၏မေတ္တာတော်ကို နားလည်ဖမ်းဆုပ်နိုင်ရန် အဘယ်ကြောင့် အရေးပါသနည်း။

**ကြာသပတေးနေ့** **စက်တင်ဘာလ ၂၄ ရက်**

## ကျွန်ုပ်တို့၏သုံးပါးတစ်ဆူဘုရား

၂ ကော၊ ၁၃း၁၄ ကိုဖတ်ရှုသောသူတစ်ဦးသည် ခရစ်တော်သည်သာ ကျေးဇူးတော်၏ဇစ်မြစ်၊ ဘုရားသခင်သည်သာ ချစ်ခြင်းမေတ္တာ၏ဇစ်မြစ်၊ ဝိညာဉ်တော်သည်သာ မိတ်သဟာယ၏ဇစ်မြစ် ဟုထင်နိုင်ခြင်းရှိသော်လည်း အမှန်တကယ်တွင်မူ ထိုသို့ယူဆခြင်းမှာ လုံးဝမမှန်ကန်ပါ။

၁ ကော၊ ၁း၃၊၄၊၉။ ၁ ကော၊ ၁၀၊၁၆။ ၂ ကော၊ ၁း၂၊၁၂။ ရောမ၊

၈း၃၅။ ၁၅း၃၀။ ဂလာတိ၊ ၂း၂၀ နှင့် ဖေက်၊ ၃း၁၉ ကိုဖတ်ပါ။ ဤကျမ်းချက်တို့သည် ကျေးဇူးတော်၊ မေတ္တာနှင့် မိတ်သဟာယတို့သည် သုံးပါးတစ်ဆူဘုရားနှင့် မည်သို့ဆက်စပ်စေသနည်း။

------------------------------------------------------------

ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် ကယ်တင်ခြင်းအတွက် အတူတကွလုပ်ဆောင်ကြသည်။ ကျေးဇူးတော်၊ မေတ္တာနှင့် မိတ်သဟာယတို့သည် တစ်ပါးတည်းထံမှ လာသည်မဟုတ်၊ သုံးပါးတစ်ဆူထံမှလာပါသည်။ သို့တိုင်အောင် တစ်ပါးစီတို့သည် ကယ်တင်ခြင်းရာဇဝင်တွင်တာဝန်တစ်ခုစီရှိကြသည်။ ၎င်းကို ပေါလုသည် သတိထားမိ၍ သူ့ပေးစာတွင်လည်း ဤသွန်သင်ခြင်းကို အလေးပေးထားသည်။ သာကေအနေဖြင့် ကယ်တင်ခြင်းစီမံကိန်းကို ဂလာတိ၊ ၄း၄၊၆ တွင် အလွန်ကျစ်လျစ်သောစကားလုံးအသုံးအနှုန်းများဖြင့် တင်ဆက်ထားသည်။ တစ်ဆူဘုရားမှ တစ်ပါးချင်းစီတို့၏ ပါဝင်ပတ်သက်မှုတို့ကိုလည်း ဖော်ပြသွားသည်။

ခမည်းတော်ဘုရားသည် ယေရှုကိုစေလွှတ်သည်ဆိုသည်မှာ ခမည်းတော်သည် ထိုအစီအစဉ်၏ ဇစ်မြစ်ဖြစ်စေသည် (ဂလာတိ၊ ၄း၄)။ သားတော်သည် လည်းမိန်းမ၌ ဖွားမြင်တော်မူသည် (ဂလာတိ၊ ၄း၄) ဆိုသည်မှာ ရှေးအခါကတိတော် (ကမ္ဘာ၊ ၃း၁၅)အတိုင်း လူဇာတိခံယူ၍ စုံလင်ကြောင်း ကိုးကားဖော်ပြခြင်းဖြစ်သည်။ သားတော်သည် ကျွန်ုပ်တို့ကိုရွေးနုတ်၍ စာတန်မှ လိမ်လည်ပြောဆို (ကမ္ဘာ၊ ၃း၅)ထားသောနေရာမှ စစ်မှန်သောမိတ်သဟာယဖွဲ့ခြင်းသို့ ပြန်လည်တည်ရှိနိုင်စေသည်။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ခြင်း အထောက်အထားကို တရားဝင်ခိုင်မာစေသည် (ဂလာတိ၊ ၄း၆)။

အခြားသောပေါလုပေးစာတို့၌လည်း သုံးပါးတစ်ဆူအထောက်အထားများစွာပင်ပါရှိသည်။ သုံးပါးပေါင်းတို့သည် အတူတကွလုပ်ဆောင်၍ အသင်းတော်၏သာသနာလုပ်ငန်းကို အောင်စေသည် (၁ ကော၊ ၁၂း၄-၆)။ ဝိညာဉ်



ခွန်အားပြည့်စေသည် (ဖေက်၊ ၃း၁၄-၁၉)။ အသင်းတော်၌ လေးနက်သောစည်းလုံးခြင်းကို မြင့်တင်ပေးသည်။ ၎င်းသည် သုံးပါးတစ်ဆူအဖွဲ့ဝင်တို့၏ဆက်ဆံရေးကို အမှတ်အသားပြုသော စည်းလုံးညီညွတ်မှုကို ပုံတူကူးပေးခြင်းတစ်ခုဖြစ်သည် (ဖေက်၊ ၄း၄-၆)။ သုံးပါးတစ်ဆူဘုရားဖြစ်ရုံတင်မက တစ်ပါးတိုင်းစီတို့သည် ကျွန်ုပ်တို့ကိုကယ်တင်ရန် အတူတကွလုပ်ဆောင်ကြသည် (ဖေက်၊ ၁း၃၊၁၃၊၁၄)။ ဖေက်သြဝါဒစာတွင် ခမည်းတော်၏ပြည့်စုံတော်မူခြင်း (ဖေက် ၃း၁၉)၊ သားတော် (ဖေက်၊ ၄း၁၃)နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ပြည့်စုံခြင်း (ဖေက်၊ ၅း၁၈)ဖြင့် ပြည့်စုံမည်အကြောင်း ပေါလုတင်ပြထားသည်။ ကောရိန်သုလူတို့အတွက်စာကို နိဂုံးချုပ်ရာတွင် (၂ ကော၊ ၁၃း၁၄)၊ ပေါလုသည် သာ၍ကောင်းမွန်သော နိဂုံးအဖြစ် စကြဝဠာ၏ဂုဏ်သရေသုံးပါး၊ ကောင်းကင်၏သုံးပါးတို့သည် ပစ္စုပ္ပန်မှအစ အနာဂတ်ကာလတိုင် ကျွန်ုပ်တို့၌တည်ရှိမည့်ကတိတော်နှင့် နိဂုံးချုပ်ထားသည်။

ဘုရားသခင်၏ချစ်စဖွယ် မိတ်သဟာယကို အသင်းသားများသည် မည်သို့ရောင်ပြန်ဟပ်ရမည်နည်း။

**သောကြာနေ့** **စက်တင်ဘာလ ၂၅ ရက်**

**ထပ်မံစဉ်းစားရန်။** Ellen G. White, "Let Not Your Heart Be Troubled", pp. 662-680, in The Desire of Ages.

"ယေရှုခရစ်တော်၏ ကျေးဇူးတော်သည်သာ ကျောက်နှလုံးကို အသားနှလုံးအဖြစ် ပြောင်းလဲပေးနိုင်၍ ဘုရားသခင်၌ သက်ရှင်စေနိုင်သည်။ လူသားသည်ဝိညာဉ်ကို မဖြောင့်မတ်စေနိုင်ပါ။ နှလုံးကိုလည်း မသန့်စင်စေနိုင်ပါ။ မဟာသမားတော်ကြီးမှတပါး ကိုယ်ကျင့်တရားရောဂါကို ပျောက်စေနိုင်ခြင်းမရှိပါ။ အမြင့်မြတ်ဆုံးသော ကောင်းကင်၏ဆု၊ ခမည်းတော်၏ တစ်ပါးတည်းသော သားတော်၊ ကျေးဇူးတော်နှင့် သမ္မာတရားနှင့် ပြည့်စုံလင်သူကသာလျှင်ပျောက်သောသူကို ရွေးနုတ်နိုင်သည်" - Ellen G. White, The Signs of The Times, May 2, 1892.

"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" (၁ ယော၊ ၄း၁၆)။ သူ့သဘောသဘာဝ၊ သူ့ပညတ်တော်သည် မေတ္တာဖြစ်၏။ ဖြစ်ခဲ့ပြီး၍ဖြစ်လတ္တံ့ဦးမည်။" "အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော အထွတ်အမြတ်ဖြစ်တော်မူသောဘုရား၊ ကိုယ်တော်၏နည်းလမ်းတို့သည် အစဉ်အမြဲတည်တော်မူ၏။ ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏" (ဟေရှာ၊ ၅၇း၁၅။ ဟဗက္ကု၊ ၃း၆။ ယာကုပ်၊ ၁း၁၇)။ ဖန်ဆင်းခံစွမ်းအား၏ ထင်ရှားမှုတိုင်းတို့သည် အဆုံးမရှိသောချစ်ခြင်းမေတ္တာ၏ဖော်ပြချက်ဖြစ်သည်။ ဘုရားသခင်၏ အချုပ်အခြာအာဏာသည် ဖန်ဆင်းခံသတ္တဝါအားလုံးအတွက် ကောင်းချီးများပြည့်စုံခြင်းလည်း ပါဝင်သည်။ အကောင်းနှင့် အဆိုးကြား မဟာတိုက်ပွဲကြီး၏ ရာဇဝင်သည် ကောင်းကင်ဘုံမှစတင်ခဲ့သည်ဖြစ်ရာ ပုန်ကန်ခြင်းကို နောက်ဆုံးဖယ်ရှား၍ အပြစ်အားရှင်းရှင်းဖျက်ဆီးရသည်တိုင်အောင် ဘုရားသခင်သည် မပြောင်းလဲဘဲ တည်မြဲသော မေတ္တာတော်ကို ခင်းကျင်းပြသနေသည်" - Ellen G. White, Patriarchs and Prophets, p. 33.

"သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်နှင့်အလားတူ ပုဂ္ဂိုလ်အဖြစ်တည်ရှိတော်မူ၏ သန့်ရှင်းသောဝိညာဉ်တော် ဥပမိရုပ်ရှိသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့၏ဝိညာဉ်များသည် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်း သက်သေခံခြင်းမပြုနိုင်။ သူသည် မြတ်စွာဘုရားရှင်လည်းဖြစ်ရမည်။ သို့မဟုတ်ပါက ဘုရားသခင်၏ နှလုံးတော်၌ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များကို သူရှာဖွေနိုင်မည် မဟုတ်ပါ" - Ellen G. White, The Faith I Live By, p. 52.

"ကောင်းကင်ဘုံ၌ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော အသက်ရှင်တော်မူထသော သုံးပါးတစ်ဆူဘုရား တည်ရှိရာ ခရစ်တော်အား အသက်ရှင်သောယုံကြည်ခြင်းဖြင့် လက်ခံ၍ဗတ္တိဇံခံသောအခါ သူတို့သည် ခရစ်တော်၌ အသက်တာအသစ်ရှင်ရန် ကြိုးပမ်းရာတွင် ကောင်းကင်ဘုံ၏နာခံမှုဆိုင်ရာ လက်အောက်ခံများနှင့် ပူးပေါင်းဆောင်ရွက်ကြရပါမည်" - Evangelism, p. 615.



**ဆွေးနွေးရန်မေးခွန်းများ**

**၁။ "အံ့ဖွယ်ကျေးဇူးတော်၊ "Amazing Grace" သည် လူသိများသော ဓမ္မသီချင်းတစ်ပုဒ်ဖြစ်သည်။ ယေရှု၏ကျေးဇူးတော်၌ မည်သည်က အံ့ဖွယ်ဖြစ်သနည်း။**

**၂။ ပျောက်သောသား သရုပ်ပြပုံပြင်တွင် ဘုရားသခင်၏ လှပစွာမေတ္တာ သရုပ်ဖော်ပြပုံကို မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ဤသရုပ်ပြပုံပြင်တွင် မေတ္တာရှင်ခမည်းတော်ကိုမည်သို့သိကျွမ်းရသနည်း။**

**၃။ ဌာနေအသင်းတော်သည် "ဝိညာဉ်တော်၏ မိတ်သဟာယဖွဲ့ခြင်း" ကို မည်သို့ခင်းကျင်းပြသနိုင်မည်နည်း။**

-၀-

## နံနက်ယံဝတ်
## ဇူလိုင်လ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | ဟူး | ယော၊ ၂း၂၄ |
| ၂ | တေး | ဒံ၊ ၅း၂၅ |
| ၃ | ကြာ | ၂တိ၊ ၃း၁၂ |
| ၄ | နေ | ဂလာ၊ ၄း၄ |
| ၅ | နွေ | ဟေရှာ၊ ၅၅း၉ |
| ၆ | လာ | ၁ပေ၊ ၂း၄-၅ |
| ၇ | ဂါ | ဧဖက်၊ ၅း၁ |
| ၈ | ဟူး | ယော၊ ၃း၃၆ |
| ၉ | တေး | ယော၊ ၁၇း၁၇ |
| ၁၀ | ကြာ | ၁ကော၊ ၁း၃၀ |
| ၁၁ | နေ | ယော၊ ၁၆း၂၄ |
| ၁၂ | နွေ | ယော၊ ၆း၃၂ |
| ၁၃ | လာ | ဟေရှာ၊ ၃၃း၂၂ |
| ၁၄ | ဂါ | လု၊ ၉း၅၅ |
| ၁၅ | ဟူး | မ၊ ၂၆း၃၉ |
| ၁၆ | တေး | မ၊ ၁၃း၅၅ |
| ၁၇ | ကြာ | ယော၊ ၁၅း၉ |
| ၁၈ | နေ | ယော၊ ၁း၁၂ |
| ၁၉ | နွေ | ၂ကော၊ ၅း၁၀ |
| ၂၀ | လာ | ဆာ၊ ၁၁၈း၂၂ |
| ၂၁ | ဂါ | ရောမ၊ ၁၁း၃၃ |
| ၂၂ | ဟူး | ယေဇ၊ ၃၃း၈ |
| ၂၃ | တေး | ဇာခရိ၊ ၆း၁၂ |
| ၂၄ | ကြာ | ဆာ၊ ၄၄း၂၆ |
| ၂၅ | နေ | မ၊ ၅း၁၆ |
| ၂၆ | နွေ | ဟေဗြဲ၊ ၉း၁၁ |
| ၂၇ | လာ | မာ၊ ၁၅း၃၇ |
| ၂၈ | ဂါ | ဧဖက်၊ ၁း၂၂ |
| ၂၉ | ဟူး | မ၊ ၆း၁၉ |
| ၃၀ | တေး | ဟေရှာ၊ ၆၆း၂ |
| ၃၁ | ကြာ | ဟေရှာ၊ ၄၉း၁၆ |



## နံနက်ယံဝတ်
## ဩဂုတ်လ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | နေ | ယာကုပ်၊ ၁း၅ |
| ၂ | နွေ | မာ၊ ၄း၂ |
| ၃ | လာ | တ၊ ၂၆း၂၈ |
| ၄ | ဂါ | မ၊ ၅း၁၇ |
| ၅ | ဟူး | ၂တိ၊ ၃း၁၆-၁၇ |
| ၆ | တေး | ဖြော၊ ၆း၁၄ |
| ၇ | ကြာ | မ၊ ၂၁း၃၈ |
| ၈ | နေ | ဗျာ၊ ၁း၇ |
| ၉ | နွေ | ဖိလိ၊ ၂း၇ |
| ၁၀ | လာ | ၁ကော၊ ၁၅း၂၃ |
| ၁၁ | ဂါ | ကော၊ ၁း၁၃ |
| ၁၂ | ဟူး | ဟေရှာ၊ ၅၃း၄ |
| ၁၃ | တေး | မ၊ ၁၉း၁၇ |
| ၁၄ | ကြာ | ဆာ၊ ၁၃၈း၈ |
| ၁၅ | နေ | မ၊ ၈း၁၇ |
| ၁၆ | နွေ | ၁တိ၊ ၂း၅ |
| ၁၇ | လာ | ၁ပေ၊ ၁း၂၀ |
| ၁၈ | ဂါ | တောလည်၊ ၁၃း၃၃ |
| ၁၉ | ဟူး | ယော၊ ၁၈း၃၇ |
| ၂၀ | တေး | မ၊ ၄း၁၆ |
| ၂၁ | ကြာ | ၁ယော၊ ၁း၅ |
| ၂၂ | နေ | ယေရမိ၊ ၃၂း၁၇ |
| ၂၃ | နွေ | ယော၊ ၆း၃၈ |
| ၂၄ | လာ | ဆာ၊ ၁၀၃း၈ |
| ၂၅ | ဂါ | ဆာ၊ ၁၁၉း၁၀၅ |
| ၂၆ | ဟူး | ဗျာ၊ ၃း၁၈ |
| ၂၇ | တေး | ဇာခရိ၊ ၉း၁၁၊၁၂ |
| ၂၈ | ကြာ | တောလည်၊ ၂၂း၁၂ |
| ၂၉ | နေ | ဆာ၊ ၃၄း၁၇ |
| ၃၀ | နွေ | မ၊ ၂၆း၅၃ |
| ၃၁ | လာ | ယေရမိ၊ ၈း၂၂ |

## နံနက်ယံဝတ်
## စက်တင်ဘာလ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | ဂါ | လု၊ ၁၈း၁၃ |
| ၂ | ဟူး | ၂တိ၊ ၁း၁၂ |
| ၃ | တေး | တမန်၊ ၁၀း၃၈ |
| ၄ | ကြာ | ၁ယော၊ ၃း၁ |
| ၅ | နေ | ဆာ၊ ၂၅း၁၁ |
| ၆ | နွေ | ဟေဗြဲ၊ ၂း၉ |
| ၇ | လာ | မ၊ ၃း၁ |
| ၈ | ဂါ | ဟေရှာ၊ ၄၀း၁၁ |
| ၉ | ဟူး | မ၊ ၁၃း၃ |
| ၁၀ | တေး | ထွက်၊ ၁၂း၇ |
| ၁၁ | ကြာ | ၁ကော၊ ၁း၂၃ |
| ၁၂ | နေ | ၁ကော၊ ၁း၁၃ |
| ၁၃ | နွေ | တရား၊ ၃၂း၂ |
| ၁၄ | လာ | သု၊ ၁၉း၂၃ |
| ၁၅ | ဂါ | မ၊ ၂း၁၆ |
| ၁၆ | ဟူး | မ၊ ၂၅း၈ |
| ၁၇ | တေး | ယေရမိ၊ ၂၃း၆ |
| ၁၈ | ကြာ | ဆာလံ၊ ၁၁၁း၃ |
| ၁၉ | နေ | ဧဖက်၊ ၅း၁၂ |
| ၂၀ | နွေ | မ၊ ၁၃း၂၃ |
| ၂၁ | လာ | ယော၊ ၂း၁၁ |
| ၂၂ | ဂါ | ၂ရာ၊ ၂၂း၄၇ |
| ၂၃ | ဟူး | ဆာ၊ ၂၅း၄ |
| ၂၄ | တေး | ယော၊ ၇း၄၆ |
| ၂၅ | ကြာ | လု၊ ၁း၃၂ |
| ၂၆ | နေ | ယော၊ ၁း၂၆ |
| ၂၇ | နွေ | ဗျာ၊ ၃း၁၈ |
| ၂၈ | လာ | ဇာခရိ၊ ၃း၂ |
| ၂၉ | ဂါ | ယော၊ ၁၉း၃၀ |
| ၃၀ | ဟူး | ဇာခရိ၊ ၁၄း၉ |